
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၈၉၅.၈၃
မြပုလဲခင်
မျှော်လင့်ခြင်းလိပ်ပြာ/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၆။
၂၇၅-စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်

ဖြန့်ချိရေး---အောင်မြင်စာပေ၊ အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူ---ဦးအောင်မြင့်၊ ပထမအကြိမ်၊ မေလ၊ ၂၀၁၆။

# မြပုလဲခင်



www.burmeseclassic.com

www.burmeseclassic.com








# အခန်း (၁)

"မိဗျိုင်း"

"ဘာလဲ ငထွန့် . မောရတဲ့အထဲ"

"တွေ့တယ်မဟုတ်လား နင်တို့မိန်းမတွေက ဘယ်လောက်ပဲ့သက်လုံးကောင်းပါတယ်ပြောပြော ငါတို့ယောက်ျားတွေနဲ့ ယှဉ်လိုက်ရင်တော့ နောက်ကောက်ကျသွားတာချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လျှာရှည်လိုက်တာ"

ငွေဗျိုင်းဖြူက ဟောဟဲထကာ မောဟိုက်စွာပြေးနေသည့်ကြားထဲမှ အနားမှ ယှဉ်လျက်သားပြေးနေသော သျှင်ရဲထွဋ်က သခွပ်ပင်က မီးတကျည်ကျည်ဆိုသလို စကားကို အမျှင်မပြတ်ပြောရင်း အပြေးလိုက်နေသေးသည်။

"နင်တစ်ယောက်တည်း စောစောထပြေးဖို့ကိုလဲ မိဘတွေသဘောမတူဘူး ဒီနေရာမှာလဲ မိန်းမတွေက တပန်းရှုံးတာပဲ"

"ငထွဋ် နင့်ပါးစပ် ပိတ်ထားစမ်း"

"ပိတ်ဆိုပိတ်မယ်၊ ဒါပေမယ့် . . မရဘူး ငါ့ပါးစပ်ကိုကလဲ စကားပြောဖော်ရှိရင်ကို ပြောချင်နေတာဆိုတော့ ငါရှေ့ကပဲ ပြေးသွားမယ်၊ လူပြတ်တဲ့နေရာရောက်မှ ငါနင့်ကို တစ်ခေါက်လာပြန်ခေါ်မယ် သွားမယ်နော်"

လူပုံနွဲ့နွဲ့နှင့် ပြေးထွက်သွားသော သျှင်ရဲထွဋ်ပြေးပုံကို နောက်မှကြည့်ရင်း ပြုံးလိုက်မိသည်။ အမှန်တော့ သျှင်ရဲထွဋ်သည် လူပုံနွဲ့နွဲ့ နေတတ်သည်မှအပ စိတ်ကတော့ ယောကျ်ားစိတ်ဟု ငွေဗျိုင်းဖြူက တစ်ထစ်ချယုံကြည်ပြီးသား ဖြစ်သည်။

ပိုဆိုးသည်က သောကြာသားပီပီ စကားအင်မတန်များခြင်းဖြစ်သည်။ စကားပြောသည့်အခါ လက်ဟန်ခြေဟန်တွေက ပါလာသဖြင့် သူငယ်ချင်းများက သူ့ကိုအခြောက်ဟု စကြနောက်ကြပြောင်ကြသည်ကိုလည်း သူအရေးမလုပ်





သည့်အပြင် . . .

"ယောကျ်ားတစ်ယောက်ဟာ သိပ်နူးညံ့ပြီး ယဉ်ကျေးသိမ်မွေ့သွားရင်ကိုပဲ ပတ်ဝန်းကျင်က အမြင်စောင်းသွားကြတာပါ၊ အချိန်က စကားပြောပါလိမ့်မယ်ဟာ" ဟုသာ အပြုံးမပျက် အေးအေးဆေးဆေးပင် သည်းခံနိုင်ခဲ့သည်။

"ဟောဟဲ . . ဟောဟဲ"

ကန်တော်ကြီးတစ်ပတ်ပြေးပြီး ဖားဖိုကြီးပမာ ရှူးရှူးရှဲရှဲ ဖြစ်နေခြင်းကို သွေးပူလေ့ကျင့်ခန်းလုပ်ရင်း စောင့်နေသော သျှင်ရဲထွဋ်က "ဟောဟဲ . . ဟောဟဲ" ဟု တမင်အသံထွက်ကာ နောက်ပြောင်လိုက်ခြင်း ဖြစ်သည်။

"ကောင်စုတ် . . ကောင်နာ"

ရှူးရှူးရှဲရှဲ အသံကြားက လှမ်း၍မေတ္တာပို့လိုက်သည်။

"မေတ္တာတော် ပို့သတယ်လားဗျာ"

ဇာတ်မင်းသား ဟန်ပန်နှင့်ပြောရင်း အုတ်ခုံပေါ် ထိုင်လိုက်သည်။ ပြီးတော့ သူ့ဘေးနေရာလပ်ကို ပုတ်ပြကာ . . .

"ထိုင်တော်မူပါဦးခင်ဗျ နှမငယ် မိမိငယ်ဗျား"

". . . . . ရှီး"

ငွေဗျိုင်းဖြူစိတ်တိုတိုနှင့် မေတ္တာပို့လိုက်ပြီး သျှင်ရဲထွဋ် ဘေးဝင်ထိုင်ကာ လက်သီးဆုပ်ဖြင့်လည်း လှမ်းထိုးလိုက်သည်။

"ဟာကွာ . . ဣန္ဒြေရရနေစမ်းပါ၊ တော်ကြာ ပတ်

www.burmeseclassic.com



ဝန်းကျင်က သမီးရည်းစား စိတ်ကောက်တယ်ထင်နေရင် ငါတို့ယောကျ်ားလေးအတွက် သိပ်နစ်နာတယ် မိဗျိုင်းရဲ့”

“ကောင်စုတ်နော်”

“စတာပါဟာ ဒီနှစ် ဆယ်တန်းဆိုတဲ့ ဘဝတံတိုင်း တစ်ခုကို ကျော်ဖြတ်ပြီးရင် နင်နဲ့ငါ အခုလို အတူတကွ သွားလာဆုံဆည်းခွင့်လေး ရချင်မှရတော့မှာ၊ မိုင်ဖားသားကြီးရဲ့ စီမံကိန်း လမ်းစဉ်အတိုင်း လျှောက်လှမ်းရတော့မှာ မိဗျိုင်းရဲ့”

“ဘာစီမံကိန်းလဲ”

“မသိဘူး”

“မသိသေးတာများ တွေးပြီး ပူပန်မနေစမ်းပါနဲ့ဟာ”

“မပူပါဘူး ဒါပေမယ့် တစ်ခါတစ်ရံ ငါစဉ်းစားမိတာ ရှိတယ်၊ လူဆိုတာ ဘယ်အခါမှ ဖြစ်သလဲလို့”

“ဟ. . အမိဝမ်းက ကျွတ်ကတည်းက လူဖြစ်ပြီပေါ့”

ငွေဗျိုင်းဖြူက သျှင်ရဲထွဋ်ကို စိတ်ပျက်စွာကြည့်ပြီး ပြောလိုက်သည်။ သျှင်ရဲထွဋ်က ခေါင်းခါပြီး. . .

“မဟုတ်ဘူး လူဆိုတာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ပြီး ကိုယ့်လမ်းကိုယ်လျှောက်နိုင်မှ လူဖြစ်တယ်လို့ ငါထင်တယ်လေ၊ ခု ငါတို့က မိဘနှာခေါင်းပေါက်နဲ့ အသက်ရှူနေရတဲ့ဘဝပဲ ရှိသေးတာ၊ ငါတို့လူသားမပီသသေးဘူးလို့ ပြောလို့ရှိရင် ပိုမှန်မယ်၊ ဘာကြောင့်လဲဆိုတော့ ငါတို့ဟာ ကလေးဘဝပဲ ရှိသေးတာကိုး”

“လာယာ. . ပြန်ကြရအောင် နောက်ကျနေဦးမယ်”





“အေးပါဟ. . ကောက်ညှင်းကမစေး ဆန်ကြမ်းက များ စေးရသေးတယ်၊ ငါက နင့်ကို စောင့်နေရတာပါနော် မိဖုရားရဲ”

မျက်ထောင့်ကပ်ပြီး ပြောလိုက်သော သျှင်ရဲထွဋ်၏ ကြာမျက်လုံးကိုကြည့်ပြီး မျက်စောင်းထိုးကာ. . .

“သွားစမ်းပါ ရွှံလိုက်တာ”

“ကျင့်နေတာပါဟာ”

နှစ်ယောက်သား ခပ်မှန်မှန်ပြေးပြီး အိမ်ပြန်ခဲ့ကြလေသည်။ တစ်လမ်းတည်းသားချင်းလည်းဖြစ်၊ တစ်ကျောင်းတည်း၊ တစ်တန်းတည်းသားချင်းလည်းဖြစ်သော သူတို့နှစ်ယောက်သည် တတွဲတွဲနှင့် အခင်ဆုံးသူငယ်ချင်းနှစ်ယောက် ဖြစ်ကြလေသည်။ သို့သော် အသွင်မတူချေ။

သျှင်ရဲထွဋ်က ဆိုက်ရေးတီး အနုပညာကို ဝါသနာထုံသည်။ ငွေဗျိုင်းဖြူက အားကစားလိုက်စားပြီး ကြက်တောင်ရိုက်၊ တင်းနစ်ရိုက်ခြင်း၌ ထူးချွန်သူဖြစ်သည်။ သို့သော် သူတို့နှစ်ယောက်စလုံး၌ တူညီသော အချက်တစ်ချက်ရှိသည်။

သျှင်ရဲထွဋ်က ကရာဇ္ဈ် အမောခံနိုင်ပြီး သက်လုံကောင်းစေရန်နှင့် ခန္ဓာကိုယ်၌ အသားပို အဆီပိုများ မရှိစေရန်ဟူသော ရည်ရွယ်ချက်နှင့် စောစောထပြေးသကဲ့သို့ ငွေဗျိုင်းဖြူကလည်း အားကစားသမားတစ်ယောက်အတွက် လိုအပ်သော အမောခံ သက်လုံကောင်းစေဖို့အတွက် စော



www.burmeseclassic.com

www.burmeseclassic.com



စောထပြေးသည်။

ထိုအချက်က သူတို့နှစ်ယောက်အတွက် အလွန်တူညီသော အချက်ဖြစ်သည်။

"ဒီနေ့ ကျောင်းတက်မှာလား"

သျှင်ရဲထွဋ်က ငွေဖျိုင်းဖြူအိမ်နားရောက်ကာနီးတွင် မေးလိုက်သည်။

"မတက်ဘူးလေဟာ ကျောင်းမှာမှ လူမရှိတော့တာနင်ရော"

"ငါတော့ ကျောင်းကို ခဏသွားရလိမ့်ဦးမယ်"

"ဘာကိစ္စလဲ"

"စုံညီပွဲတော်အကအတွက်ဖြစ်မယ် မိဘတွေကိုခေါ်ထားတာဆိုတော့ ထုံးစံအတိုင်း မေမေနဲ့ပဲ သွားရမှာပဲ"

"အေးဟာ ဆယ်တန်းဆိုတော့လဲ မိဘတွေ စိုးရိမ်ကြမှာပေါ့။ ဒါပေမဲ့ နှင့်လို ရွှေတံဆိပ်ဆုရှင်က ဝင်ပြီး မကပေးတော့လည်း ကျောင်းအတွက် ဘယ်ကောင်းပါ့မလဲ"

"ဒါပေါ့. . ဒါပေါ့ မေမေကတော့ နားလည်ပါတယ်၊ မေမေနားလည်ရင် ဖေဖေလက်ခံရမှာပဲပေါ့ဟာ၊ ကိုင်း. . ဝင်တော့. . ဘိုင်. . ဆီးယူတူမောရိုးမောနင်း"

"သွားစမ်းပါ ငါးပိသံနဲ့"

"ချိစ်မစား ငါးပိစားတော့ ငါးပိသံပဲထွက်မှာပေါ့ နှမမိမိငဲ့"

မင်းသားဟန်လုပ်ပြီး ပြောင်ပြကာ လှည့်ပြေးထွက်





သွားသော သျှင်ရဲထွဋ်ကိုကြည့်ကာ ပြုံးလိုက်ပြီးမှ ခြံဝန်းတံခါးကို တွန်းဖွင့်ကာ ဝင်လိုက်လေသည်။

ပြောမည့်သာ ပြောရသည်။ သူလည်း အိမ်ထဲအရောက်တွင် ဘာတွေရင်ဆိုင်ရဦးမည်ကို မသိသေး။ ခက်တာက အမေတွေသည် ဘာကြောင့်များ အဖေတွေကို နိုင်ရသနည်းမသိ။

အဘယ်ကြောင့်ဆိုသော် သူသည် အဖေ့သမီး ဖြစ်နေခြင်းကြောင့် အမေနှင့် ရင်ဆိုင်ရသည့်အခါ တစ်ပန်းရှုံးနေခြင်းကို ခံနေသောကြောင့်ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

"မဟုတ်ပါဘူး . . ကိုယ့်သမီးကို ကိုယ်ကြည့်ပြောဦး၊ အားကစားက မလုပ်ရဘူး မပြောပါဘူး . . လုပ်ပါ၊ ဒါပေမဲ့ အချိန်နဲ့ အခြေအနေကိုကြည့်ရတယ်၊ ဒီနှစ်ဟာ ဘာနှစ်လဲ ကိုယ့်ဘဝအတွက် အရေးအကြီးဆုံးနှစ် ဆယ်တန်းအောင်ပြီး သွားရင် လုပ်ချင်တာလုပ်၊ အဲ . . ရိုးရိုးအောင်လို့ကတော့ ဘာ လုပ်မှာလဲ မီးဖိုချောင်ပဲသာမှတ်"

ငွေဗျိုင်းဖြူသည် မိခင်၏ နံနက်ခင်း တေးသံသာကို





မညည်းမညူ နားဆင်ရင်း ခေါက်ဆွဲပြုတ်နှင့် ကော်ဖီကို ငုံ့ လွေးလိုက်လေသည်။

"ဒါပေမယ့်"

"ဘာဒါပေမယ့်လဲ"

စကားစရုံရှိသေးသည်။ မိခင်၏မျက်စောင်းက တဝဲဝဲ နှင့်။ ဖခင်ကလည်း မလှုပ်၊ သတင်းစာကိုသာ သဲသဲမဲမဲ ငုံ့ဖတ် နေလေသည်။ အစ်ကိုဖြစ်သူကလည်း အားမကိုးရ။ အစား ကိုသာ ပြီးအောင်စားပြီး လစ်ထွက်ဟန်ဖြင့် ပြင်နေလေသည်။

"မြို့နယ် ဘက်စုံထူးချွန်ပွဲအတွက်တော့ ဖြေရလိမ့်ဦး မယ်"

"ဟဲ့ . . ဒါက ဆယ်တန်းသမားရောပါလို့လား"

မိခင်လေသံအနည်းငယ် လျော့သွားသည်။ ဘက်စုံ ထူးချွန်ဆုဆိုတာ နယ်နယ်ရရမဟုတ်။ မိခင်တို့ခေတ်က လူ ရည်ချွန်စာမေးပွဲမျိုးနှင့် ညီသည်ဟု မိခင်က သိထားပြီးဖြစ် သည်။ မနှစ်ကလည်း ထိုဆုကို မြို့နယ်အဆင့် ဒုတိယအထိ သူရခဲ့သည်။

"ပါတယ် မေမေ၊ မနေ့က ဆရာမဖုန်းဆက်တယ် ကြိုတင်ပြင်ဆင်ထားတဲ့သူကတော့ စာရင်းပေးလိုက်ပြီတဲ့"

"ဟုတ်လား သူကတော့ သွားလေ့ကျင့်စရာမလိုဘူး မှတ်လား"

"ဟုတ်ကဲ့ . . မြို့နယ်အဆင့် ပြိုင်ပွဲရက် အတိအကျ သိတာနဲ့ ဖုန်းလှမ်းဆက်မယ်တဲ့ လေ့ကျင့်ထားနှင့်လို့ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ခရီးမလွန်စေနဲ့တဲ့”

ဖခင်သတင်းစာဖတ်ပြီးသွားလေပြီ။ ခုမှ အသံထွက်နိုင်သည်။

“ဖေဖေ ဘာစာအုပ်တွေ ဝယ်ပေးရဦးမလဲသမီး”

“ရပါတယ်ဖေဖေ၊ ကျောင်းစာကို အဓိကထားပါတယ် အထွေထွေ ဗဟုသုတအတွက်က အိမ်မှာ ဖေဖေဝယ်ထားတဲ့ စာအုပ်တွေနဲ့တင် လုံလောက်ပါတယ်”

“သားကျောင်းသွားတော့မယ် မေမေ၊ ဆလွန်းပဲ သားယူသွားမယ်နော် ”

“အေးအေး . . သားကြီးက အလိုက်သိတယ် ပါဂျဲရိုးကို ညီမလေးအတွက် ထားခဲ့တာမဟုတ်လား”

အမေသည် သားဦးကို အချစ်ပိုသော သဘာဝရှိပုံရသည်။ အစ်ကိုဘာလုပ်လုပ် အကောင်းမြင်လေသည်။

“ဟုတ်တယ် မေမေ၊ ညီမလေး စာမေးပွဲသွားဖြေရင် ဆရာမတွေလဲ လိုက်ကြဦးမှာဆိုတော့ လူဆန့်အောင် ထားခဲ့တာ”

“မေမေ သိပါတယ် သားရဲ့ မုန့်ဖိုးလိုသေးသလားသား”

“ရပါတယ်မေမေ မလိုပါဘူး၊ လိုတော့ သားတောင်းပါ့မယ်”

ငွေဗျိုင်းဖြူ မိခင်မမြင်အောင် ပခုံးတွန့်ကာ နှာခေါင်းရှုံ့လိုက်မိသည်။ မိခင်လှည့်လာတော့ မျက်နှာပိုးသတ်ကာ





ကော်ဖီကို ငုံ့သောက်လိုက်သည်။

“အစားကို ဖိမ်ဆွဲစားမနေနဲ့ စာသွားကျက်တော့”

“ဟုတ်”

ငွေဗျိုင်းဖြူ ကော်ဖီပန်းကန်ချပြီး ပါးစပ်သုတ်ကာ ထမင်းစားခန်းမှ အပြေးတစ်ပိုင်းထွက်ခဲ့လေသည်။ ထမင်းစားခန်းကို ကျောခိုင်းလိုက်သည်နှင့် အသက်ရှူဝလင်သွားလေတော့သည်။

ဘယ်လိုမိခင်မှန်းလည်း မသိ။ သမီးကိုမချစ်ဘဲ သားကိုပိုချစ်ရတယ်လို့ ဒီလောက်ချစ်စရာကောင်းသော သမီးလေးကို။ စာလဲတော်. . တင်းနစ်နှင့် ကြက်တောင်ချန်ပီယံ သမီးလေးကို သူများမိခင်တွေဆို ဘယ်လောက်ချစ်လိုက်မလဲလို့။ ဖူး. . ဖူး. . ဖူး. . နဲ့ကို မှုတ်ထားမှာ။

ခုတော့ သူ့သားကြီးမှ သူ့သားကြီး။ အိမ်မှာ ကက်ဆက်ပျက်ပျက်၊ တီဗွီပဲပျက်ပျက်၊ အောက်စက်ပဲပျက်ပျက် မီးကြိုးလေးပဲဆင်ဆင်၊ Hotplate လေးပဲပျက်ပျက် ပြင်ပေးရုံနဲ့ သူ့သားလောက် အသုံးဝင်သော သားကောင်းသားမြတ်ကမ္ဘာပေါ်၌ မရှိတော့သည့်အတိုင်း ဟိမဝန္တာချီးမွမ်းခန်း ဖွင့်၍မဆုံး။

တော်သေးသည်။ ကိုကိုက မြှောက်တိုင်းမမြောက်။ အေးဆေးစွာနေတတ်သည်။ နည်းပညာတက္ကသိုလ်ဘွဲ့ရင်း တစ်ဖက်ကလည်း ကွန်ပျူတာဒီဂိုင်းဆရာ လုပ်နေသေးသည်။ နံနက်ဆို ရှစ်နာရီ အိမ်မှထွက်ပြီး ညဆယ်နာရီမှ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်လာသည်။ ထမင်းဟင်းကို အိမ်ကပင် ချိုင့်နှင့်ပို့ပေးရသည်။ အိမ်၌ လူကုန် ကားကုန် လှုပ်ရှားနေရသည်။

ဖခင်က ဌာနဆိုင်ရာတစ်ခု၏ ညွှန်ကြားရေးမှူးတစ်ဦး ဖြစ်သည်။ သိပ်အားရသည်မရှိ။ တစ်ခါတစ်ရံ ရုံး၌ပင် ညအိပ်ရသည် ရှိသေး၏။ အားလုံးထက် အလုပ်အများဆုံးမှာ မိခင်ဖြစ်သည်။ ပါးစပ်ရော လက်ရော လူပါ အနားနေတာ ခပ်ရှားရှားပင်။

ဖခင်ရုံးသွားကာနီးလည်း သူပါသည်။ ကိုကို အပြင်ထွက်ခါနီးလည်း ပါသည်။ မိမိကိုတော့ ပြောမနေနှင့်တော့ စားစား၊ အိပ်အိပ်၊ စာကျက်ကျက်၊ ရေချိုးချိုး၊ ထပြေးပြေး ပါသည်။ အဆိုးဆုံးကတော့ ရေချိုးပြီး သနပ်ခါးမလိမ်းခြင်းကိုပင်။

ထိုအေးစက်စက် စိုစိစိ သနပ်ခါးလိမ်းရမှာကို ငယ်ငယ်ကတည်းက အင်မတန်ကြောက်လန့်သဖြင့် အာခေါင်ခြစ်ပြီး ငိုခဲ့သည်တဲ့။ ထိုစဉ်က သက်သာခဲ့သည်။ အင်မတန်ငယ်သေးသည်ကိုး။

ကျောင်းနေစအရွယ်ရောက်တော့ သနပ်ခါးနှင့် မျက်ရည်ရောကာ ပျက်သွားသဖြင့် အလျှော့ပေးခဲ့သည်။ ဆယ်နှစ်ကျော်လာတော့ မရတော့ မိခင်ကြိမ်လုံးထက် ပေါက်ပေါက်ဖောက်သလို ပွစိပွစိပြောသံ မခံနိုင်သဖြင့် လက်ငါးချောင်းနှင့်ယူကာ မျက်နှာအနှံ့ တရစပ်ပွတ်ပစ်လိုက်သည်။

"အရှက်မရှိရင် သွားပေါ့"





ခပ်ကျားကျားမျက်နှာဖြင့်ပင် အိမ်မှထွက်ခဲ့သည်။ လမ်းရောက်တော့ ပွတ်ဖျက်ပစ်လိုက်သည်။ ကျောင်းမှာ ဒေါင်းတောက်အောင်ဆော့ရင်း ပျက်သွားသည်ပေါ့။

အမေနှင့်သမီးကြား ပြဿနာသည် ငယ်စဉ်ကတည်းက စခဲ့သည်။ အမေ၏ ဝရဇိန်လက်နက်မှာ ပါးစပ်ဖြစ်သည်။ ပါးစပ်သေနတ် တရစပ်ပစ်ခတ်မှုကို နားမခံသာဖြင့် ရှေ့တင်၌ အလျှော့ပေးပြီး ကွယ်ရာ၌ ကိုယ်လုပ်ချင်သလို လုပ်တတ်သောအကျင့်ကို ငွေဗျိုင်းဖြူ ရခဲ့လေပြီ။

"သမီးလေးက ဖြူဖြူမြင့်မြင့်လေးမို့လို့ သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့လေးဖြစ်အောင် ငွေဗျိုင်းဖြူလို့ နာမည်ပေးပါတယ် ခုတော့ ငှက်ကြီးဒိုးစပ်ဖြစ်နေပြီ စိတ်ပျက်ပါတယ် ဘယ်လို သန္ဓေမှန်း မသိပါဘူး"

ဗျစ်တောက်ဗျစ်တောက်သံ မကြားစေရန် စာကြည့်ခန်းတံခါးကို မသိမသာချက်ချလိုက်သည်နှင့် လောကကြီးနှင့် အဆက်အသွယ် ပြတ်သွားလေတော့သည်။

မိခင်ဖခင်နှင့် အစ်ကိုတို့ထံရောက်သွားသော အာရုံကိုဖြတ်တောက်ကာ ကျောင်းစာထဲသို့ အာရုံနှစ်မြှုပ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃)

ဦးအောင်ရွှေသည် သျှင်ရဲထွန့်ကို မျက်မှောင်ချီ၍ ကြည့်လိုက်သည်။ သနပ်ခါး ထူထူပိန်းပိန်း လိမ်းလာရုံမက ပါးကွက်ကလည်း ပါသေးသည်။

"ဟိုကျောင်"

"ဗျာ"

သျှင်ရဲထွန့်ကလည်း မောင်မောင်ခေါ်သည်နှင့် မဗျာဘဲ ဟိုကောင်ခေါ်သည်နှင့် ဗျာပြီးသားဖြစ်သည်။





"လုပ်လာပြန်ပြီလား ဒီဂန်ဒူးအလုပ်"

"ဟို"

သျှင်ရဲထွန့်မျက်လုံး ဝေ့ဝဲကာ သူ၏ မှီခိုအားထားရာ တာယ်တင်ရှင်ကြီးကို ရှာဖွေလိုက်သည်။

"လာပြန်ပြီ ဒီကြာမျက်လုံး ငါဆောင့်ကန်လိုက်ရ"

ဦးအောင်ရွှေကလဲ စိတ်ကြမ်းကိုယ်ကြမ်း၊ တကယ်သာ ကန်မိလျှင် သူခွေခနဲ လဲကျသွားနိုင်သည်။ ထိုစဉ် သူ၏ တာယ်တင်ရှင်ကြီးက ထမင်းစားခန်းလိုက်ကာကို ဖယ်ရှားကာ ဝင်းပစ္စာထွက်ပေါ်လာသည်။

"အို. . ဘယ်နှယ့် အဖေကြီးရယ်၊ ကလေးဘာသာ ကလေး အိမ်မှာနေရင်း လွတ်လွတ်လပ်လပ်နေပါစေလား၊ ရှင့်ဟာက သားလေးနေစရာမရှိအောင် လုပ်နေတာလား ရှင်နဲ့ရထားတဲ့ သားပါနော်"

"တော်စမ်းပါစိန်စိန်၊ မင်းကြောင့် ဒီကောင်ပျက်စီးနေတာ၊ ပေး. . အိတ်၊ ဟိုကောင် ကားပေါ်တင်လိုက်"

သျှင်ရဲထွန့်က သိပ်လျှင်သည်။ အိတ်ကို ဆတ်ခနဲဆွဲပြီး ဖခင်၏ကားပေါ် တင်ပေးပြီး ဖြစ်သွားသည်။ ဒရိုင်ဘာက ပြုံးစိစိ။ သျှင်ရဲထွန့်ဖျတ်ခနဲ အိမ်ဘေးမှကွေ့ကာ နောက်ဖေးဘက်မှ ဝင်လိုက်သည်။ ဒုတိယအကြိမ် ဖခင်နှင့် မျက်နှာချင်းဆိုင်ရမှာကို အင်မတန်စိုးရိမ်သည်။ မျက်ထောင့်နီကြီးနှင့် အကြည့်မခံလို။

"လာ. . ထွန့်ထွန့် ကလေးအကြိုက် အုန်းနို့ခေါက်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ထားတယ်"

အိမ်၏အိမ်ထောင်ဦး ဒေါ်ရွှေစာက ပြောတော့ သျှင်ရဲထွဋ် မျက်နှာပျက်သွားသည်။

"ဟင်. . လေးစာကလဲ ကျွန်တော်အုန်းနို့တို့ ငရုတ်သီးတို့ တက်စာတို့ စားလို့မဖြစ်တော့ဘူး၊ မျက်နှာမှာ အဖုအပိန့် ထွက်လာလိမ့်မယ် "

"ပြိုင်ပွဲမဝင်ရဘူးဆို ဆရာကြီးအမိန့်ထုတ်ထားတယ် မဟုတ်လား"

"ပြိုင်ပွဲတော့ မဝင်ဘူးပေါ့၊ ဒါပေမဲ့ စုံညီပွဲတော်မှာ ဂီတပဒေသာပွဲ ရှိသေးတယ်လေ၊ ကျောင်းအနေနဲ့ မပါပေးလို့ ရမလား၊ ဒီနေ့ နေ့လည်တစ်နာရီ ဆရာမကြီးခေါ်ထားတယ်လေ မေမေနဲ့သွားမှာ၊ ကရဦးမှာဗျ. . ကရဦးမှာ"

လက်ကလေးကိုပင် မြှောက်ကာ ချိုးလိုက်ပြီး ပြောလိုက်သည့် သျှင်ရဲထွဋ်ကို မိခင်က ထမင်းစားခန်းသို့ လှမ်းလာရင်းကမှ 'ရှုမဝသော ကြည့်ချင်းဖြင့် ကြည့်လိုက်သည်။

"ဒါတင်မကသေးဘူးလေ သား ဒီနှစ် ဆိုကရေးတီး ပြိုင်ပွဲမှာ ဆုရတဲ့အကတွေလည်း တီဗွီကလွှင့်နေပြီဆိုတော့ သားအလှည့်လာတော့မှာ၊ ကျွန်တော်က ကချင်နေတာ စုံညီမှာကဖို့ ဖေဖေ့ကိုပြောပေးဦးနော် မေမေ. . နော်လို့"

ကယ်တင်ရှင်မိခင်ကို ပြေးဖက်ကာ နော်ချင်းထပ်ကာ နွဲ့လိုက်သည်။

"အေးပါ. သားရယ်. . ဖြစ်စေရမှာပေါ့"





"မမ. . ကလေးက အုန်းနို့ခေါက်ဆွဲမစားဘူးတဲ့ ဘာလုပ်ပေးရမလဲ"

"နန်းကြီးသုပ်ပေး. . အစပ်လျှော့ပြီး သုတ်ပေးလိုက် ရွှေစာ"

"ပဲမှုန့်သိပ်မထည့်နဲ့ လေစာဆိုတော့ ဗိုက်ပွမှာစိုးရိမ်ရတယ်၊ အသုတ်ဆိုတော့လဲ စားချင်သား"

"စားချင်ရင်စားပေါ့ ကလေးရဲ့"

"တကယ့်ပွဲမှာ အဖုအပိန့်တွေနဲ့ ရုပ်ဆိုးတော့ မခံနိုင်ပါဘူး၊ အစားက ဘယ်အချိန်စားစား လေးစာမသေသေးသရွေ့ စားရတာပဲနော်. . ဗျာ"

သျှင်ရဲထွဋ်က ဒေါ်ရွှေစာကို ကလိလိုက်သည်။

ရွှေစာက. . .

"အမယ်လေးတော် တစ်သက်လုံးပဲ မီးဖိုချောင်က မထွက်ရတော့မယ့်ကိန်းပဲ"

"ဒီလိုသဘောမျိုး မဟုတ်ရပါဘူးတဲ့ဗျ လေးစာက ဟောဒီလို ဟောဒီလို နှုတ်ဖျားကလေး လက်ဖျားကလေးနဲ့ ကောင်မလေးတွေကို ညွှန်ကြားပြီး သားတော်အတွက် ပွဲတော်အုပ်ကို"

အရယ်သန်သော ဒေါ်ရွှေစာသည် ဟက်ဟက်ပက်ပက် ရယ်လေသည်။

"တော်ပါတော့ မင်းသားလေးရယ် ရွှေစာကြီး အူတက်သွားပါဦးမယ်၊ လာသား စား. . မေမေနယ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သျှင်ရဲထွဋ်၏ ကကြိုးဆင်နေသောလက်ကို အတင်းဆွဲယူကာ ဖက်ပြီး စားပွဲ၌ ထိုင်စေသည်။ ထိုအခါမှ အရယ်ရပ်ပြီး ဒေါ်ရွှေစာသူ့အတွက် နန်းကြီးသုတ်ကို ပြင်ဆင်ပေးလိုက်လေသည်။

"ကြက်ဥကာကျက်လေးတော့ သောက်ရမယ်နော်သား"

ဒေါ်စိန်စိန်အတွက် အိမ်ထောင်ကျပြီး သမီးချည်းသုံးယောက်မွေးခဲ့ပြီး နောက်ဆယ်နှစ်ခြားကာ လေးဆယ်စွန်းကာမှ ရခဲ့သော နွားအိုနောက်ကျသား "သားရတနာ"အတွက် ချစ်အားပိုကာ ဖူးဖူးမှုတ်ခဲ့သည်။

သားမျက်နှာမညှိုးစေရ။ လိုတရဖြစ်စေသည်။ သားအတွက်ဆိုလျှင် လေးစားချစ်ခင် အားကိုးတန်ဖိုးထားသည့် ချစ်ခင်ပွန်းကြီးနှင့်ပင် ဖက်သတ်ဖို့ ဝန်မလေးတော့။ သမီးတွေနှင့်တုန်းက ဘာပြဿနာမှ မဖြစ်ခဲ့သော လင်မယားသျှင်ရဲထွဋ်နှင့်ကျမှ တကျိမ်းကျိမ်း ရန်ပွဲဆင်နွှဲနေရသည်။

"မေမေ ဖေဖေကို ဒီနေ့ကျောင်းသွားမယ့်အကြောင်း ပြောပြီးပြီလား"

"မပြောရသေးဘူး ကိစ္စမရှိဘူး ညရောက်မှ မေမေပြောမယ်"

"ဟုတ်မှလည်း လုပ်ပါနော်မေမေ၊ တော်ကြာ..ကျောင်းမှာ မျက်နှာပျက်စရာဖြစ်နေပါဦးမယ်"

"မေမေ သိပါတယ်၊ ငါ့သား မျက်နှာမပျက်စေရပါဘူး မေမေအာမခံပါတယ်"





"ဒါဖြင့်လဲ ပြီးရော"


သျှင်ရဲထွဋ်က စိတ်ချသွားဟန်နှင့် မိခင်နှင့် ဒေါ်ရွှေစာကျွေးမွေးသော နံနက်စာကို မြိန်ရည်ယှက်ရည် စားသုံးလေတော့သည်။ မိခင်က ချစ်သား လူချောလူလှကိုကြည့်ပြီး တပြုံးပြုံးနှင့် တို့ကနန်း ဆိတ်ကနန်းစားရင်း အလိုလိုဝနေတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

သျှင်ရဲထွန်းအတွက် အကြံအိုက်စေသော ဆုံးဖြတ်ချက်တစ်ခုကို ချရတော့မည်။

“ကျွန်တော့်ကို စဉ်းစားခွင့်ပေးပါ မေမေ”

“ရတယ် စဉ်းစား. . . တစ်ရက်နှစ်ရက် မကဘူး တစ်ပတ်နှစ်ပတ်လည်းရတယ် တစ်လနှစ်လဆိုလဲရတယ် ငါ့ဘက်က မင်းဆယ်တန်းအောင်စာရင်းထွက်ပြီးမှ ပေးရမယ့်အဖြေပဲ၊ မင်းတို့ဘက်ကသာ အဲ့ဒီအချိန် ဘယ်လောက်ပေး





နိုင်မှာလဲ”

ကျောင်းများ၌ ကျောင်းသားစုံညီပွဲတော်က ဇန်နဝါရီ(၅)ရက်နေ့။ ရန်ကုန်တိုင်း ကျောင်းသားစုံညီပွဲတော်က ဇန်နဝါရီ(၃)ရက်နေ့။ စိန်ရတုပွဲတော်က ဒီဇင်ဘာလကုန်။ ခုနိုဝင်ဘာလကုန်ဆိုတော့ သျှင်ရဲထွန်းအတွက် အချိန်သိပ်မရ။

စိတ်ပျက်လက်ပျက်နှင့် ခြံထဲဆင်းလာပြီးမှ ငွေဗျိုင်းဖြူကို သတိရလိုက်သည်။ ခြံထဲ၌ ရေလောင်းပေါင်းသင်းနှင့် အလုပ်ရှုပ်နေသော မာလီအား. . .

“မေမေမေးရင် ငွေဗျိုင်းဖြူတို့အိမ် သွားတယ်လို့ပြောလိုက်နော်” ဟုမှာပြီး နှစ်ခြံကျော်ရှိ ငွေဗျိုင်းဖြူတို့အိမ်သို့ ထွက်ခဲ့လေသည်။

ငွေဗျိုင်းဖြူနှင့်သူသည် ဝိုင်းကျူရှင်လည်း အတူဖြစ်သဖြင့် သူကျူရှင်အားလျှင် ငွေဗျိုင်းဖြူလည်း အားသည်ကို သိထားသဖြင့် သူ စိတ်ချလက်ချပင် ငွေဗျိုင်းဖြူထံ ထွက်လာခဲ့သည်။ တော်သေးသည်။

စကားအလွန်များပြီး ဗျစ်တောက်ဗျစ်တောက် အလွန်ပြောသော ငွေဗျိုင်းဖြူအမေ အပြင်ထွက်နေသည်နှင့် ကြုံရသဖြင့် သူတို့အတွက် လွတ်လပ်ခွင့်ရသွားသည်။

“ဟဲ့ မိဗျိုင်း. . တံခါးဖွင့်ပါဦးဟဲ့”

“ဒေါက်. . ဒေါက်. . ဒေါက်. . ”

စာကြည့်ခန်းကို လက်ကလေးခေါက်သေး။ ပါးစပ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဖွင့်လိုက်သေးသည်။ သျှင်ရဲထွဋ်အသံကြောင့် ငွေဖျိုင်းဖြူ ဝမ်းသာသွားသည်။

"ဟဲ့. . ဘာလဲ စာကျက်နေတာ ဘာလာနှောင့်ယှက်တာလဲ"

ပြောပြောဆိုဆိုပင် တံခါးဖွင့်ကာ ထွက်လိုက်သည်။ သျှင်ရဲထွဋ်မျက်နှာ သနပ်ခါး အဖွေးသားအောက်မှ အနည်းငယ် နီမြန်းနေသည်။ တစ်ခုခုဖြစ်လာပုံရသည်။

"လာ. . ထိုင်စမ်းပါဦး ငထွဋ်ရယ် နင့်ကြည့်ရတာ၊ ဒါ စိတ်မပင်ပန်းလိုက်တာ"

သျှင်ရဲထွဋ်ကို လက်ဆွဲခေါ်ပြီး ဆိုဖာဆက်တီ၌ ထိုင်စေသည်။ ပြီးမှ သူက မျက်နှာချင်းဆိုင်ဆက်တီတွင် ဝင်ထိုင်ကာ. . .

"ဘာဖြစ်လာတာလဲ ပြောတော့"

"ဘာဖြစ်ရမှာလဲ ဖေဖေပေါ့"

"အန်ကယ် ဘာဖြစ်သလဲ"

"ငါ့ကို ချောင်ပိတ်ပြီး ဆုံးဖြတ်ချက်တစ်ခုချခိုင်းတယ်"

"ဘာဆုံးဖြတ်ချက်လဲ"

" စိန်ရတုနဲ့ စုံညီပွဲတော်ဖျော်တမယ်ဆိုရင် ကနိုင်တယ် ဒါပေမဲ့ ဆယ်တန်းအောင်ပြီးရင် အမေရိကားကို သွားရမယ် ဟိုမှာ ကျောင်းတက်ရမယ်တဲ့လေ"

"ကောင်းသားပဲ ဒါဆိုရင် ခုန်ပေါက်ပြီးတော့ကိုသွားမှာ"





"ငါ့စကားကို ဆုံးအောင်နားထောင်ပါဦးဟဲ့ တကတည်း ပြောလို့တောင် မပြီးသေးဘူး"

"အေး. . အေး. . ဆက်ပြော. . ဆက်ပြော"

ငွေဖျိုင်းဖြူက သျှင်ရဲထွဋ်ကိုတော့ အလျှော့ပေးတတ်သည်။ သျှင်ရဲထွဋ်စိတ်ကောက်ကာ မခေါ်မပြောလုပ်လျှင်ကို မနေတတ်၍ဖြစ်သည်။ မိခင်ကလည်း သျှင်ရဲထွဋ်နှင့်ပဲ ပေါင်းခိုင်းသည်။

"တကယ်လို့ မကဘူးဆိုရင်တော့ သဘောပဲတဲ့လေ၊ ငါ ဘယ်လိုလုပ်ရမလဲ၊ ကျောင်းကို ငါဘယ်လိုလုပ်မျက်နှာပြရမလဲ သေချင်စော်ကို နံနေတာပဲ"

သျှင်ရဲထွဋ်လူပုံနွဲ့ကာ အပြောအဆို မိန်းမဆန်ရခြင်းမှာ မိန်းမတွေကြားနေရခြင်းကြောင့်ဟု ငွေဖျိုင်းဖြူက နားလည်ထားသည်။ အမေနှင့် အစ်မသုံးယောက်၊ ပြီးတော့ သူ့အား အင်မတန်ချစ်သော နာနီ ဒေါ်ရွှေစာ၊ အိမ်ဖော်အမျိုးသမီးကြီး နှစ်ဦးဆိုတော့ မိန်းမနှစ်ယောက်ကြားနေရသည်။

သူတို့အပြောအဆို အပြုအမူတွေက သျှင်ရဲထွဋ်ကို ကူးစက်စေသည်ဟု ငွေဖျိုင်းဖြူတွေးမိပြီးသားဖြစ်သည်။

"ဆရာမကြီးတို့နဲ့ တွေ့ပြီးပြီလား"

"မနေ့ကသွားတယ်လေ Rehearsal အတွက် တစ်ရက်၊ တစ်ကယ့်ပြိုင်ပွဲအတွက် တစ်ရက်အချိန်ပေးရမယ်၊ ငါ့ကို သိပ်ငဲ့ညာပေးတာ၊ ဒါကို ငြင်းလိုက်ရင် ငါ မျက်နှာဘယ်နားသွားထားမလဲ၊ ကျောင်းအတွက် ဘယ်လိုလုပ် ဂုဏ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပေးရမလဲ”

ငွေဖျိုင်းဖြူကတော့ တစ်ဖွတ်ထိုးသမားပီပီ. . .

“ဘာဖြစ်တာလဲ ကပေါ့. . ယူအက်စ်သွားဖို့ကိစ္စက နောက်မှသာ ကတိပေးလိုက်”

“ဟဲ့ ကတိဆိုတာ လွယ်လွယ်ကူကူပေးလို့ဖြစ်မလား၊ ယောက်ျားကတိဆိုတာ ပေးပြီးရင် တည်ရတယ်တဲ့ မိဖျိုင်းရဲ့ နင်တို့မိန်းမတွေ ဘာသိသလဲ”

ငွေဖျိုင်းဖြူ ပခုံးတွန့်လိုက်သည်။ သျှင်ရဲထွဋ်ထံမှ ယောက်ျားကတိဆိုတာ စကားက ရယ်စရာပင်။

“ဒါဖြင့်လဲ တည်လိုက်ပေါ့”

“နင့်ကိုပြောလိုက်ရင် ဒီအတိုင်းပဲ ပေါ့ပျက်ပျက်နဲ့ ဆားမပါတဲ့ ဟင်းလိုပဲ”

“ဘာဆားမပါရမှာလဲ၊ နင် လုပ်ချင်တာတွေလုပ်ခဲ့ပြီ ပဲ မူလတန်းအဆင့်အက ပြိုင်ပွဲမှာလည်း ရွှေတံဆိပ်ဆုရခဲ့ပြီ၊ နောက်အထက်တန်းဆင့်မှာလဲ ရွှေတံဆိပ်ဆုရပြီပဲ ဘာလို သေးသလဲ”

“ဟဲ့. . ဝါသနာရှင် အဆင့်ကျန်သေးတယ်လေ ဒါမှ ပြည့်စုံမှာပေါ့”

“အေး. . နင်ကတော့ ရလေလိုလေ အိုတစ္ဆေပဲ၊ နေဦး. . ငါစဉ်းစားမိပြီ. . နင် ဇာတ်လဲ မထောင်ဘူးဆိုရင် ဝါသနာရှင်အဆင့်က နင်ဘယ်အချိန်ပြိုင်ပြိုင်ရတာပဲ၊ နင် ဟိုကနေ ခဏတဖြုတ်ပြန်လာပြီး ပြိုင်လဲရတယ်၊ နောင်နှစ်





မသွားရသေးခင် ပြိုင်လဲရတယ် ဒီတစ်ချက် နင့်ဘက်က တောင်းဆိုပေါ့၊ ပြီးရင် အနုကယ်လ်ဆန္ဒမှန်သမျှ လိုက်လျောမယ်ဆိုတဲ့ ကတိကိုသာ နင်ပေးလိုက်”

“ဘုရားရေ သူ့ဆန္ဒမှန်သမျှ အကုန်တော့ မလိုက်လျောနိုင်ပါဘူး ဟိုမှာပညာသွားသင်မယ်ဆိုတဲ့ ဆန္ဒတစ်ခုပဲ လိုက်လျောမယ်”

သျှင်ရဲထွဋ်က စကားအမှားမခံ။

“စကားအဖြစ် ပြောတာပါတဲ့”

“စကားအဖြစ်ပြောတိုင်းရမလား၊ တော်ကြာ. . ငါ မကြိုက်တဲ့ မိန်းမကို ယူဆိုရင် ဘယ်နှယ့်လုပ်မလဲ”

“ယူလိုက်ပေါ့”

“အေး. . ဒါဖြင့်ပြီးရော ပြီးတော့မှ နင်ထိုင်ငိုမနေနဲ့ နော်”

“ကျောင်စုတ်. . ကောင်နာ”

ငွေဖျိုင်းဖြူက မျက်စောင်းထိုးကာ မေတ္တာပို့လိုက်သည်။ သျှင်ရဲထွဋ်က တဟဲဟဲ ရယ်ပြီး ထိုင်ရာမှထလိုက်သည်။

“နင်ပြောတဲ့ အကြံဉာဏ်အတိုင်း မေမေကို စစ်ကူတောင်းပြီး ဖေဖေ့ကို တောင်းဆိုရမယ်၊ ကျေးဇူးပဲဟာ သွားတော့မယ် မနက်ဖြန်မနက်မှ ဆုံတော့မယ်”

“ရမလား. . ညနေ ကျူရှင်မှာ ဆုံဦးမှာပဲ”

“ဩော်. . ဟုတ်သားပဲ မေ့လို့ မေ့လို့. . ဘွာဘွာ”



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ထပြန်သွားသော သျှင်ရဲထွဋ်နောက်ကျောကိုကြည့်ရင်း ငွေဗျိုင်းဖြူသက်ပြင်းသဲ့သဲ့ ချလိုက်မိသည်။

လူပုံက ဖြူဖြူနွဲ့နွဲ့မို့ မိန်းမလျှာဟု ထင်ရသော်လည်း တကယ်တမ်းစိတ်ကတော့ ယောကျ်ားစိတ်ထားဖြစ်သည်ဟု သူငယ်ချင်းဘက် အလိုလိုမဲပေးနေမိသည်။







# အခန်း (၅)

ဦးအောင်ရွှေ သားဖြစ်သူကို စေ့စေ့ကြည့်လိုက်သည်။ အမေတူသားဖြစ်၍ ယောကျ်ားတန်မဲ့ ချောလွန်းနေသည်။ ပါးချိုင့်က ပါလိုက်သေးသည်။ ရယ်လိုက်လျှင် ပါးချိုင့်နှစ်ဖက်က ထင်းခနဲ ပေါ်လွင်နေရုံတင်မက သွားတက်လေးများကလည်း လင်းခနဲ လက်ခနဲ။

ဦးအောင်ရွှေ တိတ်တခိုးသက်ပြင်းချလိုက်မိသည်။ သမီးချည်း သုံးယောက်ရပြီး သားသမီး မထွန်းကားဘဲ ရပ်



www.burmeseclassic.com

www.burmeseclassic.com



တန့်သွားခဲ့သည့် ဆယ်နှစ်တာကာလ၌ သူတို့မှာ သားဆုပန် ပေဒင်တွေတွက်ရ၊ OG တွေပြရနှင့် အလုပ်ရှုပ်ခဲ့ စိတ်ပင်ပန်းခဲ့ကြရသည်။ ရမယ့်ရတော့ ဒေါ်စိန်စိန်လေးဆယ့်နားနီးမှ နွားအိုနောက်ကျသား ဖွားမြင်တော့သည်။

လိုချင်လွန်းသော သားရတနာလေးရတော့ ဦးအောင်ရွှေမှာ ဝမ်းသာလွန်းသဖြင့် ထပင်ခုန်မိသည်အထိ ဖြစ်ရသည်။ သားလေးက သောကြာသား ငယ်ငယ်ကတည်းက ဖြူလွန်းသောအသားက နီရဲနေသည်။

နှုတ်ခမ်းပါးက စကားကြွယ်မည်။ ကျားကျားလျားလျားမှ ရှိပါ့မလားဟု တွေးပူခဲ့သည်။ နာမည်ပေးကင်းပွန်းတပ်မင်္ဂလာကို ဒေါ်စိန်စိန်အကြိုက် အငြိမ့်ပွဲတွေ ဆိုင်းဝိုင်းတွေနှင့်အတူ ကျင်းပပေးကာ သျှင်ရဲထွန်းဟု စစ်ဘုရင်ကြီး ဘုရင့်နောင်မင်းတရား၏ ငယ်နာမည်ကိုပင် ပေးခဲ့သည်။ ဒါတောင် ကိုယ်တော်က နွဲ့နေသေးသည်။

"သျှင်ရဲထွန်း"

"ဗျာ"

"မင်းကို အဆစ်တောင်းရမယ်ဆိုတဲ့အကြံ မိဗျိုင်းပေးလိုက်တာမှတ်လား"

"ဟုတ်"

သျှင်ရဲထွန်း မညာတတ်။ ဒီအချက်က ချစ်စရာပင်။ တစ်ဦးတည်းသောသားပဲ အချစ်ပိုရသည်ပင်။

"ကောင်းပြီ ဒီလိုဆို မင်းက တစ်ခွန်းအဆစ်တောင်း





တော့ ငါကလဲ တူညီတဲ့တစ်ခု ထပ်တောင်းရမယ်"

သျှင်ရဲထွန်းက မျက်လုံးရွှဲကြီးဖြင့် သူ့အား စွေကြည့်ကြည့်သည်။ ဦးအောင်ရွှေက

"ဟေ့ကောင် ငါ့ကိုကြာကြည့်မကြည့်နဲ့စမ်း"

"ဒီလိုပဲ ကြည့်တတ်တာကိုး ဖေဖေကလဲ"

"ဒါ စင်ပေါ်မဟုတ်ဘူးကွ"

"ဟုတ်"

"ကို ဘယ်လိုဖြစ်နေတာလဲ ကလေးမှာ နေစရာကို မရှိတော့ဘူး"

"အကြံပေးကောင်းတဲ့ မိဗျိုင်းကိုဆုချတဲ့အနေနဲ့ မင်းသဘောနဲ့ မင်းအိမ်ထောင်ရေးကို ဖန်တီးပိုင်ခွင့်မရှိဘူး၊ မင်းပညာစုံလို့ ပြန်လာရင် မိဗျိုင်းနဲ့ လက်ထပ်ရမယ်၊ ဒီလိုဆို မင်းတောင်းတဲ့ ဝါသနာရှင်အဆင့်အကပြိုင်ပွဲကို ပြိုင်ခွင့်ပေးမယ်၊ ဘယ်နှယ့်လဲ..."

သျှင်ရဲထွန်းက မိခင်ကို အားကိုးတကြီးကြည့်လိုက်သည်။

"ရှင်ကလဲ ကလေးကို"

"ကလေးဘာဖြစ်သလဲ အခု ယူခိုင်းတာမှ မဟုတ်ဘဲ၊ တော်ကြာဟိုမှာ လွတ်လွတ်လပ်လပ်နဲ့ လူမျိုးခြားတွေနဲ့ ငြိစွန်းသွားရင် ဘယ်နှယ့်လုပ်မလဲ"

"ရှင်ပဲ လွတ်ချင်တာကိုး"

"ဒါက သူ့ရဲ့အနာဂတ်အတွက်ပါကွာ ကိုယ်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



သားတစ်ယောက် ရှားရှားပါးပါးပဲရှိတာဆိုတော့ သူ့ကို အောင်မြင်ကျော်ကြားတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်စေချင်တယ်၊ အမြင်ကျယ်စေချင်တယ်၊ နိုင်ငံခြားဝင်ငွေရအောင် အများဆုံးဖန်တီးပေးနိုင်တဲ့ လုပ်ငန်းရှင်တစ်ဦးဖြစ်စေချင်တယ်. . ဒါကြောင့်ပါ၊ ကိုင်း. . သျှင်ရဲထွဋ်"

"ဗျာ"

"ဖေဖေတောင်းတဲ့ကတိ ပေးမလား"

သျှင်ရဲထွဋ်မျက်နှာကြီး နီရဲကာ ရှက်ရှက်နှင့်ခေါင်းငုံ့ပြီး. . .

"ဟုတ်ကဲ့ ကျွန်တော်ကတိပေးပါတယ် ဖေဖေ"

"သေချာရဲ့လား"

"သေချာပါတယ်"

"သေချာရင် ငါ့မျက်နှာကိုကြည့်ပြီး သေသေချာချာ ပြောကွ"

သျှင်ရဲထွဋ် ခေါင်းမော့လိုက်လေသည်။ သူ့အား ရင်ဆိုင်လိုက်သည်။ အတော်ချောတဲ့အကောင် အမေတူသား ဒါကြောင့် သူ့အချစ်ပိုနေရတာပဲ ဖြစ်မည်။ ဦးအောင်ရွှေ စိတ်ထဲ မာန်လျော့ သွားသည်။

"ဖြေလေသား စာမေးပွဲကိုလည်း ဂုဏ်ထူးတွေနဲ့ အောင်အောင်ဖြေမယ် ဖေဖေစီစဉ်တဲ့အတိုင်း လိုက်နာပါ့မယ်ဆိုတဲ့ ကတိပေးမလား"

"ပေးပါတယ် ဖေဖေ"





"ယောက်ျားဆိုတာ"

"ပေးပြီးသားကတိကို တည်အောင်ထိန်းရတယ် ဖေဖေ ကျွန်တော် ယောက်ျားပါ ဖေဖေ့ကို ပေးထားတဲ့ ကတိအတိုင်း ဖြစ်စေရပါ့မယ်"

"အေး. . ဒါမှဖေဖေ့သား၊ ကိုင်း. . လိုအပ်တာရှိ မင်းအမေကိုသာပြော ဒီကောင် ဒီနှစ်ပိုထွားလာတယ် အမေကြီး အလျှင်ဝတ်စုံမတော်ရင် ထပ်ချုပ်ပေးလိုက်ဦး ကားလဲ လိုအပ်သလိုသာသုံး"

"ရဟူး"

သျှင်ရဲထွဋ်လက်သီး လက်မောင်းတန်းကာ ထခုန်သည်မှာ ကြောင်တစ်ကောင်လို ပေါ့ပေါ့ပါးပါး. . .


သို့သော် နှုတ်မှထွက်သည့် ဝမ်းသာအားရ အာလုပ်သံက "ရဟူး"တဲ့။ ဆူရိုင်းတွေ အော်သလိုပင်။ ဘယ်လိုကလေးတွေပါလိမ့်။ ဒေါ်စိန်စိန်က တပြုံးပြုံးနှင့် ကျေနပ်သွားသည်။ ဒေါ်စိန်စိန်အပြုံးကို မြင်ရတော့လည်း ဦးအောင်ရွှေလည်း ကျေနပ်ရသည်ပင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

"ဘက်စုံထူးချွန်ဆုက အလျှင်ဖြေရမှာနော် သမီး"

"ဟုတ်ကဲ့ ဖေဖေ"

"ဒါဖြင့် သမီး သျှင်ရဲထွဋ်ဆီက အကလေးတစ်ကွက် နှစ်ကွက်နဲ့ အဆိုလေးတစ်ပိုဒ် နှစ်ပိုဒ်လောက်သင်ထားပါဦးလား"

ဟုတ်ပေသားပဲ မနှစ်က မြို့နယ်အဆင့်တင် ကျန်ရစ်ခဲ့သည်မှာ ထိုအဆိုအကလည်းပါသည်။ အားကစားချည်းပဲ





လုပ်၍ အနုပညာဘက်၌ အင်အားနည်းခဲ့သည်။ စာစီစာကုံးပြိုင်ပွဲတွေတော့ အခါအားလျော်စွာဝင်ဖြေခဲ့၍ စာပေအနုပညာတော့ ဖြစ်ထွန်းခဲ့သည်။ အဆိုအက ဂီတကတော့ ဝါသနာမပါသဖြင့် လက်ကိုပင် ဖြောင့်အောင်မချိုးတတ်ခဲ့။

"လား . . ဖေဖေ လိုက်ပို့ပေးမယ်"

ငွေဖျိုင်းဖြူပျော်ရွှင်သွားသည်။

"ဟုတ်ကဲ့ ဖေဖေ"

သူ့ဖခင်ဦးထွန်းနိုင်နှင့် သျှင်ရဲထွဋ်ဖခင် ဦးအောင်ရွှေသည် စစ်ဘုရင်ကစားဖော် ကစားဖက်ဖြစ်သည်။ အားသည့်အခါ တစ်အိမ်အိမ်၌ မကြာခဏချိန်းဆိုကာ ဘီယာလေးမော့လိုက် အမြည်းလေးဝါးလိုက်နှင့် စစ်ဘုရင်ခုံက မထတမ်းကစားလေ့ရှိသည်။

"နေဦး ကိုအောင်ရွှေရော ရှိရဲ့လားမသိဘူး ဖုန်းအရင်ဆက်မေးဦးမှ"

"ဟုတ်သားပဲ နေနေဖေဖေ သမီးဆက်လိုက်မယ်"

အိမ်ထဲသို့ လွှားခနဲပြေးဝင်သွားသော ငွေဖျိုင်းဖြူကိုကြည့်ပြီး ဦးထွန်းနိုင်ပြုံးမိလေသည်။ သမီးအမေပြောမယ်ဆိုလဲ ပြောထိုက်သည်။ မိန်းကလေးဆန်သော အမူအရာဟူ၍ နှမ်းစေ့မျှပင် ရှာ၍မရ။ အင်းလေ. . အချိန်တန်တော့ စကားပြောပါလိမ့်မည်။ ယောကျာ်းလျာမဖြစ်လျှင်သာ ပြီးသာပါပဲ။ အားကစားသမားဆိုတော့ ဒီလောက်တော့ရှိမှာပေါ့ဟု. . ဦးထွန်းနိုင်တွေးရင်း ခြံထဲ၌ ဖြည်းဖြည်းလမ်းလျှောက်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေသည်။

"ကယ်ရီအွန်ဖေဖေ ရှိတယ်တဲ့"

အနားသို့ လှမ်းခနဲရောက်လာပြီး ပြောလိုက်သော ငွေဗျိုင်းဖြူနှင့်အတူ နှစ်ခြံကျော်ရှိ ဦးမောင်ရွှေခြံသို့ ဆက်လျှောက်ခဲ့ကြသည်။

အရိုးသင့်ပင် အလှမွေးဂျပန်မြက်ခင်းပေါ်ရှိ ဆက်တီတစ်စုံ၌ထိုင်နေသော ဦးအောင်ရွှေနှင့် ဒေါ်စိန်စိန်က ထလာပြီးကြိုသည်။

"လာဗျ ကိုထွန်းနိုင် နေမဝင်ခင်တစ်ပွဲလောက်တော့ နွှဲလိုက်ကြရအောင်၊ စိန်ရေ ထုံးစံအတိုင်းလုပ်ပေးပါဦး"

"စိတ်ချပါ. . လာ သမီး"

ငွေဗျိုင်းဖြူ ဒေါ်စိန်စိန်နှင့်အတူ အိမ်ထဲဝင်ရင်း. . .

"ငထွန်းရော"

"ငါ. . ဒီမှာ၊ နင်ငါ့ကို ဆရာတင်မှာဆိုရင် အခေါ်အဝေါ် ပြောင်းရပေတော့"

"ဘာကိစ္စလဲ"

"ဟ. . နင့်ကို အကသင်ပေးရမယ်ဆို"

"အဲ့ဒါဘာဖြစ်လဲ တစ်ကွက်နှစ်ကွက်လောက်လေးများ"

"အတတ်ပညာတစ်ခုခုကို သင်ပေးလိုက်ပြီဆိုတာနဲ့ အဲ့ဒီလူဟာ ဆရာဖြစ်သွားပြီလေ၊ ငါ့ကို ဆရာလို့ မခေါ်ချင်နေ ငထွန်းလို့ မခေါ်ရင်ပြီးတာပဲ"





"လျှာရှည်လိုက်တာဟာ၊ အချိန်သိပ်မရဘူး ငါ့စာကျက်ရဦးမယ် သင်ပေးမလား မသင်ပေးဘူးလား ဒါပဲပြော"

သျှင်ရဲထွန်းက ငွေဗျိုင်းဖြူ စိတ်တိုလာသည်ကို ကြည့်ကာ ရယ်ချင်လာသော်လည်း မရယ်ပဲ မျက်နှာထားတည်ကာ

"နင့်အပေါ် မူတည်တယ်"

"သေနာကောင် သင်မပေးချင်နေ ပြန်မယ်"

ငွေဗျိုင်းဖြူက တကယ်စိတ်ကောက်ကာ ဧည့်ခန်းထဲမှ ချာခနဲလှည့်ထွက်ခဲ့လေသည်။

"ဟေ့. . ဟေ့. . မိဗျိုင်း နေဦး"

ငွေဗျိုင်းဖြူက ရပ်လိုက်သည်။ နောက်ပြန်တော့လှည့်မကြည့်။ သိသားပဲ၊ သျှင်ရဲထွန်းသည် သူစိတ်ကောက်ခြင်းကို ဘယ်သောအခါမှ ဥပေက္ခာပြုမထားတတ်။ စကားများသလို စိတ်ရှည်သော ယောကျ်ားတစ်ဦးဖြစ်သည်။

"အလကားစတာပါဟာ တကတည်းမှ နင့်စိတ်ချည်းပဲ ငါစိတ်ကောက်ဖို့များ ထားပါဦး"

ငွေဗျိုင်းဖြူ ဆတ်ခနဲလှည့်ကြည့်လိုက်သည်။ ကြာကြည့်ကြည့်နေသော သျှင်ရဲထွန်းကို မျက်ဖစောင်းထိုးလိုက်ပြီး

"ဒါဖြင့် သင်ပေးတော့"

"ဆိုင်းမပါဘူး တစ် နှစ် သုံးနဲ့ပဲ စပေးလိုက်မယ် နင့်ဘာ ဥာဏ်ကောင်းမှတယ် အတတ်မြန်မှာပါ"

"အေး. . မြှောက်ပေးဆရာရေ"

"ခေါ်ပါဆိုတော့ မခေါ်ဘူး၊ မခေါ်နဲ့ဟုတယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီ. . ကိုင်း ငါလုပ်သလိုလိုက်လုပ်"

ငွေဗျိုင်းဖြူရယ်ချင်စိတ်ကို မျိုသိပ်ကာ သျှင်ရဲထွဋ်လုပ်သလို လိုက်လုပ်ရသည်။

"ခါးထောက်တဲ့ကလည်း ကဗျာမဆန်လိုက်တာ အတင်းအကျပ်ထောက်တော့ ကောင်းမလားဟဲ့၊ အမိန့်ပေးနေတာ ကျနေတာ ဟောဒီလို ဖွဖွလေး ခါးလေးပေါ် မာန်ပါပါလေးတင်ထား၊ ဒါမှ လက်က အသေမဖြစ်ပဲ ခါးနွဲ့ရင်လိုက်ပါသွားမှာပေါ့. . ဒူးကွေး"

ငွေဗျိုင်းဖြူ ချွေးပင်ပြန်လာသည်။

"ခါးနွဲ့ပါဟဲ့. ."

". . . . . . . . ."

"ဒူးကွေးလေ တောင့်တောင့်ကြီး စိတ်ပျက်ဖို့ကောင်းလိုက်တာ၊ ငွေဗျိုင်းဖြူနဲ့မတူဘဲ ငှက်ကြီးဒုံးစပ်ကျနေတာပဲ"

ငွေဗျိုင်းဖြူ စိတ်မရှည်ချင်တော့။

"အမယ်လေးဟဲ့ နားမခံသာလိုက်တာ အေရိုးဗစ်ကတာကမှ လွယ်သေးတယ်"

"အေရိုးဗစ်လဲနွဲ့တာပဲ၊ လုပ်စမ်းပါဟဲ့ တူဗေဒိုးဗေ ဗေတပ် ဘေးတပ်တပ်"

ငွေဗျိုင်းဖြူရယ်ရင်း လိုက်ကလေသည်။ စိတ်ပါလက်ပါ သင်ပေးနေသော သျှင်ရဲထွဋ်အငြိုငြင်ကို ခံ၍မဖြစ်။ တစ်ကွက်နှစ်ကွက်တော့ရအောင် သင်ယူလိုက်သည်။

"ဟောဒီလို မေးကလေးကိုဆတ်"





"နင်က မင်းသမီးအကလဲ တတ်တယ်နော်"

"အခြေခံ ခေါင်းခါးခြေလက် ပိုင်နိုင်သွားရင် မင်းသားမင်းသမီးအက အကုန်ပိုင်နိုင်သွားတာပဲ၊ နင်တတ်အောင် သင်ပါလားဟယ်၊ ဒါမှ နင်နဲ့ငါ နှစ်ပါးသွားကလို့ရမှာ"

"ချွေးသူတောင်းစား အကောင်းမှတ်နေ ရှိသဲ့သဲ့မလုပ်နဲ့နော်"

"ဟောဗျာ နှစ်ပါးသွားကလို့ ကချင်တယ်ပြောတာ ရှိသဲ့သဲ့ လုပ်တာလား၊ နင့်စိတ်ကိုက မရိုးမသားဖြစ်ပြီး တောင်ထင်မြောက်ထင် လျှောက်ထင်မနေနဲ့ ကိုယ်တို့က ရိုးရိုးသားသားလေး"

"တော်စမ်း နားငြီးတယ်"

ထိုနေ့က တစ်နာရီမျှ သင်လိုက်သည့်အခါ ကဗျာလွတ်အက လေးငါးကွက်မျှကို ငွေဗျိုင်းဖြူတတ်သွားလေသည်။ ထိုအခါ သျှင်ရဲထွဋ် ချီးကျူးထောကနာပြုလိုက်ပုံက

"တော်တယ် မိဗျိုင်း၊ ဒါမျိုးပေါ့ ဆရာကောင်း တပည့်ပန်းကောင်းပန်ဆိုတာ"

"လိပ်မျိုး. . အဲ. . ကန်တော့. . ကန်တော့ အန်တီငထွဋ်ကိုပဲပြောတာ"

သူတို့မလှမ်းမကမ်း၌ရှိသော ဒေါ်စိန်စိန်ကို ငွေဗျိုင်းဖြူ လှမ်း၍ တောင်းပန်လိုက်ရလေသည်။

ဒေါ်စိန်စိန်ကရယ်ကာ. . .

"ရပါတယ်ကွယ်. . သမီးတို့နှစ်ယောက်က ချွေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မျှော်ပဲဟာ"

"ကျွန်တော်က မျှော်"

ငွေဖျိုင်းဖြူစကားနိုင်မလုတော့ဘဲ မျက်စောင်းသာ ထိုး၍ အနိုင်ယူလိုက်သည်။ ထိုအခါ သျှင်ရဲထွဋ်က တဟဲဟဲ ရယ်ကာ. . .


"ဟဲဟဲ. . ဖေဖေတို့ဝိုင်းက တော်ရုံနဲ့ပြီးမှာ မဟုတ်ဘူး၊ နင်ပြန်ချင်ရင် ငါ လိုက်ပို့ပေးမယ်လေ"

"အေး"

မတည့်အတူနှစ်ယောက်ပူးတွဲကာ ထွက်သွားကြသည်ကို ဒေါ်စိန်စိန်က ပြုံးကြည့်ကာ ကျန်ရစ်ခဲ့လေသည်။ သို့သော် စိတ်ထဲမှာတော့ စိုးထိတ်မှုနှင့်ပင် ကလေးတွေ ငယ်ကြသေးတာပဲ။ ငွေဖျိုင်းဖြူက ထောင်းတိမောင်းတိနှင့် သားတန္တန္ဆဲ. . ပြောင်းပြန်။







# အခန်း (၇)

ငွေဖျိုင်းဖြူ မြို့နယ်အဆင့်ပြိုင်ပွဲတွင်တော့ ပထမဆု ရခဲ့လေပြီ။ ဘာပဲဖြစ်ဖြစ် မနှစ်က ကိုးတန်းတွင် ပထမ မရရှိခဲ့သော ဘက်စုံထူးချွန်ဆုကို ဒီနှစ်ဆယ်တန်းနှစ်တွင် ရရှိခဲ့သည်။ ဆယ်တန်းကိုလည်း အနိမ့်ဆုံး ALL D အမြင့်ဆုံး Top (10) ဝင်ရမည်ဟု မှန်းထားပြီး ကြိုးစားနေချိန်၌ သျှင်ရဲထွဋ်ကလည်း ကျောင်းကတာဝန်ပေးသော ဖျော်ဖြေပွဲများ၌ လိုက်ကပြီး ကျန်အချိန်၌ စာမှန်မှန်ကျက်လေသည်။

www.burmeseclassic.com



သူတို့နှစ်ယောက် ကျူရှင်ချိန်တွင် စကားပြောခွင့်မရနိုင်အောင်ဖြစ်ပြီး နံနက်(၅)နာရီမှ (၆)နာရီအထိ ထပြေးချိန်တွင်တော့ မောနေသည့်ကြားက စကားပြောဖြစ်ကြသည်။

"မိဗျိုင်း"

"ဘာလဲ"

"နင် ဆယ်တန်းအောင်ရင် ဘာလုပ်မှာလဲ"

"ဟူး. . မောရတဲ့အထဲ လေကြောရှည်ပြီ"

"နင့်ရည်မှန်းချက်ကို ငါတစ်ခါမှ မမေးဘူးလို့ပါ။ နင်အားကစားပဲ ဆက်လုပ်မှာလား ယောက်ျားယူပြီး အိမ်ရှင်မလုပ်မှာလား ဘာလား ငါအခုမှ တွေးမိလို့"

သျှင်ရဲထွဋ်က လေကြောရှည်လေပြီ။ စမိလျှင် မဆုံးတတ်သော သျှင်ရဲထွဋ်အကြောင်းသိပြီးဖြစ်သဖြင့် ငွေဗျိုင်းဖြူက. . .

"အေး အိမ်ရှင်မလုပ်တာ အကောင်းဆုံးပဲ"

"ဟိုက် အဲ့ဒါပြဿနာပဲ"

သျှင်ရဲထွဋ်က ပြေးလျက်သားနှင့်ပင် သူနဖူးသူရိုက်ကာ ညည်းညူလိုက်သည်။

"ဘာပြဿနာလဲ"

"ငါက နိုင်ငံခြားသွားရမှာလေ နင် ငါ့ကို မစောင့်နိုင်ရင် ပြဿနာပေါ့"

"သေလိုက်ပေါ့ဟာ"





သျှင်ရဲထွဋ်စကားကို အတည်ယူ၍မရ။ နောက်ပြောင်နေတတ်သော သျှင်ရဲထွဋ်စကားကိုသာ အတည်ယူပြီး ရင်ခုန်နေမည်ဆိုပါက ရင်ခုန်သူသာ အရှုံးဖြစ်လိမ့်မည်။

မိမိတင်လားဆိုတော့မဟုတ်။ သျှင်ရဲထွဋ်က သူနှင့်တရင်းတနှီးရှိသော မိန်းကလေးသူငယ်ချင်းအားလုံးကို ထိုကဲ့သို့ပင် နောက်ပြောင်တတ်သည်။ စိတ်ထဲပါ၍မဟုတ်။ နှုတ်ပေါ့၍ ပေါ့ရွှတ်ရွှတ်ပြောခြင်းသာ ဖြစ်သည်ဟု ငွေဗျိုင်းဖြူနားလည်လက်ခံထားလေသည်။

"နင် ဝါသနာရှင်အဆင့် ပြိုင်ပွဲဝင်ဖို့ကရော"

"ဆယ်တန်းဖြေပြီးတာနဲ့ ကျင့်မယ်လေ ငါ့ကိုကွန်ပျူတာဖြစ်ဖြစ် အင်ဂျင်နီယာဖြစ်ဖြစ် စီးပွားရေးပါရဂူဘွဲ့ဖြစ်ဖြစ် ကမ္ဘာ့ဈေးကွက် စီးပွားရေးလောကထဲ ထိုးဖောက်ဝင်ရောက်ဖို့အတွက် ငါ စီးပွားရေးဘွဲ့လည်းယူမယ် ကွန်ပျူတာကိုလဲ မပြတ် လေ့ကျင့်နေတာပဲ နင်ရော ကွန်ပျူတာသင်လေဟယ် Speaking လည်း တက်ဦး"

"ကွန်ပျူတာ တတ်သားပဲဟာ"

"အခြေခံပဲတတ်တာမှတ်လား ဆက်တတ်ဦးမှပေါ့"

"နားလည်ပါတယ် ဆယ်တန်းဖြေပြီးမှ ဆက်လုပ်မယ်၊ နင်သာ ဟိုစမ်းစမ်း သည်စပ်စပ်နဲ့ မျောက်သစ်ကိုင်းလွတ် ဖြစ်နေဦးမယ်"

"မဖြစ်ပါဘူး ငါ့မှာ ဒါရှိတယ်"

သျှင်ရဲထွဋ်က သူ့ခေါင်းကိုသူ ထောက်ပြပြီး ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဒါပေမဲ့ အဲ့ဒီဦးနှောက်က တစ်ခန်းပျက်နေတယ် ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ကျားကျားလျားလျား မရှိလို့လေ"

သျှင်ရဲထွဋ်က ငွေဖျိုင်းဖြူအား ငုံ့စောင်းကြည့်လိုက်သည်။ ငယ်ကတည်းက သံယောဇဉ်နှင့် အရင်းခံခဲ့သော ဤသူငယ်ချင်းမလေးအပေါ်၌ ဘယ်သောအခါမှ အပြစ်မယူရက်။ စိတ်မဆိုးရက်ပေ။

"နင် နားမလည်ပဲမပြောနဲ့ မိဖျိုင်း၊ ငါလိုလူမို့လို့ နင့်စကားကို ခွင့်လွှတ်လိုက်တယ်မှတ် အခြားတစ်ယောက်ကိုသာ နင်သွားပြောကြည့် တုံ့ပြန်စကားနဲ့တင် နင်ရစရာမရှိတော့ဘူးမှတ်၊ နောက်တစ်ခါ နင်ငါ့အပါအဝင် ယောကျ်ားတွေကို အထင်သေးတဲ့ စကားမျိုး တစ်ခါမှ မပြောမိအောင် သတိထားပါ။ နင့်ကို ငါ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်အနေနဲ့ သတိပေးလိုက် တယ်မှတ်ပါ၊ ငါမရှိတဲ့အခါ နင့်ကို ဖေးမကူညီမယ့်သူရှိမှာ မဟုတ်ဘူး ဒီတစ်ခုပဲ ငါစိုးရိမ်တယ်"

"အမယ် ငါက ဘာဖြစ်ရမှာလဲ"

ငွေဖျိုင်းဖြူက မခံနိုင်သဖြင့် ပြန်အော်လိုက်သည်။

"အဲ့ဒီလို ပြန်ပြောကတည်းကိုက နင်ဟာ ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့ မိန်းမတစ်ယောက်ဆိုတာ သိသာတယ်၊ ကိုယ့်ကိုယ်ကို အထင်မကြီးရဘူး၊ သူများကိုလည်း အထင်





မသေးရဘူး၊ ဘယ်အရာမဆို သတိရှိရမယ် ဒါပဲ . . အဲ့ဒီသတိကိုသာ ခေါင်းထဲသွင်း အစစအရာရာ ဆင်ဆင်ခြင်ခြင် နေတတ်ပါစေလို့ပဲ ငါမှာချင်တယ်"

ငွေဖျိုင်းဖြူ ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ လှောင်ရယ် ရယ်ခြင်းဖြစ်သည်။ အနေအထိုင်ပျော့ပျောင်းလွန်းသဖြင့် သူငယ်ချင်းများက မာမီထွဋ်ဟု နောက်ပြောင်ခေါ်ဝေါ်ခြင်းကိုပင်ခံရသော လူတစ်ယောက်က မိမိအားသတိဟူသော စကားပြောခြင်းမှာ ရယ်စရာ အလွန်ကောင်းနေသည်။

သျှင်ရဲထွဋ်ကလည်း ငွေဖျိုင်းဖြူလှောင်ရယ်သံကို သိရှိသည်။ ဘာကြောင့် လှောင်မှန်းလည်း သူနားလည်သည်။ သို့သော် သူမမှုပြီ။ သူ့ခန္ဓာ၌ အရိုးမရှိသလိုပင် ပျော့ပျောင်းလွန်းအောင် သူလေ့ကျင့်ထားရသည်။ ဒါမှ ကသည့်အခါ လိုသလို ကွေးညွှတ်ကာ ကြိုက်သလို ပုံသွင်းနိုင်သည်။

အမောအပန်းလုံးဝမရှိစေဘဲ အပြုံးပန်းတဝေဝေနဲ့ သူကကြိုးဆင်နိုင်မည်။ ဒါတွေ တမင်လေ့ကျင့်နေခြင်းဖြစ်သည်ကိုတော့ ငွေဖျိုင်းဖြူအား ရှင်းပြမနေချင်တော့ဘဲ. . .

"အေး နင်အမြဲရယ်နိုင်ပါစေလို့ပဲ ငါဆုတောင်းပေးမယ်သိလား မိဖျိုင်း"

"နင်ငါ့ကို ကျိန်စာတိုက်တာလား"

သျှင်ရဲထွဋ်စိတ်ညစ်သွားသည်။ မိန်းမသားတွေ၏ သဘောထားကိုကပဲ သေးသိမ်လွန်း ကျဉ်းလွန်းသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူစင်စင်ပြောပါလျက် ငွေဗျိုင်းဖြူက တလွဲတွေးသည်။

"ဘာလဲ ငါက တကယ့်စိတ်ရင်းနဲ့ ဆုတောင်းမှာကို၊ တော်ပြီကွာ နင်နဲ့စကားပြောရတာ လက်ပေါက်ကပ်တယ် မပြောတော့ဘူး ဘာမှမပြောတော့ဘူး"

"ကောင်းတယ် နားငြီးသက်သာတယ်"

နှစ်ယောက်သား တိတ်ဆိတ်စွာ ဆက်ပြေးပြီး တိတ်ဆိတ်စွာပင် လမ်းခွဲသွားကြသည်။ သို့သော် ငွေဗျိုင်းဖြူရင်ထဲတွင်ကား. . .

"ဟွန်း. . သူကပဲ စိတ်ကောက်ရတယ်ရှိသေး၊ အေးလေ. . အခြောက်စိတ်ပဲဟာ ကောက်မှာပေါ့. . နေပေါ့"ဟု

သျှင်ရဲထွဋ် စိတ်ထဲတွင်ကား. . .

"မိဗျိုင်း ငါ့ကို အထင်သေးနေပါလား ငါဆင်ခြင်ရမယ်၊ ငါ့အပြုအမူ အပြောအဆိုတွေဟာ သိပ်ကိုများ မိန်းမဆန်နေလို့လား သိပ်ကို နူးညံ့သွားလို့လား၊ အေးလေ ဒီပွဲပြီးရင်တော့ အားလုံးက ငါ့ကို လက်ဖျားခါသွားစေရမယ်"

ဟူသော အတွေးဖြင့်. . .

☺ အောင်မြင်စာပေ ☺




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

အမျိုးသားကဇာတ်ရုံထဲသို့ ငွေဗိုင်းဖြူ ရောက်ခဲ့လေပြီ။ သျှင်ရဲထွဋ်မိခင် ဒေါ်စိန်စိန်နှင့် မိမိ၏မိခင် ဒေါ်သရဖီကျော်နှင့်အတူ လိုက်ပါခဲ့ခြင်းဖြစ်သည်။

ဝါသနာရှင် အဆင့်မင်းသားအကပြိုင်ပွဲတွင် သျှင်ရဲထွဋ်က ရန်ကုန်တိုင်းအနေဖြင့် ကပြပြိုင်ပွဲဝင်မည်ဖြစ်သည်။ သျှင်ရဲထွဋ်နှင့်သူ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်မြင်ခဲ့သည်။ သျှင်ရဲထွဋ်က အင်္ဂလိပ်စာနှင့် သင်္ချာဂုဏ်ထူး နှစ်





ဘာသာသာပါပြီး သူကတော့ ALL-D ပါခဲ့သည်မှန်သော်လည်း Topten စာရင်းတော့ မဝင်ခဲ့ချေ။

သျှင်ရဲထွဋ်ကို အမေရိကား၌ ပညာသင်ရန်အတွက် ဖခင်က စီစဉ်ပြီးဖြစ်နေသည်။ မကြာခင်သွားရောက်ရမည်ဖြစ်သည်။ ဒီကြားထဲ ကွန်ပျူတာတက်၊ အင်္ဂလိပ်စာသင်တန်းတက် အင်္ဂလိပ်စကားပြောတက်နှင့် သျှင်ရဲထွဋ်နှင့်သူမ မဆုံဆည်းလောက်အောင် အလုပ်များခဲ့လေသည်။

သူ့ကိုတော့ မိခင်က Topten မပါသဖြင့် အပြစ်ပေးသည့်ဒဏ်ကို သူခံခဲ့ရသည်။ ဘောင်ဒရီနှင့် အချုပ်အလုပ်သင်တန်းတက်စေခြင်း ဖြစ်သည်။ အိမ်၌ မိခင်ကိုယ်တိုင် ပို့ချသော အချက်အပြုတ်သင်တန်းကိုလည်း တက်ရသေးသည်။

သင်ရသည်မှာ လူတစ်ယောက်စာ နှစ်ယောက်စာမှသည် အလှူအတန်းအိုးကြီးချက် ပညာအထိဖြစ်ရာ ငွေဗိုင်းဖြူမှာ စိတ်မောလူမောကြားမှ သည်မိခင်၏ ပါးစပ်စကားသေနတ်သံကိုလည်း ကြောက်ရသဖြင့် အပြစ်အနာအဆာမရှိအောင် ကြိုးပမ်းရင်းမှ တကယ့်ကို စိတ်ပါဝင်စားသွားခဲ့သည်။

"ရန်ကုန်တိုင်းမှ မောင်သျှင်ရဲထွဋ်အလှည့် ဖြစ်ပါတယ်ရှင်"

အခမ်းအနားမှူးထံမှ ကြေညာသံကြောင့် ငွေဗိုင်းဖြူ၏ လွင့်ပျံ့နေသော အာရုံသည် စင်မြင့်ဆီသို့ရောက်သွားလေသည်။

"လှလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ရင်တွင်း ပထမဦးဆုံးအနေဖြင့် သျှင်ရဲထွဋ်ကို အသိအမှတ်ပြုခြင်း ဖြစ်သည်။ မင်းသားဝတ်စုံနှင့် အတော်ပင် ခန့်ညားလိုက်ဖက်ပေသည်။ စီးကွင်းများကို သျှင်ရဲထွဋ်က ဒီဇိုင်းဆွဲပေးပြီး သူကိုယ်တိုင် ထိုးပေးခဲ့သည်။ ထိုဝတ်စုံနှင့် အလှကြီးလှ ကျက်သရေအရှိကြီး ရှိနေသော သျှင်ရဲထွဋ်ကို ငေးကြည့်နေစဉ် ဘေးနားသို့ လူတစ်ယောက်ရောက်လာကာ ထိုင်သဖြင့် ကြည့်လိုက်မိသည်။

"ဟင်. . အန်ကယ်လ်"

ငွေဗျိုင်းဖြူ အံ့အားသင့်သွားသည်။ သျှင်ရဲထွဋ်အပေါ် ဘယ်သောအခါမှ မျက်နှာသာမပေးခဲ့ အားမပေးခဲ့ဖူးသော သျှင်ရဲထွဋ်ဖခင် ဦးအောင်ရွှေ ရောက်လာပြီး ကြည့်ရှုအားပေးလိမ့်မည်ဟု တစ်ခါမှ ထင်မှတ်မထားသဖြင့် ငွေဗျိုင်းဖြူ အတော်ပင် အံ့အားသင့်ကာ နှုတ်မှပင်မေးမိသည်။

"အန်ကယ်လ် လာတယ်"

ဦးအောင်ရွှေက ပြုံးကာ ခေါင်းညိတ်လိုက်သည်။ ဘာမှတော့မပြော။ ဒေါ်စိန်စိန်က ငွေဗျိုင်းဖြူနှင့် ဒေါ်သရဖီကျော်ကိုကျော်၍ ဦးအောင်ရွှေက မျက်စောင်းတစ်ချက်လှမ်းထိုးပြီး အသိအမှတ်ပြုလိုက်သည်။ ချစ်မျက်စောင်းဟုတော့ ငွေဗျိုင်းဖြူ နားလည်လိုက်သည်။

"တော်ပါသေးရဲ့ မှီလို့"

နောက်ခုံမှ အသံထွက်လာသဖြင့် ကြည့်လိုက်ရာ အိမ်ထောင်ခွဲသွားပြီဖြစ်သော သျှင်ရဲထွဋ်၏ အစ်မကြီး





ရွှေဇာခြည်နှင့် အစ်မငယ်စိမ်းမြအေးတို့ကို တွေ့လိုက်ရသည်။

"မနည်းကို ပြေးလာရတာ အစ်မရေ၊ မီတောင်မမီတော့ဘူးလို့ ထင်ထားတာ"

ထိုစဉ် ကကြိုးတီးလုံးက စတင်လာပြီး သျှင်ရဲထွဋ်တကြိုးစတင်လေပြီ။ ကိုယ်စိတ်ကပဲထင်၍လား၊ ကိုယ်ထင်ခုတင်ရွှေနန်းပဲကြောင့်လား မသိ။ ပြိုင်ပွဲဝင်ကပြသွားသူများထဲတွင် သျှင်ရဲထွဋ်ကပြသည်မှာ ဟာကွက်မရှိ တကယ်ကိုစည်းချက်ဝါးချက်ညီကာ အိပ်မက်တိုင်းပြည်ထဲ မင်းသားတစ်ပါး သာယာကြည်နူးဖွယ် ကောင်းလွန်းသော နတ်ဘုံနတ်နန်းတစ်ခု၌ ကကြိုးဆင်နေသည့်အလားပင်။ ပတ်ဝန်းကျင်အားလုံးကို မေ့လျော့ကာ သျှင်ရဲထွဋ်အကၡ၌ နစ်မြောလိုက်ပါသွားလေတော့သည်။

ကကြိုးအဆုံး ဂီတသံလည်း ပျောက်ကွယ်သွားပြီးနှုတ်ဆက်ကန်တော့ထွက်ခွာသွားတော့မှ တိတ်ဆိတ်ငြိမ်သက်နေသော ကဇာတ်ရုံမှ ပရိသတ်များ အသက်ဝင်လာပြီးလက်ခုပ်တီးလိုက်သံသည် ထစ်ချုန်းကာ ဟိန်းထွက်သွားလေသည်။ ငွေဗျိုင်းဖြူ လက်ဝါးနှစ်ဖက်ထူပူသွားသည်။ ဘေးနားမှ ဦးအောင်ရွှေကို ကြည့်လိုက်သည်။ မရှိတော့။ ကျောပြင်ကို ဝေဝါးစွာလှမ်းမြင်လိုက်ရသည်။ ဒေါ်စိန်စိန်ကို လှမ်းကြည့်လိုက်သည်။

မျက်ရည်များပင် ကျလို့ပါလား။ ဝမ်းသာလွန်း၍



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်လည်တယ်ဆိုတာ ဒါမျိုးလား၊ အို. . မိမိမျက်လုံး ဝေဝါးနေရာမှ ပါးပြင်ထက် ပူနွေးစွတ်စိုမှုခံစားလိုက်ရတော့မှ မိမိပါ မျက်ရည်ကျနေပါလား။ ဝမ်းသာလွန်းလျှင်လည်း မျက်ရည်ကျသည်။ ဒါ ပီတိမျက်ရည်ပဲဖြစ်မည်။

ငွေဖျိုင်းဖြူမျက်ရည်စများကို တစ်ရှူးဖြင့် အသာ သုတ်လိုက်လေသည်။

"အမေ မောင်လေးရမှာသေချာတယ်၊ မောင်လေးကိုနှုတ်ဆက်ပြီး သမီးတို့ပြန်တော့မယ် အိမ်မှာ အမေ့မြေးတွေထားခဲ့ရတာ စိတ်မချဘူး"

"ဟုတ်တယ်အမေ အမေတို့ရော"

"သားနဲ့မှအတူပြန်မယ်လေ သူဆက်ကြည့်ချင် ကြည့်လိုက်ဦးမယ်"

သျှင်ရဲထွဋ်၏ အစ်မနှစ်ယောက် ဇာတ်ခုံနောက်ဘက် ဝင်သွားလေသည်။ နောက်ထပ် မင်းသားနှစ်ဦး ပြိုင်ပွဲဝင်အပြီးလောက်တွင် သျှင်ရဲထွဋ်နှင့်အတူ ဒေါ်ရွှေစာတို့ လင်မယား ရောက်လာသည်။ ဒေါ်ရွှေစာက မင်းသားအထုပ် သယ်လာသည်။

မိတ်ကပ်များဖျက်ထားပြီး စပို့ရှပ်နှင့် စတိုင်ဘောင်းဘီနှင့် သျှင်ရဲထွဋ်ကို ငွေဖျိုင်းဖြူအထူးအဆန်းသဖွယ် ငေးကြည့်မိသည်။

"မေမေတို့ ပြန်ချင်ပြန်တော့ ကျွန်တော်ဒီက အားလုံးပြီးမှ ပြန်လာမယ်"





"ဟင် နေဦးမလို့လား"

"ဒါမျိုး နောက်ကြုံခွင့်က တော်တော်နဲ့ရမှာမဟုတ်ဘူး မေမေ"

"ဒါဖြင့် မေမေတို့ပြန်မယ်"

"ဟင် မိဖျိုင်းရောလား"

ငွေဖျိုင်းဖြူက ဘေးမှ မိခင်ကိုလှမ်းကြည့်လိုက်သည်။ မိခင်မျက်နှာကကြည်သာနေသည်။

"သမီးက နေခဲ့ချင်လို့လား"

"ဟုတ်"

"နေချင်နေခဲ့လေ၊ ပြီးမှ သားနဲ့အတူပြန်လာခဲ့ မိုးမချုပ်စေနဲ့"

"ဟုတ်ကဲ့"

"ဒါဖြင့် သားအတွက် ကားထားခဲ့မယ် မေမေတို့ မကျော်ကားနဲ့ပဲ ပြန်သွားတော့မယ်၊ ကိုထွေး ကားသော့ သားကို ပေးခဲ့လိုက်တော့ သတိထားမောင်းနော်"

"ဟုတ်ကဲ့ မေမေ စိတ်ချပါ"

ငွေဖျိုင်းဖြူ၏ ညာဘက်ထိုင်ခုံ၌ သျှင်ရဲထွဋ် ဝင်ထိုင်လေ သည်။

"ဘယ်နှယ့်လဲ မိဖျိုင်း"

သူက ဘာကိုမေးခြင်းဖြစ်ကြောင်း ငွေဖျိုင်းဖြူ သဘောပေါက်သော်လည်း. . .

"ဘာ ဘယ်နှယ့်လဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကတာကိုလေ"

"နင်ရမှာပါ နင်သိပ်တော်တာပဲ"

"ကျေးဇူးပဲ"

ဒီလောက်ပဲဖြစ်သည်။ ကျန်အချိန်၌ စကားမပြောတော့ဘဲ ယှဉ်ပြိုင်နေသော အကပြိုင်ပွဲကိုသာ စိတ်ဝင်စားစွာကြည့်နေလေတော့သည်။ လူတစ်ယောက်၌ရှိသော မျိုးရိုးဗီဇသည် အံ့သြဖွယ်ရာ ကောင်းလွန်းလှလေသည်။

ဒေါ်စိန်စိန်၏ ဦးလေးတစ်ဦးမှာ ဇာတ်မင်းသားတစ်ဦး ဖြစ်ခဲ့သည်တဲ့။ သို့သော် အရက်အလွန်အကျွံသောက်ခြင်းကြောင့် အချိန်မတန်မီ အကြွေစောသွားခဲ့လေသည်။

ထို့ကြောင့် ဒေါ်စိန်စိန်တို့မှာ သားအတွက် အလွန်စိုးရိမ်ခဲ့သည်။ သျှင်ရဲထွဋ်ကိုလည်း သူ့ဘိုးလေးသေ၍ ဝင်စားသယောင် ထင်မှားဖြစ်ခဲ့ကာ စိုးရိမ်စိတ်ဖြင့် အရိပ်တကြည့်ကြည့်နှင့် ပိုးမွေးသလိုမွေးထားပြီး ဇာတ်ထောင်ကာ အသက်မွေးဝမ်းကျောင်းပြုမှာ အင်မတန်စိုးရိမ်ပြီး ယခုလို သျှင်ရဲထွဋ်အနာဂတ်အတွက် Planing ချမှတ်ရေးဆွဲလိုက်ခြင်းဖြစ်သည်။

ဆန်းကြယ်သည်က သျှင်ရဲထွဋ်သည် သူ၏ ဘိုးလေး ဒေါ်စိန်စိန်၏ ဦးလေးဖြစ်သူနှင့် ရုပ်ချင်းဆင်နေခြင်းဖြစ်သည်။ ထိုဘိုးလေးသည် လူပျို်ကြီးဖြစ်သည်။ မိန်းမများကို စိတ်မဝင်စားပဲ အကနှင့်သူ၏ဇာတ် အရက်ထဲ၌သာ နစ်မြုပ်ထားသူဖြစ်သည်။ အသက်လေးဆယ်နှစ်နှစ်၌ ဆုံးသွားခဲ့သည်။





ဒါတွေကို မိခင်ထံမှတစ်ဆင့် ငွေဗျိုင်းဖြူသိရှိခဲ့ပြီးဖြစ်သဖြင့် သျှင်ရဲထွဋ်ကို နိုင်ငံခြားပို့ ပညာသင်ခိုင်းခြင်းကို သဘောပေါက်မိလေသည်။ ထိုနေ့အတွက် ပြိုင်ပွဲခေတ္တနားလိုက်ချိန်ရောက်မှ သျှင်ရဲထွဋ်သည် အိပ်မက်ထဲမှ နိုးထလာသူပမာ။

"ပြန်မယ် မိဗျိုင်း"

ဟုပြောကာ ထလိုက်လေသည်။ နောက်မှ မိမိပါလာသလား၊ မပါလာဘူးလားလို့ ဂရုစိုက်မနေဘဲ ရှေ့မှထွက်သွားလေသည်။ သံယောဇဉ်တို့ ခင်မင်မှုတို့ကို သျှင်ရဲထွဋ်ခေါင်းထဲထည့်ထားပုံမရချေ။

"လာစမ်းပါ နင်ကလဲ နွေးတုံ့နွေးတုံ့နဲ့"

"ဟဲ့. . လာနေတာပဲ ကားကနင်မောင်းမှာလား"

"အေးလေ ငါမမောင်းလို့ ဘယ်သူမောင်းမှာလဲ၊ နင်မောင်းမှာလား"

"ငါ့ကို မေမေက ဆယ့်ရှစ်နှစ်ပြည့်ပြီးမှ သင်ပေးမယ်တဲ့"

"အင်း. . ငါလဲ တတ်သာတတ်နေတာ မောင်းခွင့်ရတာ နှစ်လပဲရှိသေးတယ်"

ကားရပ်ထားရာနေရာသို့ လျှောက်သွားရင်း ပြောလိုက်သည်။ ယောက်ျားလေးဆိုတော့ သတ္တိကတော့ကောင်းသည်။ သို့သော် သူမောင်းသောကားကို စီးရမှာတော့လန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ"

"ခုမှ နင်ကတတ်ကာစလေ"

"ဘာခုမှ တတ်ရမှာလဲ ခြေထောက်နဲ့ လီဘာမိက တည်းက ဖေဖေမသိအောင် ခြံထဲမှာ ခိုးပြီးမောင်းနေကျ ခုမှ တရားဝင် မောင်းခွင့်ရတာ"

"ဪ ငါမသိလို့ပြောတာ ဆောရီး"

"ရပါတယ် နင်ဘာလုပ်နေတာလဲ"

"ဟင် ငါဘာလုပ်နေသလဲ နင်မသိဘူးလား"

နံနက်စောစောပြေးခွင့်မပေးတော့ဘဲ အိမ်ထဲ၌ပင် အားကစားစက်ကိရိယာများနှင့်သာ နှစ်ပါးသွားနေရသည်။ သျှင်ရဲထွဋ်နှင့် တွေ့ဆုံခွင့်နည်းသွားသည်။ မိခင် ဒေါ်သရဖီ ကျော်၏စကားက ရှင်းသည်။

"သွေးမတော်သားမစပ် . . ယောက်ျားမိန်းမနှစ် ယောက် ဒီလောက်လွတ်လပ်မှုများနေရင် မကောင်းဘူး ရည်မှန်းချက်တွေ မပြည့်ဝခင် ပေးစားလိုက်ရတဲ့ အဖြစ်မျိုး ဖြစ်လာရင် မိန်းကလေးရှင်ဘက်က သိပ်နစ်နာတယ်၊ အိမ်ထဲမှာပဲ ပြေးတော့၊ ကိုယ်ကာယအလှအတွက် ပစ္စည်းတွေလဲ မေမေ ဝယ်ပေးထားတယ်၊ မယ်တက္ကသိုလ်အဖြစ်နဲ့ပဲ ဆရာ ဝန်ကောင်းတစ်ယောက် ဖြစ်လာတာကို မေမေမြင်ချင်တယ် ဂုဏ်ယူချင်တယ်"

သို့နှင့် မိမိလည်း ကိုယ့်အလုပ်နှင့်ကိုယ် သျှင်ရဲထွဋ်က





လည်း သူ့အလုပ်နှင့်သူ ရှုပ်တွေးနေပြီး ယခုမှ ပထမဦးဆုံး အကြိမ်အဖြစ် ဆယ်တန်းစာမေးပွဲအပြီးတွင် အေးအေးဆေး ဆေး ဆုံမိခြင်းဖြစ်သည်။

"နင်အပြစ်တင်လဲ ငါခံရမှာပဲ ငါမှမအားပဲ၊ နင့်အ မှတ် M.C ဝင်ရဲ့လား"

"အေးအေးဆေးဆေးဝင်ပါတယ် Top ten မဝင်တာ တစ်ခုနဲ့ ခံလိုက်ရတဲ့အပြစ်တွေ နည်းနည်းနောနော မဟုတ် ဘူး"

"အေးလေ အန်တီက သူဖြစ်ချင်ပြီး မဖြစ်ခဲ့တာတွေ ကို နင့်အလှည့်မှာ သိပ်ဖြစ်စေချင်လို့ ကြိုးစားခိုင်းတာပဲ နင် ကြိုးစားပြလိုက်ပေါ့"

"Top ten မဝင်တာလေးတစ်ခုနဲ့ ငါ့မှာ လုပ်လိုက်ရ တဲ့အလုပ်တွေ၊ ကျောင်းမဖွင့်ခင် ထမင်းဆိုင်ဖွင့်မလား အဝတ် ချုပ် ဆိုင်ဖွင့်မလား ရနေပြီ"

"ကောင်းတာပေါ့ဟာ နင့်အတွက် ဝတ်စုံလေးတွေ ချုပ်ပြီး နင်တစ်နေ့တစ်မျိုးဝတ်ပြီး ကျောင်းတက်နိုင်တာပေါ့။ နင်သိပ်လှမှာပဲ ငါ နင်လှလှပပ ဝတ်စားပြီး ကျောင်းတက်တာ ကို မြင်ခွင့်ရတော့မှာ မဟုတ်ဘူး"

ကားမောင်းရင်း သျှင်ရဲထွဋ်က သူ့အားမကြည့်ဘဲ ပြောလိုက်သည်။ ကားကို ခတ်မှန်မှန်ပင်မောင်းသည်။ သျှင်ရဲ ထွဋ်သည် ငြိမ်ဓနေသည်။ အလှအပမက်မောတတ်သော စိတ် ကတော့ မပျောက်ပျက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီဝတ်စုံကို နိုင်ငံခြားကိုယူသွားမယ် ကဖို့အခွင့်အရေးအလမ်းကြုံတဲ့အခါ ငါ ကမှာပဲ၊ တီးလုံးနဲ့ မြန်မာဆိုင်းဝိုင်းသံစဉ်တွေကို ငါအခွေနဲ့သွင်းသွားတယ်၊ ဒါမှ မြန်မာ့အကကို ကမ္ဘာက ပိုသိမှာ"

သျှင်ရဲထွဋ်ထံမှ ထိုထက်ပို၍ ထူးခြားသော ရင်ခုန်စေမည့်စကားမျိုးကြားရလိမ့်မည် မဟုတ်ဟု ငွေဗျိုင်းဖြူ သဘောပေါက်လာသည်။ ငွေဗျိုင်းဖြူ သျှင်ရဲထွဋ်၏ ဖြူစင်သောစိတ်ထားလို့ နားလည်လိုက်ပြီ။

"နင်ကြိုးစားနော် နင်အထူးကုသမားတော်ကြီးဖြစ်တဲ့အထိပေါ့ အားကစားလုပ်ရင် နင့်ဆရာဝန်အလုပ်ကို စွန့်လွှတ်ရလိမ့်မယ်ထင်တယ်"

"ငါသိပါတယ်၊ ကျန်းမာရေးအတွက် ကစားတာကလွဲရင် ငါပြိုင်ပွဲတွေမဝင်တော့ပါဘူး၊ ဒါပေမဲ့ တက္ကသိုလ်ပေါင်းစုံပြိုင်ပွဲမျိုး ကျင်းပတာလောက်တော့ ငါပြိုင်မှာပေါ့ဟာ"

"အေးလေ. . မိန်းကလေးတစ်ယောက်အတွက်ကတော့ မိဘအုပ်ထိန်းမှုအောက်ကနေ ကြိုးစားတာပဲ လုံခြုံမှုနွေးထွေးမှု အေးချမ်းမှုရှိပါတယ်၊ အန်တီတို့စကားနားထောင်ပေါ့၊ ခုကြည့် နင်လက်ရာ အရမ်းတိုးတက်လာတာ၊ ငါဝတ်စုံကို ဘယ်ဆိုင်မှာ ချုပ်တာလဲလို့တောင် မေးနေကြပြီ"

"အေး. . မြှောက်သာမြှောက်ပေး၊ နင် US မထွက်ခင် နင့်အတွက် အနောက်တိုင်းဝတ်စုံ သုံးစုံချုပ်ပေးဖို့ အန်တီစိန်က ငါ့ကိုအပ်ထားပြီးပြီ ကိုယ်တော်၊ ဒါပေမယ့် နင်က





တစ်နေ့တခြား ထွားကျိုင်းလာတော့ နင်သွားကာနီးမှ အမြန်ချုပ်ပေးမယ်"

"တယ်ဟုတ်ပါလား နင့်အချုပ်အလုပ်က စုံသားပဲ"

"စုံတာပေါ့ ကလေးဝတ်စုံ အမျိုးသမီး အမျိုးသားဝတ်စုံ အမျိုးသမီး အမျိုးသားပွဲထိုင်ဝတ်စုံတွေပါမကျန် အကုန်လုံး တစ်မျိုးပြီးတစ်မျိုးသင်နေရတာ၊ အိမ်ခေါ်သင်ပေးတာလဲရှိတော့ ငါအားကို မအားရဘူး၊ ဒီနေ့တစ်ရက် နင့်အတွက် ခွင့်ပေးထားတာဆိုပါတော့"

"မဆိုးပါဘူး ဒီလိုတော့လဲ အန်တီက မဆိုးပါဘူး"

ထိုနေ့က အိမ်ရှေ့ပေါ်တီကိုအောက်ရောက်သည်အထိ ရောက်တတ်ရာရာ စကားများကလွဲ၍ ထူးခြားသောစကားကို သျှင်ရဲထွဋ်မဆို။

ငယ်စဉ်ကလို နှောက်ပြောင်မှုမျိုးပင်မလုပ်တော့. . ကြီးကောင်ဝင်လာသဖြင့် ရင့်ကျက်စပြုလာပြီလား။ သို့တည်းမဟုတ် မိန်းမများအပေါ် သူငယ်ချင်းပေါင်း ပေါင်းဖို့ထက်ပို၍ စိတ်မဝင်စားတတ်သောသူ၏ စိတ်ကြောင့်ပေလား။

ငွေဗျိုင်းဖြူ ခွဲခြား နားမလည်နိုင်ပြီ ။ ငွေဗျိုင်းဖြူစိတ်ကတော့ ပြောင်းလဲလာလေပြီ ။ ရင်ခုန်သံစဉ်လေးတွေ မွေးဖွားချင်လာပြီ။ လွတ်လပ်ခြင်း၏ အရသာကို ခံစားချင်လာပြီ။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

မျှော်လင့်ထားကြသည့်အတိုင်းပင် သျှင်ရဲထွဋ်ရွှေတံဆိပ်ဆု ရရှိခဲ့သည်ဖြစ်ရာ ဆုယူပြီး နောက်တစ်ပတ်တွင် သျှင်ရဲထွဋ်အား ဂုဏ်ပြုသည့် ညစာစားပွဲနှင့် သူငယ်ချင်းများအား ပြည်ပမထွက်ခွာခင် နှုတ်ဆက်သည့်အထိမ်းအမှတ်ပွဲလေးကို ပေါင်း၍ကျင်းပပေးသည်။ သူနှစ်သက်သည့် အငြိမ့်ကိုပင် ငှားရမ်းပေးခဲ့၍ စင်ထိုးကာ ပြင်ဆင်နေကြသည်။





"သမီး"

"ရှင် မေမေ"

အပ်ချုပ်စက်၌ တကုတ်ကုတ်အလုပ်ရှုပ်နေသော ငွေဗျိုင်းဖြူကို မိခင်ကခေါ်လိုက်သည်။

"ရော့ သန်ဘက်ခါညမှာ သမီးအတွက် ဝတ်စုံချုပ်ဖို့ ဇာ မေမေ နည်းနည်းရွေးခဲ့တယ်"

"အဖြူရောင်ပဲလား ဇာကတော့ လှသားပဲ"

"အဖြူရောင်ပဲပေါ့ သမီး၊ သမီးအသားက ဖြူဝင်းနေတာပဲဟာ၊ အဖြူရောင်လေးဝတ်တာ မျက်စိအေးချမ်းတယ်လို့ မေမေထင်တယ်၊ သမီးဘဝဟာ အမြဲတမ်း အဖြူရောင် သက်သက်ပဲ ဖြစ်စေချင်တယ် အနက်ရောင်ဝတ်ရင် ပိုပေါ်လွင်ချင် ပေါ်လွင်မယ် ဒါပေမဲ့ မအေးချမ်းပါဘူး သမီးရယ်"

မိခင်သည် အံ့ဩဖို့ကောင်းသည်။ ငွေဗျိုင်းဖြူရင်ထဲ ဝတ်ချင်သောအရောင်ကို ကြိုတင်သိရှိနေသည့်အလား ပြောလိုက်သည်။ ငွေဗျိုင်းဖြူ စိတ်ညစ်သွားသည်။ အမှန်တကယ်လည်း ငွေဗျိုင်းဖြူအနက်ရောင်ကိုသာ ဝတ်ချင်သည်။

မတတ်နိုင်. .။ ငွေဗျိုင်းဖြူ ကိုယ့်ခြေထောက်ပေါ်မှ ကိုယ် မရပ်တည်နိုင်သေးဘဲ မိခင်စိတ်တိုင်းကျ ဝတ်ဆင်ရမည်။ မိခင်က ကက်တလောက်ကို လှန်လှောကာ. . .

"ဒီပုံစံချုပ် ရိုးရိုးလေးနဲ့ အမြဲတမ်း ဆန်းသစ်နေတဲ့ပုံစံ၊ ဟော. . ဒီအတိုင်းပဲ၊ ရင်ဘတ်မဟိုက်စေနဲ့ ဟောဒီလို Crown ဆောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



စိန်ရွှေကျောက်ရတနာစုဆောင်းသည်ကို ဝါသနာပါသော မိခင်သည် သူ့အား ပြုံးပြုံးပြက်ပြက်ဖြစ်အောင်တော့ ဆင်လိမ့်မည်။ ငွေဗိုလ်ုင်းဖြူအတွက် စိတ်ညစ်စရာတွေ ဖြစ်လာလိမ့်မည်။ လက်ဝတ်လက်စား ဝတ်ဆင်ခြင်းကို ဝါသနာမပါသော ငွေဗိုလ်ုင်းဖြူအတွက် စိတ်ကျဉ်းကျပ်ရဦးမည်။

ဒီအချက်တွင် သျှင်ရဲထွဋ်မိခင်လည်း အတူတူပင်ဖြစ်သည်။ သျှင်ရဲထွဋ်အတွက်လည်း အဖြူရောင်ဝတ်စုံကို ချုပ်ပေးရသည်။ သျှင်ရဲထွဋ်ကတော့ အဖြူရောင်ကြိုက်နှစ်သက်သူ ဖြစ်သည်။

"သမီး တစ်ခုနားလည်ထားဖို့လိုသေးတယ်"

ငွေဗိုလ်ုင်းဖြူ မိခင်ကို မော့ကြည့်လိုက်သည်။ မိခင်ကို ငယ်စဉ်ကတည်းက ကြောက်ရွံ့ခဲ့ရသည်။ ဤအိမ်၌ ဘုရင်မတစ်ပါးလို ဩဇာအညောင်းဆုံးသူဖြစ်သည်။

"ပညာမစုံခင် ကြင်ယာစုံတာမျိုးကို မေမေတို့ လက်မခံနိုင်ဘူး သမီးပညာစုံတဲ့တစ်နေ့ ထွဋ်ထွဋ်လည်း ပညာစုံပြီး အလုပ်အကိုင်နဲ့ဖြစ်လာတဲ့ တစ်နေ့မှာ လက်ထပ်ပေးမယ်၊ သမီး အိမ်ထောင်ဘက်ကို သမီးကိုယ်တိုင် ရွေးချယ်ပိုင်ခွင့်မရှိဘူးဆိုတာကို နားလည်ထားရမယ်"

ငွေဗိုလ်ုင်းဖြူစိတ်ထဲ လက်မခံနိုင်။ ပြင်ပကတော့ ခေါင်းညိတ်လိုက်သည်။ ဒါ ရုပ်သဏ္ဌာန်ကို ပုံသွင်းခြင်းသက်သက်ဟု မိခင်နားလည်မည်မဟုတ်။

သျှင်ရဲထွဋ်လို နွဲ့နှောင်းသော ယောက်ျားတစ်





ယောက်သည် မိမိအား ရင်ခုန်ဖွယ်ကောင်းလောက်သော အိမ်ထောင်ဦးစီးတစ်ယောက် ဖြစ်လာလိမ့်မည်မဟုတ်ချေ။

"စိတ်ချပါ မေမေ၊ ကျွန်မ ဒါပြီးအောင်ချုပ်လိုက်ဦးမယ်နော်"

အတတ်ပညာတစ်ခုကို သင်လွယ်တတ်လွယ်သော ငွေဗိုလ်ုင်းဖြူအတွက်တော့ ဘယ်အတတ်ပညာမဆို တတ်အောင်ယူသည်။ မိခင်သည် ဘာမှမပြောတော့ဘဲ လှည့်ထွက်သွားသည်။ မိခင်အောက်ထပ်ဆင်းသွားသည်ကို သေချာမှ ငွေဗိုလ်ုင်းဖြူ ထိုင်ရာမှထလိုက်သည်။

အချုပ်အလုပ် အချက်အပြုတ်ပညာတွေနှင့် မိမိဘဝကို အိမ်ထောင်ရှင်မဟူသော လှောင်ချိုင့်တစ်ခု၌ ထည့်လှောင်ဖို့ မိခင်က ကြိုးစားနေတာဟု ငွေဗိုလ်ုင်းဖြူ မကျေမနပ်တွေးမိလေသည်။ သို့သော် မိမိကိုယ်မိမိလှအောင် ကိုယ်တိုင်ချုပ်ထားသော အဝတ်အစားလေးများနှင့် ဝတ်ဆင်ရသည်ကိုတော့ သဘောအကျကြီး ကျလာလေပြီ။ တကုတ်ကုတ်နှင့် ငြိမ်သက်စွာနေရခြင်းကိုတော့ စိတ်ကျဉ်းကျပ်လေပြီ။

"ငွေဗိုလ်ုင်းဖြူရေ တယ်လီဖုန်း"

"ဟုတ်ကဲ့ အပေါ်ထပ်မှာ ကိုင်လိုက်မယ်နော်မေမေ"

"အေး. . အေး"

ငွေဗိုလ်ုင်းဖြူ အပေါ်ထပ်ဧည့်ခန်းရှိ တယ်လီဖုန်းကို ကိုင်လိုက်သည်။ သျှင်ရဲထွဋ်ထံမှ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိဗျိုင်း"

"ဪ နင်ကိုး ဘာကိစ္စလဲ"

"ဝေါ်တ်စုံ ချုပ်ပြီးပြီလား"

"ပြီးပြီ တအောင့်နေ ပို့ခိုင်းလိုက်မယ်လေ"

"မပို့ခိုင်းနဲ့ ငါလာယူမယ် ဝတ်ကြည့်ပြီး လိုအပ်တာ ပြင်ခိုင်းရတာပေါ့"

"ဟုတ်ကဲ့ အံဖေ ဒါဖြင့်လာခဲ့"

ကြွက်မနိုင် ကျိုမီးနဲ့ ရှို့ချင်ပြီ။ မိခင်ကို မပြောရသမျှ သျှင်ရဲထွဋ်အပေါ် မဲနေမိသည်။ သျှင်ရဲထွဋ်ကမှ တော်သေးသည်။

လွတ်လပ်ခွင့်တွေ အများကြီးရသည်။ အန်ကယ်လ်ဦးအောင်ရွှေကလည်း သူခင်းသောလမ်းကို သျှင်ရဲထွဋ်က ကတိအတိုင်း ကြည်ကြည်သာသာပင် ဆက်လျှောက်သဖြင့် ကျေနပ်ကာ လွတ်လပ်ခွင့်ပေးထားသည်။

မိမိမှာသာ မလုပ်ချင်သော အလုပ်တွေလုပ်နေရသည်။ သျှင်ရဲထွဋ် အင်္ကျီနှင့်ဘောင်းဘီကို အင်္ကျီချိတ်နှင့် ချိတ်ဆွဲထားလိုက်ပြီး မိခင်အင်္ကျီကို ဆက်ချုပ်နေလိုက်သည်။

သိပ်မကြာလိုက် သျှင်ရဲထွဋ်ခြေသံကို ကြားလိုက်ရသည်။ အပေါ်ထပ် ဧည့်ခန်း၌ မိမိတစ်ယောက်တည်းသာ ရှိသည်။

"မိဗျိုင်း"

"အေး. . ဝတ်ကြည့် မတော်ရင်ပြော"





နောက်လှည့်မကြည့်ဘဲ ပြောလိုက်သည်။

"ရော့"

သင်းပျံ့နေသော ရနံ့က မိမိနှာဝကို ကလူကျီစယ်လေသည်။ ငှက်ပျောဖက်နှင့်ထုပ်ထားသော သဇင်ပန်းထုတ်ဖြစ်လေသည်။

"ဘာလုပ်ရမှာလဲ"

"သန်ဘက်ခါ ညမှာ ပန်ဖို့လေ"

"ငါပန်းမပန်တတ်တာ နင်သိသားနဲ့"

"မိန်းကလေးပဲ ပန်းပန်တက်ရမှာပေါ့၊ ပြီးတော့ နင်ပန်တဲ့ပန်းဟာ တော်ဝင်တဲ့ သဇင်ပန်းမျိုးပဲဖြစ်စေချင်တာ ငါ့စေတနာပဲ"

"ငါမကြိုက်တဲ့အလုပ် ငါဘယ်တော့မှမလုပ်ဘူး"

ငွေဗျိုင်းဖြူစိတ်တိုနေသည်ဖြစ်ရာ သျှင်ရဲထွဋ်ပန်းကို လှမ်း၍မယူဘဲ ဘုတောလိုက်သည်။

"နင်ဘာဖြစ်နေတာလဲ မျက်နှာကြီးက ပုပ်သိုးလို့"

"ငါ့ဟာငါ ဘာဖြစ်ဖြစ်"

"ရော့ ယူပါဟာ သဇင်ပန်းက ခေါင်ခက်တွေချည်းပဲ မနည်းကိုလိုက်မှာစုဆောင်းထားရတာ၊ နင့်ကို ပန်စေချင်လွန်းလို့ ငါ အန်တီ့ကိုလဲ ခွင့်တောင်းထားပြီးပြီ၊ နင် Crown ဆောင်းနဲ့ သဇင်ပန်းလေးတွေနဲ့ လှနေအောင် ပန်ဖို့လေ"

"ငါ အရုပ်မှမဟုတ်တာ နင်ခိုင်းတိုင်း မလုပ်နိုင်ဘူး၊ အမေခိုင်းတာတော့ ငါလုပ်ရတယ် အမေဖြစ်တဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပဲ၊ ကဲ နင်လျှာမရှည်နဲ့ နင်ပန်းပြန်ယူသွား ငါမပန်ဘူး နင်အကျႌဝတ်ကြည့် မတော်ရင် ပြင်ပေးမယ်"

"ဟ လေစိမ်းတွေတိုက်လှချည်လား နင်ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ဘူး လောကကြီးမှာ ကိုယ်လုပ်ချင်ရာ လုပ်ခွင့်မရတာလောက် စိတ်ညစ်စရာကောင်းတာမရှိဘူး"

"ဘာစိတ်ညစ်တာလဲ အပြင်ထွက်ပြီး လပ်ယားလပ်ယား လျှောက်မသွားရလို့လား၊ နောက်တော့ နင်သွားရမှာပါ ကျောင်းနဲ့ကျူရှင်. . ပြီးတော့ ဆေးရုံနဲ့ဆေးခန်း နောက်တစ်ဘွဲ့အတွက်လုံးပန်းတဲ့ အဲ့ဒီအခါ အိမ်ကိုတမ်းတပြီး မီးဖိုချောင်လေးကို ကိုယ်တိုင်ဝင်ပြီး ချက်ပြုတ်စားသောက်ချင်တာမျိုးကို တမ်းတလာလိမ့်မယ်"

"တော်စမ်းပါ နားငြီးလိုက်တာ၊ နင့်ပန်း နင်ပြန်ယူသွားပြီး အကျႌဝတ်ကြည့် မတော်ရင်ပြော"

ငွေဗျိုင်းဖြူ စက်ခုံ၌ ပြန်ထိုင်လိုက်သည်။ သျှင်ရဲထွဋ်ကို ကျောခိုင်းထားလိုက်သည်။ ကိုတိကျ သျှင်ရဲထွဋ်က အကျႌဘောင်းဘီကို ခပ်ကွယ်ကွယ်တစ်နေရာ၌ ဝတ်ကြည့်ပြီး ဧည့်ခန်းရှိ ကိုယ်လုံးပေါ် မှန်ကြီးရှေ့တွင် ရပ်ကာ ရှေ့နောက်ဘေး လှည့်ပတ်ကြည့်နေမည်ကို ငွေဗျိုင်းဖြူ လှည့်မကြည့်ဘဲ သိလိုက်သည်။

"အတော်ပဲဟော့ လာကြည့်ဦး"

"တော်ရင် ပြီးတာပဲ"





"နင်လာကြည့်ဦးလေ"

"မကြည့်ချင်ဘူး"

"ဟ ဘာဖြစ်တာလဲ မိဗျိုင်း"

ပြောပြောဆိုဆို သျှင်ရဲထွဋ် အနားသို့ရောက်လာပြီး ငွေဗျိုင်းဖြူကို ငုံ့ကြည့်လိုက်သည်။ငွေဗျိုင်းဖြူ သျှင်ရဲထွဋ်ကို မော့ကြည့်လိုက်သည်။

လှပခန့်ညားသော ယောကျာ်းတစ်ဦးကို တွေ့လိုက်ရသည်။ ထိုယောကျာ်းသည် မိမိအပါး၌ အမြဲရှိနေမည်မဟုတ်ကြောင်း သိရသောအခါ စိတ်ထဲအလိုမကျချင်တော့။

"သွား. . သွား နင်လဲမကောင်းဘူး၊ ငါ့ကိုစိတ်ညစ်အောင် ဖန်တီးတဲ့သူတွေအထဲ နင်လဲပါတယ်. . သွား "

ဟစ်အော်ပြောဆိုပြီး အိပ်ခန်းထဲပြေးဝင်ကာ တံခါးပိတ်ထားလိုက်သည်။

"မိဗျိုင်း"

ဟု တစ်ချက်ခေါ်လိုက်သံမှအပ အပေါ်ထပ်တစ်ခုလုံး တိတ်ဆိတ်သွားလေသည်။ ငွေဗျိုင်းဖြူမငို။ လွတ်လပ်စွာ ပြေးလွှားပြီး အချိန်မှန်မှန် ကစားကွင်းသွားကာ လေ့ကျင့်ခန်း ယူရသောဘဝကို တမ်းတမိသည်။

သျှင်ရဲထွဋ်သည် အဝတ်အစားပြန်လဲကာ တိတ်ဆိတ်စွာ ထွက်ခွာသွားလိမ့်မည်ဟု ငွေဗျိုင်းဖြူ အတပ်သိလေသည်။ ပြတင်းပေါက်လိုက်ကာကို အသာ မကြည့်လိုက်သည်။ သျှင်ရဲထွဋ်သည် နှစ်ခြမ်းကျော်ကိုပင် ကားနှင့်လာပြီး



www.burmeseclassic.com

www.burmeseclassic.com




ပြန်သွားလေသည်။

သျှင်ရဲထွဋ်သည် အဝေးဆုံးသို့ ရောက်သွားသလို ခံစားလိုက်ရသည်။ ထိုည၌ ငွေဗျိုင်းဖြူအကြီးအကျယ် ဖျားလေတော့သည်မှာ လေးငါးရက်ခန့် အဖျားမပျောက်သဖြင့် သျှင်ရဲထွဋ်အား ဂုဏ်ပြုပွဲနှင့် နှုတ်ဆက်ပွဲ ဝေးသွားလေသည်။ ဒါကိုပဲ ငွေဗျိုင်းဖြူ ကျေနပ်မိလေသည်။ သဇင်ပန်းများကတော့ ဘုရားစင်၌ ကပ်လှူထားဆဲ။







## အခန်း (၁၀)

ငွေဗျိုင်းဖြူ အဖျားပျောက်ပြီးစတွင် တောင်ကြီးရှိ အဘိုးအဘွားများရောက်လာပြီး ခေါ်သွားသဖြင့် ငွေဗျိုင်းဖြူ လွတ်လပ်ပျော်ရွှင်စွာ ပါသွားခဲ့လေသည်။

"မြေးအမေက ဆရာဝန်သိပ်ဖြစ်ချင်ခဲ့တာ ဆေးတက္ကသိုလ်အမှတ်လဲ မမီဘူးလဲဆိုရော အိပ်ဆေးတွေ ဘာတွေ သောက်မယ်လုပ်တာ အချိန်မီတားဆီးနိုင်ခဲ့လို့ တော်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် သူမဖြစ်ရတာတွေ မြေးကိုဖြစ်စေချင်နေတာ၊ ချွေးမမို့လို့ မပြောချင်လို့ကြည့်နေရတာ ကလေးကိုများ ခိုင်းလိုက်တာ ရက်ရက်စက်စက်၊ ကလေးက အညောင်းမိ အညောင်းမိပြီး ဖျားတော့မှာပေါ့၊ နေစမ်း မြေး လွတ်လွတ်လပ်လပ် ကြိုက်သလိုသာနေ"

"ဟို အခြောက်လိုလို ကောင်နဲ့များ သဘောတူရတယ်လို့၊ မယူနဲ့မြေး ယောက်ျားဆိုတာ ကျားကျားယားယားမှ မြေးအဘိုးကိုကြည့်၊ ကိုင်း . . သွား . . သွား . . အဘိုးနဲ့ တင်းနစ်သွားကစားချေ"

ဖခင်ဘက်က ခေတ်မီကာ အားကစားလိုက်စားသည်။ ထိုသွေးက ငွေဗျိုင်းဖြူထံ စီးဝင်နေသည်ထင်သည်။ သို့သော် ဘိုးဘိုးက မိန်းမရှုပ်သည်ဟုတော့ နာမည်ထွက်သည်။ ငွေဗျိုင်းဖြူဖခင် ဦးထွန်းနိုင်ကလည်း အဖေခြေရာနင်းသူဖြစ်သည်။ သို့သော် မိန်းမကြောက်ရသူဖြစ်သဖြင့် နာမည်သိပ်မထွက်ဘဲ ခြေပုန်းခုတ်လေသည်။

ငွေဗျိုင်းဖြူအတွက် လွတ်လပ်စွာ ပျံသန်းခွင့်ရလေပြီ။ မိဘတွေပြဿနာ မိမိတို့နှင့်မဆိုင်ဟု သဘောထားကာ ပျော်လိုက်သည်ဖြစ်ခြင်း . . .

"လာ . . ဘေဘီ မိတ်ဆက်ပေးရမယ်၊ ဒါ ဘိုးဘိုးရဲ့ ပါတနာ မောင်မိုးမြင့်တဲ့၊ အန်ကယ်လ်မြေးလေး ငွေဗျိုင်းဖြူလေ"

အသက်သုံးဆယ်ခန့်ရှိသော လူတစ်ယောက်ကို ငွေ





ဗျိုင်းဖြူ ဘယ်လိုခေါ်ရမှန်းမသိဘဲပြုံးနေစဉ် . . .

ကမ်းလင့်လာသော လက်နှင့်အတူ . .

"အို ဘယ်နှယ့် ငွေဗျိုင်းဖြူဖြစ်ရတာလဲ အန်ကယ်လ်ရယ်၊ ကျွန်တော်ကတော့ ဘေဘီရုပ်သွင်နဲ့အလား သဏ္ဍာန်တူတဲ့ အမည်သစ်လေးတစ်ခုနဲ့ပဲ မိတ်ဖွဲ့လိုက်ချင်တယ်"

ဘိုးဘိုးက သဘောကျစွာ ပြုံးရယ်ပြီး

"မောင်ရင်က ဘယ်လိုများခေါ်ချင်လို့လဲ သူ့မိဘတွေနဲ့ အများကတော့ မိဗျိုင်းလို့ပဲ ခေါ်ကြတာ"

"မိဗျိုင်းတဲ့လား အောက်ပါတယ်၊ ကျွန်တော်ကတော့ စနိုးလို့ပဲခေါ်မယ်၊ မိဗျိုင်းလဲဖြူတယ် စနိုးလဲဖြူတာပဲ မဟုတ်လား၊ ငွေဗျိုင်းက သာမန်တိရစ္ဆာန်လေး စနိုးက လောကကို ဖုံးလွှမ်းနိုင်စွမ်းရှိတယ် အေးချမ်းမှုရှိတယ် ဟုတ်တယ်နော် စနိုး"

ငွေဗျိုင်းဖြူရင်ထဲ သိမ့်ခနဲလှုပ်ရှားသွားသည်။ မိမိအပေါ် နာမည်ကအစ ဂရုစိုက်သောသူစိမ်းယောက်ျားတစ်ဦးအပေါ် စတင်ဆုံဆည်းမှုက မိမိကို ကျေနပ်နှစ်သိမ့်မှုပေးနိုင်စွမ်း ရှိလေသည်။

"နှုတ်ဆက်လိုက်လေ ဘေဘီ၊ သူက နိုင်ငံခြားကဘွဲ့ရလာတဲ့ ဒေါက်တာပဲ၊ ဆေးကုတဲ့ ဒေါက်တာမဟုတ်ပေမယ့် မိုးဆေးခန်းကိုဖွင့်ထားတယ် . . မိုးဟိုတယ်ရောပဲ"

ငွေဗျိုင်းဖြူ ဘိုးဘိုး၏ တိုက်တွန်းချက်ဖြင့် လက်ဆွဲနှုတ်ဆက်လိုက်သည်။ နွေးထွေးသော လက်က တင်းတင်း



www.burmeseclassic.com

www.burmeseclassic.com



ကျပ်ကျပ်ပင် တော်တော်နှင့်မလွှတ်။

ငွေဗျိုင်းဖြူ ရင်ခုန်သံစဉ်လေးများဖြင့် ရင်တွင်း အာမေဋိတ်သံပင် ကျူးရင့်လိုက်သည်။ အိုး. . ဘယ်လိုလူကြီးမှန်းလည်း မသိဘူး ရဲတင်းလိုက်တာဟု

"အန်ကယ်လ် စနိုးကိုကြိုဆိုခြင်း အထိမ်းအမှတ်အနေနဲ့ ညစာ ကျွန်တော်ဟိုတယ်မှာ ဧည့်ခံပါရစေ အန်ကယ်လ်အန်တီနဲ့ စနိုးကိုပေါ့"

"Very good ဒေါက်တာ"

ထိုအခါမှ လက်လွှတ်ပေးလိုက်ပြီး စွမ်းအင်ပြည့်စုံမှုရှိသော မျက်ဝန်းဖြင့်ကြည့်ကာ. . .

"ကိုင်း. . စနိုး ကျွေးတဲ့သူ စိတ်ချမ်းသာအောင် တစ်ပွဲတစ်လမ်း လက်ရည်စမ်းလိုက်ရအောင်"

"မောင်ရင်က မသိလို့ ဘောဘီက တင်းနစ်ချန်ပီယံကွ"

"မိန်းကလေးနဲ့ ယောကျ်ားလေးပဲ ချန်ပီယံလည်း မမှုဘူး၊ အကြောပေး အမှတ်ဘယ်လောက်ယူမလဲ စနိုး"

ခင်မင်ဖွယ်ကောင်းသော ဒေါက်တာမိုးမြင့်ကြောင့် ငွေဗျိုင်းဖြူ ကြောင်တက်တက်လေးမဖြစ်ပဲ ချက်ချင်းပင် အတိတ်ဘဝပေါင်းများစွာက ရင်းနှီးခဲ့သူပမာ။

"ကျွန်မကို အထင်သေးလို့ မေးတာလား ဦးမိုးမြင့်"

"နိုး. . နိုး အထင်မသေးရဲပါဘူးဗျာ အန်ကယ်လ်မြေးပဲ အန်ကယ်လ်ကိုတောင် မနည်းကြိုးစားနေရတာဆိုတော့"

"ဒါဖြင့် အကြောပေးအမှတ် ကျွန်မမယူဘူး နိုင်ရင်





ကျွန်မတောင်းဆိုတဲ့ ဆုတစ်ခုပေးရမယ်၊ အဲ. . ဒီညဒင်နာနဲ့မဆိုင်ဘူးနော်"

" အိုကေ တောင်းစေဗျာ ဘာဆုလဲ "

ဒေါက်တာမိုးမြင့်မျက်နှာသည် အမြဲပြုံးယောင်သန်းနေသည်။ အတော်ဆွဲဆောင်မှုရှိသော လူတစ်ယောက်ပင် အိမ်ထောင်ရှိသလား။ လူပျိုလားကို ငွေဗျိုင်းဖြူ သိလိုလာသည်။

သို့သော် စောပါသေးသည်။ အချိန်တန်လျှင် သိရမှာပါဟု ငွေဗျိုင်းဖြူယူဆကာ. . .

"ပြီးမှ ပြောမှာပေါ့၊ ကိုင်း. . စပြီနော်"

ငွေဗျိုင်းဖြူ၏ ရိုက်ချက်ကို တမင်လျှော့တာလားဒေါက်တာမိုးမြင့်ကပဲ ညံ့နေတာလားမသိ။ ထိုနေ့ပွဲစဉ် သုံးပွဲကို ငွေဗျိုင်းက နှစ်ပွဲ နိုင်လိုက်သည်။

"ဖြောင်း. . ဖြောင်း. . ဖြောင်း. . "

"စနိုးသိပ်တော်တယ် ဒီည အကောင်းဆုံး ဒင်နာနဲ့ဂုဏ်ပြုရမယ်"

"ဒါတောင် လျှော့ထားတာနော် ဒါပေမယ့် ဦးမိုးတိုမနည်းလိုက်ရတာ"

"ကိုင်း. . ဘာဆုပေးရမလဲပြော"

"ကျွန်မကို ပင်းဒယနဲ့ အင်းလေးပို့ပေးဖို့ပါ"

ဒေါက်တာမိုးမြင့်က သူနဖူးသူပြန်ရိုက်ကာ. . .

"အိုး. . မိုင်ဂေါ့ဒ်ဘာများလဲလို့ ဧည့်သည်ကို အိမ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဝတ္တုရားအရ လိုက်ပို့ဖို့စီစဉ်ပြီးသားပါ အခြား ခဲရာခက်ဆစ်ဆု မျိုးတောင်းပါလား စန်းရာ”

“ဒါ အစပဲရှိသေးတယ်လေ နောက်နေ့ပွဲတွေရှိသေး တာပဲ ဖြည်းဖြည်းပေါ့”

“ကောင်းပါပြီဗျာ”

ရင်းနှီးလွယ်သော ဒေါက်တာမိုးမြင့်ကို ငွေဗျိုင်းဖြူ ခင်မင်ရဲတင်းစွာ ဆက်ဆံရဲလေသည်။ ဒေါက်တာမိုးမြင့်ပြန် သွားတော့ ငွေဗျိုင်းဖြူနှင့် ဘိုးဘိုး စကားပြောဖြစ်ကြသည်။

“ဘေဘီ အန်ကယ်လ်တူ့ရဲ့ ကျောင်းနေဘက်ဖြစ်ခဲ့ ဖူးတယ်လေ၊ ကိုတူးက မြစ်ကြီးနားမှာ ပို့စ်တင်ကျတော့ ဘိုးဘိုးလဲ ကိုမိုးပြန်ရောက်လာတော့ သူနဲ့ပဲ ကစားဖော်လုပ် နေရတာပေါ့”

ဘိုးဘိုးထံမှ ငွေဗျိုင်းဖြူသိလိုသော အချက်မသိရ ချေ။ ငွေဗျိုင်းဖြူလည်း သိလိုချက်ကို ပွင့်ပွင့်လင်းလင်းမေးရ လောက်အောင် သတ္တိမရှိသေးချေ ။ ငွေဗျိုင်းဖြူ၏ ရဲတင်းမှု သွက်လက်မှုတို့သည် မေမေ၏ ချုပ်နှောင်မှုအောက်ဝယ် ပျောက်ဆုံးသွားလေသလားဟုပင် ထင်မိလေသည်။







# အခန်း (၁၁)

၁

သျှင်ရဲထွဋ် လေယာဉ်လက်မှတ် စောင့်နေရုံသာ ရှိ တော့သည်။ ထို့ကြောင့် သူ၌ အားလပ်ချိန်အတော်များများ ကို ပိုင်ဆိုင်ခွင့်ရနေသောအခါ ငွေဗျိုင်းဖြူကို သတိရလေ သည်။

ငွေဗျိုင်းဖြူ ပြောင်းလဲသွားသည်။ ဘာကြောင့်မှန်း တော့ သျှင်ရဲထွဋ် မသိနိုင်။ မိန်းမသားတွေ၏စိတ်ဟာ ခန့်မှန်း ရခက်သည်။ ငွေဗျိုင်းဖြူကြည့်ရတာ မကျေနပ်စိတ်က များ



www.burmeseclassic.com

www.burmeseclassic.com



နေသည်ကတော့ သေချာသည်။

ဘယ်သူ့ကိုမကျေနပ်မှန်း သျှင်ရဲထွဋ် တိတိကျကျ မသိနိုင်။

"သား. . ထွဋ်ထွဋ် ဘာတွေတွေးနေတာလဲ"

လသာဆောင်ပေါ်၌ ရပ်ရင်းတွေးနေ၊ ငေးနေသော သူ့နောက်ပါးသို့ မိခင်ရောက်လာသည်။ သျှင်ရဲထွဋ်၌ ညာတတ်သော သန္ဓေပါမလာသဖြင့်. . .

"မိဖျိုးအကြောင်း တွေးနေတာ မေမေ"

"ဝေးတစ်သက်သက်ဖြစ်နေပြီလား သား၊ ဒါတောင် တိုင်းတစ်ပါးကို မသွားရသေးဘူးနော်"

"ဆယ်တန်းဖြေပြီး အိမ်တွင်းပုန်းလုပ်လိုက်ရကတည်းက မိဖျိုးပြောင်းလဲသွားတယ်လို့ မထင်ဘူးလား မေမေ"

"ဒီအတိုင်းပါပဲ မေမေတော့ ဘာမှထူးခြားတာမတွေ့ဘူး၊ အဲ. . လှတော့ပိုလှလာတယ်"

"ကျွန်တော်က ရုပ်အလှကိုပြောတာမဟုတ်ဘူး မေမေ၊ စိတ်ကိုပြောတာ သူ့စိတ်မဖြူစင်ဘူးလို့ သားထင်တယ်"

"မိန်းမသားတစ်ယောက်ရဲ့ စိတ်ကို တိုင်းတာရ ခန့်မှန်းရခက်တယ်၊ ဆယ်ကျော်သက်မိန်းမငယ်လေးတွေရဲ့ စိတ်က ယောင်ယက်ခတ်တတ်တယ် လှုပ်ရှားတတ်တယ် စိတ်ကူးယဉ်တတ်တယ်၊ အဲ့ဒီအချိန်မျိုးမှာ အပေါင်းအသင်း





မှားသွားရင် မလွယ်ဘူး၊ မိန်းကလေးတွေမှ မဟုတ်ဘူး. . ယောကျ်ားလေးလဲ ဒီအတိုင်းပဲ"

"ဒါကြောင့် မိဖျိုးကို ကျွန်တော်စိုးရိမ်တာပေါ့၊ သူ ဝါသနာပါတဲ့ အလုပ်ကို တစိုက်မတ်မတ်လုပ်ခွင့်မရရင်၊ သူ စိတ်တွေလေသွားမှာပေါ့ အန်တီကျော်ကလဲ အရမ်းတင်းကျပ်လွန်းအားကြီးပါတယ်"

"အင်းလေ. . မိကျော်ကလဲ ခေါင်းမာသား သူ့စိတ်နဲ့နိုင်းပြီး သူ့သမီးကို သူလိုဖြစ်မှာစိုးရိမ်ပြီး အရမ်းတင်းကျပ်ခဲ့တာပေါ့"

သျှင်ရဲထွဋ်အတွက် တစ်ခါမှ မစပ်စုခဲ့ဖူးသော ငွေမိုင်းဖြူတို့အတွင်းရေးကို ယခုမှ စိတ်ဝင်စား စပ်စုမိလေသည်။

"ဟင်. . အန်တီကျော်က ဘယ်လိုဖြစ်ခဲ့လို့လဲ"

"မိကျော်က ဆရာဝန်သိပ်ဖြစ်ချင်ခဲ့တာ၊ ဖြစ်ခွင့်မရတော့ စိတ်လေပြီး အသည်းစားဘုရင်မဘွဲ့ကိုယူ ယောကျ်ားတကာတွေရဲ့ အသည်းကိုခွဲတမ်းကစားတော့တာပဲ၊ နောက်ဆုံးမှ ကိုထွန်းနိုင်နဲ့တွေ့တယ်၊ ကိုထွန်းနိုင်ကလည်း ခပ်ပွေပွေခပ်ရှုပ်ရှုပ် အသည်းစားဘုရင်လို့ နာမည်ကြီးတယ်၊ ကင်းနဲ့ကွင်း တွေ့ကြတော့ ပွဲကြီးပွဲကောင်းပဲပေါ့၊ ဒါပေမယ့် အဲ့ဒီပွဲမှာ နှစ်ယောက်စလုံး ခြေငြိမ်အောင် ဖန်တီးလိုက်နိုင်တာက အာကာနိုင်ဘဲ၊ အာကာနိုင်ကြောင့် သူတို့လက်ထပ်လိုက်ရတာသိ လက်ထပ်ပြီးချိန်မှာ မိကျော်က အိမ်ထောင်ရှင်မတာဝန်ကို ထမ်းဆောင်နိုင်တော့ ကိုထွန်းနိုင်က အပြစ်ရှာပြီး ဆက်မွေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမယ့် မိဗျိုင်းကို မွေးလာချိန်မှာ ကိုထွန်းနိုင် ငြိမ်သက်သွားပြီး မိဗျိုင်းကို ဂရုစိုက်လာတယ်၊ အဲ့ဒီတော့ မိကျော်ဟာ အိမ်ရှင်မကောင်းဖြစ်နေပြီး ကိုထွန်းနိုင်အပေါ် အနိုင်ယူသွားတော့တာပဲ”

သျှင်ရဲထွဋ်မိဘများကတော့ အိမ်ထောင်ရေးပြဿနာ ရှိခဲ့ပုံမပေါ်ချေ။

“အန်ကယ်လ်ထွန်းက အေးပါတယ်”

“အင်း သမီးမိန်းကလေးမွေးလာပြီဆိုတော့လဲ ကိုယ်ချင်းစာတရား ရှိလာမှာပေါ့လေ၊ ဒါကြောင့် သားလဲ အချစ်မပါပဲနဲ့တော့ အချစ်ကိုမကစားမိပါစေနဲ့၊ အိမ်ထောင်ရေးဟာ ရှင်းသန့်နေတာပဲ ကောင်းတယ်၊ သံသယဆူးနစ်ဝင်ပြီဆိုရင် အဲ့ဒီအိမ်ထောင်ရေးဟာ မသာယာတော့ဘူးပေါ့ကွယ်၊ မိကျော်ကလဲ ကိုထွန်းနိုင်ကို ဘယ်တော့ခွေးမြီးကောက်ကျည်တောက်စွပ် ဖြစ်မလဲလို့ တထင့်ထင့်သံသယနဲ့ပေါ့၊ ကိုထွန်းနိုင်ကလဲ မိကျော်အပေါ် ဒီအတိုင်းပဲ၊ ဒါကြောင့်. . မေမေတို့ကလဲ မိကျော်က မိဗျိုင်းအတွက် စိတ်အေးရအောင် သားမသွားခင် စေ့စပ်ထားချင်တယ် လို့ပြောတာကို လက်မခံခဲ့တာပေါ့”

“ဟင်”

ရင်တွင်း၌ အာမေဋိတ်သံမြည်ဟီးသွားလေသည်။ နှုတ်ကတော့ အသံမထွက်ဘဲ မိခင်အား ထူးဆန်းသောမျက်လုံးဖြင့် ကြည့်လိုက်မိလေသည်။





နှစ်ဖက်လူကြီး မိဘများကြား၌ ပြဿနာလေးများ ရှိခဲ့လိမ့်မည်ဟု သူလုံးဝမရိပ်မိခဲ့ချေ။ ဟန်ဆောင်ကောင်းကြသည်။ ထိုဟန်ဆောင်ကောင်းသော အလုပ်သည် လူကြီးလူကောင်းများ၏ မျက်နှာဖုံးထင်ပါသည်။ သျှင်ရဲထွဋ် သက်ပြင်းချလိုက်သည်။ မိခင်က. . .

“သားဖေဖေက သိတဲ့အတိုင်း စနစ်ဇယားနဲ့ စည်းတမ်းကြီးတဲ့လူဆိုတော့ မိဗျိုင်းနဲ့ကိစ္စကို ဘယ်လွယ်လွယ်ကူကူ သဘောတူပါ့မလဲ၊ ဒါကြောင့် သားကို အမေရိကားပို့တဲ့ကိစ္စမှာ ဒီတစ်ချက်ဟာလဲ အဓိက အပါအဝင်ဖြစ်တယ်”

“ဪ. . ဒါကြောင့် ဆယ်တန်းဖြေပြီးသွားကတည်းက မိဗျိုင်းကို သားနဲ့အတူ မပြေးခိုင်းတော့ဘဲ အိမ်တွင်းပုန်းလုပ်ခိုင်းပြီး အိမ်ရှင်မတွေတတ်အပ်တဲ့ ပညာတွေကို သင်ခိုင်းတာကိုး၊ အန်တီကျော်ကလဲ မေမေတို့ သဘောထားကို ရိပ်မိနေမှာပေါ့နော် ”

“ဒါပေါ့. . မေမေတို့လဲ မိဗျိုင်းကို သမီးလေးလိုချစ်ပါတယ်၊ ဒါပေမဲ့ ချွေးမအနေနဲ့ကတော့ သူ့ရဲ့ မိဘတွေကြောင့် စဉ်းစားရတယ်၊ လူမှာအမျိုး ကြက်မှာ အရိုးတဲ့ မဟုတ်လား”

“မိဗျိုင်းကတော့ ကျောင်းစာနဲ့ ကစားတာကလွဲပြီး အခြား စိတ်ဝင်စားမှု မရှိပါဘူး”

“အဲ့ဒါကြောင့် မေမေတို့က ပိုစိုးရိမ်ရတာ၊ ကျောင်းစာ စိတ်ဝင်စားပုံက မိကျော်ငယ်ငယ်ကအတိုင်းပဲ အားကစားလိုက်စားတာက ကိုထွန်းနိုင်အတိုင်းပဲ မိဘနှစ်ပါးရဲ့ ဗီဇကို



www.burmeseclassic.com

www.burmeseclassic.com



ရယူထားပုံရတော့ ပိုပြီးစိုးရိမ်စရာပေါ့။ ဒီတော့ သားရေ သားခေါင်းထဲမှာ မိဗျိုင်းတစ်ယောက်တည်းမထားနဲ့၊ ရွေးစရာတွေ အများကြီး ရှိတယ်လို့သာ သဘောထား အဲ့ဒီအထဲက ကိုယ်ကလဲချစ် သူကလည်းချစ် နှစ်ကိုယ်တူ အချစ်နဲ့ တကယ့်စံမိန်းကလေးကိုသာရွေး၊ ဒါမှ အိမ်ထောင်ရေးသုခကို ခံစားရမှာ"

"သား ဒါတွေ စိတ်မဝင်စားသေးပါဘူး မေမေ"

သျှင်ရဲထွဋ်စကားကြောင့် ဒေါ်စိန်စိန်မျက်ခုံးပင့်သွားသည်။ အထိတ်တလန့်ပုံစံဖြင့်. . .

"ဟာ စိတ်မဝင်စားလို့မဖြစ်ဘူးသား၊ ယောကျ်ားလေးဆိုတာ မိန်းမကို စိတ်ဝင်စားမှကိုဖြစ်မှာ. ."

"ဘာဖြစ်လို့လဲ မေမေ"

"ယောကျာ်းဆိုတာ နှစ်မျိုးနှစ်စားပဲရှိတယ်ဆိုတာ သားကြားဖူးမှာပေါ့ နောက်ပြောင်တဲ့စကားဆိုပေမဲ့ မှန်တော့မှန်တာပဲလေ"

သျှင်ရဲထွဋ် ဟက်ဟက်ပက်ပက် ရယ်လိုက်မိလေသည်။ မိခင် ဘာကိုပြောမှန်း သူသိသည်ပေါ့။ သူငယ်ချင်းတွေကလည်း နောက်ပြောဖူးသည်။

"ယောကျ်ားနှစ်မျိုးနှစ်စားပဲရှိတယ်ကွ နှာဘူးနဲ့ဂန်ဒူး မင်းကဘာလဲကွ"

ဟု ထိုအခါ သူက ခပ်ပြုံးပြုံးပင်. . .

"သိချင်သလား သိချင်. . ." ဟု ပြောလိုက်သဖြင့်





သူငယ်ချင်းများ သူ့ကို မစရဲတော့ပေ။

သျှင်ရဲထွဋ်က မိခင်ကိုဖက်ကာ ပါးဖောင်းဖောင်းကြီးအား ရွှတ်ခနဲနမ်းလိုက်ပြီး. . .

"စိတ်ချပါ မေမေ၊ မေမေ မွေးထားတာ ယောကျ်ားလေးပါ၊ သျှင်ရဲထွဋ်ဟာ ယောကျ်ားပါမေမေ၊ မိဗျိုင်းကိုလဲ သား ငယ်သူငယ်ချင်းလိုပဲ သံယောဇဉ်ရှိတာပါ၊ သား အိမ်ထောင်ဘက်ကို သားစိတ်တိုင်းကျရွေးချယ်မှာပါ"

မိခင် ဒေါ်စိန်စိန် အကျေနပ်ကြီး ကျေနပ်သွားသည်။ ပြောမယ့်သာပြောရသည်။ သျှင်ရဲထွဋ်အတွက် ငွေဗျိုင်းဖြူနှင့် အနေဝေးနေရတော့လည်း ဝေးတစ်သက်သက်ပါပဲလား။

"ငါ မသွားခင် နင်ပြန်ရောက်လာရင် သိပ်ကောင်းမှာပဲ မိဗျိုင်းရယ်" ဟု ရင်တွင်းတိတ်တခိုး တမ်းတမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၂)

ဒေါက်တာမိုးမြင့်သည် ဆွဲဆောင်မှုရှိသောယောကျ်ားတစ်ဦးဖြစ်သည်။ လူပျိုလူလွတ်တစ်ဦးဟု သိလိုက်ရသောအခါ ငွေဗျိုင်းဖြူ ပိုစိတ်ဝင်စားသွားသည်။ အင်းလေ ဖောင်တော်ဦးဘုရားသွားသောအခါ ပွဲချိတ်စီးရသည်။ လှေအဆင်းမြင်းအတက် ခက်သည်ဟူသော စကားအရ အတက်အဆင်းခက်သော နေရာမျိုး၌ ဒေါက်တာမိုးမြင့်က လက်ကမ်းပေးသည်ကို အားကစားသမား ငွေဗျိုင်းဖြူအတွက် မလိုအပ်





သော်လည်း တမင်နွဲ့ကာ လက်ကမ်းလင့်လာသောလက်ကို လှမ်းဆွဲကာ အကျေနပ်ကြီး ကျေနပ်နေသည်။

ဘိုးဘိုးဘွားဘွားကလည်း အမြဲရောက်နေကျခရီးမို့ မလိုက်ချင်ဟု အကြောင်းပြကာ အဖော်အဖြစ် နန်းညိုကိုသာ ထည့်ပေးလိုက်သဖြင့် ငွေဗျိုင်းဖြူအတွက် ပို၍လွတ်လပ်နေသည်။

"စနိုး ပျော်ရဲ့လား"

"ပျော်တာပေါ့ ဦးမိုးမြင့်ရယ် "

"မရောက်ဖူးဘူးလား"

"ငယ်ငယ်ကတော့ နှစ်တိုင်းရောက်တယ် နောက်ပိုင်းတော့ မရောက်တော့ပါဘူး၊ အတန်းကြီးလာတော့ စာကျက်ရမယ် ဘာနဲ့ညာနဲ့ပေါ့"

"စနိုး အမ်စီအမှတ်ဝင်တယ်ဆို"

"ဟုတ် ကျောင်းဖွင့်ရင်တက်မှာ"

"ကိုယ်တော့ လွမ်းကျန်ရစ်တော့မယ် ထင်တယ်"

ငွေဗျိုင်းဖြူ ဒေါက်တာ့မိုးမြင့်မျက်ဝန်းကို ဖျပ်ခနဲ ငူစမ်းကြည့်ဖြင့် ကြည့်လိုက်သည်။ ထူးဆန်းသော အရောင်တောက်ပမှု မျက်ဝန်းနှင့် ရင်ဆိုင်လိုက်ရသဖြင့် ငွေဗျိုင်းဖြူ ရင်ခုန်သွားသည်။

ညို့ဓာတ်ရှိသော မျက်ဝန်းလား။ သျှင်ရဲထွဋ် မိမိအသေါ် တစ်ခါမျှမကြည့်ဖူးသော မျက်ဝန်းမျိုးဖြစ်သည်။

"ဒါပေမယ့် ရန်ကုန်နဲ့တောင်ကြီးက အိမ်ဦးနဲ့ ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပါလေ၊ စံနိုးရန်ကုန်ရောက်လဲ ကိုယ်လာတွေ့လို့ရပါတယ် လက်ခံမှာလား"

"ရပါတယ် ဧည့်သည်ပဲဟာ အိမ်ရှင်က လက်မခံလို့ ဖြစ်ပါ့မလား"

"မသိပါဘူး စံနိုးမိဘတွေက သူတို့သမီးချောလေးကို လာဝဲတဲ့ ရွှေစွန်ညိုမှန်းသိရင် လက်ခံပါ့မလားလို့"

ငွေဗျိုင်းဖြူမကြည့်ရဲတော့ မျက်နှာတစ်ပြင်လုံး ထူပူသွားသည်။ ရဲတင်းတာလား။ ဒါ ရည်းစားစကားတစ်မျိုးဟု ထင်သည်။ နန်းညိုက ခပ်လှမ်းလှမ်းမှာ ထိုင်နေသဖြင့် စကားသံကြောင့် သူတို့စကားကို ကြားမည်မဟုတ်ချေ။

"ဟင် ပြောလေ"

"ဒါတော့ သိဘူးလေ"

"တာယကံရှင် စံနိုးကရော"

ငွေဗျိုင်းဖြူ မိန်းမဉာဏ်နီ ဉာဏ်နက်သုံးရတော့မည်။ အညာလွယ်တယ်ဟု အထင်ခံ၍မဖြစ်သေး။

"ကျွန်မကို ကူညီဖူးတဲ့လူပဲ အပြန်အလှန် ဧည့်ဝတ်ကျေရမှာပေါ့"

"စံနိုးစကားတတ်တယ်"

ငွေဗျိုင်းဖြူဘဝအတွက် အပျော်ဆုံးနေ့ရက်များထဲတွင် ဒေါက်တာမိုးမြင့်နှင့်အတူ သွားလာရသောနေ့ရက် အပါအဝင် ဖြစ်လာသည်။

ပင်းတယ ရွှေဥမင်လိုဏ်ဂူထဲဝင်တော့ ကျောက်





မှောင်းတံများကို လှမ်းထုရင်း အသံမျိုးစုံထွက်ပေါ်လာခြင်းကို အထူးအဆန်းသဖွယ် နားဆင်ရင်း ရေစပ်စပ်ကြောင့် ချော်လဲမှာစိုးရိမ်သဖြင့် ဒေါက်တာမိုးမြင့် ကမ်းပေးသော လက်ကိုသာ မလွှတ်တမ်းဆွဲကိုင်ထားသည်။

ထိုလက်က ခပ်တင်းတင်းလေး ဆုပ်ကိုင်မှုအပေါ် သာယာလာသည်။ အပြန်လမ်းခရီး၌ ငွေဗျိုင်းဖြူအတွက် ပထမဦးဆုံးသော ရည်းစားစကားကို ကြားရခြင်းဖြစ်သည်။ ယခင်က စာပေးရုံသာ အပေးခံခဲ့ရသည်။

"စံနိုး"

"ရှင်"

"လက်ထပ်ပြီးမှ ကျောင်းဆက်တက်ကြတဲ့သူတွေလဲ ရှိကြတာပဲ၊ အမေရိကားမှာ ကိုယ်ကျောင်းတက်တုန်းက ကိုယ်တို့အဖွဲ့ထဲ အိမ်ထောင်သည်စုံတွဲတွေချည်းပဲ အများကြီးပါတယ်"

"အဲဒါ ကျွန်မနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့"

ရွှန်းလဲ့သော မျက်ဝန်းကြောင့် ငွေဗျိုင်းဖြူရင်ခုန်စွာ မျက်နှာလွှဲလိုက်သည်။

"စံနိုးကို ကိုယ်လက်ထပ်ချင်တယ်"

"ဟာ မဖြစ်သေးဘူး ထင်တယ်"

"ဘာဖြစ်လို့လဲ"

"မေမေက ပညာစုံမှ ကြင်ယာစုံရမယ်လို့ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



သွား"

ထိုအခါ ဒေါက်တာမိုးမြင့်က သက်ပြင်းသဲ့သဲ့ချကာ

"ဟုတ်ပါတယ်လေ ကိုယ်လောသွားတယ်၊ ကိုယ့်အသက်အရွယ်အရ လက်ထပ်သင့်တဲ့ အရွယ်ရောက်ပေမယ့် စန်းက ငယ်သေးတာကိုး၊ ဒါဖြင့် ကိုယ် စိတ်ရှည်လက်ရှည် စောင့်ပါ့မယ် ကိုယ်က စန်းကို မြင်မြင်ချင်း ချစ်မိတာကိုးကွယ်"

ငွေဖျိုင်းဖြူမျက်နှာလွှဲပြီး ကားရပ်ထားရာသို့ ပြေးဆင်းခဲ့လေသည်။ ဒေါက်တာမိုးမြင့်က နောက်မှ ပြေးလိုက်ရင်း. . .


"ဖြည်းဖြည်း လဲမယ် စန်း"

ကားနားသို့ရောက်နှင့်နေသော နန်းညိုကြောင့် နှစ်ဦးသား စကားပြတ်သွားလေသည်။ အပြန်ခရီး၌ ငွေဖျိုင်းဖြူအတွက် ရင်ခုန်သံစဉ်ကလေးများနှင့်အတူ ဒေါက်တာမိုးမြင့်မျက်နှာကို ခိုးခိုးကြည့်ရင်း ကျေနပ်နေမိသည်။

အဘက်ဘက်မှပြည့်စုံပြီး ယောကျ်ားပီပီချောမောခန့်ညားသော ဒေါက်တာမိုးမြင့်လိုပုဂ္ဂိုလ်ထံမှ Propose လုပ်ခြင်းခံရသော မိန်းကလေးထက် ကံကောင်းသော မိန်းမရှိပါ့မလား။ ငွေဖျိုင်းဖြူအတွက် ဆွေမေ့မျိုးမေ့ ဖြစ်နေလေပြီ။







# အခန်း (၁၃)

ငွေဖျိုင်းဖြူ အိမ်ရောက်တော့ မှောင်ရီပျိုးနေပြီ။ တောင်ကြီးမြို့အဝင် View point ကြိုးတံတားပေါ်မှနေ၍ နေဝင်ချိန်ကို ခံစားခဲ့ကြသေးသည်။

ထိုအချိန်၌ ဒေါက်တာမိုးမြင့်ထံမှ ချစ်စကားလှလှလေးများကိုလည်း ရင်ခုန်စွာ နားဆင်ခဲ့သေးသည်။ ထိုသို့အချိန်မျိုး အမြဲရယူလိုချင်သည့်ဆန္ဒ ငွေဖျိုင်းဖြူရင်၌ ဖြစ်ပေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘေဘီ မာမီဆီက ဖုန်းလာတယ်၊ ဘေဘီဆီဖုံးခေါ် လို့မရလို့တဲ့၊ ပြန်မရောက်သေးဘူးဆိုလို့ ဒေါကန်နေသေး တယ်"

ဘွားအေလုပ်သူက ဆီးပြောလိုက်လေသည်။

ငွေဗျိုင်းဖြူကမဲ့ကာ. . .

"ဒီအထိ လိုက်ချုပ်ချယ်နေသေးတယ်၊ ဘွားဘွားတို့ ကခွင့်ပြုလို့ သွားတဲ့ဟာကို"

"ဩော်. . စနိုးရယ် မိဘဆိုတာ သားသမီးအပေါ် အမြဲစိုးရိမ်တတ်တာပဲ၊ ကိုင်းသွားမယ် ဂွတ်နိုက်"

"ဂွတ်နိုက် ဦးမိုးမနက်ဖြန်လာခဲ့ဦးနော်"

"စိတ်ချ နေ့တိုင်းလာမယ် သွားပြီ"

ငွေဗျိုင်းဖြူ လက်ကလေးတပြပြနှင့် ကျန်ရစ်ခဲ့လေ သည်။ ဘွားအေက. . .

"ဘေဘီကြည့်ရတာ အတော်ပျော်လာပုံပဲ"

"ပျော်တာပေါ့ ဘွားဘွားရယ် ဦးမိုးက ကျွန်မကို သိပ် ဂရုစိုက်တာ"

"ကြည့်လုပ်ဦးနော် ဘေဘီ မောင်မိုးက လူပျိုသိုးကြီး၊ တော်ကြာ အတင်းလာတောင်းလို့ ချွေးမတော်နဲ့ ရန်ဖြစ်နေ ရဦးမယ်"

"ဒါတော့ ဘယ်တတ်နိုင်မလဲ မေမေက ဖုန်းပြန် ဆက်ဦးမှာတဲ့လား"

"မပြောတတ်ဘူး ဘွားဘွားကို အမေတို့လိုက်မသွား





ဘူးတဲ့လား သူတို့ချည်း လွှတ်လိုက်ရသလား ဘာလားနဲ့ အပြစ်တင်နေတာနဲ့ ပြီးသွားရော၊ ဩော် ကိုယ့်စိတ်နဲ့နှိုင်းပြီး ကိုယ့်သားသမီးအလှည့်ရောက်တော့ ကြောက်တတ်လိုက် တာ၊ ကဲ. . သွား. . သွားနားချေတော့"

"ဘိုးဘိုးရော"

"ညစာစားပွဲတစ်ခုသွားတယ် သမီး အဘိုးကတော့ သိတဲ့အတိုင်း တစ်မြို့လုံး သူ့မိတ်ဆွေချည်းပဲဆိုတော့ တစ်နေ့ တစ်နေ့ အိမ်မှာနားရတယ်လို့ မရှိဘူး ဆွမ်းကျွေး၊ အစည်း အဝေး၊ ညစာစားပွဲနဲ့ ရှုပ်နေတာပဲ"

ငွေဗျိုင်းဖြူ ပြုံးလိုက်မိပြီးနောက် အဘိုးကိုသာပြော နေသော အဘွားကကော ဘာထူးလို့လဲဟု ပြောလိုက်သည်။ နောက်အပေါ်ထပ်သို့ ပြေးတက်ခဲ့လေသည်။

ရေချိုးနှင့် ရေချိုးပြီး အိပ်ရာတန်းဝင်ခဲ့လေသည်။ အိပ်မရ၊ ဘယ်ပြောင်း ညာလူးနှင့် ဒေါက်တာမိုးမြင့်၏ အပြုံး ခန့်ခန့် အပြောချိုချိုကို ကြားယောင်နေမိသည်။

"မဘေဘီဖုန်းလာနေတယ်"

"အိပ်နေပြီလို့သာ ပြောလိုက်"

ငွေဗျိုင်းဖြူ စိတ်ရိုင်းဝင်လေပြီ။ မိခင်ထံမှ ဖုန်းဖြစ်လိမ့် မည်ဟု ခန့်မှန်းပြီးဖြစ်သဖြင့် လိမ်ညာပြောခိုင်းလိုက်သည်။ မိခင်၏ ဆူသံပူညံသံကို မကြားချင်တော့။ လွတ်လပ်ခွင့်ရ တုန်းလေး အပြည့်အဝကို အသုံးချလိုက်ချင်သည်။

"မမဘေဘီ သျှင်ရဲထွင့်ရဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူဖြစ်ဖြစ်ပြောလိုက် အိပ်နေတယ်ဆိုမှ ဒုံးဝေး လိုက်တာ"

သျှင်ရဲထွဋ်နှင့်ပတ်သက်၍ ပထမဦးဆုံးသော စိမ်းကားမှုတစ်ခုကို ငွေဗျိုင်းဖြူ စတင်ပြုလိုက်မိလေသည်။ သျှင်ရဲထွဋ်သည် ငယ်ကျွမ်းသူငယ်ချင်းမျှသာ ဖြစ်သည်။ ဒေါက်တာမိုးမြင့်လိုတော့ သူ့နှလုံးသားကို မပိုင်စိုးနိုင်။

နေပါစေ။ တကယ်ဆို သျှင်ရဲထွဋ်အနေနဲ့ ဆယ်တန်းစာမေးပွဲပြီးသွားသည့်နောက် အားလပ်ချိန်တွေ ပိုထွက်လာသည်။ ထိုကာလ၌သူ၏ အိမ်နီးချင်းကျောင်းသွားဖော်၊ အတန်းဖော်ငယ်ကျွမ်းဆွေ မိန်းကလေးအတွက် ပို၍အချိန်ပေးသင့်သည်။

ယခုတော့ သူက ထိုသို့မဟုတ်၊ မိမိအား ဖုတ်လေသည့်ငပိ ရှိသည်ဟုမှ မအောင်းမေ့။ သူ့အောင်မြင်ဖို့၊ သူဝါသနာပါရာကို လုပ်နေဖို့၊ သူ့ဘဝတက်လမ်းအတွက် ဒါတွေသည် သူ့အတွက်အရေးအကြီးဆုံးသော လုပ်ငန်းအဖြစ် လုပ်ဆောင်နေသည်။

ယခုမှ ဘာတွေလာချွဲဦးမလဲ။ နေပါစေ ခပ်ဝေးဝေးကို ပြေးလိုက်မည် သူလိုက်အလှည့်၌ မောအောင်လိုက်နေပါစေတော့။ ငွေဗျိုင်းဖြူ ကျေနပ်စွာတွေးမိလေသည်။

"မမဘေဘီ အန်တီဆီက ဖုန်းလာပြန်ပြီ မေမေကြီးနဲ့ပဲ ပြောနေတယ်"

"ကောင်းတယ်"





"စကားများနေပုံရတယ်"

"နေပါစေ"

ငွေဗျိုင်းဖြူဂွမ်းစောင်ကို ရင်ဘတ်အထိ ဆွဲခြုံပြီး မီးခလုတ်ကို ပိတ်ကာ ညအိပ်မီးလေးကိုဖွင့်လိုက်သည်။

"နန်းညို တံခါးဆွဲပိတ်သွားလိုက် ဒီတစ်ခါ တကယ်အိပ်ပြီသိလား ဘာမှလာမပြောနဲ့တော့"


နန်းညိုခဏခဏဝင်လာလျှင် စိတ်ကူးယဉ်တမ္ဘာလေး ပျက်စီးသွားမှာ စိုးရိမ်ရသည်။ ဒေါက်တာမိုးမြင့်နှင့်အတူတူ နှစ်ကိုယ်တိုင်းပြည် တည်ဆောက်ကာ လွတ်လွတ်လပ်လပ်ကြီးကို စိတ်ကူးယဉ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

ငွေဖျိုင်းဖြူတို့အတွက် ဂုဏ်ဆိုးခြင်းတို့က ဆိုက်ရောက်လာလေသည်။ ဒေါက်တာမိုးမြင့်နှင့်အတူ တင်းနစ်ကစားနေသော ငွေဖျိုင်းဖြူထံသို့ သတင်းဆိုးကြီးတစ်ခုကို ဘွားအေက သယ်ဆောင်လာသည်။

"ဘေဘီ ကိုယ်ကျိုးတော့ နည်းပြီထင်တယ် ဘေဘီ"

"ဘာဖြစ်လို့လဲ"

ကစားခြင်းကို ရပ်လိုက်ပြီး ဘွားအေ၏ သောကမီး





ဟပ်နေသော မျက်နှာကြီးကို ကြည့်လိုက်ရင်း ရင်ထဲထိတ်ခနဲ ဖြစ်သွားသည်။

"ဘေဘီအမေဒီကို လိုက်အလာ ပဲနွယ်ကုန်းနား ကားမှောက်ပြီး"

"ဟင်"

ငွေဖျိုင်းဖြူခေါင်း သောကမိုးကြိုး ထိမှန်လေပြီ။

"ဘုရား . . ဘုရား . . မေမေ . . မေမေဘာဖြစ်"

"ဆေးရုံတင်ထားတယ်တဲ့ အဲဒါ အမြန်လာဖို့ ဖုန်းဆက်တယ်"

ငွေဖျိုင်းဖြူမျက်ရည်များ အတားအဆီးမဲ့စွာ စီးကျလာပြီ။ အားကိုးတကြီးနှင့် ဒေါက်တာမိုးမြင့်အား ကြည့်လိုက်သည်။

"နေ့ခင်း ဖလိုက်မီသေးတယ် လက်မှတ်လှမ်းမြော ကြည့်လိုက်ဦးမယ် အန်တီ"

"ကဲ . . ကဲ ဘေဘီငိုမနေနဲ့ ပစ္စည်းသွားသိမ်း၊ နန်းညို ငါ့အတွက် တစ်ပတ်စာလောက် အဝတ်အစားထည့်လိုက် မောင်မိုးမြင့် လေယာဉ်လက်မှတ်လုပ်ရင် သုံးယောက်စာလုပ်တွယ် အန်တီကော အန်ကယ်လ်ကော တစ်ခါတည်းလိုက်မှ ဖြစ်မှာ"

ငွေဖျိုင်းဖြူ ငိုရင်း အိမ်ထဲသို့ ပြေးဝင်ခဲ့လေသည်။ အမေကို ချုပ်ခြယ်လွန်းသည်ဟု မကျေမနပ်ဖြစ်သော်လည်း မိခင်ဟာ မိခင်ပေပဲ။ မိခင်နှင့် သားသမီးကြား ဆက်နွယ်မှုက



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မာလွန်းလှသည်ဖြစ်ရာ ငွေဗျိုင်းဖြူဆောက်တည်ရာမရ အောင် ခံစားနေရသည်။

"ဖလိုက်ရတယ်အန်တီ ကျွန်တော်ပဲလိုက်ပို့ပေးပါ့ မယ် အဆင်သင့်ပြင်ထားပါ သွားလိုက်ပါဦးမယ် ခင်ဗျာ"

ဒေါက်တာမိုးမြင့် ပြန်သွားသည်။ မြင်းစီးထွက်သော အဘိုးလုပ်သူပြန်လာသောအခါ သူကွယ်ရာ၌ ကြိတ်ကြိတ် နှင့် ဘွားအေက တီးတိုးပြောနေသည်ကို တွေ့ရသောအခါ ငွေဗျိုင်းဖြူ ပိုမိုထိတ်လန့်လာသည်။

"ဘုရားသိကြားမလို့ . မေမေဘာမှ မဖြစ်ပါစေနဲ့ ဘုရား"

ငွေဗျိုင်းဖြူ ဘုရားစင်ရှေ့ပြေးကာ ဘုရားကိုသာ သွင် သွင်ရှိခိုးပြီး ကန်တော့နေလေတော့သည်။ နေ့လည်တစ်နာရီ ဖလိုက်နှင့် ငွေဗျိုင်းဖြူတို့ ရန်ကုန်ပြန်လာခဲ့သည်။ အိမ်သို့အ ရောက်တွင် တိတ်ဆိတ်နေသောအိမ်ကြီးပေါ် ရောက်ရှိနေ ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၏ ပျက်နေသောမျက်နှာ၊ ခည့်ခံမှု၊ မိခင်ဓါတ်ပုံကို စားပွဲပေါ်တင်ပြီး ဖယောင်းတိုင်နှင့် ပန်းအိုးထားသော အနေအထားကို တွေ့မြင်လိုက်ရသည်။

"အမယ်လေး အမေစိတ်မချနိုင်တဲ့ အမေ့သမီးလေး လာပါပြီတော့"

ဘယ်သူ့အသံမှန်းမသိလိုက် ငိုသံပါကြီးနှင့် အော်ကြီး ဟစ်ကျယ်ပြောဆို ငိုချင်းချလိုက်သံနှင့်အတူ ငိုသံများထွက် လာသည်ကို ငွေဗျိုင်းဖြူ ကြောင်၍ကြည့်နေသည်။






ပြူးပြူးကြောင်ကြောင်ဖြစ်ကာ ရင်ထဲ၌ အသက်ရှူ၍ မရသလို မောဟိုက်လာပြီးနောက် ရပ်တည်ခြင်းငှါ မစွမ်းနိုင် တော့ပဲ ပုံရက်သား လဲကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၅)

ငွေဖျိုင်းဖြူနှင့် အရင်းနှီးဆုံးသော လူနှစ်ယောက်သည် ငွေဖျိုင်းဖြူကို တစ်ရက်တည်း၌ ခွဲခွာသွားကြသည်။ ငွေဖျိုင်းဖြူမိခင် အသုဘကိုပင် သျှင်ရဲထွဋ်မလာနိုင်။ ညဘက်လေယာဉ်နှင့် အမေရိကန်နိုင်ငံသို့ ထွက်ခွာသွားလေသည်။

ငွေဖျိုင်းဖြူအတွက် လစ်ဟာပြီး ကျန်ရစ်ခဲ့လေသည်။ တွယ်ရာမဲ့ လွင့်မျောလျက်ရှိသည်။ ဒီကြားထဲ အစ်ကိုဖြစ်သူ





ကို ဂျပန်သို့သွားရန် ဖခင်က စီစဉ်ထားခဲ့ရာ သွားခွင့်ရလေပြီဖြစ်၍ အနှေးနဲ့အမြန် သွားရတော့မည်။

"ဘေဘီ ဘွားဘွားတို့နဲ့ ပြန်လိုက်မှာလား"

"လိုက်လို့ဘယ်ဖြစ်မလဲ မာမီ၊ သူ့အစ်ကိုက သွားတော့မှာ အိမ်မှာ သားနဲ့သူပဲ ကျန်ရစ်ခဲ့မှာဆိုတော့"

ဖခင်က ခွင့်မပြု။ ငွေဖျိုင်းဖြူကတော့ တောင်ကြီးကို ပြန်လိုက်ချင်သည်။ ငွေဖျိုင်းဖြူကို စိတ်ပျော်ရွှင်မှုပေးနိုင်သောသူက တောင်ကြီးမှာရှိနေသည်။ ငွေဖျိုင်းဖြူသောကတွေကို ချေဖျက်ပေးနိုင်စွမ်းကို ဒေါက်တာမိုးမြင့်သာလျှင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ငွေဖျိုင်းဖြူ ယုံကြည်သည်။

သို့သော်. . .

"ကိစ္စမရှိဘူး ကိုယ်ကတောင်ကြီးနဲ့ ရန်ကုန်ကို အိမ်ဦးနဲ့ကြမ်းပြင်သွားနေကျပဲ" ဟူသော ဒေါက်တာမိုးမြင့်စကားကို ငွေဖျိုင်းဖြူ အမှတ်ရမိသဖြင့်. . .

"ကျွန်မ မလိုက်တော့ပါဘူး ဘွားဘွားရယ် မကြာခင်လည်း ကျောင်းဖွင့်တော့မှာပဲ"

"အေး ဘွားဘွားတို့လည်း မကြာခဏလာလည်ပေးပါ့မယ်"

ရက်လည်ပြီး တစ်ရက်နှစ်ရက်ထိနေပေးပြီး နောက်နေ့မှာပင် အဘိုးနှင့်အဘွား ပြန်သွားလေသည်။ အဘိုးအဘွားသည် တောင်ကြီးဇာတိများဖြစ်ကြသဖြင့် ရန်ကုန်ရာသီဥတုကို မကြိုက်နှစ်သက်ကြ။ ပူလွန်းတယ် မွန်းကြပ်လွန်း



www.burmeseclassic.com

www.burmeseclassic.com



တယ်ဟုဆိုကာ ကိစ္စရှိလျှင် ခဏတဖြုတ်သာလာပြီး တောင်ကြီးသို့သာ ပြန်ပြေးကြလေသည်။

ငွေဗျိုင်းဖြူတို့အိမ်သည် အဘိုးအဘွားနှင့် ဆွေမျိုးများပြန်သွားပြီးနောက် တိတ်ဆိတ်ခြောက်သွေ့ခြင်းကို ရက်ပေါင်းများစွာကျော်ဖြတ်၍ ညီးငွေ့ခြင်းကို ခံစားနေရသည်။ အဖေက မိုးလင်းက မိုးချုပ်အပြင်ထွက်သည်။

အစ်ကိုကလည်း ဒီအတိုင်းပင်။ ငွေဗျိုင်းဖြူ ပျင်းရိငြီးငွေ့မှုကို ငွေဗျိုင်းဖြူ ဝါသနာမပါသောမိခင်၏ အတင်းအကြပ်စေခိုင်းမှုကြောင့်သာ လုပ်ရသော အချက်အပြုတ်၊ အချုပ်အလုပ်ပညာတို့သည် အလိုအလျောက် ပြီးဆုံးပျောက်ကွယ်သွားလေသည်။

ကစားဖော် ကစားဘက်သူငယ်ချင်းများနှင့် ပြန်ဆက်သွယ်တော့လည်း သူငယ်ချင်းများသည် အားလပ်ချိန်မရှိတော့၊ ကွန်ပျူတာတက်မည်၊ စကားပြောတက်မည်၊ ဘာဖြေမည်၊ ညာဖြေမည်နှင့် အလုပ်တွေအရှုပ်ကြီး ရှုပ်နေကြသည်။

အစတည်းက ငွေဗျိုင်းဖြူ၌ ရင်းရင်းနှီးနှီး မိန်းမဖော်သူငယ်ချင်းသိပ်မရှိ။ သူ့ဘဝအတွက် အရင်းအနှီးဆုံးသူငယ်ချင်းမှာ သျှင်ရဲထွန်းသာလျှင် ဖြစ်သည်။

"တီ . . တီ . . တီ . ."

"ဟဲလို"

"စန္ဒီး ကိုယ်ပါ"

"ဟာ . . ဦးမိုး ခုမှဆက်တယ်"





"ဆက်ပါတယ် စန္ဒီး ကိုအားပေးချင်လို့ ဒါပေမယ့် ကောင်းတတ်ဘူး မဟုတ်လား အန်ကယ်လ်နဲ့ပဲ ဝမ်းနည်းကြောင်း စကားပြောဖြစ်တယ်၊ စန္ဒီးကိုမေးတော့ အိပ်နေတယ်လို့ပြောတယ်လေ၊ ဒါကြောင့်ပါ သတင်းတော့ မေးပါတယ်"

"ဦးမိုး ဘာလုပ်နေလဲ"

"ရန်ကုန်ဆင်းလာမလားလို့ စဉ်းစားနေတာ"

"ဟင် . . တကယ်လား"

ငွေဗျိုင်းဖြူအတွက် ရေစက်တုန်း ရေတွင်းထဲကျလေပြီ။ မျှော်လင့်ချက်ရောင်ခြည်လေး သန်းလာသည်။

"ဒါပေမယ့်"

"ဘာ ဒါပေမယ့်လဲ"

"ကိုယ်လာခြင်း မလာခြင်းဟာ စန္ဒီးပေါ်မှာ မူတည်တယ်"

"ဘာဖြစ်လို့လဲ"

"ကိုယ် အဓိကလာချင်တဲ့အကြောင်းရင်းက စန္ဒီးကိုတွေ့ချင်တာ တစ်ခုပဲရှိတယ်၊ ဒီတော့ ကာယကံရှင်စန္ဒီးကလိုလားမှ လာရကျိုးနပ်လိမ့်မယ်"

ငွေဗျိုင်းဖြူပြုံးမိလေသည်။ ဒီတစ်ခါတော့ ဒေါက်တာမိုးမြင့်ဆိုသည့် လူကြီးကို မညှင်းဆဲရက်တော့ပါဘူး။ သူလိုချင်သော အဖြေပေးလိုက်တော့မည်။

"လိုလားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်"

"လာခဲ့ပေါ့"

"ခုလား"

"အင်း ငှက်ကလေးတွေလို တောင်ပံပါရင် ကျွန်မဆီကို ချက်ချင်းပျံခဲ့ပေါ့"

"တောင်းပြီ နာရီဝက်အတွင်း ရောက်စေရမယ်"

ငွေဗျိုင်းဖြူ မျက်လုံးပြူးသွားသည်။

"ဟင်"

"မဟုင်နဲ့ စနီး ဆန္ဒကို ကိုယ်ဖြည့်ပေးတယ်၊ ကိုယ့်ဆန္ဒကို စနီးဖြည့်ပေးဖို့သာပြင်ထား၊ ဒါပဲနော် ခုပဲကိုယ်လာခဲ့မယ်"

ငွေဗျိုင်းဖြူ မျက်လုံးပြူးသွားသည်။ နာရီဝက်အတွင်း သူ ဘယ်လိုလုပ်လာနိုင်မှာလဲ၊ ဟင်. . သူ ရန်ကုန်ရောက်နေပြီပေါ့။ တော်တော်ဉာဏ်များတဲ့လူကြီး ငွေဗျိုင်းဖြူရင်ထဲ ကျေနပ်မှု ပီတိလိပ်ပြာလေး တောင်ပံခတ်လေပြီ။

အိပ်ခန်းထဲသို့ဝင်ကာ မှန်တင်ခုံရှေ့ရပ်လိုက်သည်။ စိတ်ညစ်ခြင်း သောကဓရေခြင်းဖြင့် အစားအသောက်မမှန်ခြင်းကြောင့် မိမိရုပ်သွင်သည် ညှင်းသိုးသိုးဖြစ်နေသည်။ သို့သော် မျက်လုံးများ ရီပြုံးကာ ရွှန်းလက်နေသည်။

အချစ်၏အင်အားပေလား၊ ငွေဗျိုင်းဖြူ မှန်ထဲမှ ငွေဗျိုင်းဖြူကို လျှာထုတ်ပြောင်ပြပြီး ရေချိုးခန်းသို့ ဝင်လိုက်လေသည်။





ငွေဗျိုင်းဖြူသည် အလှဆုံးမိန်းကလေးအဖြစ် ဒေါက်တာမိုးမြင့်၏ မျက်ဝန်း၌ အမြဲတင့်တယ်စွာ စွဲမက်နေစေရလေမည်ဟု. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၆)

"လှလိုက်တာ စန်းရယ်"

"အိမ်ထဲဝင်လေ ဦးမိုး"

"မဝင်တော့ဘူး စန်းကို လာခေါ်တာ"

"ဟင်. ."

"ခွင့်ပန်စရာလူ ရှိသေးသလား"

ဒေါက်တာမိုးမြင့်က အိမ်ထဲသို့ ဝေ့ဝဲကြည့်ရင်း မေး





မြန်းလိုက်သည်။ ငွေဗျိုင်းဖြူက. . .

"မရှိပါဘူး ဖေဖေက မိုးလင်းကနေ မိုးချုပ်အထိပဲ သိပ်အလုပ်များတာ၊ ကိုကိုလည်း ဒီအတိုင်းပဲ ဂျပန်သွားတော့မှာဆိုတော့ ပိုဆိုးတယ်"

"ဒါဖြင့် အပြင်မှာပဲစားရင်း ရုပ်ရှင်ကြည့်ရအောင် စန်းအတွက် စိတ်ပြေလက်ပျောက်ဖြစ်တာပေါ့"

"ဒါဖြင့် ခဏလေး. . အကျီလဲလိုက်ဦးမယ်"

"ဟင်. . လဲပြီးသား မဟုတ်ဘူးလား"

"ဒါ. . အိမ်နေရင်း အကျီရှင့်"

"အိုးမိုင်ဂေါ့ဒ်. . . သိပ်မြင်မလာပါနဲ့ စန်းရယ်. . .၊ ရွှေမင်းသမီးက သိပ်လှတော့ ကိုယ့်မှာ အလိုလို ကိုယ်ရံတော်ဖြစ်သွားဦးမယ်"

"ခဏလေးပါ ထိုင်စောင့်နော်"

"ကားပေါ်မှာပဲ စောင့်နေပါ့မယ် လူကြီးတွေမှ မရှိတာ"

"ဒါဖြင့်ပြီးရော"

ငွေဗျိုင်းဖြူအိမ်ထဲသို့ လှစ်ခနဲ ပြန်ပြေးဝင်ခဲ့သည်။ လွတ်လပ်ခြင်း၏ အရသာကို ငွေဗျိုင်းဖြူ အပြည့်အဝခံစားရလေပြီ ။

"ကလေး ဘယ်လဲ"

"ဦးမိုးနဲ့ ရုပ်ရှင်သွားကြည့်မလို့"

"နှစ်ယောက်တည်းလား"



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတွေပါ ဝင်ခေါ်သွားမှာပါ"

ငွေဗျိုင်းဖြူ မှုသားသုံးတာတ်လေပြီ။

"အေးလေ ဒါဖြင့်လည်းပြီးရော"

ဝတ်ကျေတန်းကျေတော့ ပြောပေမည်။ အမေလို တော့ စစ်ဆေးမေးမြန်းပြောပိုင်ခွင့်မှ မရှိကြပေပဲ။ မိခင် ကြောင့် ဒီဝိုင်းမျိုးစုံချုပ်ထားသော အဝတ်အထည်များ အသုံး ဝင်တော့မည်။ ဒေါက်တာမိုးမြင့် မပြန်မချင်း နေ့တိုင်းကို ထွက်လည်လိုက်မည်။

ဖခင်ထံမှလည်း အောဒီအောင်ထားခြင်းအတွက် ဆု မတောင်းရသေး။ ကြိုက်တာတောင်းဟူသော စကားရှိနေ သည်။ အိမ်မှာ ကားသုံးစီးရှိပြီးသား။ အစ်ကို ဂျပန်သွားလျှင် မိမိကား ဖြစ်မည်ပဲ။

"လှလိုက်တာ စန္ဒီးရယ် တကယ့်ကို ကိုယ့်အိပ်မက်ထဲ က နတ်သမီးလေးတစ်ပါးလိုပါပဲလား"

ဒေါက်တာမိုးမြင့်ထံမှ အသိအမှတ်ပြုသော ချီးကျူး စကားသည် ငွေဗျိုင်းဖြူ၏ နှလုံးသားကို ထိငြိစေသည်။

"ပြောတတ်တယ်"

"ကိုယ်မတတ်ပါဘူး တကယ့်ကို အနုအလှလေးတွေ နဲ့ စာဖွဲ့တတ်တဲ့ စာရေးဆရာ၊ ကဗျာဆရာသာဆိုရင် စန္ဒီး အလှဟာ စာတစ်အုပ်၊ ကဗျာတစ်ပုဒ်ဖြစ်သွားနိုင်တယ် ထင် တယ်"

"ကျေးဇူးတင်ပါတယ်"





ဒေါက်တာမိုးမြင့်ဖွင့်ပေးသော ရှေ့ခန်းတံခါး၌ပင် ရဲရဲဝံ့ဝံ့ ဝင်ထိုင်လိုက်သည်။ အိမ်ရှေ့သံပန်းတံခါးကိုပိတ်ရင်း သော့ခတ်လိုက်သော ဒေါ်ငွေကို တာတာ့လုပ်ပြလိုက်သေး သည်။ ဒေါ်ငွေကတော့ သက်ပြင်းချနေပေလိမ့်မည်။

ငွေဗျိုင်းဖြူဘက်တံခါးကို ပိတ်ပေးပြီးမှ ကားခေါင်းကို ပတ်ကာ ယာဉ်မောင်းနေရာဝင်ထိုင်လိုက်ပြီး မောင်းထွက် လိုက်သည်။

"စန္ဒီးဘယ်ဆိုင်မှာ စားချင်သလဲ"

"မသိဘူးလေ၊ ညဒင်နာတွေ ပါတီတွေကို မေမေက ခေါ်သွားလေ့မရှိဘူး"

"ကောင်းပါတယ် ကိုယ်လိုချင်တဲ့ ပန်းကလေးတစ်ပွင့် ဟာ အဲဒီလိုပဲ ပိတုန်းလိပ်ပြာတွေ နားမခိုဘူးတဲ့ ပန်းမျိုးဖြစ်ရ မယ်၊ ကိုယ်က အိမ်ထောင်ဘက်ရွေးချယ်တဲ့နေရာမှာ သိပ် ဇီဇာကြောင်ခဲ့တာ၊ စန္ဒီးကိုတွေ့တော့မှ ရင်ထဲမှာ နှစ်ပေါင်း များစွာ သိမ်းဆည်းထားတဲ့အချစ်တွေ စုပြုံပေါ်ထွက်လာ တာ"

ကားမောင်းရင်း ချစ်စကားလှလှကိုလည်း ဆိုတတ် သော ဒေါက်တာမိုးမြင့်ကို ငွေဗျိုင်းဖြူခိုးကြည့်ရင်း ရင်ခုန် သံစဉ်လေးများ ဖြစ်ထွန်းခြင်းကို ကျေနပ်နေမိသည်။

ရန်ကုန်မြို့ကြီး၏ ကားများရှုပ်ထွေးမှု၊ မီးပွိုင့်၌ကြာ ရှည်စွာရပ်နေလောက်အောင် ကားတန်းရှည်နေမှုများကိုပင် သဘောအကျကြီး ကျနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အနား၌ ဒေါက်တာမိုးမြင့်ရှိနေပြီ။ ချစ်သူနှင့် အတူ တကွနေရခြင်းကို ကြည်နူးပျော်ရွှင်ခြင်းမှာ မိန်းမသဘာဝ ထင်ပါသည်။

“စနိုး”

“အင်”

“ဘာတွေတွေးနေတာလဲ”

“ဦးမိုး ရန်ကုန်ကို ကိစ္စနဲ့လာတာလား”

“ဟုတ်တယ် နှလုံးသားကိစ္စကြောင့်ပဲပေါ့”

“ဟင်”

“မဟင်နဲ့လေ . . စနိုးကတော့ ကိုယ့်အပေါ် ဘယ်လို သဘောထားသလဲဆိုတာကို သိခွင့်မရနိုင်သေးဘူးလား”

ငွေဗျိုင်းဖြူသည် အရိုင်းပန်းသက်သက်သာဖြစ်သည်။ အချစ်နှင့်ပတ်သက်၍ အစိမ်းသက်သက်။

“မသိဘူးလေ ကျွန်မ မပြောတတ်ဘူး”

“ဒါဖြင့် ကိုယ်မေးမယ်၊ ကိုယ်မေးတာ မှန်မှန်ဖြေရုံပဲ”

ငွေဗျိုင်းဖြူ မျက်လုံးရွှဲကြီးဖြင့် ဒေါက်တာမိုးမြင့်ကို ကြည့်လိုက်သည်။ ဒေါက်တာမိုးမြင့်က သူ့ပန်းကန်ထဲသို့ ဟင်းဖတ်လေးများကို ခတ်ထည့်ပေးရင်း . . .

“ကိုယ့်ကို ချစ်သလား . .”

“ဟင်”

ငွေဗျိုင်းဖြူက ရှက်စနိုးခေါင်းလေးငုံ့လိုက်ပြီး ဟင်းဖတ်လေးကို တူနှင့်ယူစားလိုက်သည်။





“ဒါဖြင့် မှန်းသလား”

“ဟင့်အင်း . .”

“ဒါဆို ချစ်တယ်ပေါ့”

“အင်း”

မထူးတော့ပါဘူး ချစ်သူဘာဝနှင့် ချစ်ရည်းစားထား လိုက်တော့မည်။ ဒေါက်တာမိုးမြင့်သည် လူပျိုလူလွတ်တစ် ယောက်ပဲ အပြစ်အနာအဆာလည်း မရှိဆိုတော့ ဒီလိုလူမျိုး ကိုမှ မကြိုက်လျှင် ဘယ်လိုလူမျိုး သွားကြိုက်ရမည်နည်း။

“ဟာ . . ဝမ်းသာလိုက်တာ စနိုးရယ်၊ ကိုယ်လောက် ကံကောင်းသူ ကမ္ဘာမှာရှိဦးမလားလို့ အော်ဟစ်ပြီး လိုက်မေး လိုက်ချင်တယ်”

ဒီအရွယ်ကြီး၌လည်း အချစ်နှင့်ပတ်သက်လာလျှင် နုပျိုလန်းဆန်းနေတတ်ကြောင်း၊ ဆယ်ကျော်သက်များ၏ ရင်ခုန်ခြင်း မျိုးရှိနေတတ်ကြောင်း ငွေဗျိုင်းဖြူသဘောပေါက် ကာ ကျေနပ်နေမိသည်။

“စနိုး ဒီလိုဆို ချစ်သူဖြစ်ခြင်း အထိမ်းအမှတ်အနေနဲ့ ကိုယ် စနိုးကို လက်ဆောင်ပစ္စည်းတစ်ခု အမှတ်တရ ဝယ်ပေး မယ်”

“ကျွန်မက ဘာမှဝယ်ပေးနိုင်မှာမဟုတ်ဘူးနော် မုန့် ဖိုးပဲသုံးရတာဆိုတော့”

“ကိစ္စမရှိဘူး စနိုးဆီက ကိုယ့်အတွက်ပေးနိုင်တဲ့လက် ဆောင်ကိုပဲ ကိုယ်တောင်းမှာ”



www.burmeseclassic.com

www.burmeseclassic.com



ငွေဗျိုင်းဖြူ ဒေါက်တာမိုးမြင့်ကို မျက်တောင်ကော့ပြီး ပင့်ကြည့်လိုက်သည်။

"ဘာလဲ ဦးမိုး"

"အဲဒီဦးမိုးဆိုတဲ့ အခေါ် အဝေါ်ကြီးကို ကိုယ်မကြိုက်ဘူး ပြင်ဆင်ပေးဖို့ပါ၊ ကိုယ်ခေါ်ခိုင်းလို့ ခေါ်ရတာမဟုတ်ပဲ စနိုးရင်ထဲက ခေါ်ချင်လို့ခေါ်တဲ့ အခေါ်အဝေါ်မျိုးပဲ ကိုယ်က လိုချင်တယ်"

ငွေဗျိုင်းဖြူစဉ်းစားလိုက်သည်။ ငွေဗျိုင်းဖြူထက် အသက်ဆယ့်ငါးနှစ်နီးပါးကြီးသည်။ ငွေဗျိုင်းဖြူက အစ်ကိုရင်း အာကာနိုင်ကို ကိုကိုဟုခေါ်သည်ဆိုတော့ ကိုကိုထက်လည်း ကြီးသော ဒေါက်တာမိုးမြင့်ကို ဘယ်ကဲ့သို့ခေါ်ရမည်ကို ချက်ချင်းပင် အဖြေရလိုက်သည်။

"ကိုကြီး"

"ဗျာ"

"ဟင်. . ကြိုက်လို့လား အစမ်းခေါ်ကြည့်တာကို"

"သိပ်ကြိုက်တယ်၊ စနိုး ရင်ထဲက စကားလေးတွေကို ကြားရပြီ သိပ်ပျော်တာပဲ စနိုးရယ်"

ထိုအချိန်မှစ၍ ငွေဗျိုင်းဖြူဘဝ၌ ချစ်ဦးသူတစ်ယောက် စတင်ထားမိလေပြီ။ ချစ်ဦးသူက သူ့အား ချစ်သူဖြစ်ခြင်း အထိမ်းအမှတ်အဖြစ် အိုင်ဖုန်းတစ်လုံးကို လက်ဆောင်ပေးသောအခါ. . .

"ဟင်. . ကျွန်မက ဖေဖေ့ကို ဝယ်ခိုင်းမလို့ ကိုကြီးရဲ့"





" မဝယ်ခိုင်းနဲ့ ဒီဖုန်းနံပါတ်ကို ကိုယ်ကလွဲပြီး ဘယ်သူ့မှ မသိစေရဘူး၊ စနိုးပြောချင်တဲ့လူနဲ့ပြော ဒါပေမယ့် နံပါတ်ဘယ်သူ့ကိုမှမပေးရဘူး၊ နောက်တစ်ခုပေးဦးမှာ နောက်တစ်ခေါက်မှ"

"ဟင် ပြန်ဦးမှာလား"

"ပြန်ရမှာပေါ့ ကိုကြီးစီးပွားက ဟိုမှာပဲရှိတဲ့ဟာ"

"ဒီကိုပြောင်းခဲ့ပါလားလို့"

" ကြိုးစားပါ့မယ် စနိုးရယ်၊ ကိုကြီးက ချာတိတ်လေးကို ချစ်မိတာကိုး၊ ချာတိတ်လေးကျောင်းတက်တုန်း ကိုကြီးရန်ကုန်လာနေနိုင်အောင်တော့ ကြိုးစားရမှာပဲ"

ငွေဗျိုင်းဖြူအတွက် ဒေါက်တာမိုးမြင့်သည် မိုးတျရွှေ့တိုယ်တစ်ပါးနှယ် တင့်တယ်နေသည်။

"ဘယ်တော့ ပြန်မှာလဲ"

"မနက်ဖြန်"

"ဟင်"

"မဟင်နဲ့ စနိုး ကိုယ်စနိုးကို သတိရလွန်းလို့သာ လာရတာ ကိုယ့်အလုပ်တွေ ပစ်ထားခဲ့ရတာ"

"ကိုကြီးကလည်း ကျွန်မက ကိုကြီးရှိလို့ပျော်နေရတာ"

ငွေဗျိုင်းဖြူ အရှိုးသားဆုံးစကားကိုသာ ပြောလိုက်သည်။ ထိုအခါ ဒေါက်တာမိုးမြင့်က အရိုးခံမလေး ငွေဗျိုင်းဖြူကို မချင့်မရဲတွေးပိုက်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ပြောတတ်လိုက်တာ စနိုးရယ်၊ ကိုကြီးကို မခွဲရက်အောင်ပြုစားနေတာလား"

ငွေဖျိုင်းဖြူ ရှတ်တရက်တုန်လှုပ်သွားသည်။ သို့သော် ထူးခြားသော အထိအတွေ့တစ်ခုက သံလိုက်နှယ် ခွာမရအောင်ဖြစ်ကာ ရှက်လန့်တကြား ရင်ခွင်ကျယ်၌ မျက်နှာအပ်ကာ. . .

"ဟုတ်ပါဘူး တကယ်ပြောတာပါ"

"ပြောတတ်လိုက်တဲ့ ပါးစပ်လေး ဒဏ်ပေးရမယ်"

"အို"

အပျိုစင်မလေး ငွေဖျိုင်းဖြူ ချစ်ဦးသူ၏ အနမ်းဖူးအနမ်းဦး၌ နစ်မျောသွားလေသည်။ ထိုနေ့က ကိုကြီးနှင့်သူ ဘာရုပ်ရှင်ကား ကြည့်လိုက်သည်ကိုတော့ မမှတ်မိလိုက်သော်လည်း အတွေ့ထူးလေးကိုတော့ဖြင့် မေ့မရအောင် ရင်တဖိုဖိုနှင့် တမ်းတမ်းတတ ဖြစ်မိလေသည်။







# အခန်း (၁၃)

"ဟဲလို ကိုကြီး"

"ချစ်စနိုး"

ငွေဖျိုင်းဖြူ အိပ်ရာထဲလူးလွန့်ရင်း နေ့ခင်းက ရုပ်ရှင်ရုံထဲ အတွေ့ကြုံထူးကြောင့် သက်ပြင်းမော အခါအခါချကာ စမြုံ့ပြန်စဉ်းစားနေစဉ် ချစ်သူ၏ ချစ်သက်သေလက်ဆောင် တယ်လီဖုန်းလေး မြည်လာသည်။

"ကိုကြီး ဘယ်ကဆက်တာလဲ၊ မအိပ်သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်မှာ ကိုကြီး ကွန်ဒိုတိုက်ခန်းတွေ ဝယ်ထားတာရှိတယ်၊ ကိုကြီးလာတဲ့အခါ တည်းဖို့ပေါ့၊ ခြောက် ချစ်စနိုးကော မအိပ်သေးဘူးလား"

ငွေဗျိုင်းဖြူနာရီကို မော့ကြည့်လိုက်သည်။

"ဟင် ဆယ့်နှစ်နာရီတောင်ရှိပြီပဲ၊ အိပ်လို့မရသေးဘူး ကိုကြီးရဲ့"

ထူထူပူပူဖြစ်နေသော မျက်နှာပြင်အနှံ့ကို ညာလက်ကလေးဖြင့်ပွတ်သတ်ရင်း ငွေဗျိုင်းဖြူ ရှက်စနိုးပြုံးမိလေသည်။

"ဘာဖြစ်လို့လဲ"

"ကိုကြီးကို လွမ်းလို့ပေါ့"

"ဘာဖြစ်လို့ လွမ်းရတာလဲ..၊ ခွဲခွာရတဲ့နာရီက ခုမှ ခြောက်နာရီပဲ ရှိသေးတာ"

"ဟင်..အဲဒီခြောက်နာရီလဲ ခြောက်ကမ္ဘာလောက်ကြာတယ် ထင်ရတယ်၊ ကိုကြီးကော ဘာဖြစ်လို့ မအိပ်သေးတာလဲ"

"ချစ်စနိုးလေးကို တမ်းတနေမိလို့"

"တမ်းတနေတယ်"

"ဒါပေါ့..ချစ်စနိုးလေးကို တစ်သက်လုံး ရင်ခွင်မှာ ပိုင်ပိုင်နိုင်နိုင် ထွေးထားပိုင်ခွင့်ရချင်ပြီလေ၊ အဲဒီရက်တို စိတ်ကူးယဉ် မျှော်လင့်ရင်း အိပ်မရတော့ဘူး၊ ကိုယ့်မျက်ဝန်းထဲမှာလဲ ချစ်စနိုးကိုပဲ မြင်ယောင်နေတာ"





ငွေဗျိုင်းဖြူရင်ထဲ တသိမ့်သိမ့်ခံစားရသည်။ ကျေနပ်မှုပီတိတွေက သွေးကြောအနှံ့ ဖြန့်ကျက်စီးဆင်းနေသည်ထင့်။

"ဒါနဲ့များ ပြန်ရသလားကိုကြီးရယ်၊ ကျွန်မ ကိုကြီးနဲ့ ကြာကြာခွဲရရင် လွမ်းသေလိမ့်မယ် ထင်တယ်"

"ခဏလေးပါ..တစ်ပတ်ပဲနော် ဟိုကနေဖုန်းဆက်မယ်"

"နေ့တိုင်းဆက်နော်"

"နေ့တိုင်း အချိန်တိုင်းဆက်မယ်၊ မအားလို့ပါ နားငြီးလှပြီ ငြီးငွေ့လှပြီလို့ မပြောနဲ့နော် ချစ်စနိုး"

"မပြောပါဘူး ကျွန်မကလဲ ကိုကြီးနားမှာ အချိန်ပြည့်နေချင်သူပါ၊ နေခွင့်မရရင်တောင်မှ အသံလေးကြားခွင့်ရရင် ဖြေသာသေးတာပေါ့"

ငွေဗျိုင်းဖြူစိတ်ထဲ၌ ဖြစ်ပေါ်လာသည့် ခံစားချက်တို့ကို အိတ်သွန်ဖာမှောက် ပြောလိုက်မိလေသည်။ ဟန်ဆောင်တာ အမှုပိုရမှန်း မာယာများရမှန်းမသိ။ အရှူးအမူး စွဲလန်းစိတ်တို့ကို လှစ်ဟလိုက်မိလေပြီ။

"အချစ်လေးရယ် အဲဒီလောက်တောင်ပဲလား၊ ကိုယ်သွားရက်အောင် မင်းလုပ်နေတာလား"

"မဟုတ်ရပါဘူး ကိုကြီးရယ် တကယ်ပြောတာ..ကျွန်မ ကိုကြီးကို သိပ်ချစ်တယ်သိလား၊ ဘယ်သူ့ကိုမှ မချစ်ဖူးဘူး အချစ်နဲ့ကို ချစ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ငွေဗိုင်းဖြူကို ချစ်တတ်အောင်မြူစားသော ချစ်ကဝေကြီးက ကျေနပ်စွာရယ်မောလိုက်ပြီး. . .

"ချစ်စနိုးလေး ချစ်တယ်ဆိုတာ ကိုကြီးအိပ်နေသလောက် ရှိတယ်သိလား၊ ကိုကြီး ဘယ်လိုခံစားနေရတယ်ဆိုတာ နောက်တစ်ခေါက်ပြန်လာမှ ပြောပြမယ်သိလား ချစ်စနိုး ကိုကြီး ညတိုင်းဖုန်းဆက်မယ်သိလား"

"ဟုတ်ကဲ့ ကိုကြီးကို ကျွန်မဆက်ချင်ရင်ကော"

"သိတဲ့အတိုင်း ကိုကြီးအလုပ်များတယ် ကိုကြီးအားတာနဲ့ဆက်မယ် ချစ်သာ ဘယ်မှမသွားနဲ့ ကျေနပ်ပြီလား"

"ဟင့်အင်း. . ကိုကြီးနဲ့ အမြန်ဆုံးတွေ့ချင်တယ်"

"တွေ့ရမယ်၊ ကိုကြီးကြိုးစားပြီး လွှဲစရာရှိတာတွေလွှဲထားပြီး ချစ်နဲ့အချိန်လာဖြုန်းမယ်၊ အဲဒီအခါသာ ချစ်ကိုကြီးအတွက် အချိန်မပေးနိုင်တာမျိုး၊ ဒယ်ဒီသိမှာစိုးလို့ အစ်ကိုသိမှာစိုးလို့ဆိုတာမျိုး မဖြစ်စေနဲ့နော်"

"စိတ်ချပါ ကိုကြီးရယ်"

"ကိုင်း. . မနက်စောစော ကိုကြီးထပြန်ရမှာဆိုတော့ အိပ်တော့မယ်၊ ဂွတ်နိုက်ချစ်စနိုး. . အိပ်မက်လှလှမက်ပါစေကွာ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ၊ ဂွတ်နိုက်ကိုကြီး"

"ဂွတ်နိုက်"

ငွေဗိုင်းဖြူ ဖုန်းကို မပိတ်ရက်သေး။ ဒေါက်တာမိုးမြင့်ဘက်မှ ဖုန်းလိုင်းပြတ်သွားမှ ဖုန်းကိုချလိုက်မိသည်။ ရင်ဝယ်





နွမ်းလျနှင့် လှစ်ဟကာ တစ်မျိုးကြီး ခံစားရလေသည်။ မိခင်သေတာ စောသွားသည်။

"အရွယ်ရောက်လာသော မိန်းကလေးတစ်ယောက်အနေနှင့် သူစိမ်းယောကျ်ားလေးတွေနဲ့ နီးနီးကပ်ကပ် တရင်းတနှီး မနေသင့်တော့ဘူးသမီး၊ ဒီတော့ ထွင်ရှထွင်ရှနဲ့ နှစ်ယောက်တည်း အပြေးလေ့ကျင့်တာ မလုပ်ရတော့ဘူး၊ အိမ်မှာ ပြေးစက်နဲ့ ကိုယ်ကာယအလှ တိုးစေမဲ့ စက်ကိရိယာတွေ မေမေဝယ်ပေးထားတယ်၊ အဲဒါနဲ့ပဲ ကစားရမယ်၊ နောက်မှ သမီးကို ယောကျ်ားတွေနဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာတွေ မေမေပြောပြမယ်၊ ခုတော့ မိန်းမတွေတတ်အပ်တဲ့ပညာတွေ သင့်ထားဦး"

မိခင်သည် သေခြင်းတရားကိုသာ ကြိုတင်သိရှိခဲ့မည်ဆိုပါက မိမိအား ယောကျ်ားတွေနှင့်ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကို သင်ပြနိုင်ခဲ့ရုံမက မိန်းမတွေ တတ်သင့်တတ်အပ်၊ သိသင့်သိထိုက်တာတွေကိုကော အိတ်သွန်ဖာမှောက် အကုန်သင်ပြသွားပေးခဲ့မှာပါလားဟု ငွေဗိုင်းဖြူတွေးမိလိုက်သည်။

ချစ်သူရည်းစားနဲ့ပတ်သက်ပြီး ဘယ်လိုခံစားရတယ်ဆိုတာကို ဘယ်သူ့အားဖွင့်မေးပြီး ရင်ဖွင့်ရမလဲ။ ဒေါ်ငွေကအပျိုကြီးဆိုတော့ မေး၍မကောင်း၊ ပြီးတော့ မေမေ့လူယုံ။ ဖေဖေကလည်း အားထားသည်။

အိမ်ထောင်စိုးသဖွယ် သော့ကိုင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန္မွေကတော့ အပျိုဖြန်း။ အိမ်သန့်ရှင်းရေးနှင့် အဝတ်လျှော်မီးပူတိုက်သာလုပ်သည်။ ဟုတ်ပြီ အချက်အပြုတ် မီးဖိုချောင်တာဝန်ခံ ဒေါ်မာဂရက်ကတော့ ဒရိုင်ဘာ ဦးဆန်နီနှင့် လင်မယားဆိုတော့ အချစ်အကြောင်း နားလည်နိုင်မည်။

ဟုတ်ပြီ။ နောက်နေ့မှ မေးတော့မည်။

ချစ်သူရည်းစားဘဝ ခွဲနေရလျှင် ဒီလိုပဲ လွမ်းလွမ်းဆွေးဆွေး ခံစားတတ်သလားဟု။ ဒါတောင် ရည်းစားသက်တမ်းက တစ်ရက်ပဲရှိသေးတာ. . .။







# အခန်း (၁၈)

"အန်တီမာ"

"ဟုတ်. . . ဘေဘီ ဘာလိုချင်လို့လဲ"

"မလိုချင်ပါဘူး မေးစရာရှိလို့"

ဒေါ်မာဂရက်သည် ဟိုတယ်စာကို ကောင်းကောင်းချက်နိုင်သူဖြစ်သည်။ သံရုံးအိမ်များ၌ ထမင်းချက်လုပ်ဖူးသူလည်းဖြစ်သည်။

"ဘာများလဲ၊ ထူးထူးဆန်းဆန်းပါလား ဘေဘီ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငွေစျေးသွားတုန်း ဒေါ်မာဂရက်ကို ဝင်တွေ့လိုက်သည်။

"ကော်ဖီသောက်ပြီးပြီလား"

"မသောက်ရသေးဘူး မေးစရာရှိလို့ပါဆို"

"ဒီလိုဆို စားသောက်ရင်း မေးပါလား ဘေဘီရယ်၊ အန်တီမာလာ နားထောင်မှာပေါ့"

လုပ်လက်စ အလုပ်များကို ထမင်းစားခန်းသို့ ယူလာပြီး ဒေါ်မာဂရက်က ငွေဗျိုင်းဖြူစကားကို နားထောင်ပေးလေသည်။ ငွေဗျိုင်းဖြူအတွက် အစားအသောက်သည် စိတ်ဝင်စားစရာမဟုတ်ဘဲ ရည်းစားသည်သာ စိတ်ဝင်စားစရာဖြစ်နေခဲ့သည်ဖြစ်ရာ. . .

"အန်တီမာ ရည်းစားထားခဲ့ဖူးသလား"

"အိုးမိုင်ဂေါ့ဒ် ဘာများအထူးအဆန်းမေးမှာလဲလို့ ဘေဘီရယ်၊ ဒါလေးများကွယ်. . ."

"ဟင်. . သူများမေးတာ ဖြေပါဦး၊ ထားခဲ့ဖူးသလားလို့"

ငွေဗျိုင်းဖြူက နွဲ့လိုက်သည်။ အပြောချိုချိုနှင့် အနေအထိုင်က စပ်စပ်စုစုမရှိသော သန့်ရှင်းသပ်ရပ်စွာ နေတတ်သော ဒေါ်မာဂရက်၏ ဘိုဆန်ဆန်ပြောဆိုနေထိုင်တတ်မှုကို ငွေဗျိုင်းဖြူ အထင်ကြီးလေပြီဖြစ်ရာ ဒေါ်မာဂရက်ကို ဆရာတင်မိလေပြီ။

"ထားခဲ့ဖူးတာပေါ့ ဘေဘီရဲ့၊ ဒါများ အဆန်းလုပ်လို့"





"အန်ကယ်လ်ဆန်နီကြီးနဲ့ပဲလား"

"နိုး. . နိုး. . ဒါလင်က အန်တီမာရဲ့ ခြောက်ယောက်မြောက် ရည်းစား"

"ဗုဒ္ဓေါ"

ဒေါ်မာဂရက်က မျက်ခုံးမွေးတစ်ပင်မှ မရှိသော်လည်း လှနေအောင်ဆွဲထားသော ခဲရေး ခုံးမျက်စ၊ သုံးရက်လကွေးကို ပင့်တင်ကာ ရဲတွတ်နေအောင် ဆိုးထားသော နှုတ်ခမ်းနှစ်လွှာကိုလည်း တွန့်နေအောင်ပြုံးလိုက်ပြီး. . .

"ဒါတောင် အရွယ်လွန်မှာစိုးလို့ ရပ်နားလိုက်ပြီး မင်းတို့ အန်ကယ်လ်ဆန်ကို သနားလို့ ယူလိုက်တာ"

"အန်ကယ်လ်ဆန်က အန်တီမာ ရည်းစားများခဲ့တာ မသိဘူးလား"

"သိသားပဲ၊ ဒါပေမဲ့ အန်တီမာလိုမိန်းမမျိုး သူ ဘယ်လက်လွှတ်ရဲမှာလဲ၊ ယောက်ျားတွေက. . အင်း. . ဘေဘီကို ပြောလို့မကောင်းပါဘူး"

"ဟင်. . ပြောပြပါ၊ ဘေဘီသိချင်လို့ပါဆို"

ငွေဗျိုင်းဖြူက ဒေါ်မာဂရက်နား ကပ်ထိုင်လိုက်သည်။ ဘယ်သံရုံးက သံအမတ်အိမ်မှာ လုပ်ခဲ့စဉ်က ရထားသော ရေမွှေးများလည်းမသိ။ သင့်ပျံ့ပျံ့လေးနှင့် ထုံနေသည်။

ငွေဗျိုင်းဖြူအတွက် ဒေါ်မာဂရက်ကို ဆရာတင်မိခြင်းက အမှားကြီးမှားသွားခဲ့ခြင်းဖြစ်ကြောင်း နောင်မှသိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . ကားသံကြားတယ်၊ ဟို. . ဘတော်မင်းတရားလက်ထက်က မိန်းမကြီးပြန်လာပြီထင်တယ် မီးဖိုထဲပဲ သွားတော့မယ်၊ ဘေဘီ. . နောက်မှ. . နောက်မှ ဘေဘီကို လက်ချာတွေပေးရဦးမယ်"

ဒေါ်မာဂရက်သည် သီးနှံစုံထည့်ထားသော ဘန်းကို မယူကာ မီးဖိုချောင်ဘက်ထွက်သွားလေသည်။ ငွေဖျိုင်းဖြူရင်ထဲ ရင်တဖိုဖိုဖြစ်နေမှုကို ကော်ဖီသောက်ကာ ငြိမ်းသတ်ကြည့်လိုက်လေသည်။

"ကလေး ဒီနေ့ မီးဖိုချောင်ဝင်မှာလားဟင်"

"ဟင် ဘာကိစ္စဝင်ရမှာလဲ"

"လူလေးက ဂျပန်မသွားခင် သူငယ်ချင်းတွေကို မကြာခဏခေါ်ပြီး ကျွေးချင်တယ်ဆိုလို့ ဒီနေ့မနက်စာ ထမင်းကျွေးပြီး နေ့လယ်စာကို မုန့်ဟင်းခါးကောင်းကောင်း ချက်ပေးမလားလို့၊ သမီးချက်ပေးမယ် မဟုတ်လား"

ငွေဖျိုင်းဖြူ ဒေါ်ငွေကို စိတ်ဆိုးသွားသည်။ ဒီမိန်းမကြီးက အိမ်ရှင်မမရှိ၍ အိမ်ရှင်မနေရာ အာဏာလာပြချင်သည်ဟုသောအတွေးက ရုတ်တရက်ဝင်ရောက်လာကာ. .

"ကျွန်မက ဘာကိစ္စချက်ရမှာလဲ လေးငွေ မီးဖိုချောင်ကိစ္စ အန်တီမာရှိတာပဲ၊ မုန့်ဟင်းခါး သူချက်တာမကောင်းဘူးထင်ရင် လေးငွေပဲချက်ပေါ့၊ လေးငွေမှာ ဘာအလုပ်ရှိလို့လဲ"

ခပ်မာမာပြောဆိုပြီး ခပ်ဆောင့်ဆောင့်ပင် ထမင်းစားခန်းမှ ထွက်ခဲ့လေသည်။ ဒေါ်ငွေမှာ ငွေဖျိုင်းဖြူကိုကြည့်





ပြီး အံ့အားသင့်သွားသည်။ နောက် စိတ်မကောင်းဖြစ်သွားသည်။ နောက်. . .

"အင်း. . မမ သေသွားတာ သိပ်ကို စောသွားတယ် ဒုက္ခ. . ဒုက္ခ" ဟုသာ တိတ်တခိုး ညည်းတွားလိုက်လေသည်။


မီးဖိုချောင်ဘက်မှ လှမ်းအကဲခတ်နေသော ဒေါ်မာဂရက်က ကျေနပ်သော အပြုံးပြုံးပြီးမှ ဒေါ်ငွေအား မဲ့ရွဲ့ပြလိုက်သည်။ ဒေါ်ငွေကတော့မမြင်။ စားပွဲပေါ်၌ တစ်ဝက်တစ်ပျက်သာ စားသောက်ပြီး ချန်လှပ်သွားသော ပန်းကန်များကိုကြည့်ကာ သက်ပြင်းချလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၉)

"ဟော ညီမလေး ဘယ်သွားမလို့လဲ"

"အခွေသွားငှားမလို့ ကိုကို"

ဧည့်ခန်း၌ သူငယ်ချင်းငါးယောက်ခန့်နှင့် စကားထိုင်ပြောနေသော အစ်ကိုဖြစ်သူ အာကာနိုင်က ငွေဗျိုင်းဖြူလှေကားပေါ်မှဆင်းလာသည်ကို မြင်လိုက်ရသည်နှင့် လှမ်းခေါ်လိုက်သည်။

"လာပါဦး ညီမလေး၊ ကိုကို့သူငယ်ချင်းတွေနဲ့ မိတ်





ဆက်ပေးမလို့"

ငွေဗျိုင်းဖြူက ဧည့်ခန်းသို့လျှောက်သွားပြီး အစ်ကို၏ ခုံးတွင် ဝင်ထိုင်လိုက်လေသည်။

"သူငယ်ချင်း ဒါ ကိုယ့်ရဲ့တစ်ဦးတည်းသော ညီမလေးပဲ ငွေဗျိုင်းဖြူတဲ့"

အစ်ကို့သူငယ်ချင်းဆိုတော့ ငွေဗျိုင်းဖြူထက် ငါးနှစ်မျှ ကြီးကြသူများသာဖြစ်သည်။ အစ်ကိုဆယ်တန်း မိမိက ငါးတန်းဆိုတော့ ဆက်စပ်မှုမရှိခဲ့ကြ။

"ညီမလေးက နာမည်နဲ့လိုက်တယ်၊ ဒီအရွယ်တောင်ရှိထားပြီကိုး"

တစ်ယောက်ကဝင်ပြောသည်။ ထိုသူကို အစ်ကိုက စတင် မိတ်ဆက်ပေးသည်။

"ကိုကို့သူငယ်ချင်း ထက်မြက်၊ သူက ကျော်ကျော်၊ သူက အေးခိုင်၊ သူက ဥက္ကာ၊ မှတ်ထားနော် ညီမလေး ကိုကိုမရှိရင် သူတို့က ကိုကို့ကိုယ်စား ညီမလေးကို စောင့်ရှောက်ပေးမှာပဲ၊ ညီမလေး အကူအညီလိုတဲ့အခါ ဒီအစ်ကိုတွေကို အကူအညီတောင်းနိုင်တယ်"

အစ်ကိုဖြစ်သူအား "ကြောင်လိုက်တာ ကျွန်မတစ်ယောက်တည်းမှ မဟုတ်တော့တာ" ဟု ပြောလိုက်ချင်သော်လည်း စကြာမီ ဂျပန်သွားတော့ ကိုယ့်သဘောနှင့်ကိုယ် သူတို့ကို ဆက်ဆံချင်မှ ဆက်ဆံရုံပေါ့ဟု ငွေဗျိုင်းဖြူသဘောထားကာ ထက်ကြေတန်းကြေ ပြုံးပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ကလဲ ညီမလေးကို မကြာခဏဆက်သွယ်ပေးပါ့မယ်၊ ကျောင်းအပ်တာကအစပေါ့. . ဟုတ်လား ဥက္ကာ၊ မင်းက အမ်စီဆိုတော့ ညီမလေးကို မင်းစောင့်ရှောက်ရမယ်"

ကိုထက်မြက်က ပြောလိုက်ရာ ကိုဥက္ကာဆိုသူက ငွေဖျိုင်းဖြူ လှမ်းကြည့်လိုက်သည်။ မျက်ခုံးနှစ်ဖက် ဆက်နေအောင် ထူထဲပြီး ပေါ်လွင်သောနှာတံ စူးရှသော မျက်လုံးနှင့် ပိရိသော နှုတ်ခမ်းနှစ်လွှာမှ ငါးချူပြုံးဖြင့်. . .

"အင်း အာကာမျက်နှာနဲ့ စောင့်ရှောက်ပေးရမှာပေါ့ကွာ၊ ငါ့အတွက်တော့ ခြေချုပ်မိတယ်လို့ ဆိုရတော့မှာပေါ့"

"အမယ်. . ကျွန်မက လိုက်ထိန်းပေးရမယ့်အရွယ်မှ မဟုတ်ဘဲ ကိုဥက္ကာခြေချုပ်မမိပါဘူးနော်"

"စကားအဖြစ်ပြောတာပါ ညီမလေးရယ်၊ ဘာပဲပြောပြော ကိုယ်ကတော့ ညီမလေးကို စောင့်ရှောက်ပေးမှာပါ၊ ဒီအတိုင်းသာဆို ဒီနှစ်ဖရက်ရှာဝဲလ်ကမ်းမှာ ညီမလေး ငွေဖျိုင်းဖြူက ကွင်းဖြစ်မှာ သေချာတယ်"

"ဟုတ်တယ်"

ကျန်လူများက တညီတညွတ်ထောက်ခံသည်။

"ကိုင်း ညီမလေးအခွေ့အငွားတာကို နောက်မှလုပ်၊ ဒီနေ့မနက်စာ ကိုကိုတို့နဲ့ ထမင်းအတူတူစား ၊ ဒီအစ်ကိုတွေကို မှတ်မိအောင်ကြည့်ထား၊ ရင်းရင်းနှီးနှီးနေ. . ."

အစ်ကိုက ငွေဖျိုင်းဖြူပခုံးလေးကို ဖက်ကာပြောလိုက်သည်။ ငွေဖျိုင်းဖြူမငြင်းသာတော့။ မကြာခင် အစ်ကိုက





ဂျပန်နိုင်ငံသို့သွားကာ ပညာသင်ရင်း အလုပ်လည်းလုပ်တော့မည်ဆိုတော့ နှစ်ရှည်လများခွဲခွာရဦးမည်။

အစ်ကို၏ သူငယ်ချင်းများအနက် ကိုဥက္ကာနှင့် ကိုထက်မြက်က ရုပ်ချောပြီး ကိုအေးနိုင်နှင့် ကိုကျော်က သင့်တင့်သော ရုပ်ရည်ရှိလေသည်။ ဒေါက်တာမိုးမြင့်လောက်တော့ ဆွဲဆောင်မှုအား မကောင်းဟု ထင်လေသည်။

သို့သော် အထိုက်အလျောက်ပင် စကားပြောဆိုကြရင်း ထမင်းလက်ဆုံစားရင်းမှ တရင်းတနှီးဖြစ်သွားကြသည်။ အံ့ဩဖွယ်ကောင်းသည်က ထိုအချိန်၌ ဒေါက်တာမိုးမြင့်ကို ငွေဖျိုင်းဖြူ လုံးဝမေ့နေခြင်းဖြစ်သည်။ တယ်လီဖုန်းလေးသည် စက်ခလုတ်ပိတ်ထားခြင်းခံရပြီး သူ၏ မှန်တင်ခုံအံဆွဲထဲ၌ ငြိမ်သက်စွာ အိပ်ပျော်နေရှာသည်။

ထမင်းစားပြီး တီဗွီဂိမ်းကစားကြသည်။ ထိုအချိန်၌ ဒေါ်ငွေရောက်လာပြီး စာတစ်စောင်ကို ငွေဖျိုင်းဖြူအား ပေးလေသည်။

"ကာလေးရဲ့ စာ"

ငွေဖျိုင်းဖြူက ထူးထူးဆန်းဆန်းရောက်လာသော လေယာဉ်စာလေးကို ကြည့်လိုက်သည်။ သျှင်ရဲထွဋ်စာဟု သိလိုက်ရသောအခါ အံ့ဩဝမ်းသာသွားသည်။

မိမိအား ဂရုစိုက်ဖော်ရသားပဲဟု။

"ညီမလေး ထွဋ်ရှိထွဋ်စာထင်တယ်"

"ကဲ. . ကဲ. . သွားဖတ်"



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းမှ စာကြည့်ခန်းသို့ထွက်ခဲ့သည်။ လှုပ်ကုလားထိုင်ကြီးကို ဝင်ထိုင်လိုက်ပြီးမှ စာကို စိမ်ပြေနပြေ ဖတ်လိုက်သည်။

မိချိုင်း

ဝမ်းနည်းကြေကွဲမှုတွေကြားက နင့်ကိုငါ ခွဲခွာထားရစ်ခဲ့တာ ငါစိတ်မကောင်းဖြစ်မိတယ်။ နင့်ကို ငါအားပေးချင်ပေမယ့်. . ဖေးမလက်တွဲခေါ်ချင်ပေမယ့် မတတ်သာတဲ့ အနေအထားမှာ နင့်ကိုငါ ထားရစ်ခဲ့ရတာကို ခုထက်ထိ စိတ်ထိခိုက်ဆဲပဲ။ ဒီမှာငါ အစစအရာရာ အဆင်ပြေတယ်။

ပညာရေး၊ နေထိုင်ရေးက အစပေါ့။ ဘကြီး မိသားစုရှိနေတဲ့အတွက် ငါ့အတွက် အခက်အခဲ မရှိဘူးပေါ့။

ငါ့အတွက် ငါမစိုးရိမ်ဘူး။ ငါစိုးရိမ်တာ နင့်အတွက်ပဲ။

ဘယ်လိုရေးရမလဲဟာ။ ငါပြန်လာတဲ့ တစ်နေ့မှာ နင့်ကို စံပြုလောက်တဲ့ မြန်မာပီသတဲ့ မိန်းမတစ်ယောက် အနေနဲ့ပဲ ငါပြန်တွေ့ချင်တယ်ဟာ၊ အဲဒီလို အနေအထားမျိုး ရှိတဲ့ စံမြန်မာမိန်းကလေးကိုမှ ငါ လက်ထပ်ချင်တယ်၊ ငါ လက်ထပ်မယ့် မိန်းကလေးဟာ နင်ပဲဖြစ်ရမယ်။

နင့်ကို ဟီရိဩတ္တပ္ပနဲ့အညီ ယဉ်ကျေးသိမ်မွေ့တဲ့ စံမြန်မာမိန်းမအဖြစ်နဲ့ ငါပြန်တွေ့ပါရလိမ့်မယ်လို့လဲ မျှော်လင့်နေမယ်။

နင် ကျန်းမာရေးကိုလဲ ဂရုစိုက်၊ ပညာလဲကြိုးစား





အစစအရာရာ လူမှုရေးနယ်ပယ်မှာ သတိရှိစွာနဲ့နေထိုင်ပါ။

ကျန်းမာပျော်ရွှင်ပါစေ ။

ထွေး (ထွန်းထွန်း)

ငွေဗျိုင်းဖြူ မဲ့ရွဲ့လိုက်သည်။

"ကြီးကျယ်လိုက်တာ"

မကျေမနပ်ဖြစ်သွားပြီး သျှင်ရဲထွန်း၏စာကို ဆုတ်ဖြဲရန် လက်ရွယ်လိုက်ပြီးမှ စီးစီးပိုးပိုးနှင့် တင်တင်စီးစီးနိုင်သော သျှင်ရဲထွန်းအပေါ် တစ်နေ့အနိုင်ယူပြနိုင်ရန်အတွက် စာကို အမှတ်တရ သိမ်းဆည်းထားဖို့ ဆုံးဖြတ်လိုက်သည်။ ပြန်ခေါက်လိုက်သည်။

နောက် စာကြည့်စားပွဲအံ့ဆွဲထဲသို့ ထည့်သိမ်းလိုက်သည်။ စာကြည့်ခန်းမှ ပြန်ထွက်လာပြီး အစ်ကို၏ သူငယ်ချင်းများနှင့် ထိုနေ့တစ်နေ့တာကို အချိန်ဖြုန်းလိုက်လေသည်။

ညနေ လေးနာရီခန့်တွင် အားလုံးပြန်သွားကြသော အခါ အိမ်ကြီးသည် ပြန်လည်တိတ်ဆိတ်သွားလေသည်။

"ညီမလေးအတွက် နုတ်ဘွတ်ခ်တစ်အုပ် ဝယ်လာတယ်၊ အဲဒီမှာ ကိုကို့သူငယ်ချင်းတွေရဲ့ လိပ်စာရေးထားတယ်၊ ဖုန်းနံပါတ်တွေရောပေါ့ အကူအညီလိုရင် သူတို့နဲ့ ဆက်သွယ်"

"ဟင်. . ကိုကိုကလဲ သူတို့နဲ့ ဆက်သွယ်မှုလား၊ ညီမလေးမှာလဲ သူငယ်ချင်းတွေရှိတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးမှာ သူငယ်ချင်းအပေါင်းအသင်း သိပ် နည်းမှန်း ကိုကိုသိတယ်၊ ညီမလေးရဲ့ တစ်ဦးတည်းသော အရင်းအချာ သူငယ်ချင်းကြီးကလဲ သွားပြီဆိုတော့၊ ဒါ့ထက် စောစောက ထွန့်ထွန့်စာ မဟုတ်လား အဆင်ပြေတယ်တဲ့ လား"

"ပြေပါတယ်တဲ့ အနံကြီးကွင်းကျယ်ကတော့ သူလုပ် ရင် အကောင်းချည်းပဲ၊ ပြီးတော့ ဆရာကြီးသိပ်လုပ်တာပဲ"

"ထွန့်ထွန့်က လူတော်လူကောင်းတစ်ယောက်ပဲ ညီမလေးရယ်၊ ညီမလေးကောင်းဖို့ ဆရာလုပ်တာဖြစ်မှာ ပေါ့"

ငွေဗျိုင်းဖြူ ဘာမှမပြောချင်တော့သဖြင့်. . .

"ညီမလေး အခွေသွားအပ်ဦးမယ်"

"ကိုကို လိုက်ပို့ပေးမယ်လေ"

"ရပါတယ်၊ အန်ကယ်လ်ဆန်ကိုပဲ ပို့ခိုင်းလိုက်မယ်၊ သွားနေဖျပဲဟာ"

ဖိုးစိန်လမ်းလိုနေရာမျိုးက ကားမရှိလျှင် အပြင်ထွက် ရသည်မှာ လူပြတ်လေသည်။

"ရပါတယ် ကိုကိုပဲပို့ပေးမယ်၊ နောက်ဆို ကိုတို့က လိုက်ပို့ပေးချင်လို့တောင် ပို့ရတော့မှာမဟုတ်ဘူး၊ လေယာဉ် လက်မှတ် စောင့်နေရုံပဲဆိုတော့ ရတာနဲ့သွားမှာ"

"ကိုကိုဆိုင်ကိစ္စတွေကကော"

"ကိစ္စမရှိဘူး၊ ထက်မြက်တို့ရှိတာပဲ၊ ဒါ ကိုကိုတို့





သူငယ်ချင်းတွေ စုပေါင်းဖွင့်ထားတဲ့ဆိုင်လေ၊ အမြတ်ငွေရှင်း တဲ့အခါတိုင်း ညီမကို ကိုကို့ရှယ်ယာ အမြတ်ပေးလိမ့်မယ်၊ အဲဒီအခါ ညီမလေး သုံးချင်တာလဲသုံး၊ မေမေ့အတွက် လှူ သင့်တာလဲ လှူပေးလိုက်နော်"

ငွေဗျိုင်းဖြူ ခေါင်းညိတ်လိုက်သည်။ မိခင်ကို သတိရ တော့ မျက်ရည်များပင် ရစ်ဝဲလာသည်။ ဘာလိုလို နှင့် မိခင် နှစ်လပြည့်ကိုတောင် အစ်ကိုမီနိုင်ပါ့မလား။

မိခင်နှင့်ဖခင်သည် သားသမီးများ အနာဂါတ်အ တွက် လုပ်သင့်လုပ်ထိုက်သည်တို့ကို အမြန်ဆုံးလုပ်ပေး သည်။

"ကိုကိုက ဒီလောက်မြန်မြန်ဆန်ဆန် သွားရလိမ့် မယ် မထင်ထားဘူး၊ ညီမလေး လိမ်လိမ်မာမာနေနော်"

"အင်း. . ညီမလေးက ဘယ်တုန်းက ဆိုးနေလို့လဲ"

"ဆိုးတော့မဆိုးဘူးပေါ့၊ ဒါပေမယ့် မေမေမရှိတော့ ဘူးလေ၊ ဖေဖေအုပ်ထိန်းမှုတစ်ခုတည်းအောက်မှာ ညီမလေး နေရမှာဆိုတော့ ကိုကို စိတ်မချဘူး"

ငွေဗျိုင်းဖြူရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ မိမိ ဒေါက်တာမိုးမြင့်နှင့် သွားလာသည့်ကိစ္စများ အစ်ကိုသိသွား သလားဟု မလုံမလဲ ခံစားလိုက်ရသည်။ သို့သော် ဟန်မပျက် စေဘဲ. . .

"စိတ်ချပါ ကိုကို၊ ညီမလေးလဲ ကျောင်းစနေ့တောင် အားမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးများသည် ချစ်သူရည်းစားနှင့် ပတ်သက်လာလျှင် မိဘမောင်ဘွားများ မသိအောင် မှုသားသုံးကာ သိုသိုဝှက်ဝှက် နေတတ်သော အတတ်ပညာကို ဘယ်သူမှ သင်ကြားပေးခြင်းမရှိဘဲ အလိုလို တတ်မြောက်နေတတ်သည်။

"အင်းပါ ကိုကိုက ညီမလေးတစ်ယောက်တည်းရှိတော့ စိတ်ပူမိတာပါ။ ညီမလေးက လိမ္မာပြီးသားဆိုတာ သိပါတယ်"

ငွေဗျိုင်းဖြူပြုံးကာ. . .


"ဒါပေါ့. . ဒါပေါ့၊ ကိုကို့ညီမပဲဟာ"

ငွေဗျိုင်းဖြူ ရည်းစားထားရုံလောက်ကို မလိမ္မာဘူးဟု ပြောလို့ရမည်မဟုတ်။ လူမှန်လျှင် အချစ်ရှိသည်။ ဒါသဘာဝတရားပဲ။ မိုက်မဲတာမဟုတ်ဟု ငွေဗျိုင်းဖြူ ယူဆသည်။

ငွေဗျိုင်းဖြူ အစ်ကိုနှင့် အလိုက်သင့်စကားပြောနေရသော်လည်း စိတ်ကတော့ ဒေါက်တာမိုးမြင့်ထံ ရောက်နေသည်။ ချစ်သူနှင့်တွေ့ချင်သော်လည်း အစ်ကိုက ဂျပန်သွားကာနီး အလွမ်းသယ်ကာ သူ့ကိုအကြိုအပို့တွေ လုပ်ပေးနေ၍ ခက်သည်။ နေပါစေ။ လွမ်းချင်လွမ်းပါစေ။ အစ်ကိုသွားမှာပဲ လာတော့ဟု ပြောရဦးမည်။







## အခန်း (၂၀)

"ဟင်. . ဘာဖြစ်လို့လဲ စနိုး၊ စနိုးပဲလွမ်းတယ်၊ အမြန်ဆုံးပြန်လာရမယ်ဆိုလို့ ကိုယ်က အလုပ်တွေသိမ်းကြုံးလုပ်နေတာ"

"စနိုးလဲ တွေ့ချင်တာပေါ့။ ဒါပေမယ့် ကိုကို ဂျပန်မသွားခင် အားနေတော့ ကျွန်မကို အကြိုအပို့လုပ်နေလို့ ကိုကြီးရေ၊ ကျွန်မနဲ့ ကိုကြီးချစ်နေတာကို ကိုကိုမသိစေချင်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ဒီလိုလား၊ ကိုယ်က မိန်းကလေးရှင်ဘက်က သဘောမကျလောက်အောင် အခြေအနေဆိုးသွမ်းနေတယ်လို့ ယူဆကြတာတော့ ဟုတ်မယ်မထင်ပါဘူးနော်၊ နှမ မယ်ထွေး ငယ်ပါသေးလို့ ဆိုသလိုဖြစ်မယ်လို့ ကိုကြီး သဘောပေါက်ပါတယ်"

ငွေဖျိုင်းဖြူက မိမိအပေါ် နားလည်မှုပေးနိုင်စွမ်းရှိသော ဒေါက်တာမိုးမြင့်အပေါ် ကျေနပ်အားထားကာ. .

"ဒါကြောင့် ကိုကြီးကိုချစ်တာ၊ ကိုကို ဘယ်နေ့သွားမယ်ဆိုတာ သိရရင်ပြောမယ်၊ ကိုကိုသွားပြီးတာနဲ့ နောက်နေ့ ကိုကြီး ရောက်နေရမယ်နော်"

"အိုကေ. . စန်းလေး စိတ်တိုင်းကျဖြစ်စေရမယ်၊ ကိုကြီး လွှမ်းပေမယ့် စန်းဆီက အသံလေးကို နားဆင်ခွင့်ရနေရင်ပဲ ကျေနပ်ပါတယ်"

ထိုအပြောလေးများနှင့် ငွေဖျိုင်းဖြူကြွေနေရပြီထင်သည်။ လွှမ်းစရာနေ့ရက်များကို လွယ်လင့်တကူ ကုန်ဆုံးစေချင်သည်။

အိပ်မရသဖြင့် လသာဆောင်ထွက်ရန် အိပ်ခန်းအပြင်သို့ ထွက်ခဲ့သည်။ ထိုအခါ အောက်ထပ်မှ စကားသံသဲ့သဲ့ကြားရသဖြင့် လှေကားတစ်ထစ်ချိုးအကွယ်အထိ သူဆင်းခဲ့သည်။

"ဖေဖေဟာ ဖခင်ပါ၊ ဖေဖေကြိုက်တာကို ဖေဖေ လုပ်ပိုင်ခွင့်ရှိပါတယ်၊ ဒါပေမယ့် ညီမလေးကိုတော့ ငဲ့ပါဦး၊





ဖေဖေ"

"တစ်ပင်လဲလို့ တစ်ပင်ထူတာ အထူးအဆန်းမဟုတ်ဘူးလို့"

"ညီမလေးအတွက် မိထွေးဆိုတဲ့ ဆေးခါးကြီးကို သူခံစားနိုင်မှာမဟုတ်ဘူးလို့ သားထင်တယ်"

"ဘုရား. . ဘုရား"

ငွေဖျိုင်းဖြူ ရင်ဘတ်ဖိကာ ဘုရားတမိလေသည်။ ဖခင် နောက်အိမ်ထောင်ပြုတော့မှာလား။ မမြန်ဆန်လွန်းဘူးလား။

"ဒါ အထူးအဆန်းမဟုတ်ဘူး၊ ဖေဖေလဲ ပွဲတက်မယား"

"ဖေဖေ မေမေ ရှိစဉ်ကလည်း မယားပြိုင်ရှိနေတာပဲ ခုလဲ ဖေဖေကြိုက်တဲ့နေရာ ကြိုက်တဲ့အိမ်မှာထားပါ ဖေဖေ၊ ဒီအိမ်ပေါ်တော့ တစ်ယောက်မှ ပေးမထားနိုင်ပါဘူး၊ သားတောင်းပန်ပါတယ် ဖေဖေ"

ငွေဖျိုင်းဖြူ ဖခင်၏ ဇာတ်ရှုပ်ကို ယခုမှသိရလေသည်။ ဒါကြောင့် မိုးလင်းမှမိုးချုပ် အိမ်ပြန်မကပ်တာဖြစ်မည်။ အိမ်တောင်ပြန်အိပ်ရဲ့လား မသိ။

"အေး. . ရတယ်၊ ဒီအိမ်ဟာ ဖေဖေ့အတွက် အရေးမကြီးပါဘူး၊ မင်းနားလည်ထားသင့်တာက ဘောဘီအတွက် အမေ တစ်ယောက်ရှိသင့်တယ်လို့ ဖေဖေက ယူဆလို့ ဘောဘီကို အုပ်ထိန်းဖို့"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဖေဖေ၊ ဘေဘီအတွက် လေးလေးငွေရှိပါတယ်"

"ဖေဖေ ခရီးထွက်တဲ့အခါ"

"လေးငွေနဲ့ ဘကြီးထူးတို့ စောင့်ရှောက်နိုင်ပါတယ်"

"ဒီလိုဆိုလဲပြီးတာပဲ ဂျိုး၊ ဖေဖေ့ကို တာဝန်မကြေတဲ့ဖခင်အဖြစ် မင်းစွပ်စွဲဖို့တော့ မကြိုးစားနဲ့နော်"

"စိတ်ချပါ ဖေဖေ၊ ဖေဖေလဲ စိတ်ချမ်းသာသလိုသာနေပါ၊ ညီမလေးလဲ မကြာခင် ကျောင်းတက်ရမှာပဲလေ၊ ကြီးထွေ လာနေနိုင်ရင်တော့ ပိုကောင်းပါတယ်၊ ဒါပေမယ့် ကြီးထွေကလဲ လာနေနိုင်မှာ မဟုတ်ဘူး"

"အမျိုးတွေကို အားမကိုးနဲ့ကွ၊ ကိုယ့်ကိုကိုယ်အားကိုးနိုင်တာ အကောင်းဆုံးပဲ၊ ထားပါတော့ မင်းမသွားခင်တစ်နေရာမှာ မင်းသူငယ်ချင်းနဲ့ ဆွေမျိုးမိတ်သင်္ဂဟ အနည်းအကျဉ်းလောက်နဲ့ ညစာစားပွဲလုပ်ပေးမယ်၊ ဘယ်နေရာကြိုက်သလဲ"

"ထရိတ်ဒါး"

"ကောင်းပြီ ဘေဘီ သူငယ်ချင်းတစ်ဝိုင်းပေး၊ မင်းသုံးဝိုင်းယူ၊ အားလုံး ဆယ်ဝိုင်းစာ ဖေဖေစီစဉ်လိုက်မယ်"

"ဟုတ်ကဲ့ ဖေဖေ၊ ဒါထက် ဖေဖေ့မိန်းမတွေကော ပါမှာလား"

ဖေဖေ၏ ရယ်သံထွက်လာသည်။

"ဂျိုးရယ်၊ ဖေဖေ နားလည်ပါတယ်၊ သူ့နေရာနဲ့သူ





ပေါ့ကွာ၊ ကိုင်း. . ဖေဖေနားမယ်၊ ဂွတ်နိုက်ဂျိုး"

ငွေဗျိုင်းဖြူ ကမ္ဘန်းကတန်းအပေါ် ထပ်ပြန်ပြေးတက်တာ မိမိအိပ်ခန်းထဲသို့ဝင်ပြီး အသံမကြားအောင် တံခါးပိတ်လိုက်လေသည်။

ဖေဖေ၏ ရှုပ်ထွေးမှုကို မေမေသည် မိမိမသိအောင်ဖုံးကွယ်ထားနိုင်စွမ်း ရှိသည်။ သို့သော် မိမိကသာ မသိရှိကာနေသည်။ အနေအေးသော ကိုကိုကတော့ မိဘတွေ၏ အတွင်းရေးကို အားလုံးသိနေပါလား။


အင်းလေ. . . ဘာတတ်နိုင်မှာလဲ ဖေဖေ့ဘက်မှဖခင်ဝတ္တရား ကျေပွန်စွာဖြင့် မိမိ၏ပညာရေး၊ လူမှုရေးဘက်လိုလေသေးမရှိ ပြည့်စုံချမ်းသာစွာထားနိုင်လျှင် ပြီးတာပဲဟုငွေဗျိုင်းဖြူ စဉ်းစားမိပြီး ဒီကိစ္စခေါင်းထဲမထည့်တော့ဘဲအိပ်ပျော်အောင် အိပ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၁)

ငွေဗျိုင်းဖြူ အစ်ကိုအား လေဆိပ်လိုက်ပို့တော့ မျက်ရည်လေးစမ်းစမ်း ဖြစ်သွားရသည်။ အစ်ကို၏ သူငယ်ချင်းများနှင့်လည်း ငွေဗျိုင်းဖြူအတော်ရင်းနှီးလေပြီဖြစ်ရာ သူတို့က ဝိုင်းဝန်းအားပေးကြသည်။

အိမ်ပြန်လာတော့ ငွေဗျိုင်းဖြူအတွက် ကားတစ်စီး၊ ဖေဖေက ကားတစ်စီးဖြစ်သည်။ ဖေဖေသည် အိမ်သို့ပြန်





လိုက်မလာဘဲ. . .

"ဘေဘီ. . ဒီည ဖေဖေပြန်မအိပ်တော့ဘူး၊ မငွေ အိမ်ကိုဂရုစိုက်၊ နင့်လက်ထဲငါအပ်ထားပြီ၊ ဖေဖေ့ မိတ်ဆွေတွေနဲ့ ခရီးထွက်စရာရှိတယ်၊ လေးငါးရက်တစ်ပတ် ဖြစ်ချင်ဖြစ်မယ်"

"ဟင်. . ဖေဖေ အဝတ်အစားတွေ"

"မြို့ထဲတိုက်ခန်းမှာရှိတယ်၊ မပူနဲ့ ဘေဘီ၊ ကိုယ့်ကိုကိုယ်သာ ဂရုစိုက်၊ ကိုင်း ဖေဖေသွားတော့မယ်. . ဘိုင့်"

"တာ့တာ"

သားအဖနှစ်ယောက် လေဆိပ်မှာပင် ကားတစ်စီးစီနှင့် လမ်းခွဲကြသည်။ မိခင်ဖခင်လို အဖေမျိုး၏ မေတ္တာတရားတို ငွေဗျိုင်းဖြူ နားမလည်သော်လည်း နားလည်အောင်လည်း မကြိုးစားတော့ပေ။

မိခင်၏ ပူညံပူညံသံကြား ရှောင်ရှားရင်း စာကြည့်၊ အားကစားကွင်းဆင်းနှင့် ဖေဖေက သူ့ဘက်က ကာကွယ်ပေးလိုက်နှင့် အချိန်တို့ကုန်ဆုံးခဲ့ရသည်။

ယခုမှ လူလောကကို တစ်ယောက်တည်း လျှောက်လှမ်းခွင့်ရသည်။

"အန်ကယ်လ်ဆန်"

"ဗျပ်. . ဘေဘီ"

"ကျွန်မ ကားမောင်းသင်ချင်တယ်"

"သင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သင်ရင် ဘယ်နှစ်ရက်အတွင်း တတ်မှာလဲ"

"တစ်ရက်"

"ဟင်"

"လမ်းစည်းကမ်းတွေ နားလည်ဖို့နဲ့ လေ့ကျင့်ဖို့ ကျွမ်းကျင်ဖို့ပဲ ပြင်ပနဲ့ထိတွေ့ရမယ်၊ ကားမောင်းတတ်တာလွယ်ပါတယ်၊ ဒီနေ့ပဲသင် ဒီနေ့ပဲ ခြံထဲပတ်မောင်း တတ်သွားမှာပဲ"

"ဟုတ်လား ဒါဖြင့် ဒီနေ့ပဲသင်ပေး"

"အင်း. . ဆင်မောင်းလိုက်စင်လုပ်ဖို့လိုမယ်"

"နောက်နေ့ အန်ကယ်လ်ဆန်လုပ်ပေးပေါ့"

"ရက်စ်. . ဘောဘီသဘော. . ဘောဘီ့သဘော"

ငွေမျိုးဖြူ ကျေနပ်သွားသည်။

"သိုင့်ကျူး အန်ကယ်လ်ဆန်"

ဒေါ်ငွေက မဲ့ရွဲ့လိုက်လေသည်။

"ဒီဘိုရူးလင်မယားနဲ့တော့ ခက်တော့တာပဲ၊ ဘုန်းကြီးရူးနဲ့ လှေလူးတွေ့ကြပြီ၊ အင်း... ခေါင်က မိုးမလုံတော့လဲ ခက်တာပဲ၊ ကလေးကလဲ အပျိုသင်စအရွယ်ဆိုတော့ ငါ့နှယ်နော် ဘယ်လိုထိန်းရမှာလဲ မမရေ၊ မမအစား ကျွန်မအရင်သေရင်ကောင်းမယ်၊ ခုတော့ ကျွန်မခေါင်းပေါ်က ဝန်ထုပ်ဝန်ပိုးကြီးကို ကျွန်မ ဘယ်လိုထိန်းသိမ်းရမယ်မှန်းကို မသိတော့ဘူး၊ စိတ်ညစ်တယ်"

စိတ်တွင်း၌ သွားလေသူ အိမ်ကြီးရှင်မ သခင်မ ဒေါ်သရဖီကျော်ကိုသာတ၍ နေလေတော့သည်။ ငွေမျိုးဖြူ





သည် အိမ်ပြန်ရောက်ရောက်ချင်း အဝတ်လဲကာ တကယ်ပင်ကားမောင်းသင်လေသည်။

"အင်း. . မြင်းကို ခိုးတပ်ပေးသလိုတော့ ဖြစ်တော့မှာပဲ မာဂရက်ရယ်"

"ဘာဖြစ်လဲ မမငွေရဲ့ ခုခေတ်ကြီးမှာ မိန်းမတွေ ဒုံးပျံတောင် မောင်းနေပြီပဲဟာ"

"ကလေးကို မြှောက်ပေးတာ နင်တို့ပဲနေမှာ၊ ကလေးတာ ငယ်သေးတယ် ပညာရေးပဲ စိတ်ဝင်စားရမှာ"

"ဆယ့်ရှစ်နှစ်ဆိုတာ ငယ်သလား မမငွေရဲ့ အရွယ်ရောက်နေပြီပဲ"

"အို. . ဘယ်အရွယ်ဖြစ်ဖြစ် ပညာသင်နေတုန်း အရွယ်ဟာ ကလေးပဲ၊ ညည်းတို့နော် ကလေးနဲ့ပတ်သက်ပြီး မတော်တာတွေကြားရင် ငါ့ကို သတင်းပေးဖို့မမေ့နဲ့ ညည်းတို့ပဲ အပြင်ကို လတ်ယားလတ်ယား သွားတတ်တာ"

"အိမ်ထဲမှာပဲ အောင်းမနေနိုင်ပါဘူး၊ ပြင်ပလောကနဲ့ ထိတွေ့ရမှ ဗဟုသုတရတာ၊ မမငွေလို အမယ်ကြီးအိုပေါက်စလို အိပ်ခန်းအောင်းပြီး မနေနိုင်ပါဘူး၊ မာဂရက်တို့က ကမ္ဘာပတ်လို့ရရင်တောင် ပတ်လိုက်ချင်သေးတာ"

"အေး. . အေး. . ပတ်ပတ် ညည်းတို့ဘာသာညည်းတို့ပဲ ကမ္ဘာပဲပတ်ပတ်၊ စကြဝဠာပဲပတ်ပတ်၊ ကျုပ်တို့ကလေး မပတ်သတ်ဖို့ဘဲ အရေးကြီးတယ်"

ဒေါ်ငွေက ပြောပြောဆိုဆို မီးဖိုထဲက ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဒေါ်မာဂရက်ကမဲ့ရွဲ့၍. . .

"အင်း. . ကြက်တူရွေးကတော်တော်၊ မယ်တော်ကကဲနေလိုက်တာ၊ ဆရာကြီးကတောင် ဘာမှမပြောဘဲနဲ့"

ဟု မကြားတကြား ပြောလိုက်လေသည်။ ဒေါ်ငွေစာကြားလိုက်သော်လည်း မကြားချင်ဟန်ဆောင်နေလိုက်သည်။

သူတို့လင်မယားလည်း သံရုံးတစ်ရုံး၏ သံအရာရှိအိမ်တစ်အိမ်ကသာ လစာကို ဒေါ်လာနှင့် ပေးငှားပါက ချက်ချင်းပြောင်းမည့် လင်မယားပင်။ အဆက်အသွယ်ကလည်းရှိပြီးသားဆိုတော့ မြန်မြန်သာ ပြောင်းသွားပါစေဟု ဆုတောင်းမိလျက် ရှိလေသည် ။

အနေအေးသော ဒေါ်ငွေသည် အိမ်သန့်ရှင်းရေးမိန်းကလေးများ၏ လစ်တင်းမှုကို ခေါ်ပြောပြီး ဘုရားခန်းဝင်ကာ ဘုရားစာများကို ရွတ်ဖတ်လေတော့သည်။

အာကာနိုင် ပြည်ပခရီးစဉ်ကို အန္တရာယ်ကင်းရှင်းစွာသွားနိုင်ရေးအတွက် ဆုတောင်းမေတ္တာပို့သရင်း ပဋ္ဌာန်း၊ ပရိတ်ကြီး ဆယ့်တစ်သုတ်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်လေတော့သည်။ ငွေဗျိုင်းဖြူကတော့ ပျော်မြူးစွာဖြင့် ကားကို ခြံတွင်းပတ်မောင်းလိုက်၊ နောက်ဆုတ်လိုက်၊ ကွေ့လိုက်နှင့် ပျော်မြူးနေလေသည်။

ဒေါက်တာမိုးမြင့်ထံမှ တယ်လီဖုန်းလာလျှင်. . .

"လာခဲ့တော့ ကိုကြီး၊ အမြန်ဆုံးသာလာခဲ့၊ ကိုကိုလဲ





သွားပြီ၊ ဖေဖေလဲ ခရီးထွက်သွားတယ်"

ဟု ဝမ်းသာအားရပြောပြမိလိုက်တော့မည်ဟူသောအတွေးဖြင့် ပျော်မြူးလျက်. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၂)

"အန်ကယ်လ်ဆန် ကားရပ်တော့"

"ဟင် ဘာဖြစ်လို့လဲ ဘေဘီ"

"အန်ကယ်ဘ်ဆန်မှာ မိတ်ဆွေပေါ်သွားပဲ၊ သင်မောင်းလိုင်စင်လော်ကကတော့ ကျွန်မ,မပါလဲ ရမှာပါ၊ ရော့ ထမင်းလဲ အပြင်မှာပဲစား၊ ညနေခြောက်နာရီလောက်မှ ကျွန်မကို ဒီလက်ဖက်ရည်ဆိုင်မှာပဲစောင့်နေ၊ အဲဒီတော့ အိမ်





ပြန်ရမယ်နော်"

ဒေါက်တာမိုးမြင့်ကားက ချိန်းဆိုထားသော လက်ဖက်ရည်ဆိုင်တွင် ရပ်စောင့်နေလေသည်။ ငွေဗျိုင်းဖြူရက်ရောစွာဖြင့် ဒရိုင်ဘာဦးဆန်၏ လက်ထဲသို့ ငါးထောင်တန် ငါးရွက် ထည့်ပေးလိုက်လေသည်။

"စိတ်ချဘေဘီ၊ အန်ကယ်လ် သဘောပေါက်တယ်၊ သွား. . သွား. . လိုင်စင်စုံစမ်းပေးခဲ့မယ် "

"အိုကေ. . ဘိုင့်"

ငွေဗျိုင်းဖြူ ဒေါက်တာမိုးမြင့်ကားပေါ်သို့ ကူးပြောင်းလိုက်လေသည်။ ရွှန်းလက်သောအကြည့်။ နွေးထွေးသော အပြုံးလေးများဖြင့် ဒေါက်တာမိုးမြင့်က ကြိုလေသည်။

"လှလိုက်တာ စနိုးရယ်၊ လွမ်းခဲ့ရသမျှတွေဟာ စနိုးတို မြင်လိုက်ရရုံနဲ့ ပျောက်ကွယ်သွားတာပဲ"

ငွေဗျိုင်းဖြူကလည်း ဒေါက်တာမိုးမြင့်ကို အားကျမခံ မြန်ငေးရင်း. . .

"ကျွန်မလဲ ကိုကြီးကို လွမ်းရသမျှ ခုမှပဲ ပြုံးနိုင်တော့တယ်၊ ဘယ်ကိုသွားမှာလဲဟင် ရုပ်ရှင်တော့မကြည့်ချင်တော့ဘူးနော်"

"ကိုကြီး ဘယ်ခေါ်ခေါ် စနိုးက လိုက်မယ်မဟုတ်လား"

"အင်း. . လိုက်မှာပေါ့ ကိုကြီးကားပေါ် ရောက်နေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်မမေးနဲ့၊ ရောက်တော့သိလိမ့်မယ်"

ငွေဗျိုင်းဖြူ ဒေါက်တာမိုးမြင့်၏ အနီးသို့ပူးကပ်ကာ ထိုင်လိုက်လေသည်။ ငွေဗျိုင်းဖြူအတွက် ထူးခြားသော ချစ်ဗိမ္မာန်တစ်ခုသို့ ဒေါက်တာမိုးမြင့် ခေါ်ဆောင်သွားခဲ့လေသည်။

ခြောက်မိုင်ခွဲလိုနေရာတစ်ခု၏ အတွင်းပိုင်းကျ၊ သီးသန့်ခြံဝင်းကြီးများ၊ အုံ့မှိုင်းဖွဲ့နေသော ကြေးရတတ်တို့၏ သီးသန့် လူနေထိုင်မှု ရပ်ကွက်၏ အိမ်တစ်လုံးသို့ ငွေဗျိုင်းဖြူ ရောက်ရှိခဲ့လေသည်။

"ရော့ . ခြံသော့၊ အိမ်သော့နဲ့ အိပ်ခန်းဗီရိုသော့၊ မီးခံသေတ္တာသော့၊ ဒါတွေက ကိုကြီး စနိုးကိုပေးတဲ့ ဒုတိယ ချစ်သက်သေလက်ဆောင်ပဲ"

"ဟင်"

ရက်ရောလွန်းလှချည်လားဟု ငွေဗျိုင်းဖြူ အံ့အားသင့်ခဲ့လေသည်။

"အံ့ဩနေသလား စနိုး၊ စနိုးလက်ခံတဲ့နေ့မှာ စနိုးဟာ ကိုယ့်ရဲ့ အိမ်ရှင်မ၊ သခင်မဖြစ်တော့မှာပဲ၊ ကိုယ်ပိုင်ဆိုင်မှုတွေကို အခုကတည်းက စနိုးကို စတီလွှဲပေးထားတဲ့ သဘောပဲ"

အမှန်တော့ ငါးစာကိုသာမြင်ပြီး ငါးမြားချိတ်ကိုမမြင်ခဲ့သော ငွေဗျိုင်းဖြူသည် အတွေ့အကြုံမရှိသေးသည်က တစ်ကြောင်း၊ အတွေ့အပေါ် သာယာသွားသည်ကတစ်ကြောင်းကြောင့် ဒေါက်တာမိုးမြင့် ခေါ်ဆောင်သွားသော ချစ်ဗိမ္မာန်





ထဲသို့ ရင်ခုန်သံမိန်းမောလျက် လိုက်ပါသွားလေတော့သည်။ ညနေ အိမ်သို့ပင်မပြန်ချင်ပြန်ချင် ပြန်ခဲ့ရလေသည်။

"ပြန်တောင် မပြန်ချင်သေးဘူး ကိုကြီးရယ်"

"ဒီလိုမလုပ်နဲ့လေ၊ စနိုး မနက်ဖြန်ပေါင်းများစွာ ရှိသေးတာပဲ"

"မနက်ဖြန်ကော ဘယ်မှာဆုံမှာလဲ"

"စနိုး အိမ်သိပြီပဲ၊ ဒရိုင်ဘာကိုပဲ လိုက်ပို့ခိုင်းလိုက်တော့နော် ကိုကြီးက ဒီမှာပဲရှိနေမှာပဲ လာမခေါ်တော့ဘူး၊ စနိုးအိမ်က အဘွားကြီးတစ်ယောက်ကြည့်တဲ့ မျက်လုံးတွေက ကလေကချေတစ်ယောက်ကို မသင်္ကာတဲ့ မျက်လုံးမျိုး"

"လေးငွေကော အဲဒီအတိုင်းပဲ၊ ကိစ္စမရှိပါဘူး အရေးစိုက်စရာမလိုဘူး၊ မနက်ဖြန် အပြန်ကျရင်သာ ကိုကြီးပြန်ပို့ပေးရမယ်"

"စိတ်ချပါ စနိုးရယ်"

ငွေဗျိုင်းဖြူအတွက်တော့ ဒေါက်တာမိုးမြင့်နှင့် ခွဲခွာနေရဖို့အရေး ရတက်ပင်မအေးရတော့ချေ။ ငွေဗျိုင်းဖြူ အိမ်ပြန်ရောက်တော့ ဒေါ်ငွေ၏ သံသယမျက်လုံးများကို စတင်ရင်ဆိုင်လိုက်ရလေသည်။

"တစ်နေ့လုံး ဘယ်တွေသွားနေတာလဲ ကလေး"

"ဘယ်သွားသွားပေါ့၊ လေးငွေအပူလား"

"ဟုတ်တယ် လေးငွေအပူပဲ၊ ကလေး မကောင်းတာတွေ မလုပ်မိအောင်ဆော့ လေးငွေက တားမြစ်ပေးရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငွေထံမှ ပြတ်သားသော စကားကိုကြားလိုက်ရသောအခါ ငွေဗျိုင်းဖြူ အံ့အားသင့်သွားသည်။ မလုံမလဲလည်း ခံစားလိုက်ရသည်။

သို့သော် လူငယ်တို့၏ မာနအရ မခံချင်စိတ်က ထောင်းခနဲဖြစ်ကာ. . .

"ပြော. . . မောအောင်ပြော၊ ကျွန်မကို ဘယ်သူမှ တားပိုင်ခွင့်မရှိဘူး၊ အမေနေရာယူချင်ပြီး အာဏာလာပြမနေနဲ့ လေးငွေ၊ ဖေဖေက လေးငွေကို အရေးလဲစိုက်မှာမဟုတ်ဘူး"

ဒီထက်ရင့်သီးသော စကားကို ပြောလိုသော်လည်း စိတ်ကိုချုပ်တီးလိုက်သည်။ အစ်ကိုထံ သတင်းရောက်သွားနိုင်သည်။ ဒေါ်ငွေက ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ဖိကာ ဘုရားတလေတော့သည်။


"ဘုရား. . ဘုရား"

ငွေဗျိုင်းဖြူ ချစ်စိတ်မွှန်နေလေသည်။ မနုဿသားကောင်၏ ကြော့ကွင်း၌ သက်ဆင်းမိခြင်းကို သူမသိပါချေ။

"ဘုရား. . ဒီကလေး ဘာပယောဂများ ကပ်နေပါလိမ့်"







# အခန်း (၂၃)

"ဟဲလို"

"ညီမလေး"

"ဟင် ကိုကို"

"ကိုကို မဟုတ်ဘူး၊ ကိုကို့သူငယ်ချင်း ဥက္ကာပါ"

"ဩော်. . ကိုကို ဥက္ကာလား"

"ကိုယ် ညီမလေးဆီ နှစ်ခါဆက်တယ်၊ နှစ်ခါစလုံး



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးပြန်မရောက်သေးဘူးဘဲပြောတယ်၊ ဘယ်သွားတာလဲ"

လာပြန်ပြီတစ်ယောက်၊ သူတို့ကိုယ်သူတို့ အမေများ အဖေများ အောက်မေ့နေကြသလား မသိပါဘူး။

"ကားမောင်းလိုင်စင်သွားလုပ်တာလေ"

"ဟင်. . အဲဒီလောက်တောင် ကြာသလား"

"ကြာတယ်၊ ဘာကိစ္စရှိလို့လဲ ကိုဥက္ကာ"

"အာကာဖုန်းခေါ်တာမရလို့တဲ့ ကိုယ့်ကိုခေါ်ပြီး ပြောခိုင်းတယ်၊ သူချောချောမောမောရောက်တယ်၊ အစစအရာရာ အဆင်ပြေတယ်ဆိုတဲ့အကြောင်း ပြောခိုင်းလို့ပါ"

"ဩော် ဖုန်းပျက်နေတယ် ကိုဥက္ကာ၊ ကိုကိုဆက်ရင် ပြောလိုက်ပါ ကျွန်မအတွက် ဘာမှမပူပါနဲ့လို့ ဖေဖေရော ကျွန်မပါ နေကောင်းပါတယ်လို့သာ ပြောလိုက်ပါ။ ကိုဥက္ကာတို့လည်း သဘောပေါက်မှာပါ၊ တစ်ပြည်တစ်ရွာမှာရှိနေတဲ့ လူတစ်ယောက်အတွက် ဘယ်လိုမှ မတတ်နိုင်တဲ့ အနေအထားမှာ ဒီကမိသားစုကြောင့် စိတ်ဒုက္ခရောက်ရတာမျိုးကို ကျွန်မ မလိုလားဘူး၊ အစ်ကိုတို့ကော လိုလားသလား"

ငွေဗျိုင်းဖြူ မိမိကိုယ်တိုင်ပင် အံ့အားသင့်မိသည်။ ဘာကြောင့် စကားတွေ ဒီလောက်တတ်လာရသနည်း။ ဒေါက်တာမိုးမြင့် သင်ပေးလိုက်လို့လား။

"မလိုလားပါဘူး၊ ဘာပဲဖြစ်ဖြစ် ညီမလေးရယ်၊ မင်းသွားစရာလာစရာရှိရင် အစ်ကိုတို့ကို ဖုန်းဆက်ပါလား၊





ခရီးဘာနဲ့ သွားလာတာလဲ ကိုကိုတို့မကြိုက်ဘူး"

"အဟင်းဟင်း. . ၊ ကိုဥက္ကာရယ်၊ ကျွန်မအသက်ဆယ့်ရှစ်နှစ်ပြည့်ပါပြီ၊ ကျွန်မ ကလေးမဟုတ်တော့ဘူး၊ ကျွန်မအဖေတောင် ကျွန်မကို စိတ်ချထားတာပဲ"

ဆရာလုပ်လွန်းသော ကိုဥက္ကာကို ဖုန်းလက်ခံစကားမပြောချင်တော့။ တမင်ခနဲ့လိုက်လေသည်။ တစ်ဖက်မှ သက်ပြင်းချသံကိုကြားလိုက်ရပြီ။

"ကောင်းပြီလေ ညီမလေးမကြိုက်ရင် မပြောပါဘူး၊ ဒါပေမယ့်. . . ဘယ်လိုအကူအညီမျိုးလိုလို ကိုယ်တို့လေးယောက်ကို မမေ့ပါနဲ့"

"ဟုတ်ကဲ့ စိတ်ချပါရှင် ဒါပဲနော်"

ငွေဗျိုင်းဖြူ ပြောပြောဆိုဆို ဖုန်းချပစ်လိုက်သည်။ နှုတ်ခင်းတုန်းက တမင်ဖုန်းပိတ်ထားလိုက်ခြင်း ဖြစ်သည်။ ကိုကိုအိမ်ဖုန်းဆက်လျှင် ဒေါ်ငွေနှင့်တိုးမည်။ ဒေါ်ငွေက မိမိလှုပ်ရှားမှုတွေ သံတော်ဦးတင်လျှင် ပြဿနာ။

ခုကော. . .။

"လေးငွေ ကျွန်မ ခေါင်းကိုက်လာလို့ ဆေးသောက်အိပ်ပြီနော်၊ ဘယ်သူဖုန်းဆက်ဆက် ကြည့်ဖြေလိုက်ပါ. . ၊ ဖေဖေနဲ့ ကိုကိုဆို စိတ်မပူအောင်ဖြေပေးပါ"

"အေးအေး. . လူလေးဆိုရင် ဘာမှစိတ်မဆင်းရဲရဘူး စိတ်ချ"

စိတ်ထဲလျှာရှည်လိုက်တာဟုပင် ရှိုင်းရှိုင်းစိုင်းစိုင်းမှတ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချမိလေသည်။

ငွေမှိုင်းဖြူ အချစ်စိတ် မွှန်နေလေပြီ။







# အခန်း (၂၄)

ငွေမှိုင်းဖြူအတွက် အချစ်ဗိမ္မာန်သည် ဆယ်ရက်အကြာ၌ ကုန်ဆုံးသွားခဲ့လေသည်။

"ချစ်စနိုးရေ"

"အင်"

"ကိုကြီး တောင်ကြီးပြန်ရမယ်"

"ဟာင်"



www.burmeseclassic.com

www.burmeseclassic.com



ငွေဖျိုင်းဖြူ ဒေါက်တာမိုးမြင့် ရင်ခွင်မှ လူးလဲထလိုက်သည်။

"ဘယ်လိုလဲ ကိုကြီးရာ၊ အလုပ်ကို ဒီမှာပဲ ပြောင်းလုပ်မယ်ဆို"

"အလုပ်ကြီး အကိုင်ကြီးကို ရွှေ့ပြောင်းခြင်းဆိုတာ ခဏလေးနဲ့ပြီးမှာမှမဟုတ်တာ စန္ဒီးလေးရယ်၊ မင်းဟာ ကလေးလေးလိုပါပဲလား"

"ဒါဖြင့် ဘယ်တော့ပြန်မှာလဲ၊ ဘယ်တော့ပြန်လာမှာလဲ၊ မန်းဒေး ကျောင်းတက်ရင် ကိုကြီးကို လိုက်ပို့ခိုင်းမလို့ဟာ"

"ပို့ချင်တာပေါ့ ကလေးရယ်၊ ဒါဆို ဒီညပဲ ကိုကြီးပြန်မယ် ကျောင်းပို့ချိန်အမီ ပြန်လာမယ်"

"ဟင်. . တကယ်. . တကယ်လား ကိုကြီး"

ငွေဖျိုင်းဖြူ ဒေါက်တာမိုးမြင့်လည်ကို ဟီးလေးခိုကာ မေးလိုက်သည်။ ဒေါက်တာမိုးမြင့်က အလှပဆုံးအပြုံးဖြင့်ပြုံးကာ အနမ်းတစ်ပွင့်ချွေချလိုက်ပြီး. . .

"တကယ်ပေါ့၊ ကိုကြီးဘဝအတွက် အရေးအကြီးဆုံး ချစ်စန္ဒီးလေးရဲ့ ဖရက်ရှာဝဲလ်ကမ်းမှာ အလှဆုံး မိန်းကလေး အဖြစ် ဝင့်ထည်နေတာကိုကြည့်ချင်၊ ဂုဏ်ယူချင်သေးတယ်"

ငွေဖျိုင်းဖြူ မနောခွေ့ကာ အကြည်နူးကြီး ကြည်နူးနေတော့သည်။

"ကိုကြီးက စကားသိပ်တတ်တာပဲ"

"အချစ်နဲ့တွေ့ရင် လူတိုင်းစကားတတ်သွားကြတာချည်းပဲ၊ ကိုင်း. . မိုးတော့ချုပ်တော့မယ်၊ ချစ်စန္ဒီး ကား ရောက်တော့မယ်"

"ဟင်. . မခွဲချင်သေးဘူး ကိုကြီးရယ်"

"သုံးလေးရက်ပဲ ကလေးရယ်၊ တော်ကြာ ကျောင်းတက်တော့ ကျောင်းစာတွေနဲ့မအားလို့ ကိုကြီးလာမတွေ့နဲ့ အချိန်မပေးနိုင်ဘူးလို့ ပြောမှာတောင် ကြားယောင်မိသေးတယ်"

"ဘယ်တော့မှမပြောဘူး ကျိန်ရဲတယ်"

"မကျိန်ပါနဲ့ ချစ်စန္ဒီးရယ် ယုံပါတယ်ဗျာ၊ ကဲ. . ထ"

ငွေဖျိုင်းဖြူ ဒေါက်တာမိုးမြင့်တွဲထူရာသို့ အလိုက်သင့်လိုက်ပါပြီးနောက် ကြော့ကြော့မော့မော့လေးဖြစ်စေရန် ဖြန့်လည်ပြင်ဆင်လိုက်သည်။

အထူးတလည်တော့မပြင်ရ။ သနပ်ခါးမကြိုက်သော မိတ်ကပ်လည်း မလူးတတ်သော သူ့အတွက် ဝါနုစ်ဖွေးခဲ့နေသော ပင်ကိုယ်အသားအရည်လေးနှင့်သာ ဝင်းဝါစိုပြည်နေလေသည်။ ဒေါက်တာမိုးမြင့်သည် ငွေဖျိုင်းဖြူကိုကြည့်ကာ သက်ပြင်းချလိုက်ပြီး. . .

"ဩော်. . ချစ်စန္ဒီး၊ ကိုကြီးကို တစ်ခုပြန်ကူညီပါဦး"

"ဘာလဲကိုကြီး. . ၊ ကျွန်မက အကူအညီပေးရမယ် ဟုတ်လား"

"ဟုတ်တယ် ဒီလိုကွာ ကိုကြီးဖုန်း ပျောက်သွားလို့ ရခင် ချစ်စန္ဒီးဆီက ခဏပြန်ငှားသွားမလို့"







www.burmeseclassic.com

www.burmeseclassic.com



ငွေဗျိုင်းဖြူက ပြုံးကာ လွယ်လင့်တကူပင် စလင်းဘက်ခ်ထဲမှ ဖုန်းကို ထုတ်ပေးလိုက်သည်။

"ဘာများလဲလို့ ကိုကြီးရာ၊ ဖေဖေကလဲ ကျွန်မအတွက် အိုင်ဖုန်းအသစ်ဝယ်ပေးမယ်တဲ့၊ အဲ့ဒါ ကိုကြီးပဲ ပြန်ယူလိုက်တော့ "

"ဘယ်ဟုတ်မလဲ၊ ချစ်သက်လက်ဆောင်ဆိုတာ ပြန်မပေးကောင်းဘူး ချစ်စနိုးရဲ့၊ ကိုကြီးက ချစ်စနိုးဆီမှာ ခဏငှားတာပဲ"

"ကဲပါ. . ကိုကြီးသဘော"

ငွေဗျိုင်းဖြူ၏ အရိုးခံသက်သက် ယုံစားမှုတို့သည် မကြာခင်အချိန်ပိုင်းရောက်တော့မှ သိရှိရလေသည်။

သို့သော် အပျံသင်စ ငွေဗျိုင်းဖြူအတွက် အမှားကြီး မှားခဲ့လေပြီကိုး. . . ။







## အခန်း (၂၅)

ဒေါက်တာမိုးမြင့်ပြန်သွားပြီး နှစ်ရက်အထိ ဖုန်းလုံးဝမလာ။ ဖြစ်ရမည်။ ငွေဗျိုင်းဖြူ၌ တောင်ကြီးမြို့၌ရှိသော ဒေါက်တာမိုးမြင့်၏ အိမ်လိပ်စာနှင့် ဖုန်းနံပါတ် လုံးဝမရှိမနေခြင်းပင်။

ငွေဗျိုင်းဖြူ ခြောက်မိုင်ခွဲရှိ ဒေါက်တာမိုးမြင့်နှင့် သူချစ်ဗိမ္မာန်စခန်းဆီသို့ လှမ်းချီခဲ့လေသည်။ ခြံစောင့်အဘိုး

www.burmeseclassic.com



ကြီးက တံခါးကို လျှောလျှောလျူလျူ ဖွင့်ပေးလိုက်လေသည်။ သို့သော် တံခါးမကြီး၏ ပိတ်ထားသော သော့ခလောက်ကို ကြည့်လိုက်ရာ ငွေဗျိုင်းဖြူ အံ့အားသင့်သွားလေသည်။

သော့ပြောင်းလွဲခတ်ထားပါလား။ သူ၌ရှိနေသော သော့များနှင့် ဖွင့်သော်လည်းမရ။ ထိုအချိန်၌ အနားသို့ ခြံစောင့်အဘိုးကြီး ရောက်လာသည့်အတွက် ကွမ်းကိုဝါးပြီး တဗျစ်ဗျစ် ထွေးတတ်ရုံမှအပ စကားပြောတတ်ပုံမရဘူးဟု ထင်ထားသော ထိုလူကြီးထံမှ . . .

“ဒေါက်တာစိုး အိမ်ပြန်အပ်သွားပြီ ကလေးမ”

“ဟင်”

အိုးထိန်းစက်နှယ် ချာချာလည်သွားသလား ထင်မှတ်လိုက်ရသည်။ တော်သေးသည်။ ကားကို နံနက်စောစော လူရှင်းသည်ဟုဆိုကာ ဦးဆန်နီကိုပင် မခေါ်ဘဲ မိမိတစ်ယောက်တည်း မောင်းထွက်ခဲ့၍ အရှက်တော်ပုံကွဲမှုကို ဘယ်သူမှမသိလိုက်ရ။

“ဒီအိမ်က ငှားတာလား”

“ဟုတ်တယ်၊ ခြောက်လစာချုပ်နဲ့ ဒေါက်တာစိုးငှားထားတာ တစ်နေ့ကစေ့လို့ ပြန်အပ်သွားပြီ၊ ဒါအိမ်ရှင်ရဲ့သော့ ပြောင်းခတ်ထားတာ”

ဒေါက်တာစိုးတဲ့လား။ ထူးဆန်းမှုတွေကို မေးလိုက်ရလျှင်တော့ ကိုယ်ပေါင်ကိုယ်လှန် ထောင်းသလိုဖြစ်တော့မည်။





“ကလေးမအဖွဲ့ရင် သုံးယောက်တုန်းကတော့ သော့ပြောင်းခတ်ပြီး ညာခိုင်းလို့ ကျုပ်ညာပေးရတယ်၊ ခုဟာကတော့ တကယ်ကို လချုပ်စေ့လို့ ပြန်အပ်သွားတာ၊ ကလေးမ မယုံရင် ရွက်ကွက်ရုံးမှာ သွားစုံစမ်းပါ ဒီအိမ်က ဦးအဝအိမ်ပဲ သူထိုင်းဝမ်သွားနေလို့ သူ့ညီက လချုပ်နဲ့ ငှားငှားပေးထားတာ”

အဘိုးကြီးက ရှည်လျားစွာရှင်းပြလေသည်။ ငွေဗျိုင်းဖြူ မှင်တက်မိကာ ကြက်သေသေနေလေသည်။

“ကလေးမ ကြည့်ရတာ ဆွေကြီးမျိုးကြီးထဲကပဲ ထင်တယ်၊ ဘဝနဲ့ရင်းပြီး သင်ခန်းစာတစ်ခုလို့မှတ်ပြီး နောက်ကို ဘယ်ယောက်ျားမှ မယုံပါနဲ့၊ ကိုင်း. . သွားတော့”

ထိုအခါကျမှ ငွေဗျိုင်းဖြူ သတိဝင်လာသည်။ ခြံစောင့်အဘိုးကြီးလည်း ယောက်ျားပဲမဟုတ်လား။ တိတ်ဆိတ်သော ခြံဝင်းအတွင်း သူနဲ့တိုလူကြီးသာရှိသည်။

ဘုရား. . ဘုရား. . ။

ငွေဗျိုင်းဖြူ ချက်ချင်းပင် ကားပေါ်တက်ကာ မောင်းထွက်ခဲ့လေသည်။ လမ်းဘေးချုံစပ်သို့ သော့တွဲကို ပစ်ပေါက်လွှင့်ပစ်လိုက်ပြီး အံကို တင်းတင်းကြိတ်လိုက်သည်။ အံ့သြစရာကောင်းသည်က ငွေဗျိုင်းဖြူ မျက်ရည်တစ်စက် မကျခြင်းပင်။

ငွေဗျိုင်းဖြူ နှလုံးသားသည် ကျောက်ခဲပမာ ကျစ်လျစ်မာကြောသွားလေပြီ။ အိမ်သို့ ချက်ချင်းပင် တန်ပြန်ပြီး တောင်ကြီးရှိ အဘိုးအဘွားထံ ဖုန်းခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"ဘွားဘွား ဘေဘီပါ"

"အိုး . . ဘေဘီ နေကောင်းလား၊ ဂျိုးသွားတုန်းက ဘွားဘွားတို့ လာမလို့ဟာ၊ မင်းအဘိုးလေကွယ် ဂေါ့ဖ်ရိုက်ပွဲ ရှိတယ်ဆိုလို့ မလာရဘူး"

"ရပါတယ်ဘွားဘွား၊ ဘွားဘွားနဲ့ဘိုးဘိုး နေကောင်းကြရဲ့လား"

"ကောင်းပါတယ် ဒေါင်ဒေါင်မြည်ပဲ၊ ခုဘေဘီ အဘိုးက ထုံးစံအတိုင်း လမ်းလျှောက်ထွက်နေတယ်"

"ဒါထက် ဒေါက်တာမိုးမြင့်တစ်ယောက်ကော လာသေးသလား"

"ဩော် . . ဘေဘီမသိဘူးလား၊ လွန်ခဲ့တဲ့ နှစ်ပတ်လား သုံးပတ်လားတောင် မသိတော့ဘူး၊ အမေရိကားကို သွားမယ်ဆိုပြီး . . ဩော် သိပြီ၊ ဂျိုးနဲ့မတိမ်းမယိမ်းဘဲထင်တယ်၊ အေး . . အေး အဲဒီအချိန်မှာ နှုတ်ဆက်ပွဲလုပ်လို့"

ငွေဗျိုင်းဖြူနှုတ်ခမ်းကိုက်ကာ အံ့ကြိတ်ပြီး နားထောင်နေမိသည်။

"ဘွားဘွားတို့သွားစားကြသေးတယ်၊ ခုလောက်ဆို သွားပြီထင်တယ်၊ ဘေဘီဆီတောင် ဘာမှာဦးမလဲမေးသွားသေးတယ်၊ လာသွားသေးသလား"

"ဟင် . . ဟဲလို . . ဟဲလို"

"အင် . . ဘွားဘွား နားထောင်နေပါတယ်၊ မောင်မိုး





လာသွားသေးသလား"

"ဟင့်အင်း"

"အလုပ်များလို့ထင်ပါတယ်"

"သူ့လုပ်ငန်းတွေကကော"

"ရှယ်ယာရှင်တွေကို လွှဲခဲ့မှာပေါ့"

"သူ့လူနာတွေကိုကောပေါ့"

"ဘယ်က သူ့လူနာလဲ၊ ဟင်းဟင်း . . မြေးကလဲ သူက ဆေးမကုတဲ့ ဒေါက်တာဆိုမှတော့ ဆရာဝန်မဟုတ်လို့ပေါ့၊ စီးပွားရေးပါရဂူဘွဲ့ရ ဒေါက်တာလေ"

ငွေဗျိုင်းဖြူနှုတ်ခမ်းကို တင်းနေအောင် ကိုက်လိုက်မိပြီး ရင်တွင်းမှ . . .

"မနုဿမုဆိုး ပါရဂူဘွဲ့ရ ပညာရှင်ကြီးဖြစ်မယ် . . ဟင်း"

"မြေး . . ဘေဘီ၊ ဂျိုးဆီက ဖုန်းလာရဲ့လား"

"လာပါတယ် ဘွားဘွား၊ အဆင်ပြေတယ်တဲ့၊ ဘွားဘွားတို့ကိုလဲ သတိရတယ်လို့ပြောတယ်"

"အင်း ဒီတစ်ခါဆက်ရင် ပြောလိုက်နော် ဘွားဘွားတို့ကလဲ သတိရတဲ့အကြောင်း"

"ဟုတ်ကဲ့ ဒါပဲနော် ဘွား . . ဘိုင့်"

"ဘိုင့် . . ဂွတ်နိုက် ဘေဘီ"

တယ်လီဖုန်းချပြီးနောက် ငွေဗျိုင်းဖြူ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကာ စဉ်းစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေဗျိုင်းဖြူဘဝသည် မနုဿမှုဆိုး၏ ကြောကွင်း၌ သက်ဆင်းသွားခဲ့လေပြီ။ ဘယ်သူမဖြူ မိမိမှုပေပဲ။ မကောင်းတာလုပ်၍ မကောင်းသောရလဒ်ကို ခံစားနေရလေပြီ။

သို့သော် ငွေဗျိုင်းဖြူအနာဂါတ်သည် ဒင်းလို လူယုတ်မာကြောင့်တော့ သူများတံတွေးခွက်၌ ပက်လက်မျောရသည့် အဖြစ်မျိုးတော့ အရောက်မခံနိုင်။

ယောက်ျားတွေဟာ အတော်ကြောက်စရာ ရွံ့မုန်းစရာ ကောင်းပါလား၊ မိမိဖခင်ကိုယ်တိုင် ရှုပ်ထွေးပွေလီသည်။

"ဘေဘီရေ အန်တီမာတို့တော့ သူဌေးဖြစ်ပေါက်တိုးပြီး"

"ဟင်"

"ဘာဖြစ်လို့လဲ"

"ရှရှားသံရုံးက သံအရာရှိအိမ်မှာ ထမင်းချက်လိုလို့တဲ့လေ ဒရိုင်ဘာကောဆိုတော့ လင်မယားနှစ်ယောက်စလုံး အလုပ်တန်းရမှာ"

ဒေါ်မာဂရက်၏ တက်ကြွရွှင်လန်းမှုကို ဟန်မပျက်ပြုံးကာ

"ကောင်းတာပေါ့ ဘေဘီတော့ လွမ်းကျန်ရစ်မှာပဲ"

"အန်တီမာအားရင် လာဖွေမှာပေါ့၊ ဒီည ဆရာကြီးပြန်လာရင် ခွင့်တောင်းရတော့မယ်၊ ဘေဘီလဲ ကားမောင်းတတ်နေပြီဆိုတော့ ပူစရာတော့မလိုဘူး၊ ထမင်းချက်ကတော့ အိမ်မှာလဲ လူများများစားစားမှ မရှိကြတော့တာ၊ ဘေဘီတစ်ယောက်စာတော့ ဟိုသခင်မဂိုက်ဖမ်းနေတဲ့မိန်းမကြီး ချက်ပါစေပေါ့"

ငွေဗျိုင်းဖြူ နားထဲ ဘာစကားသံမှမဝင်။ လောကကြီး၌ တစ်ယောက်တည်း ရင်ဆိုင်ရပ်တည်ရတော့မည်ဟု အလိုလိုသိရှိနားလည်ခံစားနေရသည်။

ငွေဗျိုင်းဖြူ ခေါင်းညိတ်ရုံသာ ညိတ်နေလိုက်စဉ် ဒေါ်မာဂရက်က နှုတ်ဆက်ကာ အောက်ထပ်သို့ ဆင်းသွားလေသည်။

ငွေဗျိုင်းဖြူဘဝ အမြင့်၌သာ ပျံသန်းစေရမည်။ ငွေဗျိုင်းဖြူ အံကြိတ်ကာ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်သည်။







☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၆)

လေယာဉ်ပျံသည် ဝေဟင်မှသည် ပြေးလမ်းပေါ်သို့ အထိအတွေ့တွင် သိမ့်ခနဲရင်ထဲ ခံစားလိုက်ရသည်။ အမိမြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာလေပြီ။

မိဘများနှင့် အစ်မများ။ တူ-တူမများကိုတော့ တွေ့ကောင်းတွေ့ရမည်မှာ သေချာသော်လည်း သူအတွေ့ချင်ဆုံး “[illegible]င်း”ကိုတော့ တွေ့ရလိမ့်မည်မဟုတ်။

မိဖျိုင်းနှင့်ပတ်သက်၍ သူ့မိသားစု အသိုင်းအဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးက စာများ၌ လုံးဝထည့်သွင်းရေးသွင်းခြင်း မရှိကြသည်မှာ အံ့ဩဖွယ်ကောင်းလှသည်။

ညည့်ကြိုနေရာ၌ ထင်ထားသည့်အတိုင်း အဖေ-အမေနှင့် အစ်မများနှင့်အတူ တူမအချို့ကို တွေ့ရသည်။ ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ အမေလုပ်သူကတော့ ဝမ်းသာလွန်းလို့ မျက်ရည်ပင် လည်လေသည်။ ရှစ်နှစ်ကျော်ဟူသော ကာလသည် တစ်ခါတစ်ရံ လူ့ဘဝ၌ ပြောင်းလဲမှုများကိုပင် ဆက်တိုက်ဖြစ်ပေါ်စေနိုင်သော ကာလအပိုင်းအခြားပင် ဖြစ်သည်။

"ဟယ်. . သားရယ်၊ ဒီလောက်ကြံ့ခိုင်ထွားကျိုင်းပြီး တကယ့်ယောကျာ်းကြီးတစ်ယောက်လို ဖြစ်လာလိမ့်မယ်လို့ မေမေ မထင်ဘူး၊ ဓာတ်ပုံထဲကထက် အပြင်မှာ ပိုမိုကြံ့ခိုင်တယ်"

'အမေ့ပခုံးကိုဖက်ပြီး အမေ့ရင်ခွင်တိုးဝင်ချင်သော ငယ်မူစိတ်ကလေးပင် ပြန်ပေါ်လာခဲ့သည်။

"ထွန့်ထွန့်ရယ်၊ လူကြီးကြီး ဖြစ်နေပြီ"

"အန်ကယ်ထွန့် ကတတ်သေးသလား"

"ကတတ်တာပေါ့၊ အားရင် သွေးပူလေ့ကျင့်ခန်းအနေနဲ့ ကပြီးမှ ရေချိုးခန်းဝင်တာ ဘယ်တော့မှ မမေ့ဘူး"

မြန်မာပြည်ပြန်ရောက်တော့ လွတ်လပ်စွာ ပွင့်လင်းစွာ ပြောဆိုရခြင်း၊ မိသားစု၏ နွေးထွေးသော ကြိုဆိုမှုကြောင့် သျှင်ရဲထွန့် အပျော်ကြီး ပျော်လေသည်။





"သားအကြိုက် ပုစွန်ထုပ်ကြီးရယ်၊ ငါးရံ့အူ အချဉ်ဆီပြန်ဟင်းရယ်၊ ဂျူးမြစ်နဲ့ ဂေါ်ရခါးသီးချဉ်ရည်ရယ် အမေကိုယ်တိုင် ဝင်ချက်ထားတာသိလား"

"ဟာ ဒီအတိုင်းဆို သားတော့ အသားပို အဆီပို တက်လာမှာစိုးရတယ်၊ မဖြစ်ဘူး မနက်စောစောမှန်မှန်ထ၊ မှန်မှန်လေ့ကျင့်ခန်းပြန်ယူမှ ဖြစ်မယ်"

သျှင်ရဲထွန့်သည် ကားပေါ်ရောက်တော့လည်း ဟိုမှ အတွေ့အကြုံများကို တတွတ်တွတ်ပြောမဆုံးပေ။ မေးသူများကလည်းမေး၊ ဖြေသူကလည်း ပိုပိုသာသာဖြေနှင့် ကားပေါ်သည်းညံ၊ အိမ်ရောက်တော့လည်း ညံနှင့် ဖခင်ကား . .

"အင်း. . ဖိုးသောကြာ အိမ်ပြန်ရောက်မှပဲ တို့အိမ်ကြီးလဲ ပြန်စိုပြည်လာတယ်"

ဟု မျက်နှာသာမပေးစဖူးပေးကာ တပြုံးပြုံးဖြစ်နေလေသည်။ အလုပ်လုပ်ရင်း ပညာသင်ခဲ့သည်။ အင်ဂျင်နီယာဘွဲ့ စီးပွားရေးပါရဂူဘွဲ့ပင် ယူလာသော သားအတွက် ဂုဏ်ယူမဆုံး တပြုံးပြုံး ရှိနေသည်။

အစ်မများ၊ မိသားစုလည်း လက်ဆောင်ကိုယ်စီကိုယ်ငှပိုက်ပြီး ပြန်သွားကြချိန်နှင့် ဖခင်က သူ့အတွက်. . .

"ရော့သား. . ဒါ ကားသော့ လင်ခရုဆာအသစ်စက်စက်၊ ဒါက ဖုန်း၊ ဒါက သားပိုက်ဆံတွေနဲ့ ရင်းနှီးမြှုပ်နှံထားတဲ့ အစုရှယ်ယာလက်မှတ်၊ ဟောဒါက စုဆောင်းငွေတွေ အပ်ထားတဲ့ ဘဏ်သုံးခုရဲ့ ဘဏ်စာအုပ်"



www.burmeseclassic.com

www.burmeseclassic.com



ဖခင်က သူ့လက်ထဲသို့ တစ်ခုချင်း ထည့်ပေးလေသည်။

"ဟင် ဖေဖေတို့က မသုံးဘူးလား"

"ဘာသုံးစရာလိုသလဲ ဖေဖေတို့မှာ ပိုလျှံနေတာပဲ၊ မင်းကို ခုလိုလွှတ်ရတာ မင်းအတွက် မင်းမိသားစုအတွက်ပဲ၊ ကဲ. . သွားနားချေ"

သျှင်ရဲထွဋ်မိဘနှင့် ဝေးနေရမှ မိဘမေတ္တာ မိဘတန်ဖိုးကို ပို၍သိခဲ့သည်။ ထို့ကြောင့် ဟိုမှာ ကျောင်းချိန်ပြင်ပ ရှာဖွေ ရသမျှကို မိဘများထံသို့ ပို့ပေးပြီး ငွေရေးကြေးရေးနှင့် ပတ်သက်၍ အကောင်းအဆိုး လုံးဝမပြောခဲ့ပေ။

ခုတော့ သူရှာရသမျှသည် သူ့အတွက် သူတိုးပွားလာသမျှသည်လည်း သူ့အတွက်ပင် ဖြစ်နေသည်ကို အံ့အားသင့်ရသည်။

"ဩော်. . အိမ်တစ်အိမ်ဝယ်ထားပြီး သံရုံးကို ငှားထားပေးတယ်၊ အဲဒါ မီးခံသေတ္တာထဲမှာထင်တယ်၊ သုံးလဆိုနှစ်ချုပ်စေ့ပြီ၊ သားအိမ်ထောင်ပြုရင် အဲဒီအိမ် သားအတွက်ပဲ၊ အဲဒါကတော့ သားအတွက် မေမေတို့ လက်ဖွဲ့ပဲ၊ လိမ္မာတဲ့ သားအတွက် ဖေဖေမေမေရဲ့ လက်ဆောင်ပဲ"

အပေါ်ထပ်တက်ခဲ့ပြီး သစ်လွင်တောက်ပနေသော ပြင်ဆင်မှု အိပ်ခန်းဝယ် သူ ရောက်ရောက်ချင်း သတိရလိုက်သည်က မိဗျိုင်း။

မိဗျိုင်းထံ သူနှစ်သစ်ဦးချိန်တိုင်း ပို့စကာဒ်မှန်မှန်ပို့ကာ





အမြဲသတိရလျက်ဟူသော မှတ်ချက်တို့နှင့် သူ့ဆိုင်းထိုးကာ ပို့ခဲ့ပါလျက် မိဗျိုင်းထံမှ တုံ့ပြန်မှုမလာခဲ့။ မိဘများနှင့်ဖုန်းပြောသည့်အခါ. . .

"မိဗျိုင်း အကြောင်းမေ့ထားလိုက်တာ အကောင်းဆုံးပဲသား၊ သူက ဘွိုင်းဖရင်န်းတွေနဲ့ ပျော်မြူးနေတတ်ပြီ"

ဟု မိခင်က ရှေ့ငုံပိတ်စကားမျိုး ပြောခဲ့လေသည်။ ငွေဗျိုင်းဖြူ ငယ်သူငယ်ချင်းမလေး ငွေဗျိုင်းဖြူကို သူ ဘယ်လိုလုပ် မေ့နိုင်မည်နည်း။

ငွေဗျိုင်းဖြူအိမ် ဖုန်းဆက်သည့်အခါလည်း ဒေါ်ငွေနှင့်ကြုံရပြီး နှစ်ခါသုံးခါအပြင် သူပိုမဆက်တော့ဘဲ နေလိုက်တော့ သည်။ ယခုတော့ ငွေဗျိုင်းဖြူ ဖုန်းနံပါတ် ခေါ်လိုက်သည်။

"ဟဲလို"

လာပြန်ပြီ မိန်းမကြီးအသံ။

"မိဗျိုင်း ရှိလား"

"သားထွဋ်ထွဋ်လား လေးငွေပါ"

"ဟုတ်ကဲ့ လေးငွေ ကျွန်တော်ခုပဲပြန်ရောက်ပါတယ်၊ မိဗျိုင်းနဲ့ တွေ့ချင်တယ်"

"ကလေးလား ပြန်မရောက်သေးဘူး"

"ဟင် ဘယ်အချိန်မှ ပြန်လာမလဲ လေးငွေ"

" ဆေးခန်းပိတ်ချိန် ကိုးနာရီခွဲလောက် တစ်ခါတစ်ရံ ဆယ်နာရီပေါ့၊ အဲဒီလောက်မှ ပြန်လာလေ့ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျွန်တော် ညရောက်မှဆက်မယ်၊ သူ့ဖုန်း သိသလား ၊လေးငွေ"

"သိတယ် လေးငွေပြောပြမယ်"

သူဒေါ်ငွေပေးသော နံပါတ်ကို အလွတ်အရကျက်မှတ်လိုက်သည်။ လိုရမယ်ရ သူ့နုတ်ဘွတ်ခ်လေး၌လည်း မှတ်လိုက်သည်။

ငွေဗျိုင်းဖြူ ဘယ်ကမ္ဘာ ဘယ်အမြင့်အထိ ပျံသန်းလွင့်မျောခဲ့သည်ကို သူသိချင်လာသည်။

"ကိုအာကာကော"

"ဂျပန်မှာပဲ ပြန်ကိုမလာဘူး၊ ဟိုမှာ ကျောင်းတက်ရင်းတွေ့တဲ့ မြန်မာမတစ်ဦးနဲ့ လက်ထပ်လိုက်တယ်၊ ဟိုမှာပဲ ကျောင်းဆရာလုပ်ရင်း ကျောင်းဆက်တက်နေတယ်တဲ့"

"ဪ. . . လေးငွေကော ၊နေကောင်းတယ်နော်၊ ကျွန်တော် နောက်နေ့တွေမှာ လာတွေ့ပါဦးမယ်"

"ရပါတယ် ထွန်းထွန်းရယ်၊ သားမိဘတွေက ကြိုက်မယ်မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"လက်ရှမ်းကိုသာ မေးကြည့်တော့၊ ဒါပဲနော်ထွန်းထွန်း ပြန်လာတာကို လေးငွေ ဝမ်းသာပါတယ်၊ အပြီးပြန်လာတာလား"

"ဟုတ်ပါတယ် ကိုယ့်နိုင်ငံကို ကိုယ်မပြန်လာဘဲ ဘာလုပ်နေရမှာလဲ လေးငွေရာ၊ ဒါပဲနော် လာတွေ့ဦးမယ်"





သျှင်ရဲထွန်း ဖုန်းချလိုက်သည်။ ငွေဗျိုင်းဖြူ ပြောင်းလွဲနေပြီ ။ လွန်ခဲ့သော သုံးနှစ်ခန့်က ဦးထွန်းနိုင် ဆုံးသွားခဲ့သည်။ နာရေးကြော်ငြာ၌ မယားတွေတန်းစီနေခဲ့သည်။

တစ်ယောက်က ဝမ်းနည်းကြောင်းထည့်လိုက်၊ တစ်ယောက်ကထည့်လိုက်နှင့် တော်တော်လေးအကြာအထိ ဦးထွန်းနိုင်၏နာရေးက ပါနေခဲ့လေသည်။

ငွေဗျိုင်းဖြူ ဘယ်လောက်ရှက်ရှာမလဲ၊ အားပေးချင်လိုက်တာ။

" ငါ့နှယ် မိဗျိုင်းဆေးခန်းကိုမေးမထားမိပါလား၊ အင်းလေ ခုချိန်လှူပ်ရှားလို့ မေမေတို့ ရိပ်မိသွားရင် မကောင်းဘူး၊ အသာနေဦးမှ"

သျှင်ရဲထွန်းတွေးလိုက်သည်။

"ထွန်းထွန်း ဒီသေတ္တာက ထွန်းထွန်း အခန်းထဲယူခဲ့ရမှာလား"

လက်ရှမ်းအသံ။ ရေငတ်တုန်း ရေတွင်းထဲကျလေပြီ။

"ဟာ. . ယူခဲ့ရမှာပေါ့၊ လာ. . ဝင်ခဲ့ဦး လက်ရှမ်း"

လက်ရှမ်းသည် ရုပ်ကျသွားပြီ။ မီးသွေးခဲပမာ သူ့အသားအရည်က မပြောင်းလဲပေ။ ဒေါ်ရွှေစာကို မေးလျှင် မီခင်နားချက်ချင်း ပြန်ရောက်မည်ဖြစ်၍ လက်ရှမ်းကိုပဲမေးတာ အကောင်းဆုံးဟု ဆုံးဖြတ်ကာ. . .

"နောက်မှ လက်ဆောင်ခွဲတန်းချမယ်၊ အောလော ဆယ် ကျွန်တော်မေးတာဖြေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမေးမလို့လဲ၊ မိဗျိုင်းအကြောင်းလား"

"ဒါပေါ့ လက်ရှမီးက သိပ်အလိုက်သိတာ ဒါကြောင့် လက်ရှမီးအတွက် ပိုပါတာပေါ့"

"ရှူး. . တိုးတိုး. . အစ်မနော်ကြားသွားရင် လက်ရှမီး ခေါင်းနဲ့ဆင်းပြေးရလိမ့်မယ်"

"တိုးတိုးပြောဗျာ၊ ဘာဖြစ်လို့လဲ"

"မိန်းကလေးနော် လုံးဝမကောင်းဘူး၊ ယောကျ်ားတွေနော် ယူလဲမယူဘဲ တစ်ယောက်ပြီးတစ်ယောက်တွဲတယ်၊ သွားတယ် ဒါကို အစ်မနော် လုံးဝမကြိုက်ဘူး၊ ဆရာကြီးလဲ မကြိုက်ဘူးနော်၊ လက်ရှမီးတို့ပါ အဲဒီအိမ်နဲ့ မပတ်သက်ရဘူး အမိန့်ထုတ်ထားတယ်နော်၊ ထွန့်ထွန့်လဲ မသွားနဲ့ မိဗျိုင်းနော် မကောင်းတော့ဘူး၊ ပျက်စီးနေပြီ. . ."

သျှင်ရဲထွန့်ရင်ထဲ သံပူစနှင့် ထိုးလိုက်သည့်နှယ် နာကျင်သွားလေသည်။

"ဖြစ်မှဖြစ်ရလေ မိဗျိုင်းရယ်၊ နင် ဘာတွေများမဟုတ်တာတွေ လျှောက်လုပ်နေရတာလဲ၊ နင် ဒီလိုပုံစံမျိုးဆို ငါလဲ ခွင့်မလွှတ်နိုင်ဘူး၊ ငါကိုယ်တိုင်တောင် တစ်လင်တစ်မယား စနစ်နဲ့ ယဉ်ကျေးမှုရှိတဲ့ ငါ့နိုင်ငံရဲ့ ယဉ်ကျေးမှုကို ဘယ်လောက် စောင့်ထိန်းနိုင်ခဲ့တယ်ဆိုတာကို နင့်ကို ပြောပြချင်တယ်၊ စည်းကမ်းတွေမရှိဘဲ လွတ်ချင်တိုင်းလွတ်နေတဲ့ နိုင်ငံမှာတောင် ငါ့ကိုယ်ငါ စောင့်ထိန်းနိုင်ခဲ့ပါလျက် နင်ကကွာ"

ရင်တွင် မချိတင်ကဲဖြစ်နေစဉ်မှာပင် လက်ရှမီးက. .





"ထွန့်ထွန့်နော်၊ ဆရာကြီးက ဒီအိမ်မှာ မိဗျိုင်းနဲ့ ပတ်သက်ပြီး နာမည်တောင်မဟာမိစေနဲ့လို့ အမိန့်ထုတ်ထားတာ နော်၊ လက်ရှမီးနော် ထွန့်ထွန့်မေးလို့ပြောရတာ၊ ကျန်ကိစ္စတွေ ထွန့်ထွန့်ဘာသာ စုံစမ်းတော့ အကောင်းဆုံးကတော့ ထွန့်ထွန့်နဲ့ မိဗျိုင်းမတန်ဘူးနော်၊ ဒီပြင် မိန်းမသာ ယူလိုက်တော့"

"အင်း. . ရပြီ သွားတော့ လက်ရှမီး. . ကျေးဇူးပဲ၊ ညရောက်မှ လက်ဆောင်တွေထုတ်ပေးတော့မယ်၊ ကျွန်တော်နားတော့မယ် "

"ထွန့်ထွန့်. . နား. . နား လက်ရှမီးသွားတော့မယ်"

လက်ရှမီးထွက်သွားသည်နှင့် သူအိပ်ရာပေါ် ပစ်လှဲချလိုက်လေသည်။ မိသားစု၏ နွေးထွေးသောအပြုအမူ ခေတ်မီတိုးတက်နေသော နိုင်ငံတော်၏ အနေအထားအားလုံးကရင်ကို ဘဝင်ကျစေသော်လည်း ငယ်ကျွမ်းဆွေအတွက် ရတက်မအေးနိုင်ချေ။

ငွေဗျိုင်းဖြူရယ် အဘယ်အဝေးအထိများ တွယ်ရာမဲ့ လွင့်မျော ပျံသန်းနေချင်ရတာလဲ ။ သျှင်ရဲထွန့်၌ မီးတောက်လျက်. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၇)

"မိဖျိုင်း"

ငွေဖျိုင်းဖြူ ဆတ်ခနဲတွန့်သွားသည်။ နှစ်ပေါင်းများစွာ ကွဲကွာနေသော်လည်း အကျွမ်းတဝင်ရှိခဲ့သည့် အသံကိုတော့ ဘယ်လိုအချိန်အခါမျိုးဖြစ်ဖြစ် ငွေဖျိုင်းဖြူ မှတ်မိနေသည်။

အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်။ မှောင်ရိပ်မကျတကျ၌ ရှိနေရာ၌ ရပ်နေသော လူတစ်ယောက်။





ထူးခြားစွာ ခန့်ညားတည်ငြိမ်နေတတ်သော်လည်း ချောမောသော ဥပမိရုပ်က ပျောက်ပျက်မသွား။ တကယ့်ကို လူကြီးလူကောင်းစတိုင်နှင့် လူကြီးတစ်ယောက်ဖြစ်နေသော သျှင်ရဲထွဋ်ကို တွေ့လိုက်ရသည်။ ရင်မှာ နာကျင်သွားသည်။

"ငထွဋ် နင်ပြန်ရောက်လာပြီလား"

"အင်း. . နင်အားပြီလား"

"နေဦး ညစာစားဖို့ ဖိတ်ထားတဲ့သူရှိတယ်၊ သူ့ကိုသွားပြောလိုက်ဦးမယ်"

ခပ်လှမ်းလှမ်း၌ ရပ်ထားသော မာစီးဒီးကားနား၌ ရပ်နေသောသူ့ထံသို့ ငွေဖျိုင်းဖြူ လျှောက်သွားလေသည်။ အစွမ်းကုန် အလှပန်းများပွင့်လန်းနေသော ငွေဖျိုင်းဖြူ၏ အလှကို သျှင်ရဲထွဋ် မှင်တက်ငေးမောမိလေသည်။

ယခင်ကလို မော်ဒယ်လ်ပုံစံ ပိန်ပိန်ပါးပါးလှပ်လှပ် ခန္ဓာကိုယ်မျိုး မဟုတ်တော့။ မိခင်တို့ အစ်မတို့ခေတ်ကလို မယ်ဗမာကိုယ်လုံးမျိုး ဖြစ်နေပြီ။ မျက်နှာ၌ ရင့်ကျက်မှု၊ ထိုက်သင့်သော ခြယ်သမှုက ငွေဖျိုင်းဖြူ၏ အလှကို ဖြည့်စွက်ပံ့ပိုးပေးထားလေပြီ။

မြင်သူဘဝင်ဆူကာ လှိုက်မောစေလောက်သော အလှမျိုး ဖြစ်နေသည်။ ငွေဖျိုင်းဖြူက အပြုံးလှလှနှင့် ဘာစကားတွေ ဆိုလိုက်သည်မသိ။ ထိုပုဂ္ဂိုလ်က အပြုံးမြမြနှင့် လက်ခံပြီး ကားပေါ်တက် ကားနောက်ဆုတ်ကာ ထွက်ခွာသွားလေတော့သည်။ လူကြီးလူကောင်း ပုံစံအပြည့်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ငွေဖျိုင်းဖြူ သူ့ထံပြန်လျှောက်လာသည်။

"နင် ဘယ်တုန်းက ရောက်သလဲ"

"သုံးရက်ရှိပြီ"

"ဆေးခန်းပိတ်ပြီလား"

"အင်း. . ငါးနာရီခွဲကနေ ရှစ်နာရီအထိပဲ သတ်မှတ်ထားတယ် လူနာမပြတ်တော့လဲ ဆက်ကုပေါ့လေ"

"ဒါပေမယ့်. . နင်အိမ်ကို ဆယ်နာရီမှ ပြန်ရောက်တယ်မဟုတ်လား"

"အင်းလေ. . နင်မြင်တဲ့အတိုင်းပဲ၊ ငါ့အတွက် ညစာလိုက်ကျွေးချင်တဲ့လူတွေ တန်းစီထားရတာ နင်က အခွင့်ထူးခံအနေနဲ့"

"တော်စမ်းပါ လာကားပေါ်တက်"

"နိုး. . နိုး. . ကိုယ့်ကားနဲ့ကိုယ်သွားပါရစေ နင်ဘယ်သွားမလဲပြော ငါနောက်ကလိုက်ခဲ့မယ်"

"ငါ မြန်မာထမင်းဟင်း စားချင်တယ် နင်ဦးဆောင်သွား ဒီလိုလဲမကောင်းဘူး နင်နဲ့ ငါစကားပြောချင်တာ ငါ့ကားဒီမှာပဲ ရပ်ထားတယ် ဖြစ်မလား၊ ပြီးမှ ဒီမှာပဲ လမ်းပြန်ခွဲကြမယ်"

"ဖြစ်ပါတယ် ဒီမှာ အစောင့်ရှိတာပဲ"

ငွေဖျိုင်းဖြူက ဆေးခန်းတံခါးပိတ်ရန် ဟန်ပြင်နေသော မိန်းမတစ်ဦးကို လှမ်းပြောလိုက်သည်။

"ဒေါ်ဝင်းရေ ဒီကား ဒီမှာထားခဲ့ဦးမယ် ပြီးမှလာယူမယ် မအိပ်သေးဘူးမဟုတ်လား"





"စိတ်ချပါ ကိုရိုးယားကားပြီးမှ အိပ်မှာ၊ သံတံခါးပဲ ပိတ်ထားမှာ ဒီနေရာစိတ်ချရပါတယ်"

ငွေဖျိုင်းဖြူ၏ မတ်ခ်အိတ်စ်နှင့် သူလိုက်ပါခဲ့သည်။ ငွေဖျိုင်းဖြူက ကားကိုကျင်လည်စွာ မောင်းထွက်ခဲ့လေသည်။ ငွေဖျိုင်းဖြူမျက်နှာသည် စက်ရုပ်ဆန်နေသည်။ အပြုံးအရယ်မရှိ၊ ခံစားချက်ကင်းမဲ့ သူပမာ ဖြစ်နေသည်။

"နင် ဘာဖြစ်လို့ ငါ့ဆီကို စာမရေးတာလဲ"

"ငါမအားဘူး"

"လူတစ်ယောက်ဟာ အားလပ်ချိန်မရှိအောင် အလုပ်လုပ်နေတယ်ဆိုရင် အဲဒီလူဟာ သေဖို့ပဲကောင်းတော့တယ်"

"ဟုတ်တယ် သေဖို့ကောင်းတာ မသေသေးလို့၊ သေခြင်းကို ငါပျော်ပျော်ကြီး စောင့်ဆိုင်းနေတာ"

"နင် ဘယ်ကို မောင်းနေတာလဲ"

"နင်ပဲ မြန်မာထမင်း ကောင်းကောင်းစားချင်တယ်ဆို လေဆိပ်မှာတစ်ခု မင်္ဂလာဒုံအလွန်မှာတစ်ခုရှိတယ်၊ လေဆိပ်ကို သွားမလို့"

"အင်း. . ဟိုပုဂ္ဂိုလ် နာကစ်သွားသေးသလား"

"မကာစ်ပါဘူး၊ ဒါပေမယ့် သူ့အတွက် ငါမနက်အာအချိန်ပေးလိုက်လို့ ကျေနပ်သွားတယ်"

"နင့်ရည်းစားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . ဟင်း. . ဟင်း. . "

မရယ်ချင် ရယ်ချင်နှင့် ရယ်သံပြုလိုက်သည်။ မျက်လုံးများက အရယ်အပြုံးမရှိချေ။

"ရည်းစားဆိုတာ ဘာလဲ"

"ဟင်"

"ငါနားလည်သလို ပြောရမလား"

သျှင်ရဲထွဋ် ငွေဗျိုင်းဖြူကို နားမလည်နိုင်အောင်ဖြစ်နေရုံမက ရင်ထဲမှာ ထိရှနာကျင်လျက်ရှိသည်။ ငွေဗျိုင်းဖြူကို သူနားလည်အောင် အများကြီး ကြိုးစားရဦးမည်။

"ပြော မိဗျိုင်း ငါ နင့်ခံစားချက် ငါမရှိစဉ်ကာလမှာ နင်လောကကို ဘယ်လိုဖြတ်သန်းလျှောက်လှမ်းခဲ့ရတယ်ဆိုတာ ငါသိချင်တယ်"

"ငါ့အကြောင်းတွေ နင်သိအောင်ပြောဖို့က အချိန်မရသေးဘူး၊ လောလောဆယ် ခုနကစကားကို ငါဆက်မယ်၊ ရည်းစားဆိုတာ ဘဝနှစ်ခုပေါင်းစပ်လက်တွဲဖို့အတွက် ရည်ရွယ်ပြီး နှစ်ကိုယ်တူချစ်ကြတဲ့ ချစ်သူစုံတွဲကို ရည်းစားလို့ခေါ်တာ ဟုတ်တယ်မဟုတ်လား ငထွဋ်"

"အင်း"

ဖိုးသောကြာဟု ကင်ပွန်းတပ်ခံခဲ့ရသော သျှင်ရဲထွဋ် စကားနည်းနေလေပြီ ။ သူ၏ အသံအိုးကို မွန်းကျပ်မှုတစ်ခုက လာရောက်ပိတ်ဆို့ထားလေသည်။

"ခုတွဲနေတာက. . အင်း. . အတွဲလေ၊ နင်နားလည်





မှာပါ၊ ငါ လေ့လာနေတာ၊ ငါလက်ထပ်ဖို့ အရွယ်လွန်နေပြီ၊ သိပ်အချိန်မနှောင်းခင် ငါ့ အနာဂတ်မျိုးဆက်အတွက် ငါ ယောကျ်ားတစ်ဦးကို ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ၊ ငါ လက်ထပ်ဘို့ ဆုံးဖြတ်လိုက်ပြီဖြစ်လို့ ငါရွေးချယ်နေတာ၊ ဒါပေမယ့် တစ်ကိုယ်ကောင်းဆန်တယ်ပဲပြောပြော ငါ့ကို အချစ်နိုင်ဆုံး ယောကျ်ားတစ်ဦးကိုပဲ ငါရွေးချယ်မယ် ဆုံးဖြတ်လိုက်တာ၊ ခု ငါရွေးချယ်ဖို့အတွက် တွဲနေတာ ရွေးစရာ များများရှိလေ ပိုကောင်းလေပဲ မဟုတ်လား ငထွဋ်ရာ"

"မိဗျိုင်းရာ. . နင်. . နင်ထင်ရာတွေ နင်စွတ်လုပ်နေတာပဲ၊ နင့်ရဲ့ ဂုဏ်သိက္ခာကို နင်ထည့်မတွက်တော့ဘူးလား"

"ဂုဏ်သိက္ခာ. . ဟုတ်လား၊ ဂုဏ်သိက္ခာဆိုတာကို ဘယ်လို ပေတံနဲ့တိုင်းတာလဲ ငထွဋ်"

သျှင်ရဲထွဋ် ငွေဗျိုင်းဖြူကို ခေ့ခေ့ကြည့်ကာ အကဲခတ်လိုက်သည်။ အင်မတန်လှပသော မိန်းမတစ်ဦးထံမှ အတ္တည်းတန်အရုပ်ဆိုးသော စကားများကိုကြားနေရသည့်အတွက် သူ့ ရင်တွင်းမချိအောင် ခံစားရလေသည်။

"ဂုဏ်သိက္ခာကို ကိုယ်ကျင့်တရားဆိုတဲ့ ပေတံနဲ့ တိုင်းတာတာပေါ့ကွာ"

"ဟင်း. . ဟင်း. . ဟင်း. . နင်မှားနေပြီ၊ ငါမြင်တာ ကြုံတွေ့နေရတာတွေကတော့ ဂုဏ်သိက္ခာဆိုတဲ့အရာကို သာ ရာထူးဂုဏ်ရှိန်၊ ငွေကြေးဓနဥစ္စာဆိုတဲ့ ပေတံတွေနဲ့ပဲ တိုင်းတာနေကြတာ၊ ငါ ရင့်ရင့်သီးသီးမပြောချင်ဘူး. . .



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တစ်ခုပဲပြောမယ် သာမန်လူတန်းစားက မိန်းကလေးရည်းစားနှစ်ယောက်ထဲပဲထားဦး ပတ်ဝန်းကျင်က တန်းရောက်အောင် ပါးစပ်နဲ့ပိုပ်စ်ကြတယ်၊ ပိုက်ဆံရှိ ဂုဏ် ဖြဝ်ရှိတဲ့ အသိုင်းအဝိုင်းက မိန်းကလေး ဘယ်နှစ်ယောက်နဲ့ပဲ နေနေ နှုတ်ပိတ်ပြီးတော့တောင် ချီးမြှောက်ကြတာ"

"ဒီလိုမထင်ပါနဲ့ မိဖျိုင်းရယ်၊ လောကကြီးမှာ ကိုယ့် ကိုယ်ကျင့်တရားကို အများသူငါသိဖို့ထက် ကိုယ့်ကိုကိုယ်သိ ဖို့ . ကိုယ့်ကိုကိုယ် ယုံကြည်နားလည်ဖို့ပဲ အရေးကြီးပါတယ်၊ ကိုယ့်ကိုယ်စောင့်နတ်က ကိုယ်ကျင့်တရားနဲ့ပတ်သက်ပြီး အ ကောင်းဆုံးသောသက်သေနဲ့ အကောင်းဆုံးသော တရားသူ ကြီးပါ မိဖျိုင်းရာ"

ငွေဖျိုင်းဖြူ ကားမောင်းရာမှ လမ်းဘေးထိုးရပ်လိုက် သည်။ ကားတံခါးဖွင့်ကာ ဆင်းပြီး ကောင်းကင်ကို မော့ကြည့် ကာ ငြိမ်သက်စွာ ရပ်နေလေသည်။ သျှင်ရဲထွဋ် လိုက်ဆင်း လိုက်သည်။ ငွေဖျိုင်းဖြူ အနီးရပ်ကာ အကဲခတ်လိုက်သည်။ ငွေဖျိုင်းဖြူရင်ထဲ ဘာတွေခံစားနေရသလဲ။ ဘယ်လိုဘဝမျိုး ကို ဖြတ်သန်းခဲ့ရသလဲဆိုတာ သူသိချင်လိုက်တာ။

"မိဖျိုင်း"

"......"

"နင် ဘာတွေဖြစ်ခဲ့ ခံစားခဲ့ရတယ်ဆိုတာ ငါ့ကိုပြော ပြပါဦး၊ ငါ နင်နဲ့အတူ မျှဝေခံစားပေးမယ်"

ငွေဖျိုင်းဖြူ သျှင်ရဲထွဋ်ကို လှမ်းကြည့်လိုက်သည်၊





အင်မတန် တည်ကြည်ခန့်ညားပြီး စိတ်ဓာတ်ကြံ့ခိုင်သော သူ ၏ ကောင်းသတင်းများအတွက် သူ့မိသားစု ဂုဏ်ယူစွာ အမြဲ ထုတ်လွှင့်လျက်ရှိခြင်းကြောင့် သျှင်ရဲထွဋ်အတွက် မိမိတိတ် ဆိတ်ကျိတ်၍ ဂုဏ်ယူဝမ်းသာခဲ့ရသည်။

သို့သော် သျှင်ရဲထွဋ်၏ ဂုဏ်သတင်းက မြင့်မားလေ လေ မိမိနှင့် ဝေးကွာသွားလေလေ ခံစားခဲ့ရသည်။ ယခု ဖျိုး အိုင်းကြိုက်လောက်သည့် အဖိုးတန်နှင်းဆီခိုင်ကြီးက မိမိ အပါး ယိမ်း ယိုင်ကာ ဆွတ်ချူလွှင့်စေဖို့အရေး ရောက်ရှိလာ လေပြီ။

"ထွဋ်ထွဋ်"

"ဒီနေ့ နင်ငါ့အကြောင်းတွေ ဘာမှမမေးနဲ့တော့၊ ဆက်မေးမယ်ဆိုရင် ငါနဲ့နင့် အခုပဲ လမ်းခွဲကြမယ်"

"အေးပါ၊ နင်ခံစားရမယ်ဆိုရင် ငါမမေးတော့ဘူး၊ ဒါပေမဲ့ ငါ နင်နဲ့တွေ့ချင်သေးတယ်၊ နင် ငါ့ကို နင့်အကြောင်း ပြောပြရဲပြီဆိုတဲ့အချိန် တစ်နေရာရာမှာ တွေ့ဆုံဖို့ အချိန်းအ ချက် လုပ်ကြရအောင်"

"တစ်နေရာ . . အဟင်းဟင်း . . နင် ငါ့အိမ်ကို မလာ ဘူး မဟုတ်လား"

ငွေဖျိုင်းဖြူက နာကြည်းသံစွက်၍ မေးလိုက်လေ သည်။ သျှင်ရဲထွဋ်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ငွေဖျိုင်း ဖြူအား စိုက်ကြည့်လိုက်သည်။ ငွေဖျိုင်းဖြူ နှုတ်ခမ်းက ပြုံးနေ သည်။ သို့သော် မျက်လုံးများက ခနိုးခနဲ့ဟန်နှင့် လျှောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာလို့ မလာရဲရမှာလဲ"

"ဟုတ်မှုလဲပြောပါ ထွေးနှင့်ရယ်"

"ငါ့ကိုယ်ငါ ပိုင်ပါပြီဟာ"


"ကောင်းပြီလေ၊ ဒီလိုဆို ငါ နေ့လည်ဘက်မှာ အိမ်ပြန်အနားယူတယ်၊ တစ်နေ့ပေါ့၊ နင်အိမ်မှာ နေ့လယ်စာ လာစားရင်း၊ ငါ့အကြောင်းတွေ လာနားထောင်ဖို့ ငါဖိတ်ခေါ်တယ်၊ နင်ပေးနိုင်တဲ့နေ့ပေါ့၊ ငါမျှော်လင့်နေမှာပါ၊ ကိုင်း . . ငါတို့ ထမင်းသွားစားကြစို့ နင်အတွေ့အကြုံတွေ ငါ့ကိုပြောပြ"

"အိုကေ"

နှစ်ဦးသား သဘောတူညီချက်ရပြီး ကားဆီသို့ ပြန်ဦးတည်လိုက်လေသည်။







# အခန်း (၂၈)

သျှင်ရဲထွဋ်အတွက် အမျှော်လင့်ဆုံးနှင့် တန်ဖိုးအထားဆုံး မိန်းမတစ်ယောက်မှာ ငွေဗျိုင်းဖြူ တစ်ယောက်တည်းသာရှိသည်။ ငယ်စဉ်ကလေးဘဝမှသည် ကြီးကောင်ဝင်ပြီး ဆယ်တန်းအောင်သည်အထိ တတွဲတွဲ အတွဲမပျက်ခဲ့ကြ။ နောက်ပိုင်း မိမိဘက်က မိဘများရော၊ ငွေဗျိုင်းဖြူဘက်မှပါ သဘောထားပြောင်းလွဲခဲ့သဖြင့် အနည်းငယ် ဝေးကွာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှ . . အဝေးဆုံးသို့ နှစ်ပေါင်းရှစ်နှစ်ကျော်လုံးလုံး ခွဲခွာနေခဲ့ကြသည်။ သူ့ရင်ထဲက လုံးဝမမေ့။ တိုက်ဆိုင်မှုကြုံကြိုက်မှုလေးတွေ တွေ့လိုက်ခိုက် မိဗျိုင်းဆိုသော ငယ်ကျွမ်းဆွေကို တမ်းတမ်းတတကို သတိအရကြီးရခဲ့သည်။

ယခုလိုပြန်လည်ဆုံတွေ့ခိုက်၌ နှစ်လိုဖွယ်မရှိသော အနေအထားမျိုးတွေ တွေ့မြင်ရသော်လည်း သူ မစိမ်းကားရက်နိုင်သေးပေ။ မိဘများ မသိအောင် တိတ်တခိုးဆက်သွယ်ဖို့ သူ ဆုံးဖြတ်ခဲ့လေသည်။

"ထွဋ်ထွဋ် ပြန်ရောက်ခြင်း အထိမ်းအမှတ် ပါတီပွဲ လုပ်ပေးရင်ကောင်းမလား အမေကြီး"

"ပါတီပွဲဟုတ်လား၊ ဘာလုပ်မှာလဲ ဖေဖေ၊ ဘုန်းကြီးကျောင်းမှာ နေ့ဆွမ်းကပ်ပြီး မိတ်သင်္ဂဟတွေပါ ကျွေးလိုက်ပေါ့။ သားငွေနဲ့ ကျောင်းဆောက်တဲ့နေရာလှူပြီး ရေစက်ချပွဲလေးပါ လုပ်လိုက်တာ အကောင်းဆုံးပဲ ဖေဖေ၊ ကျွန်တော်လဲ ဆရာတော်ကို သွားကန်တော့ရဦးမှာ"

သျှင်ရဲထွဋ်မှာ ထုံးစံအတိုင်း လေကြောရှည်ရှည်ဖြင့် သူ့ဆန္ဒကိုတင်ပြလိုက်သည်။ ဖခင်ကိုတော့ ငယ်ကြောက်မို့ မဝံ့မရဲရှိသော်လည်း မိခင်ကတော့ သူ့ဆန္ဒကိုလိုက်လျောပြီး သားဟု ယုံကြည်စွာဖြင့် မိခင်အား မျက်လုံးရွဲရွဲဖြင့် ကြည့်ကာ လှမ်း၍ စစ်ကူတောင်းလိုက်သည်။ မိခင် ဒေါ်စိန်စိန်က သဘောကျစွာ ရယ်မောပြီး . . .

"ဟုတ်သားပဲ အဖေကြီးရဲ့၊ သားလေးက ကြည့်စမ်း





အနောက်တိုင်းသွားနေပေမယ့် မြန်မာစိတ် လုံးဝမပျောက်ပျက်တာကိုကပဲ စိတ်ချမ်းသာဖို့ကောင်းလိုက်တာ သားသဘောသား"

ဖခင်က မပြုံးမရယ် ခပ်တည်တည်နှင့်ပင် . . .

"အမေကို ကပ်ချွဲပြီး စစ်ကူတောင်းတဲ့ အကျင့်ကလဲ ပျောက်မသွားဘူး . . ကြာမျက်လုံးကလဲ"

"အို . . ရှင်ကလဲ သားမျက်လုံးကိုက မွေးရာပါဆွဲဆောင်မှုရှိနေတာကိုး ဘယ်တတ်နိုင်မလဲ၊ ဒီလိုဆို မနက်ဖြန်ဘဲ မေမေ အင်းစိန်ဘက်သွားစရာရှိတယ်၊ မြို့ကုန်းပါဝင်ပြီး ဆရာတော်ကို တစ်ခါတည်း ဝင်လျှောက်ခဲ့မယ်၊ ပေးနိုင်တဲ့ ရက်ပေါ့နော်"

"ဟုတ်ကဲ့ မေမေ၊ ကျွန်တော်တော့ မလိုက်နိုင်သေးဘူး။ လုပ်စရာကိစ္စလေးတွေလုပ်ဖို့ ချိန်းထားတာရှိလို့"

"အေး . . အေး . . ရတယ်"

မြို့ကုန်းတောရ ရွှေကျင်သာသနာပိုင် စာသင်တိုက်သည် အရှေ့ကြို့ကုန်း တောင်ကုန်းပေါ်၌ရှိသော စာသင်တိုက်ဖြစ်သည်။ မိဘဘိုးဘွားစဉ်အဆက် ကိုးကွယ်ဆည်းကပ်ပြီး သာသနာတော် အဓွန့်ရှည်ရေးအတွက် ဆွမ်းကွမ်းကျောင်း ဝေယျာဝစ္စ စာသင်သားများအတွက် လိုအပ်ချက်များကို အမြဲပံ့ပိုးလှူဒါန်းနေကျဖြစ်၍ သျှင်ရဲထွဋ်၏ စိတ်၌ ထိုအလှူဒါနမျိုးကို ပါတီပွဲထက်ပို၍ ပြုလုပ်ဖို့ စိတ်အားထက်သန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သား မဆိုးဘူး။ မင်းမှာ မပြောင်းလဲတဲ့စိတ်ဓာတ်ရှိရင် ဖေဖေစိတ်ချပြီ၊ ဒါပေမယ့် အိမ်ထောင်ရေးကိစ္စမှာတော့ စုံလုံးကန်းတဲ့ မျက်ကန်းမျိုးမဖြစ်စေနဲ့၊ အစစအရာရာ သတိထားပါ၊ အချစ်မှာ သဒ္ဒါလွန်ရင် တဏှာကျွန်ဖြစ်တတ်တယ်နော် ထွန်းရွှင်၊ မင်းအတွက် အသင့်တော်ဆုံး အိမ်ထောင်ဖက်က ဟီရိုဩတ္တပ္ပတရားနဲ့ ပြည့်စုံတဲ့ မြန်မာစံမိန်းမမျိုးဖြစ်ပါစေ"

သျှင်ရဲထွန်းရွှင်ထဲ ထိတ်ခနဲဖြစ်သွားပြီး နာကျင်သလိုလိုလည်း ခံစားလိုက်ရသည်။ ငွေဗျိုင်းဖြူနှင့် ပတ်သက်၍ နာမည်ထုတ်ဖော်ပြောခြင်း မရှိသော်လည်း ငွေဗျိုင်းဖြူကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ခြင်းကို လက်မခံနိုင်ကြောင်း သတိပေးလိုက်ခြင်း ဖြစ်သည်ဟု နားလည်လိုက်လေသည်။

"စိတ်ချပါ ဖေဖေ၊ ကျွန်တော်ကိုယ်တိုင်လဲ ရောမရောက်ရင် ရောမလိုကျင့်ရမယ်၊ Water Fallow,Fish Fallow မလုပ်ခဲ့တော့ ကျွန်တော့်အိမ်ထောင်ဖက်ဟာ တကယ့်ကို စံမိန်းကလေးဖြစ်ရမှာပါ"

သျှင်ရဲထွန်းရွှင် ရင်နာနာနှင့် အာမခံချက်ပေးလိုက်လေသည်။

"ကျွန်တော် အိပ်တော့မယ် ဖေဖေနဲ့မေမေ"

"အေး. . အေး"

သျှင်ရဲထွန်းရွှင် မိဘနှစ်ပါး၏ အကဲခတ်လေ့လာမှု မျက်ဝန်းစက်ဝန်းအောက်မှ ရှောင်ထွက်ပြေးခဲ့လေသည်။ အိပ်ခန်း





ထဲရောက်မှ တံခါးကို သော့ချလိုက်သည်။ ငွေဗျိုင်းဖြူအိမ်ပြန်ရောက်လောက်ပြီလား။

ငွေဗျိုင်းဖြူ၏ ဖုန်းနံပါတ်ကို နှိပ်လိုက်လေသည်။

"ဟဲလို မိဗျိုင်း"

"ဩော်. . ထွန်းရွှင်လား ငါ ညစာစားနေလို့ နောက်မှ ငါ ပြန်ဆက်မယ် ဒါပဲ"

သျှင်ရဲထွန်းရွှင်ထဲ နာကျင်သွားရုံမက ဒေါသစိတ်ကလေးပင် ပြူထလာသည်။ ငွေဗျိုင်းဖြူ ဘယ်လိုပုဂ္ဂိုလ်မျိုးနှင့် အတူ ညစာစားသုံးနေသလဲ။ ဒါမျိုးလုပ်သင့်သလား။ အိမ်ဦးနတ်ရွေးချယ်မှုမှာ ညစာအတူစားခြင်း ပါဝင်သလား။

"တောက်. . မဟုတ်သေးပါဘူး မိဗျိုင်းရာ၊ နင် လွန်လွန်းပြီကွာ"

သူခေါင်းခါယမ်းပြီး အနာဂတ်အတွက် လုပ်ဆောင်ရမည့် စီးပွားရေးလုပ်ငန်းအကြောင်း စဉ်းစားလုပ်သည်။ အတွေ့မ်းကျင်ဆုံးက ဆောက်လုပ်ရေးလုပ်ငန်း (Construction) တစ်ခုကို ထောင်ရမည်။

တစ်ဦးတည်းပိုင် အလုပ်ရုံနှင့်သူ၏ စုဆောင်းငွေက လုံလောက်နေသည်။ ဖခင်နှင့်တိုင်ပင်ပြီး လုပ်ငန်းတစ်ခုကို စတင်အကောင်အထည် ဖော်ရမည်။ အလုပ်ရှိနေခြင်းက စိတ်ကိုထိန်းချုပ်မှုတစ်ခု ရရှိနေသည်။

ဆယ်နာရီခွဲခန့်၌ သူ့ဖုန်းမှ ခေါ်သံမြည်လာသည်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"ငထွဋ် နင် မအိပ်သေးဘူးလား"

"အေး. . နင့်ဖုန်းကို ငါစောင့်နေတာ နင်အခုမှ ပြန်ရောက်တာလား"

"အင်း. . အကျီတောင်လဲပြီးပြီလေ၊ ကိုင်း. . ဆို. . ဘာကိစ္စလဲ"

"မနက်ဖြန် ဆယ့်တစ်နာရီလောက် နင့်အိမ်ကို ငါလာခဲ့မယ်၊ ထမင်း အဲဒီမှာပဲစားမယ်. . ဖြစ်မလား"

"ဖြစ်ပါတယ် ငါမျှော်လင့်နေတဲ့ နေ့ရက်တစ်ခုပဲ၊ ဘာကိစ္စတွေရှိရှိ ငါဖျက်ပြီး နင်နဲ့ပဲ တွေ့ဆုံမှာပါ"

"ဒါဖြင့်လည်းပြီးရော၊ နင်နားတော့လေ"

"အင်း"

ငွေဗျိုင်းဖြူဘက်မှ အရင် အဆက်အသွယ်ဖြတ်တောက်လိုက်သည်။ သျှင်ရဲထွဋ် သက်ပြင်းချလိုက်သည်။ အချစ်နှင့်ပတ်သက်လာလျှင် တန်ဖိုးထားကာ အစွဲအလန်းကြီးသော သူ့အတွက် အခက်ကြီးခက်ခဲရလေပြီ။

ငယ်စိတ်မှ ကြီးစိတ်ပြောင်းလာကတည်းက "မိဗျိုင်း" ဟူသော ငယ်ကျွမ်းဆွေကလွဲပြီး သူ ဘယ်မိန်းမကိုမှ လက်တွဲဖို့ မရည်ရွယ်ခဲ့ခြင်းကို မိဗျိုင်းသာ ယုံကြည်စိတ်ထားခဲ့ပြီး သူ့ကိုတန်ဖိုးထား စောင့်နေခြင်းဆိုပါက အဘယ်မျှ ကောင်းလိမ့်မည်နည်း။

ယခုတော့ မိဗျိုင်းနှင့်ပတ်သက်၍ သတင်းများက မကောင်း။ မိမိ၏ မိဘများဘက်ကလည်း မီးနီပြကာ ခါးခါး





သီးသီး ဆိုတော့. . .


သျှင်ရဲထွဋ်သက်ပြင်းချပြီး အိပ်ပျော်စေရန် ကြိုးစားလိုက်လေသည်။ သို့တိုင်အောင် အစွမ်းကုန်ပွင့်လန်းနေသော ပန်းတစ်ပွင့်နှင့် ငွေဗျိုင်းဖြူအလှက သူ့အာရုံထဲ တဝဲဝဲလည်လျက်. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၉)

"ဒေါက်တာမိုးမြင့်ဆိုတဲ့ မနုဿမုဆိုးရဲ့လက်ထဲမှာ ငါ့ရဲ့ အပျိုရည်ပျက်ခဲ့ရပြီးတဲ့နောက်ပိုင်း ငါဟာ ယောကျာ်းတွေကို သိပ်ကိုမုန်း၊ သိပ်ကို အရွံ့ကြီးရွံ့သွားခဲ့တာပဲ"

ငွေဖျိုင်းဖြူက ရဲတင်းပွင့်လင်းစွာပင် သူ၏ဘဝမှန်ကို ဖွင့်ဟသောအခါ သျှင်ရဲထွဋ်တစ်ကိုယ်လုံး မီးဟုန်းဟုန်း တောက်နေသည့် မီးပုံထဲ ဝင်ထိုင်မိသလို ခံရခက်စွာ နာကျင် ပူလောင် နေလေသည်။





"မိဖျိုင်းရာ. . နင်. . နင်ကွာ ဒီလောက်တောင် အရနရ တုံးရသလားကွာ"

"ဟင်း. . ဟင်း. . ဟင်း. . သိပ်ကိုအခဲ နခဲ တုံးခဲ့ပါတယ်၊ ငါလို အသိုင်းအဝိုင်းရှိတဲ့ မိန်းမတစ်ယောက်ကိုတောင် ဖျက်ဆီးရဲတဲ့ မနုဿမုဆိုးရဲ့ ကျွမ်းကျင်မှုကို ငါလုံးဝ မရိပ်မိခဲ့ဘူး၊ ကျော့ချမှ ဓားပြမှန်းသိခဲ့ရတယ်၊ ငါလေ အဲဒီအချိန်ကစပြီး ငါ့အသည်းနှလုံးဟာ သိပ်ကို မာကြောခက်ထန်သွားခဲ့တယ်"

သျှင်ရဲထွဋ်၏ မချိတင်ကဲရေရွတ်မှုကို ငွေဖျိုင်းဖြူက မဲ့ပြုံးပြုံးပြပြီး မဆုံးနိုင်သေးသော သူ့စကားကို ဆက်လေသည်။

"ယောကျာ်းတစ်ယောက်ဟာ. . နုနယ်သစ်လွင် တောက်ပနေတဲ့ ငါ့နှလုံးသားကို ပန်းကောင်းအညွန့်ကျိုး လုပ်သွားခဲ့တယ်၊ ငါက ဒင်းကိုယ်စား ယောကျာ်းတွေ ငါ့ရှေ့ ဒူးထောက်ရအောင် ရစ်ဝဲလာတဲ့ ပျားပိတုန်းတိုင်းကို အဆိပ်ဝတ်ရည် သောက်သုံးစေတယ်၊ နှလုံးသားမခိုင်ရင် ယိုင်လဲကျပါစေပေါ့၊ ယောကျာ်းတစ်ယောက်ရဲ့ မျက်ရည်တစ်စက်ဟာ ငါ့ရဲ့ ဆုံးရှုံးနစ်နာမှုအတွက် တစ်စက်ကြေပျက်သွားသလို ငါ ခံစားခဲ့ရတယ်"

သျှင်ရဲထွဋ်သည် ငွေဖျိုင်းဖြူကို စိတ်မကောင်းစွာ အကဲခတ်လိုက်လေသည်။ ရူးသွပ်သွားပြီလား၊ ယဉ်ယဉ်လေးနှင့် ရူးနေတာလား၊ မဖြစ်နိုင်။ အေးဆေးတည်ငြိမ်စွာပင်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကို ဆက်လက်စားသုံးရင်း ဘာမှခံစားချက်မရှိသည့်အလား . .

“ငထွဋ်ထည့်စားလေဟာ၊ နင်ကြိုက်တဲ့ ပုစွန်ထုပ်ကို မီးဖုတ်ပြီး သုပ်ထားတာ နင့်အကြိုက်၊ အချဉ်ရော အစပ်လျှော့ထားတာ”

ယောက်ျားတစ်ယောက်ကြောင့် သူ့ဘဝပျက်ခဲ့သည်။ သူ့ကြောင့် ယောက်ျားဘယ်နှစ်ယောက်၏ ဘဝပျက်သုဉ်းခဲ့သည်ကိုတော့ သျှင်ရဲထွဋ်မမေးတော့ပါ။

သျှင်ရဲထွဋ် မစားချင်စားချင်ဖြင့် ထမင်းစားရင်းမှ . .

“နင် ခုတွဲနေတာတွေက အဲဒီသဘောပဲလား”

ငွေဖျိုးဖြူက မျက်ခုံးပင့်ကြည့်ကာ . . .

“ဟိုနေ့က ပြောတဲ့အတိုင်း ငါရွေးချယ်နေတာ၊ ငါ့အပေါ် နားအလည်ဆုံးနဲ့ ခွင့်အလွှတ်နိုင်ဆုံး ယောက်ျားတစ်ယောက် ဟုတ်မဟုတ် ငါလေ့လာနေတာ”

“အဲဒီယောက်ျားထဲမှာ မနူသမုဆိုး မပါဘူး နင်ပြောနိုင်သလား”

“မနူးမနပ်အရွယ်က မိဖျိုးမှမဟုတ်တော့ဘဲ ငထွဋ်ရယ်၊ သူတို့၏ History ကို အရင်စုံစမ်းပြီးမှတွဲတာပါ။ ခု လူတွေအားလုံးဟာ လူချမ်းသာစာရင်းဝင်၊ ကြေးရတတ် လူတန်းစား . . အဲ . . မြို့မျက်နှာဖုံးခေါ်မလား လျှော့ပြောတာနော်၊ သူတို့ဘာလုပ်လုပ် လူသိမခံနိုင်တဲ့ လူကြီးလူကောင်း လူတန်းစားတွေလေ”





“နင့်စကားတွေကို ငါနားမလည်တော့ဘူး၊ ငါနားလည်တာတစ်ခုပဲရှိတယ်၊ လူကြီးလူကောင်းပါဆိုပြီး နင်ယုံကြည်လို့ မရဘူး၊ လုံရိုးဟာ သချိုင်းမှာပဲရှိတယ်မှတ်”

ငွေဖျိုးဖြူက သျှင်ရဲထွဋ်၏ မကျေမနပ်ပြောဆိုမှုကို ကြည့်ပြီး ပြုံးလိုက်သည်။

“ထွဋ်ထွဋ်”

“ဘာလဲ”

“နင် ကတတ်သေးရဲ့လား”

“တတ်တယ်”

“နင်တစ်နေ့လောက်တော့ ငါ့ကို ကပြပါဦးလား”

“မကတော့ဘူး”

“ဘာဖြစ်လို့လဲ”

“ငါ့သားသမီးရလာမှ . . ငါ့ရဲ့ အနုပညာမျိုးဆက်ကို ငါ့ရင်သွေးကိုပေးဖို့ ငါကိုယ်တိုင်သင်ပေးမှာ”

“အဟင်းဟင်း ဝမ်းနည်းစရာပဲ ထွဋ်ထွဋ်ရယ်၊ နင်နဲ့အတူ ငါကူညီထိန်းကျောင်းဖို့တာဝန် ငါရမှာမဟုတ်ဘူးနော်”

သျှင်ရဲထွဋ် ဆတ်ခနဲဖြစ်သွားသည်။ ငွေဖျိုးဖြူ ခနိုးခနဲ့မေးခွန်းသည် သူ့ရင်ကို ထိခိုက်စေသည်။ ငွေဖျိုးဖြူကို သူလက်ထပ်၍ မဖြစ်နိုင်တော့။ ငွေဖျိုးဖြူကို လက်ထပ်လျှင် မိသားစုကို အတိုက်အခံလုပ်ရတော့မည်။ ပြီးတော့ သူ့စိတ်။

သူ့စိတ်သည် ငွေဖျိုးဖြူအပေါ် နားလည်ခွင့်လွှတ်နိုင်စွမ်း ရှိလိမ့်မည်မဟုတ်။ သူလိုချင်တာ ‘စုံ’မိန်းမ။



www.burmeseclassic.com

www.burmeseclassic.com



ငွေဗျိုင်းဖြူက အမည်းစက်၊ အမာရွတ်နှင့်မိန်းမ။

"ထွင့်ထွင့်"

"ဘာလဲ"

"နင့်ဆီက ပထမဦးဆုံးလာတဲ့စာနဲ့ နှစ်စဉ်နှစ်သစ်ကူးမှာ ပို့လိုက်တဲ့ ပို့စကဒ်တိုင်းကို ငါသိမ်းထားတယ်ဆိုတာ နင်ယုံကြည်ရဲ့လား"

"အင်း"

"နင့်ကြည့်ရတာ စိတ်မပါသလိုဘဲ၊ ပေါ့ရွှတ်ရွှတ်နဲ့"

"ငါစိတ်မပါတာ မဟုတ်ဘူး၊ စိတ်မကောင်းဖြစ်နေတာ၊ နင့်အပေါ် ငါမျှော်လင့်ချက်တွေ သိပ်ထားခဲ့တယ် မိဖျိုင်းရာ၊ ဒါပေမယ့် နင်ဟာ ငါမျှော်လင့်ထားသလို စံမိန်းကလေး စံမိန်းမ ဖြစ်မလာတော့ ငါ့စိတ်ထိခိုက်တယ်၊ စိတ်မကောင်းလဲဖြစ်ရတယ်၊ နင် သိပ်မိုက်မဲတယ်"

ငွေဗျိုင်းဖြူက မဲ့ပြုံးပြုံးလိုက်သည်။

"ထားပါတော့ ငါသိပ်မိုက်မဲခဲ့တယ်၊ ခုလဲမိုက်နေဆဲပဲ၊ ဒါပေမယ့် အနာဂတ်ကိုတော့ ငါမပြောနိုင်ဘူး၊ ငါလေဟန်ဆောင်လောကကို သိပ်မုန်းနေပြီ၊ အေးချမ်းသာယာတဲ့ ကွန်းရိပ်တစ်ခုမှာ ငါခွေးသိပ်အပန်းဖြေချင်ပြီ၊ ဒါပေမယ့် ခက်တာက ခု ငါတွဲပြီး လှေလာနေတဲ့လူတွေဆီမှာကို ငါ့အတွက် မေတ္တာစစ်စစ်၊ အိုးအေစစ်နဲ့တူတဲ့မေတ္တာမျိုး ရှာမရနိုင်သေးဘူး ဖြစ်နေတယ်"

"နင်ကလဲ ဦးနှောက်နဲ့ကြည့်တာကို၊ သူတို့ကလဲ





ဦးနှောက်နဲ့ပဲ ပြန်ကြည့်မှာပေါ့"

"ဟင်းဟင်း. . . ဟုတ်မယ်၊ ဘာပဲဖြစ်ဖြစ် နင်ပြန်ရောက်လာတာ ငါသိပ်ဝမ်းသာတာပဲ၊ အန်တီတို့ကတော့ ငါ့ကို လုံးဝကို ဆေးဖော်ကြောဖော် မလုပ်တော့ဘူး၊ နင့်ကိုလဲ တားမြစ်မှာပဲနော်"

"အင်း နင်လုပ်ပုံတွေကလဲ ဟုတ်မှမဟုတ်တာကို၊ ငါ့မြင်းကို ပင်ပန်းအောင်စိုင်းတယ်၊ သူ့လှေကို ငါမှောအောင် လှော်ပစ်လိုက်ဦးမယ်ဆိုသလို ဖြစ်နေတာကိုး၊ အများအမြင်တော့ နင်ဟာ ယောက်ျားထည်လဲတွဲပြီး ပျက်စီးနေသူပေါ့"

"ထားပါတော့၊ နင်ကော ပတ်ဝန်းကျင်စကားကို ယုံသလား ငါ့စကားကို ယုံသလား"

"ပတ်ဝန်းကျင်စကားက မှန်နေတာပဲလေ၊ အမြင်အရ ဝေဖန်ရင် နင်ပျက်စီးနေတာပဲ၊ စိတ်ဓာတ်ပါ ပျက်စီးနေပြီ"

သျှင်ရဲထွင့် ငယ်ကျွမ်းကို အားမနာတမ်း ဝေဖန်လိုက်သည်။

"ဟိုကောင်ကြောင့် နင့်ဘဝ ပန်းကောင်းအညွန့်ကျိုးဖြစ်ခဲ့ရတယ်၊ နားမလည်သေးတဲ့အရွယ်၊ အုပ်ထိန်းမှုနဲ့ လွတ်ကင်းနေချိန်မို့ ဖြစ်သွားတာကို ခွင့်လွှတ်လို့ရနိုင်ပေမယ့် ယောက်ျားတွေ အသည်းခွဲတမ်းကစားရင်း ကိုယ့်ဂုဏ်သိက္ခာကိုကိုယ်တိုင်ပဲ ချနေခဲ့တာကိုတော့ ခွင့်လွှတ်လို့မရနိုင်ဘူး"

"တော်စမ်းပါဟာ၊ နင် ငါ့ကို ဘာမှတရားလာချမနေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့တော့၊ နင့်ခွင့်မလွှတ်လဲ ငါအရေးမလုပ်ဘူး၊ နင်က ငါ့ကို ယူမှာမှ မဟုတ်တာ”

ငွေဗျိုင်းဖြူ၏ ပြတ်သားသော စကားကြောင့် သျှင်ရဲထွဋ် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ ငွေဗျိုင်းဖြူ ခနိုးခနဲ့ ရယ်မောလိုက်ပြီး. . .

“နင် ငါ့ကို သိပ်မခံချင်အောင် မပြောနဲ့ထွဋ်၊ ငါ စိတ်ဆိုးလာရင် နင်နဲ့ နင့်မိသားစုကိုပါ ငါ့သားကောင်စာရင်းထဲ သွင်းလိုက်မိလိမ့်မယ်”

“ဗုဒ္ဓေါ. . ကြောက်စရာကြီးပါလား မိဗျိုင်းရာ၊ နင့်စကားကြီးက ငါသာကြောက်တတ်သူဆိုရင် တစ်ခါတည်း လိပ်ပြာလွင့်သွားနိုင်တယ်နော်”

သျှင်ရဲထွဋ်က ပခုံးတွန့်ကာ မခိုးမခန့်ပင် ပြန်ပြောလိုက်သည်။ ငွေဗျိုင်းဖြူက ခပ်လှလှတစ်ချက်ပြုံးလိုက်ပြီး. . .

“ကောင်းပြီလေ၊ နင်ဘာပြောပြော နင်ဟာ ငါ့ရဲ့ငယ်သူငယ်ချင်း၊ အချစ်ဆုံးသူငယ်ချင်းဖြစ်လို့ ငါခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါ ငါ့ရဲ့ နာကျင်ပြီး အနာတရဖြစ်နေတဲ့ နှလုံးသားကိုတော့ လာမပုတ်ခတ်မိပါစေနဲ့လို့ သတိပေးလိုက်ပါရစေ”

“ပျက်အစဉ် ပြင်ခဏပါဟာ၊ နင့်ရုပ် နင့်ရည်နဲ့ နင်လိုချင်တဲ့ ခပ်တုံးတုံး၊ ခပ်ရိုးရိုး ခပ်အအ ဘော့စ်တစ်ယောက်ကိုတော့ နင်အပိုင်ရဦးမှာပါ။ နင်နဲ့ငါအသက်က သုံးဆယ်ကျော်စွန်းရုံပဲရှိသေးတာ၊ ဒါပေမယ့် ညဥ့်နက်သန်းခေါင်အထိ





တွဲသွားတွဲလာ လေ့လာဖို့တော့မလိုအပ်ဘူး ငါထင်ပါတယ်”

“ဟင်းဟင်းဟဲ့ဇ်း. . ကျေးဇူးတင်တယ် ထွဋ်၊ ငါယူမှာက ခပ်တုံးတုံး၊ ခပ်ရိုးရိုး၊ ခပ်အအ ဘော့စ်မဟုတ်ဘူး၊ အင်မတန် ထူးချွန်ထက်မြက်ပြီး ပို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်လိုလူမျိုးကိုမှ ငါယူမှာ၊ အိုပယ်ကိုမယူဘူး၊ ကိုင်း ငါသွားစရာရှိသေးလို့ နင်လဲ ပြန်ကြွတော့”

သျှင်ရဲထွဋ် ထိုင်ရာမှမထခင် ငွေဗျိုင်းဖြူက အရင်ဦးအောင်ထပြီး ပြောပြောဆိုဆိုနှင့် အပေါ်ထပ်သို့ တက်သွားလေသည်။ သျှင်ရဲထွဋ်တစ်ယောက်တည်း ယောင်ချာချာနှင့် ထွက်လာခဲ့ရလေသည်။ သူ့ရင်ထဲနာကျင်ခြင်း၊ ရှုပ်ထွေးခြင်းများနှင့်အတူ ခံရခက်သော ဝေဒနာတစ်ရပ်ကတော့ ကပ်ငြိပါလာလေသည်။

ငွေဗျိုင်းဖြူကို နှမြောတသဖြစ်မိသည်။ သူမခူးရက်၊ မပန်ရက် အချိန်တန်၍ ပွင့်လန်းလာမှ အမြတ်တနိုးတန်ဖိုးထား ခူးယူမည်ဟု ကြံရွယ်သွားသော်လည်း မနုဿမှုဆိုး၏ လက်ဦးမှုကို ခံယူလိုက်ရပြီ။

နှမြောလိုက်သည့်ဖြစ်ခြင်း။ သူ ငွေဗျိုင်းဖြူနှင့်ပတ်သက်၍ ပြည်ဖုံးကားချလိုက်ရလေတော့မည်လား။ နှလုံးသားကကော လက်ခံနိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၀)

ငွေဖျိုင်းဖြူ နေ့လယ်နေ့ခင်း တစ်ရေးတမော အိပ်နေစဉ်. . .

"ကလေး အန်တီစိန်တို့ လာလည်တယ်၊ ကလေးနဲ့ တွေ့ချင်လို့တဲ့"

ငွေဖျိုင်းဖြူရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ မိခင် သေဆုံးသွားပြီးနောက်ပိုင်းကတည်းက လုံးဝသစ်စိမ်းချိုးချိုးကာ အဆက်အသွယ် ပြတ်တောက်သွားခဲ့သော အန်တီစိန်ကို မိမိ





ဘယ်လိုမျက်နှာမျိုးနှင့် ဆီးကြိုရမည်နည်း။

ဘာအတွက် လာသည်ကိုလည်း ရိပ်မိသိရှိနေလေပြီ။ ပတ္တမြားကဲ့သို့ တန်ဖိုးထားရသော သူ့သားလှရွှေသွေးအတွက်မှတစ်ပါး အခြားမဖြစ်နိုင်ပြီ။

"ကောင်းပြီလေ လေးငွေ၊ ကျွန်မဆင်းခဲ့ပါ့မယ်၊ လေးငွေ ဧည့်ခံထားလိုက်ပါ၊ လာခြင်းကောင်းသော ဧည့်သည်တွေ မဟုတ်တာတော့ သေချာတယ်"

"ဘယ်တတ်နိုင်မလဲလေ၊ လူဆိုတာ ဖေးမလက်တွဲခေါ်ဖို့ထက် နိမ့်ပါးသူကို ဝါးကူထိုးချချင်တာ မမှတာပဲလေ၊ တလေး ပြေပြေလည်လည်ပဲ ဆက်ဆံလိုက်ပါကွယ်"

"စိတ်ချပါ လေးငွေ ကျွန်မ အခုဆို ဆယ့်နှစ်ကြိုးကတတ်နေပါပြီ"

ဒေါ်ငွေက သက်ပြင်းချပြီး စိတ်မသက်သာစွာဖြင့် သူ့အခန်းထဲမှ ပြန်ထွက်သွားလေသည်။ ငွေဖျိုင်းဖြူ အိပ်ရာမှထ ကိုယ်လက်သန့်စင် အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

"ကန်တော့နော် အန်တီစိန် စောင့်နေရတာကြာသွားပြီထင်တယ် အားနာလိုက်တာ"

ငွေဖျိုင်းဖြူ အပြုံးလှလှလေးဖြင့် လောကဝတ် စတင်ပြုလိုက်လေသည်။ ဒေါ်စိန်စိန်နှင့် သမီးကြီး ရွှေဇာခြည်၊ သမီးငယ် စိမ်းမြအေး သုံးဦးရောက်လာသည်။ အင်အားအပြည့်နဲ့ ရောက်လာကြရရှာတာကိုး။ ငွေဖျိုင်းဖြူဟူသော



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကြွက် မိန်းကလေးအပေါ် ကြောက်လန့်မှုတွေရှိကြသည် ထင်ပါရဲ့ဟု ငွေဖျိုင်းဖြူက အပြုံးလှလှ ပြုံးပြီးပြရင်းမှ တွေးလိုက်မိလေသည်။

"ကိစ္စမရှိပါဘူး"

အေးစက်သော အသံတစ်ခုကို ဒေါ်စိန်စိန်က စတင်ပြောကြားလေသည်။ ငွေဖျိုင်းဖြူက. . .

"မလာစဖူး အလာထူးတဲ့ မျက်စိလည်လမ်းမှားလာတာတော့ လုံးဝမဖြစ်နိုင်ပါဘူးဆိုတာ ကျွန်မသဘောပေါက်ပါတယ် အန်တီစိန်၊ ကျွန်မကို သွားလေသူ မိဘတွေရဲ့မျက်နှာ ငဲ့ညှာထောက်ထားစရာ မလိုဘဲနဲ့ ပြောစရာရှိတာသာပြောပါ အန်တီ"

သားအမိသုံးယောက်စလုံး ငွေဖျိုင်းဖြူစကားကြောင့် မျက်နှာပျက်သွားကြလေသည်။ သြော်. . သူတို့တောင် အတော် အရွယ်ကျသွားကြပြီပဲ။ အချိန်က လူတွေကို အတော်ပြောင်းလွဲစေပြီပဲ။

"မနေ့က မောင်လေးဒီကိုလာသွားတယ်ဆို"

"ဟုတ်ကဲ့ လာသွားပါတယ်"

"အဲဒါနဲ့ ပတ်သက်ပြီး မိဖျိုင်းကို သတိပေးချင်လို့ပါ"

ငွေဖျိုင်းဖြူက ပြုံးကာ. . .

"ဟုတ်ကဲ့ မလာစေချင်ဘူးဆိုတာ ကျွန်မကကြိုတင်သိထားပြီးဖြစ်လို့ ထွဋ်ထွဋ်ကိုတောင် သတိပေးလိုက်သေးတယ်၊ နောက်မလာပါနဲ့လို့"





"အဲဒီစကားဟာ အမှန်ဆိုရင် မိဖျိုင်းကို မမတို့က ကျေးဇူးတင်မိမှာ အမှန်ပဲ"

"ကျွန်မ မညာတတ်ပါဘူး"

"ဒါပေမယ့် မောင်လေးက တမှိုင်မှိုင် တတွေတွေ ဖြစ်နေတယ်၊ နောက်ပြီး မမတို့ မေမေတို့ သူ့အိမ်ထောင်ဖက်အဖြစ် လျာထားတဲ့ မိန်းမတွေကိုလဲ လိုက်မတွေ့ဘူးဖြစ်နေတယ်"

"အဲဒါ ကျွန်မနဲ့မဆိုင်ဘူးထင်တယ်. .၊ ထွဋ်ထွဋ်နဲ့ ကျွန်မနဲ့က ငယ်သူငယ်ချင်းပဲလေ"

"သူငယ်ချင်းအဖြစ်နဲ့တောင် မဆက်ဆံစေချင်တော့ဘူးကွယ်၊ သားက မင်းအပေါ် သံယောဇဉ်ရှိနေရှာတော့ မင်းရဲ့ဆိုးကျိုးတွေအတွက် သူခံစားကောင်း သူခံစားနေရလိမ့်မယ် ဒါကိုမင်းနားလည်ပြီး သူ့ကောင်းစားဖို့ သူ့ရဲ့ အနာဝတ်လှပဖို့အတွက် မင်းအစွမ်းကုန် နားလည်တိုက်တွန်းပေးပါ"

"အန်တီစိန်ရဲ့ ဆိုလိုရင်းကို ကျွန်မနားလည်ပါတယ်၊ ဒါပေမယ့် ထွဋ်ထွဋ်နဲ့ ကျွန်မကြားမှာ အန်တီတို့ စိုးရိမ်သလိုမျိုး ဘာတစ်ခုမှ မရှိဘူးဆိုတာ အန်တီတို့နားလည်ထားရင် ဘာသောကမှရှိမှာမဟုတ်ဘူး၊ ခုလိုတောင် အပင်ပန်းခံ လာစရာမလိုပါဘူး အန်တီရယ်"

ငွေဖျိုင်းဖြူ ရဲရဲတင်းတင်းပင် အပြုံးမပျက်ပြောလိုက်လေသည်။ ဒေါ်စိန်စိန်တို့သားအမိ မျက်နှာပျက်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မိဗျိုင်းဆီက အခုလိုစကားကြားရတာ ဝမ်းသာပါတယ်၊ သားကို အန်တီဘက်က တင်းတင်းမာမာနဲ့ တားမြစ်တာတွေ၊ ကန့်ကွက်တာတွေလုပ်လိုက်ရင် ဆင်အိပ်ရာ ဆိတ်နှိုး ဖြစ်သွားမှာလဲ စိုးလို့ပါကွယ်၊ မိဗျိုင်းဘက်ကသာ နားလည်ပြီး ထွန့်ထွန့်ကောင်းစားရေးအတွက် အနစ်နာခံပေးမယ်ဆိုရင် အန်တီတို့ မိဗျိုင်းဘာပဲတောင်းဆိုတောင်းဆို ပေးပါမယ်ကွယ်"

"ဟုတ်ကဲ့ စိတ်ချပါအန်တီ၊ ကျွန်မကလဲ ကျွန်မကြောင့် ထွန့်ထွန့်ဘဝ နစ်နာသွားမှာကို သိပ်စိုးရိမ်ပါတယ်၊ ဒီအတွက်တော့ အန်ဆီတို့ မစိုးရိမ်ကြပါနဲ့"

"မိဗျိုင်းစကားကို အန်တီတို့ယုံကြည့်လိုက်ပါမယ်၊ ကိုင်း. . ပြန်ဦးမယ်"

"ဟုတ်ကဲ့"

ငွေဗျိုင်းဖြူက ဒေါ်ငွေနှင့်အတူပင်ထကာ တံခါးဝအထိ လိုက်ပို့ပေးလိုက်လေသည်။ သူတို့ကားထွက်သွားမှ ငွေဗျိုင်းဖြူ ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

"ကြည့်စမ်းပါဦး လေးငွေရယ်၊ မေမေကလဲရှုပ်ရှုပ်၊ အဖေကလဲပွေပွေနဲ့ ကလေးမလေးကိုတော့ ချစ်ပါရဲ့၊ လူမှာ အမျိုးကြက်မှာအရိုးတဲ့၊ ကျွန်မနဲ့ ငြိစွန်းမှာစိုးလို့ဆိုပြီး ငထွန့်ကို နိုင်ငံခြားပို့ပစ်ခဲ့တယ်၊ ခုတော့ မျိုးရိုးအပြင် လေပွေလိုလွင့်နေတဲ့ကျွန်မကို သိပ်ကြောက်ပြီး ရောက်လာကြတာ. . ၊ ပညာ





တတ်၊ ဂုဏ်သရေရှိတွေဆိုတော့ စကားလှလှလေးပဲပြောပြီး အပြစ်တောင်မပို့ရဲရှာကြဘူး၊ သနားစရာကောင်းလိုက်တာနော်. . ကျွတ်. . ကျွတ်. . "

သွားကြားကထွက်လာသော လေသံနှင့် စုတ်သတ်လိုက်လေသည်။ ငွေဗျိုင်းဖြူ နှုတ်ဖျားက လှောင်ပြုံးနှင့် ခနိုးခနဲ့ပြောင်နေသော်လည်း ရင်မှာတော့ အနာကြီး နာသွားလေပြီ။ ဆုံးဖြတ်ချက်တစ်ခုကိုချပြီး ရွေးချယ်မှုတစ်ခုခုတော့ လုပ်ရမည်။

ထိုရွေးချယ်မှုသည် သူ့ဘဝတစ်သက်တာ သူ့နှလုံးသားအတွက် အရေးကြီးဆုံးသော ဆုံးဖြတ်ချက်ဖြစ်ရမည်။ အကြည့်ခန်းသို့ဝင်ကာ အံဆွဲတစ်ခုကို ဖွင့်လိုက်လေသည်။ နှစ်ရှည်လများ သိမ်းထားသော သျှင်ရဲထွန့်စာနှင့် ပို့စကဒ်များကို တစ်ခုချင်း ထုတ်ကြည့်လိုက်သည်။


Happy New Year ဟူသော မှတ်ချက်တို့နှင့် ဆိုင်း။ သူ့လိပ်စာမှအပ ဘာတစ်ခွန်းမှ အပိုရေးမထားခဲ့။ ဩော်အာလိုလိုနှင့် မကြာခင် နှစ်သစ်တစ်ခုသို့ ကူးပြောင်းတော့မှာပါလား။ ငထွန့် နင် ငါ့ဆီကို နှစ်သစ်ကူး ပို့စကဒ်တစ်ခုပို့ပေးရဲပါမလား။ ငွေဗျိုင်းဖြူ နက်နက်နဲနဲကို တွေးတောလိုက်သည်။ မိမိအနာဂတ်အတွက် တစ်ခုခုတော့လုပ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၁)

ဆေးခန်းသို့ရောက်လာတတ်သော သျှင်ရဲထွဋ်ကို ငွေဗျိုင်းဖြူ ဇီးရောင်မှန်နောက်ကွယ်မှ ကြည့်လိုက်မိသည်။ သံယောဇဉ်ကြိုးကတော့ မိမိတို့နှစ်ဦးကြားတွင် ခိုင်မာနေသည်။ ထိုခိုင်မာနေသော သံယောဇဉ်ကို အချစ်အဖြစ် ပြောင်းလွဲနိုင်ပါ့မလား။

သျှင်ရဲထွဋ်ပြန်ရောက်လာပြီး အိမ်၌ ထမင်းလာ ရောက်စားသည့်နေ့မှစ၍ ငွေဗျိုင်းဖြူ အကျင့်စရိုက်တို့





ပြောင်းလွဲလိုက်သည်။ ညစာစွားပွဲဖိတ်ခေါ်သူများကို ငြင်း ပယ်လိုက်သည်။ ဆေးခန်းပိတ်ပိတ်ခြင်း အိမ်ပြန်သည်။ အိမ်၌ ပင် ဒေါ်ငွေပြင်ဆင်ပေးထားသော ထမင်းကိုစားပြီး စာဖတ် ညစဉ်ဖုန်းဆက်တတ်သူ သျှင်ရဲထွဋ်နှင့် စကားပြောသည်။

ယနေ့တော့ သျှင်ရဲထွဋ်က အသံအားဖြင့် ဆက် သွယ်ရုံနှင့် အားမရနိုင်တော့ပဲ လူကိုယ်တိုင်ဆေးခန်းသို့ ရောက်လာလေပြီ။ ငွေဗျိုင်းဖြူ ကျေနပ်စွာ ပြုံးလိုက်မိသည်။ အရွယ်ရောက်ပြီး ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နေ နိုင်သော ယောကျ်ားတစ်ယောက်ကို မိဘညီအစ်ကိုမောင် နှမများက သံကွန်ခြာဘယ်နှစ်ထပ်နှင့်များ အုပ်ထားနိုင်မှာတဲ့ လဲ။

ငွေဗျိုင်းဖြူဆေးခန်းထဲရှိ ဘေဇင်၌ လက်ဆေးရင်း နံရံ၌ကပ်ထားသော မှန်ကိုကြည့်လိုက်သည်။ အဘယ်မျှ ပင် ခန်းစေကာမူ အလှမပျက် အပြုံးမပျက် လန်းဆန်းနေတတ် သော မိမိရုပ်ဆင်းသဏ္ဍာန်ကိုကပင်လျှင် ဖွဲ့ဆောင်မှုတစ်မျိုး ဘူ အမှုများက မှတ်ချက်ချလေသည်။

ငွေဗျိုင်းဖြူ ကြော့ကြော့မော့မော့ကလေး ဆေးခန်း ထဲမှ ထွက်ခဲ့လိုက်သည်။ ဆေးခန်းရှေ့ခုံတန်းလျားလေး၌ ထိုင်နေသော သျှင်ရဲထွဋ်က သူ့ကိုမြင်မြင်ချင်း ရပ်လိုက်လေ သည်။

"ဟင်. . ထွဋ်ထွဋ်"

ယခုမှမြင်တွေ့ဟန် အံ့အားသင့်ဟန်နှင့် နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

"ဘာကိစ္စလဲ"

"တစ်နေ့ရာရာမှာ ညစာသွားစားမလို့ နှစ်သစ်ကို ကြိုဆိုရအောင်"

ဘယ်လောက်ပဲ မြန်မာပီသပါသည်ပြောပြော သျှင်ရဲထွဋ်က ခရစ်နှစ်အကူးအပြောင်းကို ကြိုဆိုချင်သော စိတ်ကတော့ ရှိနေသည်။ ငွေဗျိုင်းဖြူ ပြုံးလိုက်သည်။

"ငါ အခု အိမ်မှာပဲ ထမင်းပြန်စားတယ် နင်ကြိုဆိုချင်တယ်ဆိုရင် ငါ့အိမ်လသာဆောင်ပေါ်မှာပဲ ကျင်းပကြတာပေါ့။ နင်ဘယ်သူတွေကို ခေါ်ချင်သေးသလဲ ခေါ်လေ"

"ဘယ်သူမှ မခေါ်ချင်ဘူး နင်နဲ့ငါ နှစ်ယောက်တည်းပဲ"

ငွေဗျိုင်းဖြူက ကလေးသဖွယ်ဖြစ်နေသော သျှင်ရဲထွဋ်၏ အမူအယာ အပြောအဆိုကို ရိပ်မိလိုက်လေသည်။

"ကောင်းပြီ ဒါပေမယ့် ခု ငါ့အစ်ကိုရဲ့ သူငယ်ချင်းတွေက ငါ့ကို ဖိတ်ထားတာရှိတယ် နင်သူတို့ဆီပါ လိုက်ခဲ့ပေးရမယ် အိမ်မှာတော့ နှစ်သစ်ကူး ခေါင်းလောင်းသံကို ဖြတ်ကျော်ကြတာပေါ့"

"ကောင်းပြီလေ ကားတစ်စီးစီနဲ့ သွားရတာတော့ မနိုင်ပါဘူး ငါကားထားခဲ့ရမလား နင့်ကားထားခဲ့ရမလား"

"ငါကားထားခဲ့ပါ့မယ်လေ၊ ဒရိုင်ဘာကို တက္ကစီနဲ့ လာယူခိုင်းလိုက်မယ်၊ ကဲ..ကြွကိုယ်တော်"





ငွေဗျိုင်းဖြူအတွက်တော့ သျှင်ရဲထွဋ်လို လူစားကို မှုစရာမလိုပြီ။ အနောက်တိုင်း ယဉ်ကျေးမှုကို မခုံမင်သော်လည်း အကျင့်ပါလာပုံရသော သျှင်ရဲထွဋ်က သူ့အတွက် တားတံခါးကို ဖွင့်ပေးပိတ်ပေးပြီးမှ ယာဉ်မောင်းသူနေရာတွင် ဝင်ရောက်နေရာယူလေသည်။

ငွေဗျိုင်းဖြူ ကားပေါ်ရောက်ရောက်ခြင်း ဖုန်းထုတ်တာ ဒေါ်ငွေထံဖုန်းဆက်ရလေသည်။ ကားကို ဒရိုင်ဘာအား ဆေးခန်း၌ လာယူခိုင်းရန်နှင့် နှစ်သစ်ကိုကြိုဆိုရန် အစားအသောက်ကလေးများကို လသာဆောင်၌ စီစဉ်ထားပေးရန် အသေးစိတ် စီစဉ်ညွှန်ကြားလိုက်လေသည်။

ဒေါ်မာဂရက်တို့လင်မယားကို နောက်တစ်ခါ အလုပ်ပြန်ဝင်မည်ဆိုသောအခါ ငွေဗျိုင်းဖြူလုံးဝ လက်မခံတော့ပါချေ။ ဒေါ်ငွေ ကြည့်ရှုမှုအောက်ဝယ် အေးဆေးစွာနေထိုင်လေသည်။ အိမ်ပြင်၌ ဘယ်သူနှင့်တွဲသွား တွဲလာလုပ်လုပ် အိမ်ကိုတော့ ခေါ်ဆောင်လာခြင်းကို လုံးဝမလုပ်ခဲ့ချေ။

အစ်ကိုအာကာနိုင်၏ သူငယ်ချင်းများကိုတော့ အခင်မင်မပျက်ပင် နေခဲ့သည်။ သူတို့အားလုံးကို ထက်မြက်မှအပ ကျန်လူများ အိမ်ထောင်ကျကုန်လေပြီ။ ကိုထက်မြက်နှင့် သူတို့ ကျန်လူများက သဘောတူကြလေသည်။

သို့သော် ငွေဗျိုင်းဖြူကတော့ အစ်ကို၏ သူငယ်ချင်းများတို့ အစ်ကိုလိုထက် ပို၍ခံစား၍ မရ၍ ငြင်းပယ်ခဲ့လေသည်။ ဒီအကြောင်းတွေကို သျှင်ရဲထွဋ်အား ပြောပြမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခု ဘယ်သူ့အိမ်သွားမှာလဲ"

"ကိုဥက္ကာအိမ်"

"အဲဒီကို ထက်မြက်ကကောလာမှာလား"

"လာမှာပေါ့"

"ဟွန်း. . ဒါဆို မသွားနဲ့တော့"

သျှင်ရဲထွဋ်မျက်နှာ ရှုံ့သိုးသိုးဖြစ်သွားလေသည်။ နှုတ်မှလည်း တောက်ဆတ်ဆတ်ပြောလိုက်ရာ ငွေဗျိုင်းဖြူက

"ဘယ်ဖြစ်မလဲ ငထွဋ်ရယ် နင်မရှိတဲ့ကာလတလျှောက်မှာ သူတို့က ငါ့အပေါ် အကူအညီအပေးဆုံးပဲ"

"ဘာအကူအညီလဲ နင့်ဘဝပျက်ပြီးမှ"

"ဟိုး. . ဆရာ ငါပြောတာနားထောင် ကျွဲမြီးမတိုနဲ့ ဟိုကိစ္စက ဘယ်သူမှမသိလိုက်ခင် သိပ်ကိုမြန်ဆန်စွာနဲ့ လျှပ်တပြက်ဖြစ်သွားတဲ့ကိစ္စ ငါတစ်ယောက်ထဲရဲ့အပြစ်ပဲ၊ နောက်ပိုင်း နောက်ပိုင်းကိစ္စတွေ ငါ့ယောကျာ်းတွေကို စိတ်နာနာနဲ့ သူတို့ကိုပါ အချဉ်ဖမ်းဖို့ကြိုးစားသေးတယ် သူတို့က ငါ့အပေါ် ညီမလေးတစ်ယောက်လိုပဲ ဖြူစင်စွာနဲ့ စောင့်ရှောက်တယ် အခြားခွာမရတဲ့ကောင်တွေဆို သူတို့လေးယောက်က အစ်ကိုလေးယောက်လိုပဲတွေဆုံပြီး ဟိတ်ဟန်နဲ့ စောင့်ရှောက်ပေးတယ်၊ ဒါကြောင့် ငါလည်း နောက်ထပ် ငါကသာ အသည်းခွဲတမ်းကစားနိုင်ခဲ့ပြီး ငါကိုယ်တိုင် သားကောင်ထပ်မဖြစ်ခဲ့တာပေါ့"

"နင်မှားတယ် မိဗျိုင်း ကိုယ့်သိက္ခာကို ကိုယ်ပဲဖျက်ဆီး





နေတာ ဒီကိစ္စတွေအားလုံး ရပ်တန်းကရပ်တော့"

ငွေဗျိုင်းဖြူက အနီရောင်ပြေးနေသော သျှင်ရဲထွဋ်မျက်နှာကိုကြည့်ကာ ကြိတ်ပြုံးပြုံးမိလေသည်။

"ဟုတ်ကဲ့ အဖေ ကျွန်မရပ်လိုက်ပါပြီ ငါ့နားမှာ နင်ရောက်လာပြီပဲ၊ ဒါပေမယ့် အန်တီစိန်တို့က နင်နဲ့ငါ့ကို သူငယ်ချင်းအဖြစ်နဲ့ ဆက်ဆံတာတောင် မကြိုက်ဘူးဆိုတော့ ခက်သားပဲ"

"အိုကွာ ဘာဖြစ်လဲ သူငယ်ချင်းဟာ သူငယ်ချင်းပဲပေါ့ ငါ့ကို တားလို့မရဘူး၊ ပျက်အစဉ် ပြင်ခဏနဲ့ နင့်ကိုယ်နင်ထိန်းပါ၊ နင့်ကိုနင် ဂုဏ်သရေရှိတဲ့ မိန်းမတစ်ယောက်အဖြစ်နင်ရပ်တည်နေထိုင်သွားတာမျိုးကို ငါလိုချင်တယ်"

"ငါ့ကို ဆရာမလုပ်ပါနဲ့ နင့်ရဲ့စံမိန်းမကိုသာ ရွေးချယ်ပြီး ဆရာလုပ်ပါ၊ ရွှေလမ်း.•. ရွှေလမ်းညာကွေ့. . ဟိုမှာမီးရောင်စုံထွန်းထားတဲ့ခြံဝန်းပဲ၊ ကားကို ခြံထဲအထိ မောင်းလို့ရတယ်"

ငွေဗျိုင်းဖြူက ပြောပြောဆိုဆို စကားစကို ဖြတ်ပစ်လိုက်သည်။

"ငါ့ရဲ့ အစ်ကိုတွေက နင့်ကိုသိကြတယ်နော် ကိုကိုပြောသွားလို့၊ နင့်ရဲ့သုန်မှုန်နေတဲ့ မျက်နှာကြီးကိုပြင် ငါ နင့်ညည်းစားမဟုတ်ဘူး နင်ဘာမှ ဝန်တိုစရာအကြောင်းမရှိဘူး၊ ငါ့အိမ်ထောင်ဖက်ကို ငါကိုယ်တိုင်ရွေးချယ်ခွင့်ရှိတယ်"

စကားများသော သျှင်ရဲထွဋ် ဘာမှပြောစရာစကား



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ ကြိုသူက ကားနားရောက်လာလေပြီ။

"ဟော. . ညီမလေး စောသားပဲ"

"စောစောပဲ ကိုအေးနိုင် နောက်ပွဲဆက်ရှိသေးလို့လေ ဒီမှာ ထွန့်ထွန့်လည်း ပြန်ရောက်လာပြီ"

"ဟုတ်လား. . ပြောလို့သာ ငယ်ရုပ်ကို ဖမ်းမိတယ်လာ ညီလေး"

အစ်ကို၏ သူငယ်ချင်းများကတော့ အပြောင်းအလွဲမရှိချေ။ ငွေဗျိုင်းဖြူအပေါ် ဂရုစိုက်စမြဲဖြစ်သည်။ သျှင်ရဲထွန့်ရင်ထဲ ဘာတွေဖြစ်နေသည်ကို ငွေဗျိုင်းဖြူတပ်အပ်သေချာမသိနိုင်သော်လည်း သျှင်ရဲထွန့်ဝန်တိုမှုကိုတော့ ရိပ်မိလေပြီ။

ငွေဗျိုင်းဖြူအကွက်ကျကျ စီမံထားသော ထောင်ချောက်ထဲသို့ သျှင်ရဲထွန့် လျှောလျှောရှူရှူ ဝင်လာလိမ့်မည်ဟု ငွေဗျိုင်းဖြူ ယုံကြည်မိကာ စိတ်လှုပ်ရှား၍နေလေသည်။







# အခန်း (၃၂)

အလွန်အေးသော အနောက်တိုင်း တိုင်းပြည်တစ်ခုတွင် ဆယ်နှစ်နှစ်လုံးလုံး နေထိုင်ကြီးပြင်းခဲ့သူပေပဲ။ ဘယ်ခေ[illegible]မလဲ။ ဝီစကီကို တော်တော်သောက်နိုင်လေသည်။

"ပြောစမ်း မေမေတို့က နင့်ကို ဘာလာပြောသလဲ"

အာရှင်နေပြီ လူကလည်း ယိုင်နေပြီ။

"ဘာပြောပြော နင့်အပူလား"

"ငါ့အပူပေါ့။ နင့်အပူမှန်သမျှ ငါ့အပူချည်းပဲလို့ ငါယူ



www.burmeseclassic.com

www.burmeseclassic.com



ဆတယ်၊ ငါ့ရင်ထဲမှာ နင်နဲ့ပါတ်သတ်ပြီး အရမ်းကို မျှော်လင့်ချက်တွေထားခဲ့တာ နင်သိရဲ့လားမိဗျိုင်း၊ နင်က ငါ့အရေးမစိုက်ခဲ့ဘူးမဟုတ်လား၊ နင့်ဘဝမှာ နင့်ကိုတန်ဖိုးထားပြီး သိပ်ကိုချစ်မြတ်နိုးတဲ့ လူတစ်ယောက်ရှိနေပါလားလို့ နင်လုံးဝတန်ဖိုးမထားခဲ့ဘူး မဟုတ်လား အရေးမစိုက်ခဲ့ဘူး မဟုတ်လား"

"နားညီးလိုက်တာ နင်ပြန်တော့"

"မပြန်သေးဘူး နှစ်သစ်ကူးခေါင်းလောင်းသံပေါင်းများစွာကို ငါတစ်ယောက်တည်းပဲ ဖြတ်ကျော်ခဲ့ရတာ၊ အဲဒီအချိန်မှာ နင့်ကို ငါသတိအရဆုံးပဲ သိလား၊ ငါလေ နင်နဲ့မိသားစုကို လွမ်းလွန်းလို့ မျက်ရည် တောင်ကျခဲ့တယ်သိလားမိဗျိုင်း"

"ဖိုးသောကြာ နင်မူးရင် အိမ်ပြန်တော့ဟာ"

"မပြန်ဘူး ငါမမူးဘူး ငါစိတ်ညစ်နေတယ်၊ ငါဖြစ်ချင်တာတွေ ဖြစ်ခွင့်ရမလားလို့ ငါသိပ်စိတ်ညစ်နေတယ်၊ မူးနေရရင် ငါပျော်တယ်၊ ဟောဒီမှာ နင့်ကိုပေးဖို့ လုပ်လာတဲ့လက်ဆောင် ရည်ရွယ်ချက်တွေ အများကြီး မျှော်မှန်းချက်တွေတလျှော့ကြီးနဲ့ပေါ့၊ ခုတော့ နှစ်သစ်ကူးလက်ဆောင်လောက်နဲ့ပဲ နင့်ကိုငါ ပေးဆပ်ရတော့မယ်"

ငွေဗျိုင်းဖြူက သျှင်ရဲထွဋ်ပေးသော ကတ္တီပါဗူးလေးကို ဖွင့်ကြည့်လိုက်သည် ဒီဇိုင်းလှလှလေးနှင့်ဖော်ထားသော စိန်လက်စွပ်တစ်ကွင်း ဖြစ်နေသည်။





"လက်ထပ်လက်စွပ်အဖြစ် ငါမျှော်မှန်းခဲ့တာ၊ နင်သတ်နဲ့စွပ်ကြည့်စမ်း ငါ့ရဲ့အဩတ္တမှာ နင်နဲ့ပတ်သက်ပြီးအာတွေ စွဲထင်နေသလဲ နင်သိမှာပါ"

ငွေဗျိုင်းဖြူ၏ ဘယ်ဘက်လက်သူကြွယ်လေးနှင့် အံဝင်ဂွင်ကျရှိနေသော လက်စွပ်ကလေးကိုကြည့်ပြီး ငွေဗျိုင်းဖြူတုန်လှုပ်သွားသည်။

"ထွဋ်ထွဋ်ရယ်"

ငွေဗျိုင်းဖြူ သျှင်ရဲထွဋ်ရင်ခွင်သို့ တိုးဝင်လိုက်မိသည်။

"နင်. . နင်. . ငါ့ကို တကယ်ချစ်တယ်ဟုတ်လား၊ လက်ထပ်ဖို့အထိ မျှော်မှန်းခဲ့တယ် ဟုတ်လားဟင်၊ ဒါတွေ အိပ်မက်လား"

သျှင်ရဲထွဋ်ကလည်း ငွေဗျိုင်းဖြူကို လွှတ်ထွက်သွားမှာ စိုးကြောက်သည့်အလား တင်းတင်းကြပ်ကြပ်ပွေ့ဖက်ထားလိုက်သည်။

"နင် မသိဘူးလား၊ ငါပြန်လာရင် နင်နဲ့ပဲ လက်ထပ်မယ်ဆိုတာ နင့်စိတ်မှာရှိမနေဘူးလား၊ မျှော်လင့်မနေဘူးလား"

ငွေဗျိုင်းဖြူ ရစ်ဝဲလာသော မျက်ရည်များကို သျှင်ရဲထွဋ် ရင်ဘတ်အပ်ကာ သုတ်လိုက်မိသည်။ ငွေဗျိုင်းဖြူ တုန်လှုပ်နေသည်။ မိမိကြံရွယ်ချက်တို့သည် အချစ်အောက်၌ စိမ့်ညက်ညက်ကြေကာ ပျောက်ကွယ်သွားမှာကို စိုးရိမ်သည်။

လောကကြီး၌ ငွေဗျိုင်းဖြူအတွက် ဘာမှကျန်မနေ။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှတွယ်တာရာမရှိ။ တစ်ခုခုတော့ ကျန်ခဲ့ချင်သည်။ တစ်ခုခုကို တွယ်တာချင်သည်။

ခွင့်လွှတ်တော့ သျှင်ရဲထွဋ်ရယ်. . .


သျှင်ရဲထွဋ်ကလည်း ငွေမျိုးဖြူကို လွှတ်ထွက်သွားမှာစိုးကြောက်သည့်အလား တင်းတင်းကြပ်ကြပ်ပင် ပွေ့ဖက်ထားသည်။ ထိုစဉ် ခရစ်ယာန်ဘုရားကျောင်းမှ နှစ်သစ်ကူးခေါင်းလောင်းသံသည် သူတို့ထံသို့ ပျံ့လွင့်လာသည်။

"Happy New Year"

သျှင်ရဲထွဋ်အသံသည် ဆုံးခန်းတိုင်အောင် မရှေ့ရွတ်ပဲ နွေးထွေးသော အနမ်းများ ငွေမျိုးဖြူမျက်နှာပေါ် ကျရောက်လာသည်။ ထို့နောက်. . .







# အခန်း (၃၃)

"မိဖျိုး. . ဒါ. . ဒါ. . နင်. . နင် ဘာသဘောလဲ ငါ့ ငါ့တို့"

သျှင်ရဲထွဋ် အလန့်တကြားနှင့် ကုတင်ပေါ်မှ ဝုန်းခနဲ ဆင်းလိုက်သည်။ ရေမိုးချိုးပြီး အလှပြုပြင်ကာ အဲဝတ်အသစ်များပင် ဝတ်ဆင်ပြီးသော ငွေမျိုးဖြူက ပြုံးကာ. . .

"လက်ခုပ်ဆိုတာ နှစ်ဘက်တီးမှမြည်တာပါနော်. . ထွဋ် ဘာမှနင်စဉ်းစားတွေဝေမနေနဲ့ အောက်မှာ ညည့်သည်



www.burmeseclassic.com

www.burmeseclassic.com



တွေရောက်နေပြီ ရေမိုးချိုး အဝတ်အစားလဲ၊ ပြော်. . နှင့်အတွက် ငါ New Year Present အဖြစ် အဝတ်အစားသစ်တစ်စုံကို ငါကိုယ်တိုင်ချုပ်ထားတယ်၊ အဲဒါဝတ်ပြီး အောက်ထပ်ကို ဆင်းခဲ့ပါ။ အောက်ထပ်ရောက်မှ စကားပြောကြတာပေါ့"

သျှင်ရဲထွဋ်သည် ညက ဝီစကီအသောက်များသွားသဖြင့် ခေါင်းက အုံခဲနေသည်။ ငွေဗျိုင်းဖြူ အိပ်ခန်းထဲရှိ ကုတင်ပေါ် ရောက်ရှိနေသော မိမိအနေအထားကိုလည်း ထိတ်လန့်တကြား ရိပ်မိလိုက်လေသည်။

ငွေဗျိုင်းဖြူက ချာကနဲလှည့်ထွက်ကာ အောက်ထပ်သို့ ဆင်းသွားလေသည်။

"မိဗျိုင်း"

သူလှမ်းခေါ် လိုက်သော်လည်း ငွေဗျိုင်းဖြူလုံးဝလှည့်မကြည့်ပါချေ။ သျှင်ရဲထွဋ်ရေချိုးခန်း ဝင်လိုက်သည်။ ကိုယ်လက်သန့်စင် ရေချိုးပြီးချိန်၌ သူ၏ခေါင်းသည် ပုံမှန်အနေအထားသို့ ရောက်ရှိလာသည်။

မိဗျိုင်း၏ ညွှတ်ကွင်း၌, သူလိုလားစွာဆင်းသက်ခဲ့ခြင်းလား၊ မသိစိတ်နှင့် ဆင်းသက်ခဲ့ခြင်းလားကိုတော့ သူမသိနိုင်ပြီ။ ဝေခွဲ၍ မရနိုင်။

ငွေဗျိုင်းဖြူ မှန်တင်ခုံပေါ်၌ တင်ထားပေးသော အနောက်တိုင်းဝတ်စုံ အဖြူရောင်ဝတ်စုံကို ယူဝတ်လိုက်သည်။ သူကိုယ်နှင့် အံဝင်ဂွင်ကျပင်တော်နေသည်။





ငွေဗျိုင်းဖြူ. . . သိရခက်သော ငွေဗျိုင်းဖြူအား သူလက်ထပ်ရယူရတော့မည်လား။

ယောက်ျားကောင်းတစ်ယောက်အနေဖြင့် မိမိအမှားကို မိမိတာဝန်ယူရဲရမည်။ ငွေဗျိုင်းဖြူ အိပ်ခန်းထဲမှ ထွက်လိုက်သည်နှင့် အောက်ထပ်မှ စကားသံများကို သူကြားလိုက်ရသည်။

အောက်ထပ်မှာ ဧည့်သည်တွေနှင့်. . သူဘယ်လိုမျက်နှာမျိုးနှင့် ဆင်းရမည်နည်း။ သူ လသာဆောင်သို့ထွက်တာ အောက်ထပ်သို့ကြည့်လိုက်မိသည်နှင့် အခြေအနေအရပ်ရပ်ကို သဘောပေါက်သွားသည်။ သူ့မိဘများ၏ကားနှင့် သူ ညကစီးခဲ့သောကား နောက်ထပ်အခြားကားနှစ်စီး။

ငွေဗျိုင်းဖြူ အကြံပိုင်လိုက်လေ။ ငါ့ကို ဒီလိုနည်းနဲ့နှင် အပိုင်ကြံလို့ရမလား။ နှင်ပြောခဲ့တာတွေကို ငါလုံးဝအယုံအကြည်မရှိတော့ဘူး။ တွေ့ကြသေးတာပေါ့။ သျှင်ရဲထွဋ်ရဲတင်းစွာပင် အောက်ထပ်သို့ဆင်းခဲ့လေသည်။

လှေခါးတထစ်ချိုးသို့ရောက်သည်နှင့် ဧည့်ခန်းသို့ ဘွားခနဲ မြင်တွေ့လိုက်ရသည်။ သူ့မိဘနှစ်ပါးနဲ့ သူတို့အိမ်နီးနားချင်း ရပ်ကွက်နာယကလူကြီး ဒေါက်တာဦးဘအို၊ ပြီးတော့ ငွေဗျိုင်းဖြူ၏အစ်ကို သူငယ်ချင်းလေးယောက်ဖြစ်သော ကိုဥက္ကာ၊ ကိုထက်မြက်၊ ကိုအေးနိုင်နှင့် ကိုကျော်ကျော်တို့ ဖြစ်သည်။

ငွေဗျိုင်းဖြူနှင့် ဒေါ်ငွေက အတူထိုင်နေသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးမှာ မျက်စိမျက်နှာပျက်လျက်ရှိသည်။

ကိုဥက္ကာက. .

"လာ. ညီလေး ထိုင်ပါ"

သူနံဘေးရှိ နေရာလပ်ကို ပုတ်ပြကာခေါ်လေသည်။ သူ့တစ်ကိုယ်လုံး ထူပူလျက်ရှိသည်။ မိဗျိုင်းရယ် နင်လုပ်ရက်တယ် ငါ့ရဲ့မေတ္တာစေတနာကို စော်ကားရက်တယ်ဟု ရင်တွင်း မကျေမနပ် ရေရွတ်နေမိသည်။

"ကိုင်း. . ဒီကိစ္စမှာ အန်ကယ်လ်အနေနဲ့ကတော့ နှစ်ဘက်စလုံးက ခင်မင်ရင်းနှီးရတဲ့မိတ်ဆွေတွေ အိမ်နီးချင်းတွေ ဖြစ်နေတော့ သမာသမတ်ကြတဲ့ စီစဉ်ဆောင်ရွက်မှုမျိုးပဲ ဖြစ်ချင်ပါတယ်"

သျှင်ရဲထွဋ် ကိုဥက္ကာဘေးဝင်ထိုင်လိုက်ချိန်၌ ဒေါက်တာဦးဘအိုထံမှ အသံစတင်ထွက်လာသည်။

"ဟုတ်ကဲ့ပါ ဆရာကြီးကို သက်သေထားပြီး ကျွန်တော်တို့ ညီမလေးအရင်းသို့ စောင့်ရှောက်ထားရတဲ့အတွက် မိန်းကလေးရှင်ကိုယ်စား အုပ်ထိမ်းသူတွေအနေနဲ့ ကျွန်တော်တို့ လိုက်နာပါ့မယ်"

"ဒါဖြင့် ဘေဘီက ဘာဖြစ်ချင်သလဲ"

သျှင်ရဲထွဋ် ငွေဗျိုင်းဖြူမျက်နှာကို လုံးဝမကြည့်ချင်တော့အောင် နာကျည်းမုန်းတီးမိလေသည်။ မိမိကို သက်သက်မဲ့ တရားခံဖြစ်အောင် ဖန်တီးခဲ့သည်။ အရှက်ခွဲသည်။ လုပ်ကြံသည်။





"ကျွန်မရဲ့ အရှက်နဲ့ဂုဏ်သိက္ခာအတွက် တရားဝင်စေအောင် လက်ထပ်စာချုပ်မှာ လက်မှတ်ရေးထိုးပေးရင် ကျွန်မ ကျေနပ်ပါတယ်"

သျှင်ရဲထွဋ်အံကြိတ်လိုက်မိသည်။ ယောက်ျားတစ်ယောက်လို အမိဖမ်းသော နည်းကလွယ်လိုက်လေ။ ထမင်းစားရေသောက်ကျွမ်းကျင်နေပြီ ထင်ပါရဲ့။ နားကျည်းမှုမီးတို့က ဟုန်းဟုန်းတောက်လျက်. . .။

"အင်း ဒီလိုပဲဖြစ်သင့်ပါတယ် မောင်ထွဋ်ကော ဘာပြောချင်သေးလဲ"

"နင့်အကြံ ဒါအကုန်ပဲလား မိဗျိုင်း"

ငွေဗျိုင်းဖြူက လှကာကာ. . .

"ခဏ. . ခဏ ထွဋ်ထွဋ်၊ အန်ကယ်လ် ကျွန်မစကားမကုန်သေးပါဘူး ကျွန်မစကားဆက်ပြောပါရစေ"

အားလုံး၏ အာရုံသည် ငွေဗျိုင်းဖြူအပေါ်သို့ စုပြုံသွားလေသည်။

"ပြောပါ ဘေဘီ ဖြစ်ချင်တဲ့ဆန္ဒမှန်သမျှ ဘာမှချန်မထားနဲ့ မချင်းမချန်သာပြော ကိုထွန်းနိုင်တို့မရှိတော့တဲ့ အချိန်မျိုးမှာ အန်ကယ်လ်မှာ တာဝန်ပိုရှိပါတယ်"

ဒေါက်တာဦးဘအိုကတော့ တကယ့်ကို နယကတောင်းပီသစွာ ရပ်ကွက်၌ ဩဇာညောင်းဆုံးပုဂ္ဂိုလ်ဖြစ်လေသည်။

"ဟုတ်ကဲ့ပါ. . ဒီကိစ္စမှာ ကျွန်မအမှားလည်းပါပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါကြောင့် လက်ထပ်စာချုပ်နဲ့အတူ ကွာရှင်းစာချုပ်ကိုပါ ကျွန်မ ထွန်းထွန်းအတွက် လက်မှတ်ထိုးပေးပါ့မယ်"

"ဟာ"

"ဟင်"

"အို"

"ဘာ"

အာမေဋိတ်သံများ ညံသွားသည်။ သျှင်ရဲထွန်းက ငွေဖျိုင်းဖြူကို မျက်လုံးစိမ်းဖြင့် ကြည့်လိုက်သည်။

"ကျွန်မရဲ့ အနာဂါတ်အတွက် လုံခြုံမှုရှိရင် ကျွန်မကျေနပ်ပါတယ်၊ ထွန်းထွန်းလည်း လွတ်လပ်စွာနဲ့ သူနှစ်သက်သော စံမိန်းမမျိုးနဲ့ လက်ထပ်နိုင်ပါတယ်၊ ကျွန်မကတော့ ကျွန်မမှာ ယောကျ်ားရှိပါတယ်ဆိုတဲ့ ခံယူချက်နဲ့ ကျွန်မလမ်း ကျွန်မ အေးအေးစွာ လျှောက်သွားချင်ပါတယ်"

"ညီမလေး စဉ်းစဉ်းစားစားလုပ်ပါ ညီမလေးနစ်နာမှာပေါ့"

"ကျွန်မ မနစ်နာပါဘူး၊ ကျွန်မမျှော်လင့်ချက်ဖြစ်လာပြီပဲ၊ ကျွန်မလက်ထပ်ရမယ့် ယောကျ်ားဟာ ထွန်းထွန်းဖြစ်တယ်၊ ယခု ထွန်းထွန်းနဲ့ လက်ထပ်ခွင့်ရခဲ့ပြီပဲ ကျေနပ်ပါတယ်။ ကဲပါ. . ကိုအေးနိုင်ရယ် ကျွန်မမှာလိုက်တဲ့ စာချုပ်တွေမှာ ဖြည့်စွက်ပေးပါ"

ဗဟိုတရားရုံးချုပ်ရှေ့နေတစ်ဦးဖြစ်သော ကိုအေးနိုင်က သူတို့နှစ်ဦးအတွက် စိတ်မကောင်းစွာဖြင့် အတက်ခ်ချို





ကော့ကိုဖွင့်ကာ စာချုပ်များထဲမှ လေးစောင်ထုတ်လိုက်သည်။

"ကျွန်မတို့ ကွာရှင်းပြတ်စဲခြင်းမှာ ဘာနစ်နာကြေးလျော်ကြေးမှ ကျွန်မ မယူပါဘူး၊ နောင်အနာဂါတ်လို ကျွန်မကြိုတင်ကာကွယ်တဲ့ သဘောနဲ့ လုပ်ဆောင်ရုံသက်သက်ပါ၊ ကျွန်မ ပြောစရာကုန်ပါပြီအန်ကယ်လ်"

ငွေဖျိုင်းဖြူ ဤမျှသွေးအေးလိမ့်မည်ဟု သျှင်ရဲထွန်းမထင်မှတ်ခဲ့ပါချေ။

ဒေါက်တာဦးဘအိုက သက်ပြင်းချကာ. . .

"အင်း. . ဘေဘီ ညည်းနစ်နာတယ်ကွယ်၊ ကိုင်း. . ဦးအောင်ရွှေတို့ဘက်ကလည်း သမီးချင်းစာနာပြီး ဖြစ်သင့်ဖြစ်ထိုက်တာတွေ လုပ်ပေးလိုက်ကြပါကွာ၊ ကျွန်တော်တော့ စိတ်မကောင်းတာ အမှန်ပဲ"

ဦးအောင်ရွှေ မျက်နှာမဲ့နေသည်။

"ကျွန်တော်နားလည်ပါတယ်. .၊ သားဆန္ဒအတိုင်း ဆောင်ရွက်ပေးပါ့မယ်"

သျှင်ရဲထွန်း ခေါင်းပေါ်ပုံကြလေပြီ။

"ကိုင်း. . ဒါဖြင့် မောင်ထွန်းပြောကွယ်"

"မိဖျိုင်းဆန္ဒဟာ ကျွန်တော့်ဆန္ဒပါပဲ၊ သူက ကြိုးဆွဲဆရာပဲ ကျွန်တော်က ကကြိုးရုပ်သက်သက်ပဲခင်ဗျား၊ ကျွန်တော်မှာ ဘာမှပြောစရာစကားမရှိတော့ပါဘူး"

သျှင်ရဲထွန်း နာကျည်းစွာ ပြောလိုက်လေသည်။

ငွေဖျိုင်းဖြူက. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကလည်း စကားကုန်ပါပြီ အန်ကယ်လ်၊ ကျွန်မအတွက် လက်ထပ်စာချုပ်နှစ်စောင်နဲ့ ကွာရှင်းစာချုပ်နှစ်စောင်မှာသာ လက်မှတ်ထိုးပေးပါ။ ပြီးရင် သူတစ်စောင်ယူပြီး နောက်နောင် ကျွန်မဆီကို ဘယ်သောအခါမှ ခြေဦးတောင် မလှည့်မိစေပဲ ပြန်သွားဖို့ပါပဲ၊ ဒါပါပဲ အန်ကယ်လ်"

ဒေါက်တာဘအိုက သက်ပြင်းချကာ. . .

"ကိုင်း. . . ဘေဘီဆန္ဒအတိုင်းတာ ဖြည့်စွက်ပေးလိုက်ကြပါတော့ကွယ်၊ ကွာရှင်းပြီဆိုကတည်းက နောက်နောင် မောင်ထွဋ်အတွက်လည်း ဘာပြဿနာမှ မရှိတော့ပါဘူး"

စာချုပ်တွင် အမည် မှတ်ပုံတင်နှင့် နေရပ်များကို ဖြည့်စွက်ကြပြီးနောက် လက်မှတ်အသီးသီး ရေထိုးလိုက်ကြလေသည်။ သျှင်ရဲထွဋ်မှ စိတ်လှုပ်ရှားမှုကြောင့် လက်ချောင်းများ တုန်ရီနေသော်လည်း. . .

ငွေဗျိုင်းဖြူကတော့ လက်မတုန်ပါချေ။ စာချုပ်ကိုင်သော ဘယ်လက် လက်သူကြွယ်၌ ညက သူပေးခဲ့သော စိန်လက်စွပ်ကလေး ရှိနေဆဲပင်။

"ထွဋ်ထွဋ်အတွက် ကွာရှင်းစာချုပ်မှာပဲ လက်မှတ်ထိုးပေးရင် လုံလောက်ပါပြီနော်၊ ကျွန်မအတွက်က ကွာရှင်းစာချုပ်မလိုပါဘူး ကျွန်မဘဝအတွက် ကျွန်မကိုယ်ကျွန်မ အိမ်ထောင်ဆိုတဲ့ ထောင်တစ်ခုမှာ အကျဉ်းချထားလိုက်ချင်လို့ပါ"

ငွေဗျိုင်းဖြူစကားကို ဘယ်သူမှ မကန့်ကွက်ကြ။





အားလုံး ကိစ္စပြီးသွားလေပြီ။

"ကိုင်း. . ရော့ မောင်ထွဋ် မင်းဟာ လွတ်လပ်သူအဖြစ်ကို ပြန်ရောက်သွားပါပြီ၊ ဒါပေမယ့် ဒါကိုသင်ခန်းစာအနေနဲ့မှတ်ယူပါ။ အသွားမတော်တစ်လှမ်းတဲ့. . ဘေဘီနဲ့မင်းဟာငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်နဲ့ ဘေဘီမင်းအတွက် အကောင်းဆုံး လိုက်လျောပေးလိုက်တာလို့ အန်ကယ်လ်တော့ယူဆတယ်၊ ကဲ. . ကဲ ပြန်ကြရအောင်"

"အန်ကယ်လ်တို့ နံနက်စာစားဖို့ ကျွန်မ"

"နေနေ. . ဘေဘီ မင်္ဂလာထမင်းမှ မဟုတ်ပဲကွယ် အန်ကယ်လ်မစားတော့ဘူး ပြန်မယ်"

သျှင်ရဲထွဋ်စက်ရုပ်ပမာ မိဘနှစ်ပါးနောက်သို့ လိုက်ပါသွားလေသည်။ ငွေဗျိုင်းဖြူကို သူလုံးဝနားမလည်တော့ပါ။ ခိုင်ကို အမိဖမ်းပြီးမှ ဘာကြောင့်ပြန်လွှတ်ပေးလိုက်သနည်း။ ထူးဆန်းလေစွ။

မိဗျိုင်း မိမိကို မချစ်မနှစ်သက်၍လား။



www.burmeseclassic.com

www.burmeseclassic.com








# အခန်း (၃၄)

"သား. . ထွန့်ထွန့် အလုပ်ကြီးပဲ မဲလုပ်မနေနဲ့လေ သားရဲ့အိမ်ထောင်ရေးကို သားမစဉ်းစားတော့ဘူးလား"

မိခင်ဒေါ်စိန်စိန်က သျှင်ရဲထွန့်၏ အိမ်ပြန်လာချိန်ကို စောင့်ကာ ညစာထမင်းခူးခပ်ပေးရင်းမှ စကားစလိုက်သည်။ သျှင်ရဲထွန့်ရင်ထဲ နင့်ခနဲဖြစ်သွားသည်။ မေ့မရနိုင်သော ဧယ် ထွမ်းအတွက် နာကျည်းသလိုလို လွမ်းသလိုလို တမ်းတသ



www.burmeseclassic.com

www.burmeseclassic.com



လိုလို ခံစားနေရသည်။

သူတို့ကိစ္စဖြစ်ပြီးနောက် ငွေဗျိုင်းဖြူသည် သူတို့အိမ်ကို ခြံစောင့်နှင့်အပ်ကာ နှစ်ချုပ်ငှားထားပြီး ပြောင်းသွားခဲ့လေသည်။ ဘယ်ကိုပြောင်းသွားသည်ကို လုံးဝစုံစမ်း၍မရချေ။ ဒေါ်ငွေပါ ပါသွားလေသည်။

ဒေါက်တာဦးဘအိုကိုတော့ . . .

"ရေကြည်ရာ မြက်နုရာပဲ အန်ကယ်လ်၊ ကျွန်မတတ်တဲ့ပညာနဲ့ လိုအပ်တဲ့နေရာဒေသမှာ အလုပ်အကျွေးပြုချင်ပါသေးတယ်၊ စိတ်လေခြင်းနဲ့ နှစ်အတော်များများကို အဓိပ္ပာယ်မဲ့ ဖြတ်ကျော်ပြီးပါပြီ၊ ခုအဓိပ္ပာယ်ရှိရှိ ဖြတ်ကျော်သွားချင်ပါသေးတယ်" ဟု ပြောသွားခဲ့သည်တဲ့။

"မစဉ်းစားချင်သေးဘူး မေမေ"

"သား အသက်သုံးဆယ့်ငါးနှစ်ရှိပြီလေ"

"ကိစ္စမရှိပါဘူး မေမေ၊ လူ့ဘဝဆိုတာ လေးဆယ်မှ စတယ်လို့ပြောကြတဲ့ စကားရှိနေတာပဲ"

"သားသဘောကျ စံမိန်းကလေးတွေကို မေမေတွေ့ထားပါတယ်"

သျှင်ရဲထွဋ် ခေါင်းခါရမ်းမိလိုက်သည်။

"အိမ်ထောင်ရေးမှာ စံက အရေးမကြီးဘူး မေမေ ဒါက အရေးကြီးတာ"

သျှင်ရဲထွဋ်က သူ့လက်ထဲ ရင်အုံကို ပုတ်ပြလိုက်လေသည်။ ဒေါ်စိန်စိန် သက်ပြင်းချလိုက်သည်။ ဦးအောင်ရွှေနှင့်





ဒေါ်စိန်စိန်သည် အသက်အရွယ်ရလာသည်ကတစ်ကြောင်း သျှင်ရဲထွဋ်၏ ကိစ္စဖြစ်ပွားသွားပြီးသည့်နောက်ပိုင်း တရားဓမ္မနှင့် အေးချမ်းရာ အေးချမ်းကြောင်းကို ရှာဖွေနေထိုင်အားထုတ်တတ်လာလေပြီဖြစ်ရာ သျှင်ရဲထွဋ်အနာဂတ်၌လည်း င်မပါတော့ချေ။

"ဒါပေမယ့် သားရယ် သားရဲ့မျိုးဆက်အတွက်တော့ စဉ်းစားသင့်ပါတယ်"

"ကျွန်တော်မျိုးဆက်မရှိပေမယ့် ကျွန်တော်ကတော့ တော်လူကောင်း တစ်ယောက်အနေနဲ့ ရပ်တည်ပေးခဲ့ တယ်မဟုတ်လား မေမေ၊ ကျွန်တော့်မျိုးဆက်က ကျွန်တော်လို ဖြစ်လာလိမ့်မယ်လို့ မေမေတို့ အာမခံနိုင်ပါ့မလား၊ ဘိန်း ခပါဘူး ပြောနိုင်မလား၊ ဒီတော့ မရှိတာကမှ ပိုကောင်း တယ်လို့. . ."

"တော်ပါတော့ ဖိုးသောကြာ စကားနည်းနည်းစမိပါ တယ် မဆုံးတော့ဘူး"

ဒေါ်စိန်စိန်က သားထံမှ ပျောက်ဆုံးနေတာကြာပြီဖြစ်သော စကားကြောရှည်ခြင်းလေးကို ပြန်လည်ရရှိလိုက် သောအခါ ကျေနပ်ဝမ်းသာသွားလေသည်။

နေပါစေတော့ သူစိတ်ချမ်းသာသလိုသာ နေပါစေ တော့ဟု မိခင်က ဆုံးဖြတ်ချက်ချလိုက်လေသည်။

"စိတ်ချပါ မေမေ၊ သားနှလုံးသားထဲက ပေါက်ဖွား လာတဲ့ ချစ်ခြင်းနဲ့ ရွေးချယ်လာတဲ့ မိန်းမရှိရင် သားလက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



မှာပါ အဲဒီအခါသာ မေမေတို့ မကန့်ကွက်နဲ့”

“ကောင်းပြီ စိန်လိုက် အဲဒီမိန်းမဟာ မိဖျိုင်းဖြစ်နေရင်တောင် မေမေတို့ မကန့်ကွက်တော့ဘူး”

“တော်ပါတော့ မေမေ အဲဒီမိန်းမအကြောင်း ထည့်မပြောပါနဲ့”

သျှင်ရဲထွဋ်မျက်မှောင်ချီကာ မိခင်ကို ဟန့်တားမိလိုက်လေသည်။ မိမိအား အရုပ်တစ်ရုပ်လို ကစားသွားသော မိန်းမကို နာကျည်းစိတ်က ပျက်ပြယ်မသွားချေ။

“အင်း. . . အချစ်ကြီးရင်လည်း အမျက်ကြီးတတ်တယ်တဲ့ ထွဋ်ထွဋ်၊ မင်းအမျက်က မင်းအချစ်အပေါ်မှာများ မူတည်နေသလားကွယ်”

“မေမေဆိုလိုတာ”

သျှင်ရဲထွဋ် မိခင်ကို နားမလည်စွာကြည့်လိုက်သည်။ မိခင်သည် အစက သူနှင့် ငွေဖျိုင်းဖြူနီးစပ်မှာကို အင်မတန်စိုးရိမ်ခဲ့လေသည်။ မိဖျိုင်းဟူသော အမည်ကို လုံးဝမဟခဲ့။ အမေရိကားက ပြန်ရောက်ပြီးနောက် သိသာစွာပင် ကန့်ကွက်ခဲ့လေသည်။

နောက် ငွေဖျိုင်းဖြူ၏ ထောင်ချောက်၌ သူသတ်ဆင်းခဲ့ရပြီးနောက် လက်ထပ်စာချုပ်ကော ကွာရှင်းစာချုပ်မှာပါ တပြိုင်တည်း လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်း လုံးဝပင် မေ့မေ့လျော့လျော့ ထားခဲ့ကြသည်။

သို့သော် ယခုတလော မိခင်သည် မိဖျိုင်းနှင့်ပတ်





သတ်၍ တော်တော်စကားပြောလာသည်။

“သားစိတ်ထဲမှာ ၊သားရင်ထဲမှာ မိဖျိုင်းတစ်ယောက်တည်းပဲ ရှိနေသလားလို့ မေမေသံသယဝင်နေမိတယ်”

“မရှိဘူး ဒင်းကို သားရင်ထဲက ထုတ်ပစ်လိုက်တာကြာပြီ၊ ကျွန်တော့်ကို တန်ဖိုးမဲ့ စော်ကားသွားတဲ့ မိန်းမတစ်ယောက်ကို တမ်းတလောက်အောင် . . ရင်ထဲထည့်ထားလောက်အောင် ကျွန်တော်မရူးသွပ်သေးပါဘူး မေမေ”

“အင်း အချစ်ကြီးရင် အမျက်ကြီးတတ်ကြတာပဲ”

သျှင်ရဲထွဋ်နဖူးကြောများ ထောင်ထလာသည်အထိ အံကိုတင်းတင်းကြိတ်လိုက်သည်။

“ဟုတ်တယ် အချစ်ကြီးခဲ့လို့ အမျက်ကြီးခဲ့တယ်မှန်တယ် မေမေ၊ ဒါပေမယ့် အဲဒီအမျက်ကတော့ ဘယ်တော့မှ ကျေပျက်သွားမယ့် အမျက်မဟုတ်ပါဘူး မေမေ၊ ကျွန်တော် သွားနားတော့မယ်”

မိခင်ကို ရှောင်ရှားရန် သူထမင်းစားခန်းမှထွက်ခဲ့လေသည်။ ဒေါ်စိန်စိန်စိတ်မကောင်းဖြစ် ကျန်ရစ်ခဲ့ရလေသည်။

သျှင်ရဲထွဋ်သည် စားလက်စ ထမင်းပန်းကန်တန်းလန်းထားကာ ထထွက်သွားခြင်းကြောင့်ပင် နောက်တစ်ခါ ထမင်းစားချိန်တွင် မိမိပါးစပ်ကို ဆင်ဆင်ခြင်ခြင် ထားမည်ဟု စဉ်းစားကာ တစ်စုံတစ်ရာကို လေးလေးနက်နက်တွေးရင်း ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com


www.burmeseclassic.com



သူ့သားရင်ထဲ၌ မိဖျိုင်းကလွဲပြီး ဘယ်သူကိုမှ ရှာဖွေ မတွေ့ရှိပေ။







# အခန်း (၃၅)

သျှင်ရဲထွန့်အတွက် မျှော်လင့်မထားသော သတင်းတစ်ခုကို ကိုကိုဥက္ကာထံမှ ရရှိလိုက်လေသည်။ ဘုရားကိုးဆူ တစ်ခု၌ သူတို့နှစ်ယောက်ဆုံဆည်းကြသည်။

"ညီလေး ထွန့်ထွန့်နဲ့တွေ့လိုက်ရတာနဲ့ အတော်ပဲ"

"ကိစ္စရှိလို့လား ကိုဥက္ကာ"

"ကျွန်တော် ဘာအကူအညီပေးရမလဲ အိမ်ဆောက်ချင်တာလား တိုက်ခန်းဆောင်ချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ မဟုတ်ဘူး၊ တစ်နေ့ကပဲ ကိုယ် လား
ဘက်ကပြန်လာတာ၊ နယ်လှည့်ဆေးကုတယ်ဆိုတော့
မမျှော်လင့်ပဲ နယ်စပ်ဖွံ့ဖြိုးရေးဆေးရုံတစ်ခုမှာ ဘယ်သူ
တွေ့လိုက်ရတယ် ထင်သလဲ ညီလေး"

သျှင်ရဲထွဋ်က ညို့အားကောင်းသော သူ့မျက်
ဝိုင်းဖြင့် ကိုဥက္ကာကို ကြည့်လိုက်သည်။ ရင်ထဲက ထိတ်
ဖြစ်သွားသည်။ မကြားလိုသော အမည်တစ်ခုကို သူတုန်လှု
စွာ ကြားသိရတော့မည်ဟု အလိုလိုသိနေလေသည်။

"ညီမလေး မိဖျိုင်းနဲ့တွေ့ခဲ့တယ်၊ ကျန်းကျန်းမာ
ရွှင်ရွှင်လန်းလန်းနဲ့ လူနာတွေကြား သူ့ဘဝကို မြှုပ်နှံထား
တွေ့လိုက်ရတယ်"

သူမကောင်းတဲ့တဲ့၍ ငြိမ်သက်စွာ နားထောင်နေ
အိမ်ရှင်တည်ခင်းကျွေးမွေးသော ရွှေတောင်ခေါက်ဆွဲကို
နေရသော်လည်း အရသာပင်မသိတော့ချေ။ စိတ်လှုပ်ရှား
ယောက်ယက်ခတ်လျက်။

"တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒေါ်ငွေက ကလေးကျော
ရင်း ထမင်းချိုင့်လာပို့လို့ သူ့သားလေးနဲ့ပါ တွေ့ခဲ့ရသေးတယ်"

"ဩော်"

မာယာတစ်သိန်း အပလိန်းအနန္တနှင့် ကြောက်
မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးက အိမ်ထောင်ကျနေပြီကိုး ဘ
ငနွားက သူ့ထံပါး ဝပ်စင်းခယသွားလေသလဲမသိ။

"သားလေးက မူကြိုတက်နေပြီတဲ့၊ အချိန်မရ





စကားတောင်များများမပြောဖြစ်ကြပါဘူး၊ ခုမှ လောကကြီး
မှာ နေရတာ အဓိပ္ပာယ်ရှိသလိုပဲ ကျွန်မပျော်တယ်၊ ကျွန်မ
အတွက် ဘာမှမပူကြနဲ့ အစ်ကိုတို့လေးယောက်စလုံးကို
သတိရတယ်လို့တော့ ပြောလိုက်သေးတယ်"

သျှင်ရဲထွဋ်စားလက်စကို ရပ်လိုက်ပြီး ကိုဥက္ကာကို
ကြည့်လိုက်သည်။ ဤပုဂ္ဂိုလ်တောင် အရိုးအကြောအထူးကု
သမားတော်ကြီးဖြစ်နေပြီပဲ။

ကိုဥက္ကာက သူ့အကြည့်ကို ဥပေက္ခာပြုပြီး. . .

"ဒီနှစ်ထဲတောင် သူ ရန်ကုန်လာဖို့ရှိတယ် အဲဒီအခါ
မှ အားလုံးနဲ့တွေ့ဦးမယ်ပြောပြီး မင်းကိုမေးတယ်"

ဖိုးသော်ကြာ နှုတ်ဆွံ့အနေခဲ့ပြီး ရင်မှာလှုပ်ခတ်
နာကြင်နေဆဲပါလား။

"နေကောင်းလား. . အိမ်ထောင်ကျသွားပြီလားတဲ့
လေ"

"မကြာခင် ကျွန်တော် လက်ထပ်တော့မှာပါ"

မခံချင်စိတ်ဖြင့်ပြောလိုက်မိသည်။ သို့သော် ထိုကိစ္စ
တို့ သူ လွယ်လင့်တကူ လုပ်လိမ့်မည်မဟုတ်။

"ကောင်းပါတယ် လူ့ဘဝသက်တမ်းဆိုတာ ခဏ
လေးပဲ၊ ရတောင့်ရခဲ လူ့ဘဝမှာ ကောင်းသောဆန္ဒနဲ့ ကိုယ်
လုပ်ချင်တာတွေ လုပ်သင့်တာတွေလုပ်လိုက်ရမှ အဓိပ္ပာယ်
ရှိတော့မှာပေါ့"

"ဟုတ်ကဲ့ ကျွန်တော်ပြန်ဦးမယ် ကိုဥက္ကာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . အေး"

သျှင်ရဲထွဋ် အိမ်ရှင်ကို ရှာဖွေနှုတ်ဆက်ပြီး ပြန်ခဲ့လေသည်။ လမ်းထဲရောက်တော့ ငွေဗျိုင်းဖြူတို့အိမ်ကို ငုံ့စောင်းကြည့်မိလိုက်သည်။ မီးထိန်ထိန်လင်းနေသဖြင့် နောက်ထပ်နှစ်ချုပ်ဖြင့် အိမ်ငှားထပ်ရလိုက်ပြန်ပြီ ထင်သည်။

"သားပြန်လာတာ စောသားပဲ"

"ဟုတ်ကဲ့"

"ထမင်းစားတော့မလား"

"ဘုရားကိုးဆူမှာ စားခဲ့ပြီ မေမေ"

"မောင်အာကာနိုင်ပြန်ရောက်နေပြီ သား"

"ဟင်"

ဒီနေ့ သတင်းထူးတွေကြားနေရသည်။

"လောလောဆယ်တော့ သူတို့ မိဗျိုင်းအိမ်ကြီးမှာပဲ တည်းကြတယ်၊ နောက်လ သူတို့ဝယ်ထားတဲ့ ဝင်ဒါမီယာကို ပြောင်းကြမယ်၊ သံရုံးငှားထားတာ နောက်လမှနှစ်ချုပ်စေ့မယ်လေ. . သားသမီး နှစ်ယောက်ရလာတယ် ချစ်စရာလေးတွေကွယ်"

"မေမေရောက်ပြီးပြီလား"

"ဟင့်အင်း မေမေတို့ကို လက်ဆောင်ပေးရင်း လာတွေ့ကြတာ"

"ဪ"

"လူဆိုတာ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် သူ့အ





သိုက်အမြုံနဲ့သူမှ ကောင်းတယ်သား"

"ကျွန်တော်သွားနားတော့မယ် မေမေ"

သျှင်ရဲထွဋ်စိတ်ပင်ပန်းနေပြီ။ ကြားရချက်တို့က နားဝအဆက်သာသလို ရင်ဝစုံအကန်ခံရသလို ခံရခက်လေသည်။ သျှင်ရဲထွဋ်အပေါ်ထပ်သို့ တောင်လျှောက်တက်ပြီး အိပ်ခန်းအဝင်ကာ တံခါးကို ဂျက်ချလိုက်သည်။

နံရံကပ်ဘီဒိုကြီးကို ဆွဲဖွင့်လိုက်သည်။ ကုတ်အကျႌအဖြူ ဝတ်စုံတစ်စုံက သူ့အား လှောင်ပြုံးနှင့်ကြည့်နေသည်။ ငွေဗျိုင်းဖြူနှင့် နောက်ဆုံးခွဲခွာစဉ်က သူကိုယ်၌ ကပ်ပါလာခဲ့သော ဝတ်စုံပင်။ ဘီဒိုကို ပြန်ပိတ်လိုက်သည်။

နောက် မီးခံသေတ္တာဆီလျှောက်သွားပြီးတော့ ဖွင့်လိုက်သည်။ စာချုပ်စာတမ်းအိတ်တစ်အိတ်ကို ဆွဲထုတ်တာကြည့်လိုက်သည်။ ငါးနှစ်ဟူသော ကာလသည် အချိန်နာရီများစွာကို အလုပ်အတွက် မြှုပ်နှံထားသူများအတွက် ဘာမှ မကြာလိုက်ပါလား။

သျှင်ရဲထွဋ် ငွေဗျိုင်းဖြူနှင့် လက်ထပ်စာချုပ်၊ ကွာရှင်းစာချုပ်များကို ရင်နာနာနှင့်ပြန်ကြည့်ပြီး ပြန်ထည့်သိမ်းလိုက်လေသည်။ ငွေဗျိုင်းဖြူဘဝ တည်ငြိမ်သွားပြီး သူငယ်ချင်းကောင်းတစ်ယောက်အနေနှင့် သူဝမ်းသာသင့်သည်။

ငွေဗျိုင်းဖြူနှင့် သူတို့ဘဝဇာတ်လမ်းကို ပြည်ဖုံးအားသင့်ပြီ။ ငွေဗျိုင်းဖြူအပေါ် ခွင့်လွှတ်စိတ်မွေးရမည်။

ယောက်ျားတစ်ယောက်၏ ဂုဏ်သိက္ခာကို ကျဆင်း



www.burmeseclassic.com

www.burmeseclassic.com



သွားအောင် မာယာထောက်ချောက်ဆင်ကာ မိမိတို့မိသားစု အပေါ် အနိုင်ယူပြသွားသော ငွေဗိုလ်ဖြူ၏ ဒါဏ်ခတ်မှုတို့ သူနာကြင်စွာ သတိရနေတတ်သည်။

သူ့အိမ်ထောင်ပြုသင့်ပြီ။ နာကျည်း မုန်းတီးမှုကြောင့်ပဲ သတိရရ၊ မပြတ်နိုင်သော သံယောဇဉ်ကြောင့်ပဲ သတိရရ ဘယ်လိုနည်းနှင့်မှ သတိရဖို့ မထိုက်တန်တော့။ သူ့မေတ္တာသည် ငွေဗိုလ်ဖြူအတွက် သတိရဖို့တောင် မထိုက်တန်တော့ပါချေ။ သျှင်ရဲထွဋ် တစ်ညလုံးမအိပ်ပဲ စဉ်းစားခန်းဝင်လိုက်လေသည်။

နံနက်မိုးသောက်သည်နှင့် သူ့အတွက်အဖြေတစ်ခုခု ရရှိလိမ့်မည်ဟု သူယုံကြည်လေသည်။







# အခန်း (၃၆)

ဦးအောင်ရွှေသည် မယုံကြည်နိုင်သော မျက်ဝန်းဖြင့် သျှင်ရဲထွဋ်ကို ကြည့်လိုက်လေသည်။ ဒေါ်စိန်စိန်မှာ အံ့သြစွာ သူ့ရင်ဘတ်ကိုဖိလျက်. . .

"ဟုတ်မှလည်းပြောပါသားရယ် မေမေတို့ကို နောက်နေတာလား"

"မနောက်ပါဘူးမေမေ ကျွန်တော်အတည်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာပါ။ ကျွန်တော့်အသက်အရွယ်က မိဘကို နောက်ပြောင်ပြောဆိုသင့်တဲ့အရွယ်လို့ မေမေထင်နေသေးလို့လား”

ဦးအောင်ရွှေက သျှင်ရဲထွဋ်ထံမှအကြည့်ကို ရုပ်သိမ်းလိုက်သည်။ မြွေမြွေချင်း ခြေမြင်သည်။ ယောကျ်ားအချင်းချင်း၏ နှလုံးသားကို ယောကျ်ားအချင်းချင်းပဲ မြင်တွေ့နိုင်လေသည်။ သျှင်ရဲထွဋ်က နှလုံးသားမွန်းကြပ်နေမှုကို ဖခင်တစ်ယောက်အနေဖြင့် တွေ့မြင်နေရသည်။ သျှင်ရဲထွဋ်က သူ၏ မွန်းကြပ်သော ဝေဒနာများကို လုပ်ငန်းထဲတွင် နှစ်မြှုပ်ထားလိုက်သည်။

သို့သော် သက်သာရုံသာရှိမည်။ ယခု သူအတွက် ထွက်ပေါက်တစ်ခုကို သူရှာလေပြီ။ ဝါသနာပါသော လုပ်ငန်း၌ နှစ်မြှုပ်ပြီး အောင်မြင်မှုတစ်ခုကို ရယူလိုက်ခြင်းဖြင့် သူ၏ မွန်းကြပ်မှုကို သူအမြစ်ဖြတ်လိုက်ရန် သူဆုံးဖြတ်ခြင်းဖြစ်ပေမည်။

“ဘယ်လိုလဲ အဖေကြီး”

ဒေါ်စိန်စိန်က ခါတိုင်းလို ဒေါသတကြီး ဟိန်းဟောက်ခြင်းမရှိပဲ. . အေးဆေးစွာပင် မုန့်စားလိုက် ကော်ဖီသောက်လိုက် လုပ်နေသော အေးတိအေးစက်ဟန်ပန်နှင့် ဦးအောင်ရွှေကို မေးလိုက်လေသည်။

“ဘာဘယ်လိုရမှာလဲ”

“သားအကပြိုင်ပွဲဝင်ဦးမယ်ဆိုတဲ့ကိစ္စလေ ဖြစ်နိုင်မ





လား။ ကုမ္ပဏီပိုင်ရှင်သူဌေး နိုင်ငံခြားပြန် ဒေါက်တာဘွဲ့ရ အင်ဂျင်နီယာတစ်ယောက်က အကပြိုင်ပွဲဝင်မယ်ဆိုတာ ဖြစ်နိုင်ပါ့မလား”

ဦးအောင်ရွှေကပြုံးကာ. . .

“ဖြစ်နိုင်ပါတယ် ဖြစ်သင့်ပါတယ်၊ ဒေါက်တာဘွဲ့ရမအလို့ ဘာဘွဲ့ရကြီးပဲရရ သျှင်ရဲထွဋ်ဟာ မြန်မာအမျိုးသားပဲ၊ မြန်မာ့ယဉ်ကျေးမှု အကပြိုင်ပွဲဝင်တာ သဘာဝကျပါတယ်၊ ဝင်ပါစေ အနုပညာဆိုတာ ရှုံ့ဝင်စားလာပြီဆိုရင် သေချာပြီ အောင်မြင်မှုကို လက်လှမ်းကိုင်နိုင်ပြီဆိုတာ သေချာပြီ”

“သားသဘောပဲ မင်းပြိုင်ပွဲဝင်ရင် ပညာရှင်အဆင့်တာ ဝင်ရမှာနော်သား အဆိုအငိုအပြောတွေပါ ပါလာပြီ၊ ဖြစ်မလား”

“ဖြစ်ပါတယ် ဖြစ်စေရမယ်၊ ဇာတ်မင်းသားကြီးတစ်ဦးဦးထံ အဆိုအငိုအပြောတွေ လေ့ကျင့်နာယူမယ်၊ အားလုံးရဲ့ပညာက အခွေတွေနဲ့ ကျင့်လို့ရတယ် အကအတွက် ယဉ်ကျေးမှုအဖွဲ့က ဆရာကိုပဲ ပြန်ငှားကျင့်မယ် စိတ်ကူးထားတယ်မေမေ”

သျှင်ရဲထွဋ်က တကယ်ကို တက်တက်ကြွကြွရှိနေသည်။ ဒေါ်စိန်စိန်က သွေးရောင်လွှမ်းနေသော သားဖြစ်သူ၏ မျက်နှာကိုကြည့်ကာ စိတ်ထဲ ငိုချင်သလိုလို ခံစားရသည်။ မိမိ၏ဝါသနာ မိမိဘက်က်မျိုးရိုးအမွေသည် သားထံ ပြန်လည်ပေါ်ပေါက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သူဘိုးလေးသေလို့ ဝင်စားတာပါ"

စပို့ရှပ် အကောင်းစားနှင့် စတိုင်ဘောင်းဘီကို ဝတ်ကာ ဖုန်းလေးခါးမှာချိတ်လျက် Construction လုပ်ငန်းပိုင်ရှင် သူဌေးတစ်ဦးက 'က'ဦးမည်တဲ့၊ အဆိုအကအရေးအတီးပြိုင်ပွဲ ဝင်မည်တဲ့။

ဒေါ်စိန်စိန် မယုံကြည်နိုင်သလို ငေးကြည့်နေမိသည်။

"မေမေက ကျွန်တော့်ကို မယုံကြည်ဘူးလား"

"ယုံပါတယ်"

"နိုင်ငံခြားကယူလာတဲ့ ဒေါက်တာဘွဲ့ဟာ ကျွန်တော့်ဝါသနာကို စတေးခံပြီးမှ ယူလာရတာမဟုတ်လား၊ ခုကျွန်တော့်ရင်ထဲမှာ သိပ်မွန်းကြပ်နေတယ်၊ ကျွန်တော်လုပ်ချင်တာတွေ ကျွန်တော်ဖြစ်ချင်ခဲ့တာတွေ ဘာတစ်ခုမှဖြစ်မလာခဲ့တဲ့နောက်ပိုင်းမှာ ကျွန်တော်ဝါသနာအပါဆုံးအရာနဲ့ အောင်မြင်မှုတစ်ခုကို ရယူချင်တယ် မေမေ၊ ဒါမှ ကျွန်တော့်ခံစားချက်တွေ လျော့ပါးသွားမှာ"

ဒေါ်စိန်စိန်သဘောပေါက်လေပြီ။ မိဖျိုးအပေါ်စွဲလန်းသောစိတ်က သျှင်ရဲထွဋ်ရှိသေမှ ပျောက်ကွယ်သွားမည်ထင်ပါသည်။

"သားသဘောလေ ခြောက်လဆိုတဲ့အချိန်ဟာ သားထပ်မံ လေ့ကျင့်ချိန် လုံလောက်ရဲ့လား"

"လုံလောက်ပါတယ် သားပျင်းတဲ့အခါ ပုံမှန်ကဖြစ်တာပဲ"





အပေါ်ထပ်တစ်ထပ်လုံးနှင့် ကိုယ်ပိုင်တိုက်ခန်း ပမာဖြစ်နေသော သူ့အိပ်ခန်းဝယ် အခန်းတံခါးပိတ်ပြီး ကနေခြင်းကို ဘယ်သူမှမရိပ်မိကြချေ။

"ကောင်းပြီ လုပ်ငန်းအတွက် စိတ်ချတဲ့ မန်နေဂျာနဲ့ ထွဲထားလိုက်သား၊ ပုံမှန်အစည်းအဝေးလောက်ပဲ မှန်မှန်ထတ်ပေးရင် လုံလောက်ပါတယ် ဖေဖေကူညီမှာပေါ့ကွာ"

ဖခင်၏ အားပေးမှုကြောင့် သျှင်ရဲထွဋ်ကျေနပ်သွားသည်။ ပျောက်ဆုံးနေသော ကျေနပ်မှုအလင်းရောင်လေးကို သားဖြစ်သူ မျက်နှာပြင်ပေါ်မှ ပြန်တွေ့လိုက်ရသဖြင့် မိဘများသည်း ပင့်သက်ရှိုက်မိကြလေသည်။

သူတို့သား သျှင်ရဲထွဋ်သည် အနုပညာနှင့်ပတ်သက်လာလျှင်တော့ ဘယ်တော့မှ နောက်မဆုတ်စတမ်း ဇွဲနပဲကြီးမှာဖြင့် စိတ်အားထက်သန်စွာ အားထုတ်လိမ့်မည်ဟု ယုံကြည်ပြီးသား ဖြစ်လေသည်။ သူတို့ ပံ့ပိုးပေးကြရဦးမည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၇)

"ငွေဗျိုင်းဖြူ ပြန်ရောက်နေပြီတဲ့ ဖအေကြီး"
"ဟင်"
ဦးအောင်ရွှေအံ့အားသင့်သွားသည်
"ဘယ်ကသတင်းရလာတာလဲ"
"ဩော်. . ဈေးမှာ မငွေနဲ့တွေ့လာတယ်လေ"
"အပြီးပြောင်းလာတာလား"
"မသိပါဘူး မငွေကလည်း သိတဲ့အတိုင်း ခပ်အေး





အေးရယ် နောက်ပြီး မိဗျိုင်းအပေါ်မှာလည်း သစ္စာရှိတော့ ဘာမေးမေး ကျွန်မ မသိဘူး၊ ခဏပြန်လာတာလား အပြီးပြန် လာတာလည်းမသိနိုင်ဘူး၊ ဘာမှမပြောဘူး လာဆိုလာလိုက် တာပဲတဲ့"

"သူ့ခင်ပွန်းကောကွယ် ဘာလုပ်သတဲ့လဲ ပါလာသ လား"

"မမေးလိုက်မိပါဘူး အဖေကြီးရယ် ဈေးထဲဆိုတော့ လည်း သိတဲ့အတိုင်း လူတွေခပ်ရှုပ်ရှုပ်ဆိုတော့ မေးချိန် တောင် မရလိုက်ပါဘူး"

ဒေါ်စိန်စိန်က ရေနွေးတစ်ခွက်ကို မော့သောက်ပြီး တော့ညည်းညည်းလေးပြောလိုက်သည်။

"ကျွန်မတို့ဘက်ကလည်း သားဇောနဲ့မှားခဲ့တာတွေ ရှိတာပဲ တကယ်ဆို မိဘမကောင်းတာနဲ့ သားသမီးကို မပုတ် ထားသင့်ဘူး နောက်ပြီး သမီးချင်းစာနာပြီး ကိုယ့်သမီးလေးလို စောင့်ရှောက်မှုပေးသင့်ခဲ့တာဘာပဲ၊ ပြောပြောကျွန်မတော့ သွားတွေ့ဦးမယ်"

"အာကာနိုင်ကော"

"ပြောင်းသွားပြီလေ အဖေကြီးရဲ့ ကြာပြီကော"

"အင်း. . ဟုတ်ပါရဲ့ ကိုယ်လည်း သားအလုပ်ကိုပါ ခိုင်းညွှန်ပေးနေရတော့ ပတ်ဝန်းကျင်နဲ့တောင် အဆက်အ သွယ်ပြတ်နေတယ်၊ ကိုင်း. . သွားဦးမှ၊ သားဆိုက်ထဲပါ ထည့် လိုက်ဦးမယ်၊ သား အိပ်တုန်းထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လေ့ကျင့်ခန်းလုပ်နေမှာပေါ့"

ဦးအောင်ရွှေ ထွက်သွားလေသည်။ ဒေါ်စိန်စိန်က ခပ်ငူငူကြီး ကျန်ရစ်ခဲ့လေသည်။ ငွေဖိုးင်းဖြူထံသွားရောက် တွေ့ဆုံ၍ ဘာအကျိုးထူးနိုင်မည်နည်း အတိုတ်ကို တူးဖော် ကြရုံကလွဲပြီး အကျိုးမရှိနိုင်။

ဒေါက်တာဦးဘအိုအား သတင်းပေးလိုက်ပြီး အဖော် လုပ်ကာ လူကြီးပီပီ သွားရောက်ပြီး လိုအပ်သော အကူအညီ များပေးဖို့ သွားမေးသင့်သလား။

ဒေါက်တာ ဦးဘအိုထံ ဖုန်းဆက်လိုက်လေသည်။

"ကိုဘအိုလား ကျွန်မ စိန်စိန်ပါ"

"ဆို. . မစိန်ဘာကိစ္စလဲ ကျွန်တော်ဘာအကူအညီ ပေးရမလဲ"

"ဘေဘီပြန်ရောက်နေတယ် ကိုဘအိုသိသလား"

"သိတယ်. . တစ်နေ့ကပဲ ရောက်ကြတယ် လာနှုတ် ဆက်ကြသေးတယ်"

"လာနှုတ်ဆက်ကြတယ်ဆိုတာ ဘယ်သူတွေလဲ ကို ဘအို"

"ဘေဘီနဲ့မငွေလေ သူ့အိမ်သားများကတော့ ပါမ လာပါဘူး မင်းတို့ မိသားစုအကြောင်းတွေတောင်မေးလို့ ကျွန်တော်လည်း သိထားတဲ့အတိုင်းပဲ ပြောပြလိုက်တယ်"

"ဩော်. . ကျွန်မတို့ဆီကော မလာဘူး"

"ကိစ္စအားလုံးက မျက်နှာပူစွာနဲ့ပဲ ပြီးပြတ်ကြပြီ





ဟုတ်လား၊ မစိန် ခင်ဗျားက ဘာဖြစ်နေတာလဲ ခုမှ ပြန်ဆက် ချင်လို့ရမလား၊ သူ့မှာလဲ သူ့အိမ်ထောင်နဲ့ သူ့သားနဲ့ပေပဲ၊ မောင်ထွဋ်အစွဲအလန်းကို ခင်ဗျားတို့ စောစောကတည်းက ပေးသည်ရင် ဒီလိုကြေကွဲစရာအဖြစ်မျိုးတွေ ကြုံတွေ့ရမှာ မဟုတ်ဘူး၊ ဘာမှသွားမတွေ့နဲ့ မောင်ထွဋ်ကိုလည်း အသိ မပေးနဲ့၊ သူ့ဖာသာသူ အေးအေးဆေးဆေး အကာပြိုင်ပွဲဝင်ပါ စေ"

"ဟုတ်. . ဟုတ်ကဲ့ ကိုဘအို"

"ကိုင်း. . ဒါပဲလား မစိန် ဂေါ့ဖ်သွားရိုက်ဖို့ ကားလာ ခေါ်နေလို့ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

ဒေါ်စိန်စိန် တယ်လီဖုန်းချလိုက်လေသည်။ ရင်ထဲ၌ အတာတာနှင့် ထိုင်မရ၊ ထ၍မရသော ရောဂါတစ်ခုစွဲကပ် သည့်နှယ် ဂဏှာမငြိမ်စွာ ခံစားလိုက်ရလေသည်။ အပြစ် အနာအဆာကင်းစင်သော မိမိတို့သားလေးမှာ နားခိုစရာ တစ်ခုကို ရှာဖွေနေရသည်။

အပြစ်အနာအဆာတွေနှင့် မိဖိုးင်းလို မိန်းမတစ်ယောက် သာယာပျော်ရွှင်စွာနှင့် အိမ်ထောင်တစ်ခုကို တည်ထောင်နိုင် သည်။

"မဖြစ်ဘူး မဖြစ်ဘူး ဒင်းကိုပြောကို ပြောရမယ်"

ဒေါ်စိန်စိန်ထမိန်စွန်တောင်ဆွဲပြီး အပေါ်ထပ်တက်ခဲ့ သည်။ ထင်သည့်အတိုင်း သားက လေ့ကျင့်ခန်းလုပ်နေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သား မပြီးသေးဘူးလား မေမေစကားပြောချင်တယ်"

သျှင်ရဲထွဋ်ပြေးစက်ပေါ်မှ ရပ်နားလိုက်လေသည်။ နောက် ချွေးသုတ်ရင်း. . .

"ဘာပြောမလို့လဲ မေမေ ကျွန်တော် ဆင်းအလာ မစောင့်နိုင်တော့အောင် အရေးတကြီးကိစ္စရှိလို့လား မေမေ"

"ရှိတာပေါ့"

ဒေါင်းတင်မောင်းတင်လာပြီးမှ ဒေါ်စိန်စိန်က ချွေးများရွှဲနစ်နေသော သားကိုကြည့်ကာ စိတ်ကိုလျှော့လိုက်သည်။

"သားဝတ်စုံအတွက်ကော"

"အိမ်ခေါ်ပြီး အတိုင်းယူချုပ်ခိုင်းလိုက်ပြီ မေမေ ဘာများလဲလို့"

"ဘာရောင်လဲ"

"အဖြူခံပေါ်ပဲပေါ့ မေမေ ကျွန်တော် အဖြူပဲကြိုက်တာ မေမေသိသားနဲ့"

"သား ဒီပြိုင်ပွဲပြီးရင် ဒီအတိုင်း မနေနဲ့တော့ အိမ်ထောင်ပြုတော့"

သျှင်ရဲထွဋ်က ရေသောက်လိုက်ပြီးမှ ထုံးစံအတိုင်း သွားတက်လေးများပေါ်အောင် ပြုံးလိုက်သည်။

"ဘာများလဲလို့ အထူးအဆန်းမဟုတ်တာ ကျွန်





တော်တလည်း စဉ်းစားထားပါတယ် ဒီပြိုင်ပွဲမှာ ရွှေတံဆိပ်ရပြီး အိမ်မှာ ဂုဏ်ပြုဧည့်ခံပွဲလုပ်တဲ့နေ့မှာ စေ့စပ်နိုင်ရမယ်လို့"

ဒေါ်စိန်စိန်မျက်နှာဝင်းပသွားသည်။

"ဟယ် ဒါဆို သားတွေ့ထားပြီပေါ့"

"ကျွန်တော်နားမှာ နှင်းဆီခိုင်တွေ အများကြီးပဲ မေမေရယ် အဲဒီထဲက ကျွန်တော်ကြိုက်တဲ့ တစ်ခိုင်ကို လှမ်းခူးယူလိုက်ရုံပေါ့ မဟုတ်ဘူးလားခင်ဗျား"

ပြောရင်း ဇာတ်သံနှောကာ လက်ဟန်ခြေဟန်နှင့် ကြိုးတစ်ခု ကလိုက်သည်။ နောက်. . .

"နေဦး မေမေ. . ဟို မေမေကို ကျွန်တော် ဘဲလေး အကတစ်ပုဒ်ကပြမယ်၊ ဟိုမှာ ကျွန်တော်သင်ခဲ့သေးတယ် သူလည်း သက်လုံအတော်ကောင်းမှဖြစ်တာ ပင်ပန်းတယ် ကျွန်တော် ကပြမယ်"

ဒေါ်စိန်စိန်၏ သောကပြေပျောက်သွားလေသည်။ အနောက်တိုင်း တေးသွားတစ်ခုနှင့် ဘဲလေးအကကို သျှင်ရဲထွဋ်က ကပြလိုက်လေသည်။

ဒေါ်စိန်စိန်သည် အကစွယ်စုံပညာရှင်လို ဖြစ်နေသော သားဖြစ်သူအားကြည့်ကာ မျက်ရည်လည်လေတော့သည်။

"ဝတ်စုံရတဲ့နေ့ မေမေ့ကို ပထမဦးဆုံးပြမယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com




"အေးအေး . . ကိုင်း . . နားနားပြီးရင် ရေချိုး၊ ဒီနေ့ ငရံ့ခေါင်းနဲ့ ဒန့်ဒလွန်သီးချဉ်ရည်ချက်ထားမယ်နော် သား"

"အိုကေ"

သားဖြစ်သူသည် သူ့နှလုံးသား ဝေဒနာကို သူ၏ဝါသနာပါသော အကအနုပညာထဲ၌ မြှုပ်နှံထားလိုက်ပုံရလေသည်။ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွနှင့် ရှိနေသည့်အတွက် သူ အနှောက်အယှက်မပေးလိုပဲ နောက်ပြန်ဆုတ်ခဲ့လေသည်။







## အခန်း (၃၈)

အံမျိုးသားကဇာတ်ရုံသို့ သူရောက်ရှိခဲ့ပြန်သည်။ ပြိုင်ပွဲဝင်သည့်အခါမှမဟုတ် အကပြိုင်ပွဲနေ့တိုင်း အစအဆုံး ပတ်စာခွာဖျာသိမ်းမှ အိမ်ပြန်လေ့ရှိသည့် သူ့အလေ့အတိုင်းသူ သွားရောက်အားပေးလေသည်။

"ရှမ်းပြည်နယ်မြောက်ပိုင်း မောင်မင်းဘုန်းထွဋ် အညည့်ဖြစ်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်လိုက်တာ အဖြူရောင်ပေါ်ထိုးထားသော စီးကွင့်ကလေးများက သူ့ဝတ်စုံနှင့် တစ်ပုံစံထဲပင် ခေါင်းပေါင်းမှာ ထိုးထားသည်က အစတူညီလေသည်။ သဇင်သစ်ခွထိုးထားပုံကလည်း တူလွန်းလှသည်။

"ဟင်"

ရှေ့တန်းနှစ်တန်းကျော်၌ လွတ်နေသော နေရာသို့ မိန်းမနှစ်ဦး လာထိုင်သည်။ ဒေါ်ငွေနှင့် ငွေမျိုင်းဖြူ။ သျှင်ရဲထွန်း စိတ်ဝင်စားသွားသည်။ တော်လိုက်တဲ့ကလေး ဟာကွက်လုံးဝမရှိ။ စည်းချက်ဝါးချက်ကလည်း ညီလိုက်တာ။

ကြည့်စမ်း. . အကဆန်းလေးတွေနှင့် လှလိုက်တဲ့ မင်းသားလေး။ အိပ်မက်တည်းက နတ်သားလေးတစ်ပါး နတ်သက်ကြွေ ကျလာတာလား။ သူ့အား ပညာပေးဖို့သက်သက် ကိုယ်ပွားသဏ္ဍာန်ဖန်တီးကာ ရောက်လာလေသလား။

အိပ်မက်လေးလား။ အမျိုးသားကဇာတ်ရုံအတွင်း ချီပိုးကာ ကြိုဆိုလာသည်။ တစ်ယောက်တည်းမဟုတ်။

"ဟင်"

ကိုဥက္ကာ၊ ကိုအာကာ၊ ကိုထက်မြက်၊ ကိုအေးနိုင်နှင့် ကိုအောင်သူတို့ သူငယ်ချင်းငါးယောက် ငွေမျိုင်းဖြူနှင့် ဒေါ်ငွေပါ ထထွက်သွားသည်။

သျှင်ရဲထွန်း ထိုင်နေ၍မရတော့၊ သူပါ ထိုအုပ်စုနောက်မှ လိုက်ထွက်ခဲ့လေသည်။ ဇာတ်ရုံအပြင်ရောက်တွင်





သူတို့အား မှီသွားသည်။

"မိဖျိုင်း"

အက်ကွဲရှတနေသော အသံဖြင့် သူခေါ်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၉)

ငွေမျိုးဖြူခြေလှမ်း တုံ့ခနဲ ရပ်ဆိုင်းသွားသည်။ သူ ရောက်လာလိမ့်မည်ဟု သိထားသော်လည်း ဒီလောက်မြန်မြန်ဆန်ဆန် ရောက်လာသောအခါ ကြိုတင်ပြင်ဆင်မှုများ ရှိမထားသဖြင့် တုန်လှုပ်သွားလေသည်။

"မိမျိုး"

ဒုတိယထပ်မံခေါ်သံနှင့်အတူ သျှင်ရဲထွဋ်သည် သူ





ရှေ့၌ ကာစီးရပ်လိုက်လေသည်။

"ညီမလေး ထွဋ်ထွဋ်နဲ့လိုက်သွားလိုက် သားမင်းမင်းကို ဘဘတို့က ခေါ်သွားပြီး ကစားကွင်းလိုက်ပို့ပေးမယ် အိမ်မှာ သား ကိုကိုမမတွေ စောင့်နေကြတယ်"

"ဟုတ်လား မေမေလိုက်ဖူးလား ဒါဆို ဘွားလေး လိုက်ခဲ့"

"အေးပါတော် အေးပါ"

ငွေမျိုးဖြူ မချိပြုံးနှင့်ပြုံးကာ အစ်ကိုရင်းနှင့် အစ်ကိုရင်းပမာအစ်ကိုများကို ခေါင်းညိတ်ပြလိုက်သည်။ ငွေမျိုးဖြူ အချိန်ရောက်မှတော့ ဘာမှဖုံးကွယ်ထားစရာ မလိုတော့ချေ။ သားလေးမင်းဘုန်းထွဋ်ကလည်း သူ့ဖခင်ကို မေးလှုပြီ။

သားလေးက သူ့ဘကြီး အာကာနိုင်နှင့်အဘများနှင့် အတူလိုက်ပါသွားလေသည်။

"မေမေရေ တာ့တာ"

အစ်ကိုတွေက ဘာမှမပြောမသွား ကြည်ဖြူစွာ ထားရစ်သွားခဲ့လေသည်။ စကားများပျောက်ကွယ်သွားမှ မိမိအနီး ကျောက်ဆစ်ရုပ် တစ်ရုပ်ပမာ ကျောက်ချထားသော သျှင်ရဲထွဋ်ကို မော့ကြည့်လိုက်သည်။

စိတ်လှုပ်ရှားမှုကြောင့် သွေးရောင်လျှမ်းကာနီမြန်းသော မျက်နှာနှင့် သျှင်ရဲထွဋ်၏ မျက်နှာချောချောကို ရင်ဆိုင်တွေ့ရသည်။

"နင် ဘယ်သွားချင်သလဲ မနက်ဖြန်ပြင်ဆင်ရမယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ ကားတော့ ကိုယ်တိုင်မမောင်းပါဘူးနော်"

"အင်း"

ငွေဗျိုင်းဖြူထံမှ ပုံမှန်စကားသံထွက်လာမှ သျှင်ရဲထွန်း အသက်ဝင်လာပြီး လှုပ်လှုပ်ရှားရှားဖြစ်ကာ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်သည်။

သူ ဒရိုင်ဘာကို တွေ့လိုက်ရသည်။

"မောင်ထွေး မင်းပြန်နှင့်တော့ ငါ့ဖာသာငါ ပြန်လာမယ်"

"နင့်ဖာသာနင်မပြန်ရပါဘူး ငါကိုယ်တိုင် နင့်အိမ်လိုက်ပို့ပေးပါမယ်၊ ကိုင်း တစ်နေရာရာမှာ ငါတို့ နေ့လယ်စာ သွားစားကြတာပေါ့ နင့်ကို ငါဝန်ချတောင်းပန်စရာတွေ ရှိနေတယ်"

ငွေဗျိုင်းဖြူက အေးဆေးစွာပင် ပြောလိုက်သည်။ နောက် ငွေဗျိုင်းဖြူ ကားရှိရာသို့ နှစ်ဦးသား လျှောက်သွားကြလေသည်။ သျှင်ရဲထွန်းစိတ်လှုပ်ရှားနေသည်ကို ငွေဗျိုင်းဖြူ ရိပ်မိလေသည်။

"အိမ်နဲ့နီးနီး နီကိုးဟိုတယ်ကိုပဲ သွားရအောင် မနက်စောစော ငါတို့လျှောက်ပြေးကြကတည်းက တဖြည်းဖြည်းချင်း ဆောက်ခဲ့တဲ့ ဟိုတယ်နော် တစ်နေ့နေ့မှာ ငါတို့ ညည်းခံပွဲတွေ လုပ်စရာရှိရင် ဒီဟိုတယ်မှာပဲလုပ်ရအောင်လို့ နင်ပြောထားခဲ့ဖူးတယ်နော်"

"အင်း"





"ဘဝဆိုတာ ရေပွက်ပမာ တခဏတာဆိုတာ သိပ်ကိုမှန်တာပဲ ထွင့်ထွင့်ရယ်၊ အချိန်တွေကုန်မြန်လိုက်တာ သားသေတာစ်နှစ်ကြီးလာလေလေ သောကတွေ တစ်ဆပိုလာသလေပဲ"

ငွေဗျိုင်းဖြူ ခရားရေလွှတ်တတွတ်တွတ် ပြောနေမိသည်။ သျှင်ရဲထွန်းက ငွေဗျိုင်းဖြူကိုကြည့်ကာ. . .

"ကလေးအဖေကော"

ငွေဗျိုင်းဖြူ မဲ့ပြုံးပြုံးလိုက်သည်။ လှောင်ရယ်ရယ်လိုက်ချင်သော်လည်း တကယ်တန်းတော့ မရယ်မိတော့ပေ။ ဆံကြွင်ခြင်းတွေက စုပြုံကာ နှိပ်စက်နေသည်။

မိုက်မဲစွာ စွန့်စားလိုက်သော မိမိ၏ စွန့်စားမှုသည် သျှင်ရဲထွန်းပေါ်တွင်သာ အမိကတည်ရှိနေကြောင်း ငွေဗျိုင်းဖြူ သိရှိလိုက်ရလေပြီ။

"ရှိပါတယ် အဖေမရှိပဲ သားဘယ်ဖြစ်လာနိုင်ပါ့မလဲ"

သျှင်ရဲထွန်းမျက်နှာမဲတက်သွားသည်။ နီကိုဟိုတယ်အဝင်ပြီး သီးသန့်အခန်းတစ်ခုသို့ဝင်ကာ နေရာယူလိုက်သည်။ နောက် ငွေဗျိုင်းဖြူကပင် သျှင်ရဲထွန်းအကြိုက် ဟင်းလျာများကို မှာလိုက်သည်။

"ပုဇွန်အပြုတ်နဲ့ ငါးပေါင်းပဲမှာမယ်နော် အရွက်ကတော့ မုန့်ညင်းခရုဆီဆမ်းလောက်ဆိုတော်ပြီ၊ နင် မနက်ဖြန်မှာဝင်ရမယ့် အသံဝင်လို့မဖြစ်ဘူး ပြည်ပန်းညိုဟင်းချိုသောက်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ငွေဖျိုးဖြူ ဒလစပ်ပြောနေသလောက် ဖိုးသောကြာ ငြိမ်သက်နေသည်။

"ထွဋ်ထွဋ်"

"အင်း"

"နင် ငါ့ကို သိပ်ရွံ့ရှာမုန်းတီးနေမှာပဲနော်"

"ဟုတ်တယ် ငါနင့်ကို စက်ဆုပ်ရွံ့ရှာခဲ့တယ်"

ငွေဖျိုးဖြူရင်ထဲ နင့်ခနဲဖြစ်သွားသည်။ သို့သော် ကြို တင်ခံစားပြီးသားဖြစ်သဖြင့် သျှင်ရဲထွဋ်ကို အပြစ်မတင်ရက်။ သျှင်ရဲထွဋ်အိမ်ထောင်မပြုခြင်းကပင် မိမိအတွက် မျှော်လင့် ချက်တွေ ရှင်သန်နေစေခဲ့သည်။

"ငါရဲ့မာယာနဲ့ နင့်ရဲ့ဂုဏ်သိက္ခာတွေကို နှစ်ပြားမ တန်အောင် ငါပြုလုပ်ခဲ့တယ်နော် ဒီအတွက် ငါပေးဆပ်ပါ့ မယ်"

"ဘာပေးဆပ်မှာလဲ နင်လုပ်သွားတဲ့အလုပ်က ငါ့ တစ်သက် လွယ်လွယ်ကူကူနဲ့ ကျေပျက်သွားနိုင်မယ်လို့ နင် ထင်နေသလား"

ငွေဖျိုးဖြူက လှပစွာပြုံးကာ ခေါင်းညိတ်လိုက်လေ သည်။ သျှင်ရဲထွဋ်က မျက်မှောင်ချီကာ. . .

"မကျေဘူး မိဖျိုး"

"ငါဘက်က စစ်ကူရှိနေပြီပဲ"

"ဘာ. . .ဘာကိုဆိုလိုတာလဲ ဘာရည်ရွယ်ချက်နဲ့ နင်ပြောတာလဲ"





သျှင်ရဲထွဋ်စိတ်ရှုပ်ထွေးကာ စိတ်လှုပ်ရှားနေပုံရသ ဖြင့် ငွေဖျိုးဖြူက. . .

"ငါ့ဘက်က ငါ့ကိုယ်စား နင့်ရဲ့အမျက်တွေ နာကျည်း မှုတွေကို ချေမှုန်းပေးမယ့် သူတစ်ယောက်ရှိနေပြီလို့ ပြော တာပါ"

"ဘယ်သူလဲ"

"မင်းဘုန်းထွဋ်ပေါ့"

"ဟင်"

"ဟုတ်တယ်လေ ထွဋ်ထွဋ်ရယ် နင့်သားက နင့်ကို သူ့အမေနဲ့သူ့ကို အကြာကြီးပစ်ထားရကောင်းမလားဆိုပြီး နင့်ကို ရန်တွေ့လိမ့်မယ်"

သျှင်ရဲထွဋ်ထိုင်ရာမှ ရုတ်တရက်ထရပ်မိလျက်သား ဖြစ်သွားသည်။ ငွေဖျိုးဖြူကို ပြုံးကျယ်သော မျက်လုံးအစုံနှင့် စိုက်ကြည့်လေသည်။

ငွေဖျိုးဖြူက လှပစွာပြုံးပြလိုက်သည်။ ငွေဖျိုးဖြူ၏ အပြုံးသည် သျှင်ရဲထွဋ်၏ စိတ်ရှုပ်ထွေးမှုကို လျှော့ပါးသွားစေ သည်။

"ပြန်ထိုင်ပါဦး ထွဋ်ထွဋ်ရယ် ငါတောင်းပန်ပါတယ် ငါ့စကားကိုဆုံးအောင် နားထောင်ပေးပါ"

သျှင်ရဲထွဋ်မျက်ဝန်းဝယ် သားလေးမင်းဘုန်းထွဋ်၏ ပုံရိပ်များ ရစ်ဝဲလည်နေလိမ့်မည်။

"ငါ နင်နဲ့ခွဲခွာသွားရပြီးတဲ့နောက်ပိုင်းမှာ နင့်ကို ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြပြီးတဲ့အတိုင်းပဲ ငါဟာ နင်လိုချင်တဲ့ စံမိန်းမပုံမျိုး ပြန်မဖြစ်နိုင်တော့ဘူး၊ ဒီကြားထဲ နင့်အသိုင်းအဝိုင်းရဲ့ ဥပေက္ခာပြုမှုတို ငါခံစားခဲ့ရတယ်၊ နင်နဲ့ငါ ဘဝမနီးစပ်ဘူးဆိုတာ ငါနားလည်ခဲ့ရတဲ့အချိန်မှာ နင့်ကို ငါမျှော်လင့်လာခဲ့တယ်”

သျှင်ရဲထွဋ်၏ မျက်ဝန်း၌ အစိမ်းရောင်များ လျော့ပါးသွားလေသည်။ သူကိုယ်ပွားကို မွေးပေးတဲ့မိခင်ကောင်းဟာ သူ့အထင်မကြီးသော မိဗျိုင်းဖြစ်နေပါလား။

“နောက် ငါ့ဘဝအနည်ထိုင်ဖို့အတွက် ငါ အိမ်ထောင်ပြုသင့်ပြီ၊ မိသားစုဆိုတဲ့ အသိုက်အမြုံတစ်ခုရဲ့ မိခင်ကောင်းတစ်ယောက် အိမ်ရှင်မကောင်းတစ်ယောက်အဖြစ် နေတော့မယ်ဆုံးဖြတ်ပြီး အိမ်ထောင်ဘက်ကောင်းတစ်ယောက်ကို ရွေးချယ်နေတဲ့အချိန်မှာ မမျှော်လင့်ပဲ နင်ပြန်ရောက်လာခဲ့တယ်နော်”

ငွေဗျိုင်းဖြူ မောသွားသဖြင့် ဆန်းကစ်တစ်ငုံ ငုံသောက်လိုက်သည်။

“နောက် နင့်ကို ရှင်းပြခဲ့တာတွေအားလုံး အမှန်တွေချည်းပဲ၊ ဒီကြားထဲ အန်တီစိန်တို့က နင်နဲ့ ငါ့ကို အဆက်အသွယ်မလုပ်ဖို့ ပြောလာတဲ့အချိန်မှာ ငါ အရမ်းခံစားရတယ်၊ အဲဒီအခါမှ နင့်ကိုငါ လုံးဝလက်လွှတ်အဆုံးအရှုံး မခံနိုင်ဘူး နင့်ကိုငါ သိပ်ချစ်နေတယ်ဆိုတာကို ငါ့ကိုယ်ငါ ပိုသိလာရတယ်”

သျှင်ရဲထွဋ်က မျက်နှာနီရဲပြီး ဝီစကီကို တငုံသောက်





လိုက်လေသည်။ ထိုအပြုအမူကိုက သျှင်ရဲထွဋ်၏ ရိုးသားဖြောင့်မှုကို ပြသနေခြင်းဟု ငွေဗျိုင်းဖြူ ယုံကြည်မိသည်။ ဘယ်လို အနေအထားမျိုး ဖြစ်နေပါစေတော့ သူ သျှင်ရဲထွဋ်အပေါ် ချစ်စိတ်ကတော့ ဘယ်သောအခါမှ လွင့်ပြယ်သွားလိမ့်မည် မဟုတ်ပေ။

“ဒါကြောင့် ငါနင့်ကို ဘယ်လိုနည်းနဲ့ပဲရရ ရယူပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ပြီး ငါ့ဘဝတစ်ခုလုံးကို နင့်ကိုပုံပေးအပ်ခဲ့တာပါ၊ ဒါပေမယ့် နင်ရဲ့ အထင်သေးနှာခေါင်းရှုံ့ ရှုတ်ချ ကြည့်လာမယ့် မျက်လုံးတွေကို ငါကြောက်လို့ ပြန်တယ်၊

ဒါကြောင့်. . ငါလေ နင့်ရဲ့ ဇနီးမယားအဖြစ် ထာဝရ အမည်ခံထားနေသွားခွင့်ရရင်ပဲ ကျေနပ်ပြီဆိုပြီး လူကြီးစုံရာနဲ့ တရားဝင်စည်ပြီး ငါထွက်ပြေးသွားတာ၊

ငါရဲ့ လေလွင့်မှုတွေရဲ့ အကြွေးကို နယ်စပ်ဖွံ့ဖြိုးရေး လုပ်ငန်းတွေမှာ လုပ်အားပါဝင် အသုံးချပြီး ဖြေဆည်ရာရှာ အကြွေးဆပ်ခဲ့တယ်ဆိုပါတော့၊ အဲဒီမှာပဲ နင့် ရင်သွေးကို မွေးခဲ့တာပါ”

“မိဗျိုင်းရယ်. . နင်. . နင် ဒီလောက်အထိ နေရက်ရတယ်ဆို ငါ့. . ငါ့ကို ဆက်သွယ်သင့်ပါတယ်၊ နင် သိပ်ပင်ပန်းခဲ့ရမှာပဲနော်”

သျှင်ရဲထွဋ်ထံမှ မျှော်လင့်မထားသော စကားသံကြားရသောကြောင့် ငွေဗျိုင်းဖြူ အားတက်သွားလေသည်။ ပင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းရက်ကျိုးနပ်ပြီ။

"နင် ငါ့ကို သိပ်မုန်းသွားပြီလို့ ထင်ထားခဲ့တာကိုး"

"ငါမုန်းလို့ မေ့လို့မရဘူး နာကျည်းနေတာ"

"အဲဒီမှာ နင့်သားလေးကို ရခဲ့တော့ နင့်ကိုယ်စား နင့်ကိုယ်ပွား ငါ့နားမှာရှိနေပြီပဲ ငါနင့်အမုန်းနှင့် နာကျည်းမှုတို့ လုံးဝ မကြောက်တော့ဘူး သားကို ပြုစုရင်းက သားဝါသနာ ဟာ နင်နဲ့လာတူနေတော့ သားကို နင်လို့ပဲဖြစ်အောင် ငါပြုစု ပျိုးထောင် ပေးခဲ့တာ"

"သားနဲ့တွေ့ချင်လိုက်တာ"

"ဟင့်အင်း ဒီနေ့တွေ့ခွင့်မပေးနိုင်သေးဘူး"

"ဘာဖြစ်လို့"

"မနက်ဖြန် နင်အကပြိုင်ပွဲပြီးမှ သားနဲ့ပေးတွေ့မယ်"

"ဟင်"

"မဟင်နဲ့လေ နင့်အတွက်က မနက်ဖြန်အရေးကြီး တယ်၊ သားနဲ့ငါ နင့်ကို လာအားပေးမှာပါ"

ငွေဗျိုင်းဖြူ စကားကိုရပ်နားလိုက်သည်။ ဟိုတယ်လု လင်များက စားစရာများ လာချပေးလေသည်။ သျှင်ရဲထွဋ် မျက်နှာသည် တိမ်ညိုကင်းစင်သွားသော လမင်းနှယ် ဝင်းသ သွားလေပြီဖြစ်ရာ. . .

"နင် မှတ်တော်မိုက်ရူးရဲဆန်တာပဲ မိဗျိုင်းရယ်၊ ဒီ ကြားထဲ ငါအိမ်ထောင်ပြုသွားရင်ကော ဘယ်လိုလုပ်မလဲ"

ငွေဗျိုင်းဖြူ ရဲဝံ့စွာပင်. . .





"ကိစ္စမရှိဘူးလေ၊ နင် ငါထက်ပိုချစ်နိုင်တယ်လို့ထင် တဲ့ သူတွေရင် နင်ယူနိုင်ပါတယ်၊ နဂိုကတည်းက ငါ့စိတ်ကို နိုင်ချပြီး ပြင်ဆင်ခဲ့ပြီးပြီပဲ၊ နင့်ကိုယ်ပွားကို ငါပိုင်ဆိုင်နေပြီ၊ ပြီးတော့. . သူဟာ ငါ့ကို နင့်လိုအထင်သေးတဲ့ မျက်လုံးနဲ့ ဘယ်တော့မှ မကြည့်ဘူး၊ လေးစားချစ်ခင်အားကိုးတဲ့ မျက် လုံးနဲ့ပဲ ကြည့်တာဆိုတော့ ငါ့အတွက် လောကကြီးဟာ သိပ် အဓိပ္ပာယ်ရှိလာတယ်"

"နင့်ကို ကျေးဇူးတင်တယ် မိဗျိုင်း"

"ငါက ကျေးဇူးတင်လောက်တဲ့ နင်ရဲ့ စံမိန်းမမဟုတ် ဘူးလေ"

"စံမိန်းမမဟုတ်ခဲ့ပေမယ့် စံမိခင် ဖြစ်နေပြီလေ၊ သား လေးတာ သိပ်တော်တာပဲ ကကွက်တွေ ဘယ်ကရတာလဲ မိဗျိုင်း"

"ဟိုမှာလဲ အကနည်းပြဆရာတွေရှိတာပဲ သင်ပေး တယ် ပြီးတော့ နင့်ရဲ့အခွေတွေ ငါ့မှာရှိတာပဲ၊ သားဖေဖေရဲ့ ကကွက်တွေ အမှီလိုက်ဆိုပြီး ငါက ဖွင့်ပေးတာပေါ့"

"မိဗျိုင်းရယ်. . ငါ. . ငါ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး နင်မှားခဲ့တဲ့ အမှားအားလုံးဟာ သားလေးအခု လို ဖြစ်လာတာနဲ့တင် ကျေပျက်သွားရုံတင်မကဘူး ငါ့မှာနင့် အကြွေးတွေ တင်သွားပြီ ငါ့ကိုခွင့်လွှတ်နော်"

သျှင်ရဲထွဋ်က ငွေဗျိုင်းဖြူ၏ လက်ကလေးကို လှမ်း ဆုပ်ကိုင်တာ တောင်းပန်လိုက်လေသည်။ ငွေဗျိုင်းဖြူ မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည် ရစ်သိုင်းလာသည်။ သို့သော် ကြေကွဲပွင့်မျက်ရည်ပွင့်တို့ မဟုတ်တော့။ ကြည်နူးရိပ်ပွင့်တို့သာ ဖြစ်သည်။

"အန်တီစိန်တို့ကော ငါ့ကိုနားလည်ခွင့်လွှတ်နိုင်ပြီ မလား"

"မေမေတို့က အရင်ကလိုမဟုတ်တော့ပါဘူး၊ နား လည်ခွင့်လွှတ်မှာပါ"

" မနက်ဖြန် အစွမ်းကုန်ကြိုးစားနော် ပြိုင်ပွဲပြီးမှ ငါတို့ မိသားစု ဆုံကြမယ်၊ ဪ နင့်ကို ငါသိပ်ကျေးဇူးတင်တာပဲ"

"ဘာဖြစ်လို့"

"နင် အိမ်ထောင်မပြုသေးလို့လေ"

သျှင်ရဲထွဋ်က ငွေဗျိုင်းဖြူပါးကို ဆွဲလိမ်လိုက်ပြီး. . .

"ငါ့နှလုံးသားက. . တော်တော်အမြင်ကတ်စရာ ကောင်းလောက်အောင်ကို နင်တစ်ယောက်တည်းကိုပဲ တမ်း တမ်းစွဲ ချစ်နေတာကိုးကွ မိန်းမရ"

"သွားစမ်းပါ ဘာမိန်းမလဲ"

"ဆောရီး. . ဆောရီး မိန်းမက တစ်ဆင့်နိမ့်တယ် နင်က ရာထူးတက်သွားပြီဆိုတော့. . အဟမ်း အမေကြီးရေ"

"သွားစမ်းပါ ခုမှ၊ ဟိုတုန်းကတော့ လူကို အထင် သေးရှုံ့ရှာတဲ့ မျက်လုံးကြီးနဲ့"

သျှင်ရဲထွဋ်က ပြုံးကာ. . .

"အချစ်ကြီးလို့ အမျက်ကြီးသွားတယ်လို့ မှတ်ထား နားလည်ပေးပါ အမေကြီးရာ၊ ငါ အရမ်းပျော်တာပဲဟာ





အောင်မြင်မှုတွေဟာ အပေါင်းအဖော်နဲ့ လာတတ်တယ်ဆို တာ မှန်ကန်ရင်တော့ မနက်ဖြန် ငါတို့သားအဖ အောင်မြင်မှု အရှူး ဆောင်းနိုင်မယ် ထင်တယ်"

"ဒါပေါ့ မနက်ဖြန်သားနဲ့ ဆင်တူငါကိုယ်တိုင်ချုပ်ပေး ထားတဲ့ ဝတ်စုံနဲ့ပဲ ကရမယ်နော်"

"ဟင်"

"နင်ချုပ်နေကျ အန်တီဆီမှာပဲ နင်နဲ့သားအတွက် ဆင်တူစုံထဲဖြစ်အောင် ငါကိုယ်တိုင် တိုင်းချုပ်ပေးထားတာ သျှင်ရဲထွဋ်ရဲ့ သိလား၊ နင်ကတော့ ဘာမှမသိဘူး ငါကတော့ အသာ နင့်ကို မျှော်လင့်ခဲ့ရတာ ငယ်ငယ်ကတည်းကပါလေ"

" မိဗျိုင်းရယ် "

သျှင်ရဲထွဋ်သည် ငွေဗျိုင်းဖြူ၏ လက်ကလေးကို ဆွဲယူလိုက်သည်။ လက်သူကြွယ်လေး၌ သူပေးခဲ့သော ဆက်စွပ်တလေးတစ်ကွင်းထဲ စွပ်ထားပါလား။

"ငါလည်း ငါရင်ထဲမှာ မချိမဆန့်ဝေဒနာတွေနဲ့ အတူ နင့်ကိုချစ်ခဲ့ မျှော်လင့်ချက်ထားခဲ့ရတာပါ မိဗျိုင်းရယ်၊ မျှော် လင့်ထားသလို ဖြစ်မလာတော့ မချိတင်ကဲစိတ်၊ ဂရုဏာ ဒေါသစိတ်တွေနဲ့ ငါရင်တွေ အက်ကွဲခဲ့ရတာကို နင်နားလည် ခံစားပေးပါဟာ"

"ထွဋ်ထွဋ်ရယ်"

ငွေဗျိုင်းဖြူ သျှင်ရဲထွဋ် ပခုံးစွန်းဘက်သို့ ခေါင်း လေးမှီတင်ကာ နားခိုလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေဗျိုင်းဖြူဘဝ အလင်းရောင်ဖြာလာလေပြီ။ အနာဂါတ်၌ ပြည့်စုံခြင်းများက ကြိုဆိုနေပြီဟု...







# အခန်း (၄၀)

"ဘယ်လိုလုပ်ကြမလဲ ကျွန်မတော့ မျက်နှာပူလိုက်တာ"

ဒေါ်စိန်စိန်က မျက်နှာထူပူစွာခံစားလိုက်ရပြီး ငြီးတွားလိုက်သည်။ ဒေါက်တာဦးဘအိုနှင့် ကိုဥက္ကာကပြုံးကာ နှုတ်ဆိတ်နေလိုက်သည်။

"ဒါဖြစ်တတ်တဲ့ သဘာဝပါပဲ စိန်၊ ဘယ်မိဘမဆို ထိုယ့်သားသမီးအတွက် အကောင်းဆုံးတွေကိုပဲ ဖန်တီးပေး



www.burmeseclassic.com

www.burmeseclassic.com



ချင်ကြတာ မိဘတိုင်းရဲ့ မေတ္တာစေတနာပါ”

“ဒါလည်း တစ်မျိုးကောင်းပါတယ်၊ ထွန့်ထွန့်အနေနဲ့ ညီမလေးရဲ့မေတ္တာကို နားလည်သွားနိုင်တာပေါ့၊ ဟိုအရင် ညီမလေးက လက်မလွှတ်ပဲ ဖွတ်ယူခဲ့ရင်တောင် ထွန့်ထွန့်က သံသယနဲ့ မာနနဲ့ မခံချင်စိတ် နာကျည်းစိတ်တွေရောထွေး ပြီး အိမ်ထောင်ရေး လုံးဝသာယာမှာ မဟုတ်ဘူး”

“အင်း. . မောင်ဥက္ကာပြောတာမှန်တယ် ခုတော့ ထေး တသက်သက်ပေါ့၊ ကိုင်း. . ဦးအောင်ရွှေလာရင်သာ ပြောပြ ပြီး ပြန်ပေါင်းဖို့ကိစ္စကို စီစဉ်ကြတာပေါ့၊ ထွန့်ထွန့်ပြိုင်ပွဲချိန်က ညနေနော် ရောက်အောင်လာခဲ့ဦးမယ်၊ ရှားမှရှားတဲ့ နိုင်ငံ ခြားပြန် စီးပွားရေးပါရဂူဘွဲ့ရ ဒေါက်တာရဲ့ မြန်မာ့အကကို အားပေးကြရအောင်၊ မောင်ဥက္ကာတို့ကော”

“အားလုံးလာကြမှာပါ ညီမလေးနဲ့ မတ်သက်လာ ရင် ထွန့်ထွန့်ဟာလည်း ကျွန်တော်တို့ညီမပဲ အားပေးမှာပါ ဆရာကြီးရယ် မိသားစုအလိုက်ကိုလာကြမှာ”

“အေးအေး. . ကောင်းတယ် မစိန် သွားမယ်”

“ဟုတ်ကဲ့ရှင် ဟုတ်ကဲ့”

ဒေါက်တာဦးဘအိုတို့ ပြန်သွားသည်ကို ငေးကြည့် ရင်း ဒေါ်စိန်စိန်သည် စိတ်လှုပ်ရှားစွာ ကျန်ရစ်ခဲ့လေသည်။ သားတော်မောင်ကတော့ အပေါ်ထပ်တွင် အိပ်ပျော်နေဆဲ ပင်။

ဦးအောင်ရွှေကလည်း အလုပ်သွားသည် မိမိရင်ထဲ





အပျော်လုံးဆို့နေမှုကို ဘယ်သူတွေကိုမျှ ဝေပေးရမည်နည်း။

“ဩော်. . ငါ့နှယ် အဖေကြီးဆီ အရင်ဖုန်းဆက် လိုက်ဦးမှာပေါ့”

ဒေါ်စိန်စိန် ဦးအောင်ရွှေကို ဖုန်းခေါ်ကာ အားပါး တရပင် ငွေပျိုးဖြူနှင့်သား၏ ရင်သွေးအကြောင်း ဖောက် သည်ချလေသည်။

ဦးအောင်ရွှေမှာ ဝမ်းသာလွန်း၍ အာလုပ်သံကြီးဖြင့်

“ဟေ. . ဟုတ်လား” နှင့် သံယောင်လိုက်နေလေ သည်။

“ဒါဖြင့် ကိုပြန်လာမှယ် သားကို လိုက်ပို့ပေးရအောင် သားက ဘာမှမပြောပါလား၊ ဒါပေမယ့် မနေ့ညနေ ပြန်လာ တုန်းကတော့ မှိုရတဲ့မျက်နှာလိုတော့ ဖြစ်နေသား”

“ပြိုင်ပွဲရှိနေသေးတော့ သိပ်စိတ်လှုပ်ရှားမှုတွေ မပေး နဲ့ ကျွန်မတို့ သဘောထားကို သားရိပ်မိမှာပါ ရှင်ပြန်လာခဲ့ တော့နော် ဖအေကြီး”

“အေးပါကွာ အေးအေး မှာစရာရှိတာမှာပြီးရင် ချက် ချင်းပြန်လာခဲ့မယ်”

ဒေါ်စိန်စိန်ဖုန်းချလိုက်ပြီးပြီးချင်း နောက်ဖေးမီးဖို ချောင်သို့သွားကာ ဒေါ်ရွှေစာလက်ရှမီးနှင့် အိမ်ဖာရိယ အခြွေ အရံ သာမားများကိုပါ ဝမ်းသာအားရ ဖောက်သည်ချနေလ သည်။

“ဟင်. . ဒါဖြင့် အိမ်ကိုပါ တပါတည်းပါလာကြမှာ



www.burmeseclassic.com

www.burmeseclassic.com



လား ကိုကြီးထွန်းက လိုက်သွားမှာလား”

“အင်း. . အဲဒါက ပြဿနာပဲ၊ အို လိုက်သွားလည်း နှစ်ခြိုက်ပဲဟာ ကိစ္စမရှိဘူး၊ နေ့ဘက်သူတို့ အလုပ်သွားရင် မြေးလေးကို ခေါ်ထိန်းရုံပဲ”

ဒေါ်စိန်စိန်တွက်ကိန်းဖြင့် ပျော်မြူးနေလေပြီ။ အပေါ်ထပ်မှ ဆင်းလာသော သျှင်ရဲထွန်းမှာ ထမင်းစားခန်းဝမှနေ၍ ပြုံးမိလေသည်။ မေမေတို့ကို အံ့အားသင့်သွားရအောင် မပြောပဲ တမင်ထားကာမှ သိသွားကြလေပြီ။

မှိုရသလို ဝင်းပနေသော မျက်နှာကြည်ရွှင်နေသော အသံများက ငွေဖျိုင်းဖြူအပေါ် သံသယမြူမှုန်သမျှမထင် အကြွင်းမဲ့ လက်ခံပြီဟု သျှင်ရဲထွန်း သဘောပေါက်ကာ ကျေနပ်နေမိလေသည်။

ထိုစဉ် မိတ်ကပ်ဆရာ ရောက်လာသဖြင့် သျှင်ရဲထွန်း စိတ်ထဲ အနည်းငယ်လှုပ်ရှားသွားသည်။ ဒီနေ့အောင်ပွဲတွေ ဆင့်နိုင်ပါ့မလား သားအတွက် ရွှေတံဆိပ်ရစေချင်သလို မိမိကိုယ်တိုင်လည်း သားဂုဏ်ယူနိုင်ဖို့အတွက် ရွှေတံဆိပ်ကို ထပ်မံယူပြချင်သေးသည်။

ဩော်. . ဖခင်တစ်ယောက်မေတ္တာ ခင်ပွန်းကောင်း အိမ်ဦးနတ်၏ မေတ္တာတွေက သူရင်တွင်းအလိုအလျောက် စီးဝင်လာလေပြီ။

ဦးစိန်ဂတုံး ယောကျ်ားမင်းသမီး ဦးအောင်ဗလတို့၏ ကဟန်ကချိုး၊ ဂရိတ်ဦးဖိုးစိန်ကြီး၏အပြော၊ ရွှေမန်းတင်မောင်၏အငို၊ ဦးစိန်အောင်မင်း၏အဟဲများကို မော်ဝင်စား အနုပညာစျာန်သွင်းဖို့ရာ သူ့စိတ်အတွင်း သဏ္ဌာန်အရှုတ္တဒ္ဒြ ကြည်လင်ရွှင်ပျ ဝမ်းမြောက်ဝမ်းသာ ရှိနေခြင်းကိုက တပမ်းသာနေလေပြီ။





သျှင်ရဲထွန်း အထူးပင် ပျော်ရွှင်တက်ကြွလျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄၁)

သျှင်ရဲထွဋ် ကချိုးပြီးဆုံးသွားချိန်၌ စက္ကန့်၏ အစိတ် အပိုင်းအနည်းငယ် တိတ်ဆိတ်ငြိမ်သက်သွားပြီးမှ "အုန်းခနဲ" ပွဲတင်သံပါသော ဩဘာလက်ခုပ်သံက ဟုန်းဟုန်းထ မြည် ဟီးသွားလေသည်။

"ဖေဖေ. . မေမေ"

ငွေဗျိုင်းဖြူလက်မှ သားမင်းဘုန်းထွဋ် လွတ်ထွက် သွားသည်။ ဇာတ်ခုံစင်မြင့်အတက်အဆင်း နေရာကို ဖင်း





ုန်းထွဋ်က အကျွမ်းဝင်ပြီးသားဖြစ်သဖြင့် တားစီးမနေ ော့။

သျှင်ရဲထွဋ်မိဘပြည်သူများကို ကန်တော့ပန်းဆင်ပြီး န်ဆင်းလာစဉ် လှေခါးထစ်ပေါ်မှ တက်လာသော မင်းသား းတို့ တွေ့လိုက်ရသည်။

သူကိုယ်ပွားလေး သျှင်ရဲထွဋ်၏ ရင်ထဲ၌ အတိုင်း မသိနိုင်သော ချစ်ခြင်းမေတ္တာတရားဖြင့် ကလေးကို တ်ယူကာ ပွေ့ချီလိုက်သည်။

"သား"

"ဖေဖေမောလား"

"မမောဘူးသားရဲ့ ဖေဖေ့မှာ လက်ဆင့်ကမ်းအမွေ ့ သားရှိနေပြီပဲ၊ ဖေဖေ ဘယ်တော့မှ မမောတော့ဘူး း"

သူတို့က ဇာတ်ရုံနောက်ဘက် နားနေခန်းဘက် ာ်သွားလိုက်သည်။ ငွေဗျိုင်းဖြူနှင့် သူ့မိဘများက ယှဉ် ကြိုဆိုနေသည်။ နောက် ကိုအာကာနိုင်နှင့် သူငယ် သူ့ကို လက်ဆွဲနှုတ်ဆက် ချီးကျူးပြီး ပြန်သွားကြ ည်။

"အားကော ပြန်တော့မလား"

"ပြီးအောင်ကြည့်ချင်အားပေးချင်သေးတယ် ဖေဖေ တကော"

ဦးအောင်ရွှေအမေးကို သျှင်ရဲထွဋ်က ဖြေရင်း မင်း



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းထွဋ်ကို မေးလိုက်သည်။ မင်းဘုန်းထွဋ်က. . .

"ကျွန်တော်လည်း ကြည့်ချင်သေးတယ်"

ငွေဖျိုင်းဖြူက ပြုံးရုံပြုံးနေသည်။ ငွေဖျိုင်းဖြူဘဝခရီး လမ်းကြမ်းကို လျှောက်လှမ်းခဲ့သည်မှာ မောပန်းနေပြီ။

"ဒါဖြင့် ဖေဖေတို့ ပြန်နှင့်မယ်"

"ဩော်. . ဒါထက် သားတို့က ပြန်လာရင် ဘယ်သူ့ အိမ်ကို ပြန်မှာလဲ၊ မေမေ ဘာလုပ်ပေးထားရမလဲ"

သျှင်ရဲထွဋ်က ငွေဖျိုင်းဖြူကို လှမ်းကြည့်လိုက်သည်။ ငွေဖျိုင်းဖြူက

"ကျွန်မတို့သားအမိက မေမေတို့အိမ်မှာပဲ လိုက်နေပါ့မယ်၊ လူကြီးမိဘအရိပ်က အေးမြလုံခြုံမှုရှိတယ်ဆိုတာ ကျွန်မ နားလည်သဘောပေါက်ပြီး လိုလားတမ်းတနေတဲ့ အေးရိပ်ငြိမ်ပါ အမေ"

ဒေါ်စိန်စိန်က မျက်ရည်ကလေးရစ်ဝဲသွားသည်အထိ အံ့ဩဝမ်းသာသွားလေသည်။

"လိမ္မာလိုက်တာ သမီးရယ်၊ အမေတို့ ဝမ်းသာအားရ ကြိုဆိုနေပါတယ်၊ မြေးလေး ဘွားဘွားတို့ သွားမယ်နော် စောစောပြန်လာခဲ့ကြ"

"ဟုတ်ကဲ့ ရွှေတံဆိပ်ဆုယူပြီးရင် ကျွန်တော်ပြန်ခဲ့မယ် ဘွားဘွား ဘိုးဘိုး"

"အေးပါတော် အေးပါ"

ဦးအောင်ရွှေနှင့် ဒေါ်စိန်စိန်ပြန်သွားကြသည်။ သျှင်ရဲ





ထွဋ်တို့ သားအဖကို ငွေဖျိုင်းဖြူကျေနပ်စွာ ပြုံးကြည့်လိုက်သည်။

တကယ့်ကို ဝါသနာတူသားအဖ သူတို့နှစ်ဦး၏ လည်တိုင်သို့ စိတ်ကူးဖြင့် ရွှေတံဆိပ်ဆုလေးတွေ ဆွဲပေးလိုက်သည်။

"ဟင် ဖေဖေမှာ လေးခု သားက တစ်ခုထဲ" ဟုသားက ပူဆာပေဦးမည်။ ထိုအခါ ဖခင်သျှင်ရဲထွဋ်က. . .

"ဖေဖေလို လိုချင်ရင် ဖေဖေလိုကြိုးစားရမယ်၊ သားမှာ အများကြီးရအောင် ဖေဖေကြိုးစားသင်ပေးမှာပေါ့ သားရယ်" ဟုဆိုကာ နှစ်သိမ့်မှုအားပေးမှုတွေနှင့် ဝါသနာတူ သားအတွက် ဖခင်သျှင်ရဲထွဋ် အပင်ပန်းခံကာ လက်ဆင့်ကမ်းအမွေတွေ ပေးရပေဦးတော့မည်ဟု. . .

"ဘာပြုံးတာလဲ မီဖျိုင်း"

"ဩော် ဆုပေးတဲ့နေ့မှာ သားက သူ့မှာ တံဆိပ်တစ်ခုတည်းဆိုပြီး ဖအေ့ဆီက တံဆိပ်တွေ တောင်းရင် ဘယ်လိုလုပ်မလဲလို့ တွေးမိလို့ပါ"

ငွေဖျိုင်းဖြူက သျှင်ရဲထွဋ်လက်မောင်းကို ချိတ်တွဲရင်း ပြောလိုက်သည်။ မင်းဘုန်းထွဋ်က. . .

"တောင်းပါဘူး ကျွန်တော် ဖေဖေ့အရွယ်မှာ ဖေဖေ့ထက်ပိုများတဲ့ တံဆိပ်တွေဆွဲရမှာပဲဟာ ကျွန်တော်သိပါတယ်"

သျှင်ရဲထွဋ်က သူ့ကဲ့သို့ပင် စကားတတ်သော အက



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာထုံသော သူကိုယ်ပွား သူ့သားလေးကို ခပ်ကြွမ်းကြွမ်း ပင် ကျေနပ်မြတ်နိုး ချစ်သဒ္ဒါများစွာဖြင့် နမ်းရှိုက်လိုက်မိလေတော့သည်။

"ဟာ . . မင်းသားကြီးကလဲ ကြွမ်းလိုက်တာ၊ မင်းသားလေး ပါးက နို့သာတွေ ပျက်ကုန်ပါပြီဗျ"

မင်းဘုန်းထွဋ်က မခံချိ မခံသာဟန်နှင့် အော်လိုက်သေးသည်။ ငွေဗျိုင်းဖြူနှင့် သျှင်ရဲထွဋ်ပျော်ရွှင်ကြည်မွေ့စွာ ပြုံးလိုက်မိလေတော့သည်။

မြပုလဲခင်

